ပခုက္ကူမြို့
မဟာဝိဇယာရာမ ပါဠိတက္ကသိုလ်
(အရှေ့တိုက်သစ်)
မဟာဝိဇယာရာမ ဂဏဝါစကတိုက်အုပ်စာချ
ဓမ္မကထိက ဗဟုဇနဟိတဓရ
ပခုက္ကူ ပဋ္ဌာန်းဆရာတော်

## ဘဒ္ဒန္တပဏ္ဍိတ

ဟောကြားတော်မူသော

# ပဋ္ဌာန်းဥယျာဉ်မှ
# ဓမ္မအာဓိအာနုဇ်များ

ဖြန့်ချိရေး

ရှင်မတောင် စာပေ

အမှတ် (၂၉၆)၊ ၁/အနော်မာ ( ၇ ) လမ်း၊
သာကေတမြို့နယ်၊ ရန်ကုန်မြို့။

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ်တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပခုက္ကူမြို့

မဟာဝိဇယာရာမပါဠိတက္ကသိုလ်(အရှေ့တိုက်သစ်)

မဟာဝိဇယာရာမ ဂဏဝါစကတိုက်အုပ်စာချ

ဓမ္မကထိက ဗဟုဇနဟိတဓရ


ဘဒ္ဒန္တပဏ္ဍိတ

ပခုက္ကူပဏ္ဍာန်းဆရာတော်

ဟောကြားတော်မူသော

# ပဏ္ဍာန်းဥယျာဉ်မှ

# ဓမ္မအဆီအနှစ်များ



## ပုံနှိပ်မှတ်တမ်း


စာမူခွင့်ပြုချက်အမှတ် -

မျက်နှာဖုံးခွင့်ပြုချက်အမှတ် -

ပုံနှိပ်ခွင့် - ပထမအကြိမ်

ခုနှစ်၊ လ

အုပ်ရေ - ၅၀၀

မျက်နှာဖုံးဒီဇိုင်း -

အတွင်းဒီဇိုင်းနှင့် ကွန်ပျူတာစာစီ - Artist's Life idea (Pro Design Art)

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ် -

ထုတ်ဝေသူ - ကိုမျိုးဆင့် ( မြဲ-၀၃၉၅၁ )

အမှတ် ၂၉၆၊ ၁/အနော်မာ (၇) လမ်း၊

သာကေတ၊ ရန်ကုန်မြို့။

တန်ဖိုး - ကျပ်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| က၊ | အဂ္ဂမဟာပဏ္ဍိတဆရာတော်ဘုရားကြီး၏ မေတ္တာသန္ဒေသကထာ | က |
| ခ၊ | ပဌာန်းဒေသနာတော် ရွတ်ဖတ်ပူဇော်ပွဲသဘင် နိဒါန်းစကား | ခ |
| ဂ၊ | ပဌာန်းဆရာတော်၏ အနန္တဝန္ဒနာနှင့်ပတ္ထနာဂါထာ | ဂ |
| ဃ၊ | မြဘုဏ်းစက် (ငါ့သရောက်) ၏ မြတ်ဆုမွန်ကဗျာ | ဃ |
| င၊ | တက္ကသိုလ်နေဘုန်းနွယ်၏ နိဒါန်းစကား | င |
| စ၊ | ဦးအောင်ထွတ် (ကထိက-ငြိမ်း)၏ အမှာ | စ |
| ဆ၊ | စာအုပ်စီစဉ်ကြီးကြပ်ထုတ်ဝေသူ၏ အမှာစာ | |
| | **ပဌာန်းဥယျာဉ်မှ ဓမ္မအဆီအနှစ်များ** | |
| ၁၊ | ဟေတုပစ္စည်းဒေသနာတော် | |
| ၁၊ | ၁၄ နှစ် ၁၄ ကြိမ် ပဌာန်းဒေသနာ ပူဇော်ကြရာဝယ် | ၁ |
| ၂၊ | ကျေးဇူးပြုပုံအလုံးစုံ | ၂ |
| ၃၊ | သာဝတ္ထိသူဌေးဥပမာ အတုယူစရာ | ၄ |
| ၄၊ | ခိုင်းနှိုင်းစရာ ရေသောက်မြစ်ပမာ | ၅ |
| ၅၊ | ရုပ်တရားအား ကျေးဇူးပြုပုံ | ၅ |
| ၆၊ | ရုပ်၊ နာမ်ကိုမြင် ဒိဋ္ဌိစင် | ၇ |
| ၇၊ | ယထာဘူတဉာဏ် ရင့်သန်စေရာ | ၇ |
| ၈၊ | အာရုံအာရမ္မဏိက ကျေးဇူးပြုနေကြပုံ | ၈ |
| ၉၊ | အယ်(လ်)နီညိုအပုလှိုင်းကကင်းဝေးစေတော ပဌာန်းဒေသနာ | ၈ |
| ၁၀၊ | မြတ်ဗုဒ္ဓ၏ အမှာစကားတစ်ရပ် | ၁၀ |

# ပဌာန်းဥယျာဉ်သို့ ဝင်ခဲ့ပါ

ပဌာန်းဥယျာဉ်၊
မျိုးစုံလင်မှ၊
တော်ဝင်နန်းထိုက်၊
ပန်းမကိုင်ရှုကို၊
ရှုရှိုက်ပန်ဆင်၊
စိတ်ကြည်လင်၍
မမြင်ဝေဝါး၊
အမှောင်ကြားမှ၊
ကျော်လွှားရည်သန်၊
"ပြည်နိဗ္ဗာန်" ကို၊
သွားရန်ခရီး၊
ပန်းမကြီးဘို့၊
လမ်းနီးကိုသာ၊
ညွှန်ပြပါမည်၊
သင်သာမျှော်မှန်း၊
စိတ်ရွှင်လန်း၊
ပဌာန်းဥယျာဉ်သို့....ဝင်ခဲ့ပါ။

အရှင်တိက္ခဉာဏ(ဘိုကလေး)

ရှင်မတောင်စာပေ

# ပခုက္ကူမြို့
# မဟာဝိဇယာရာမဦးစီးပဓာနမဟာဝိနာယက
# နိုင်ငံတော်သံဃမဟာနာယက
# အဂ္ဂမဟာပဏ္ဍိတဆရာတော်ဘုရားကြီး၏
# မေတ္တာသန္ဒေသကထာ

ပခုက္ကူမြို့၊ မဟာဝိဇယာရာမ ပါဠိတက္ကသိုလ် အရှေ့တိုက်ကြီးမှ ပဋ္ဌာန်းဆရာတော် ဘဒ္ဒန္တပဏ္ဍိတသည် ဆရာတော်တို့ စာသင်တိုက်ကြီး၏ တိုက်အုပ်၊ ပဏာဝါစက စာချတစ်ပါးဖြစ်ရာ တိုက်တွင်းသာမက အခြားကျောင်းတိုက်များမှ သောတုဇနများကပင် အားထားရသော အဘိဓမ္မာ ညဝါများ ဂုဏ်ဆောင်ပုဂ္ဂိုလ်တစ်ပါး ဖြစ်သည့်အပြင် ပခုက္ကူမြို့ရှိ ဒကာ၊ ဒကာမများနှင့် ရပ်ဝေးရပ်နီး အသီးသီးတို့မှ ကြည်ညိုလေးစား အားထားရသော ဆရာတော်တစ်ပါး အဖြစ်ဖြင့် မြို့ကျက်သရေ၊ တိုက်တာကျက်သရေ ဂုဏ် အမြဲထာဝရဆောင်နေသော ပုဂ္ဂိုလ်ပင် ဖြစ်ပါသည်။

၎င်း၏ ပဋ္ဌာန်းဥယျာဉ်မှ ထွက်ပေါ်လာသော တရားဓမ္မစာအုပ်များသည် လူသာမန်တို့ သိနိုင်ခဲသော ပဋ္ဌာန်းကျမ်းတော်ကြီးကို သုတ္တန်နည်းတို့ဖြင့် သာကေပြ ဝေဝေဆာဆာ ရေးဖွဲ့ထားသည်မှာ ရဟန်းရှင်လူ မည်သူမဆို လက်ကိုင်ပြု၍ ကြည့်ရှုပွားများ အားထားထိုက်သော စာအုပ်များဖြစ်ကြောင်း မေတ္တာစကား မိန့်ကြားလိုက်ပါသည်။

# မကွေးတိုင်း၊ ပခုက္ကူမြို့နယ်
# ဆိကွဝအုပ်စု ဆိကွဝရွာ ရွာဦးကျောင်းတိုက်
# ပဌာန်းဒေသနာတော် ရွတ်ဖတ်ပူဇော်ပွဲသဘင်

## နိဒါန်းစကား

၁၃၄၇ ခု၊ နယုန်လဆန်း ၆ ရက်၊ သောကြာနေ့ ဆိကွဝရွာ ရွာဦးကျောင်းတိုက် ဆရာတော်ဦးဝဏ္ဏသည် ၎င်း၏ကျောင်းတိုက်အတွင်း ဆရာတော် ဦးဝဏ္ဏနှင့် ဆိကွဝရွာ ဒကာ၊ ဒကာမများ စုပေါင်းပြုလုပ်ကြသော "နှစ်ကြိမ်မြောက် ပဌာန်းဒေသနာတော် ရွတ်ဖတ်ပူဇော်ပွဲ" ပြီးသောည၌ ကျွန်ုပ်အား ဆရာတော်ဦးဝဏ္ဏက သူ၏ဆန္ဒကို အောက်ပါအတိုင်း ပြောပြပါသည်။

လာမည့်နှစ် ပဌာန်းပူဇော်ပွဲလည်း သုံးနှစ်ပြည့်တော့မည်။ သို့အတွက် ပဌာန်းပူဇော်ပွဲ ကျင်းပပြုလုပ်မှု အကြောင်းပြုကာ မြင်တွေ့ဖတ်ရှုရသူ ရဟန်းရှင်လူများလည်း ပဋ္ဌာနုမောဒန ကုသိုလ်ပွားများ၊ ကုသိုလ်ရှင် တပည့်တော်နှင့် ဆိကွဝရွာ ဒကာဒကာမများလည်း စာဂါနုဿတိ ကမ္မဋ္ဌာန်း စီးဖြန်းနိုင်အောင် ဓမ္မဒါနအဖြစ် ပဌာန်းပူဇော်ပွဲ ကျင်းပသော နှစ်များအတွင်း ပဌာန်းဘုန်းကြီး၏ သမ္မောဒနီယ ဩဝါဒကထာများ အဓိကထားပြီး မှတ်တမ်းတင်ထည့်သွင်းကာ စာအုပ်ပုံနှိပ်ရန် ဦးသန်းမောင်စသော ရပ်ရွာ

ဒကာ၊ ဒကာမများနှင့် ညှိနှိုင်းတိုင်ပင်ပြီးဖြစ်၍ ပဌာန်းဘုန်းကြီးက ပဌာန်းပူဇော်ပွဲ မှတ်တမ်းတင်စာအုပ်အတွက် နိဒါန်းနှင့် ဩဝါဒကထာများ စီစဉ်ဆောင်ရွက်ပေးရန် မေတ္တာရပ်ခံပါသည်။

ကျွန်ုပ်က ငြင်းဆန်သော်လည်း "ဘုန်းကြီးရေးက မဖြစ်နိုင်စရာမရှိ၊ ဘုန်းကြီး ဆန္ဒရှိသလိုသာ ရေးသားချီးမြှင့်ပါ။ တပည့်တော်တို့က စာအုပ်ကို မဖြစ်မနေရိုက်မှာပဲ"ဟု ကြီးမားသော အဓိပတိပစ္စည်း တွန်းအားကြီးဖြင့် ပြောကြားလာသည်မို့ မလွဲရှောင်သာ အနန္တရပစ္စည်း ပစ္စယုပ္ပန် အပြန်အလှန်နှင့် ဆက်ကာ "အာမဘာန္တေ"မှု ပြုလိုက်ရပါတော့သည်။

ကျွန်ုပ်၏ နိဒါန်းစကားသည် ဇီးကုန်း(ကျွန်း)ရွာနှင့် ဇီးကုန်းဆရာတော် ဦးသုမန၊ ဦးဩဘာသ၊ ဦးစက္ကိန္ဒတို့မှ စတင်ဆက်နွှယ်ကာ ချီရပေမည်။

အကြောင်းကိုဆိုရသော် ကျွန်ုပ်သည် မည်သည့် ပဌာန်းရွတ်ဖတ်ပွဲများမှ အကြောင်းအမျိုးမျိုးကြောင့် လိုက်ပါရန် ဆန္ဒမရှိခဲ့။ ၁၃၄၅-ခု၊ တန်ခူးလဆုတ် ၁၁ ရက်နေ့က ဦးဩဘာသနှင့် ဦးစက္ကိန္ဒတို့ မိမိထံရောက်လာကြပြီး ဦးဩဘာသက ဦးစက္ကိန္ဒတို့ရွာ "ဇီးကုန်းကျွန်း ကျောင်းတိုက်"၌ ဇီးကုန်းဆရာတော်ကြီး ပဓာနနာယကထားကာ ၎င်းတို့နှစ်ပါးနှင့် ဒကာ၊ ဒကာမများက ပစ္စယာနုဂ္ဂဟတာဝန်ယူကာ "ပဌာန်းပူဇော်ပွဲ" ကျင်းပလိုကြောင်း၊ ယခုနှစ်မှစ၍ ကျင်းပသော် နှစ်တိုင်း တပည့်နှစ်ပါးကို ချီးမြှောက်သောအားဖြင့် လည်းကောင်း၊ ဆရာတော်၏ အဘိဓမ္မာ အသိဉာဏ်အားလျော်စွာ ရပ်ရွာဒကာ၊ ဒကာမများ နာယူနိုင်ရန်လည်းကောင်း ပဌာန်းပူဇော်ပွဲ ဖွင့်ပွဲနေ့မှာဖြစ်စေ၊ ရွတ်ဖတ်ပူဇော်ပွဲပြီးသော အောင်ပွဲနေ့မှာဖြစ်စေ ကြွရောက်ပါရန် တိုက်တွန်းတောင်းပန်ကြလေသည်။

ရှေ့နောက် ကြောင်းကျိုးစဉ်းစားလာသောအခါ သူတို့၏ တောင်းပန်ချက်သည် ကြောင်းကျိုးဆီလျော်သည်ဟု စဉ်းစားမိပါသည်။

ဆိုပါဦးမည်။ ပဋ္ဌာန်းပူဇော်ပွဲ ကျင်းပမည့် ကဆုန်လဆိုသည်မှာ စာသင်သားများ စာပြန်ပွဲပြီးစ တိုက်တာမှာ ခေတ္တနားခွင့်ရနေရာ မိမိမှာလည်း စာဝါအများစု အားလပ်သည်မို့ လိုက်ရန်ဖြစ်နိုင်သော ပဓာနအကြောင်း ဖန်နေသည်မို့ နောက်တစ်ခေါက် ဦးဩဘာသတို့ လာကြသောအခါ ပဋ္ဌာန်းပူဇော်ပွဲပြီးသော ည အောင်ပွဲအထိမ်းအမှတ်ကြွရောက်ရန်တာဝန်ခံလိုက်ပါသည်။

ဖိုးကုန်း (ကျွန်း) ရွာ ပဋ္ဌာန်းပူဇော်ပွဲ၌ပင် ဆိက္ခဝဆရာတော်ဦးဝဏ္ဏကို သိရှိကျွမ်းဝင်ခွင့် ရခဲ့ပါသည်။

ဖိုးကုန်း(ကျွန်း)ရွာ ပဋ္ဌာန်းပူဇော်ပွဲ သုံးနှစ်ပြည့်မြောက်သော ၁၃၄၆ ခု၊ ကဆုန်လဆန်း(၆)ရက်နေ့ ပဋ္ဌာန်းပူဇော်ပွဲပြီးသော ည၌ မိမိအား ဖိုးကုန်းဆရာတော်ကခေါ်ကာ "ပဋ္ဌာန်းဘုန်းကြီးရေ၊ ဘာဒီဆိက္ခဝ ဆရာတော်ဦးဝဏ္ဏနှင့် သူ့ရွာ ဒကာ၊ ဒကာမများက ကျုပ်တို့ရွာလို ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ကျင်းပလိုကြောင်း၊ အရှင်ဘုရား တရားတော်ကိုလည်း ဒကာ၊ ဒကာမများ နာယူစေချင်သည့်အတွက် ကြွရောက်ချီးမြှောက်ပေးရန် ကျုပ်ကိုတောင်းပန်ခိုင်းနေတယ်။ ဒါကြောင့် သူတို့ဆီကိုလည်း အောင်ပွဲ နေ့ညတိုင်းသုံးနှစ်၊ သုံးည တရားချီးမြှင့်ကြွပေးရန် ကျုပ် မေတ္တာရပ်ခံပါသည်"ဟု အမိန့်ရှိပါတော့သည်။

ဆရာတော်ဦးသုမန အမိန့်နှင့် ဆရာတော်ဦးဝဏ္ဏ မေတ္တာတုံ့ပြန်ကာ မငြင်းသာ၊ မိမိ တာဝန်ယူခဲ့ရပြန်ပါတော့သည်။

ပြောကြဦးစို့ . . . ဤရွာ၊ ဤဆရာတော်များနှင့် ဒကာ၊ ဒကာမများ၏ ပဋ္ဌာန်းပူဇော်ပွဲ အကြောင်းပြောက ဆရာတော်ဦးပညာဇောတ(သီရိ)ကိုချန်ထား၍ ရကောင်းမည်မဟုတ်ပေ။ ဆရာတော်သည် ဤရွာ၊ ဤပဋ္ဌာန်းပူဇော်ပွဲများအတွက်ဆိုလျှင် တောင်တွေ့လျှင် လမ်းဖောက်၊ ချောင်းတွေ့လျှင်

ရှင်မတောင် စာပေ

တံတားဆောက်ဆိုတာလို အညမည ပဌာန်းပစ္စည်းဆက်ကာ ပူဇော်ပွဲကျင်းပရာ အရပ်များသို့ အချိန်မီ မိမိရောက်ရှိနိုင်ရေးကို နေပူပူ မိုးရွာရွာ၊ လေထန်ထန်ရေကြမ်းကြမ်း မဖြစ်မနေ ပဌာန်းသာသနာတော်အကျိုး ဤရွာ၊ ဤဆရာတော်နှင့် ရပ်ရွာဒကာ၊ ဒကာမများအကျိုး မျှော်ကိုးကာ သယ်ပိုးတော်မူရှာသည်။

အချိန်ကား ၁၃၄၆ ခု၊ နယုန်လဆန်း (၁) ရက်နေ့က စတင်ရွာသွန်းသောမိုးသည် စဲတစ်ခါ၊ သည်းတစ်လှည့် မိမိကြွရောက်ရမည့် နယုန်လဆန်း(၅)ရက်နေ့တိုင် ရွာသွန်းနေရာ မူလက စီစဉ်ထားသော ပခုက္ကူကျွန်းချောင်း လမ်းများကား သွားလာရေး မဖြစ်နိုင်အောင် ရှိနေရာ ရေလမ်းမှ ပင့်ရန် ဆရာတော်ဦးပညာဇောတ ကိုယ်တိုင်ပင် “ကုန်းလမ်းမရ ရေလမ်းက”ပင့်မှာပေါ့ဟု မလျှော့သော အဓိပတိပစ္စည်း အားမာန်ဖြင့် ပခုက္ကူအရောက်လာကာ ပင့်ပါလေတော့သည်။

ပုဂံ-ညောင်ဦး ဇရာဆိပ်မှ စက်လှေဖြင့် ဆိက္ခဝရွာသို့ ရှေးရှုထွက်လာရာ မိုးကား သည်းလည်းမသည်း၊ စဲလည်းမစဲ တဖွဲဖွဲ သည်လိုနှင့် ဆိက္ခဝရွာရွာဦးကျောင်း ဆရာတော်ကျောင်းတိုက်မှ သံဃာတော်များ မြတ်ဘုရားအား ပဌာန်းဒေသနာတော်ကြီးဖြင့် အသံမစဲ ရွတ်ဖတ်ပူဇော်သံတို့သည် လေတွင်ဝေ့ကာ စက်လှေပေါ်မှပင် ကြည်နူးဖွယ်ရာ ကြားရပါတော့သည်။

ဩော်. . . သီဟိုဠ်ကျွန်း မဟာဂတိ ဂမိယတိဿဒတ္တမထေရ်ကြီး မဇ္ဈိမဒေသ ဘုရားဖူးကြွရင်း ပင်လယ်တွင်း သင်္ဘောပေါ်၌ပင် ပဌာန်းဒေသနာ ဆင်ခြင်ကာ အာသဝေါကုန်ခန်း ရဟန္တာဖြစ်သွားသည့် အံ့မခန်းဒေသနာကြီးပါလားဟု စဉ်းစားကာ ကုသိုလ်ပွားဦးညွတ်မိပါသည်။

တစ်နာရီခန့်အကြာ ဆိက္ခဝရွာ ဆိပ်ကမ်းသို့ စက်လှေဆိုက်ရောက်သောအခါ လာကြိုသူများနှင့် အားရဝမ်းသာ တွေ့ဆုံကြပြီး ဆိပ်ကမ်းမှ

ကြည့်၍ မြင်သာတစ်ခေါ်မျှပင် မကွာလှသော ဆရာတော် ဦးဝဏ္ဏ ကျောင်းဝင်း အတွင်းသို့ ဝင်သည်ဆိုလျှင်ပင် လက်ဝဲလက်ယာ ရောင်ခြည်တော် ခြောက်ဖြာ ကွန့်မြူးလျက် လေတွင်တလွင့်လွင့် ကြည်နူးစရာ ပန်းတင့်သည့် သာသနာ့အလံတော်တွေက ကျောင်းတော်လှေကားရင်းအရောက် အံ့လောက် ပါဘိ။

ဆိက္ခဝရွာဦးကျောင်းတိုက်သို့ ရောက်သည်ဆိုလျှင်ပင် ပဌာန်းပူ ဇော်ပွဲကျင်းပရာ ကျောင်းအပေါ်ထပ်သို့ တက်ရောက်ကာ ဘုရားဖူးပြီး ကြွ ရောက်ချီးမြှင့်ကြသော ဒီဃဒဿီ သက်တော်ရှည်ဆရာတော် သံဃာတော် ကြီးများအား ကန်တော့ပြီး အရပ်လေးမျက်နှာ ဝေ့ဝိုက်ကြည့်ရှုလိုက်သော အခါ -

ရွာအရှေ့ဘက်က တသွင်သွင် စီးဆင်းနေသည့် ဧရာဝတီမြစ်ရေ ပြင်ကြီးကို အထင်းသားမြင်နိုင်ပြီး ရွာအနောက်ဘက်က တန့်ကြည့်တောင် တန်း ရွာ၏အနီး တောင်နှုတ်ခမ်းထိပ်မှ ငါးဆူတော်စေတီနှင့် ရှစ်မျက်နှာ စေတီတို့မှ ဆည်းလည်းသံစာစာ ထုံးသင်္ကန်း၊ ဖလ်သင်္ကန်းတို့ဖြင့် သပ္ပာယ်စွာ ဖူးမြော်ရသည့်အပြင် ရွာရိပ်ဝန်းကျင် မျှော်လေလျှင်တော့ အရာတော်ခတ်ငွေ့ ဌာနမှ ကျွန်းချောင်းခတ်မြေဩဇာစက်ရုံသို့ ပို့လွှတ်နေသော ငွေရောင် ဖွေးဖွေး ခတ်ငွေ့ပိုက်လိုင်း အသေးအကြီး အသီးသီးတို့ကလည်း ကွေ့ကာ ပတ်ကာ ကောင်းကင်ကတစ်သွယ် ရှုမငြီး အံ့မခန်းဖွယ် မြန်မာ့သဘာဝ ရတနာကြွယ်ဝသော ရပ်ရွာနယ်ပယ်ပါကလားဟု သာကေပြနေသည့်ပမာ ထင်ရှားစွာ မြင်တွေ့ရပြန်ပါသည်။

ရွာ၏အတွင်း မျက်စိအလုပ်ပေးကာ ဆင်းကြည့်မိပြန်တော့ သွပ်မိုး ပျဉ်ကာ အုတ်ထရံကာတစ်မျိုး ရပ်ရွာ၏စားဝတ်နေရေး အဓိတာဝန်ယူကာ ဖြန့်ဝေပေးနေသော သမဆိုသည့် ဆိုင်ကြီးကလည်း အံ့မခန်း တစ်သိန်းကျော် အကုန်ခံကာ ဆောက်လုပ်ထားပါသတဲ့။

ရွာ၏သားသမီးများ ပညာရေးအတွက် မူလတန်းကျောင်းကြီးကလည်း အုတ်ထရံသွပ်မိုး ရွာ့ကျက်သရေတိုးစေကာ ကျန်းမာရေးအတွက် ဆေးခန်းကြီးကလည်း အုံ့ဘနန်း တည်ဆောက်ထားကြသည့်အပြင် လျှပ်စစ်မီးကလည်း အိမ်တိုင်းစေ့ ဝင်းထိန်ကာ လုပ်သားမြို့တော်ခေါ် ဆိုလောက်လှသော ဆိက္ခဝရွာပါတကားဟု စိတ်ထဲမှ မှတ်ချက်ချမိပါသည်။

တန့်ကြည့်တောင်တန်းကြီးကို အစဉ်လျှောက်ကာ ရွာ၏အရှေ့မြောက် စွန်းစွန်း မျှော်ကြည့်လိုက်ပြန်တော့ တန့်ကြည့်တောင်၏ အမြင့်ဆုံး တောင်ထိပ်ပေါ်ဝယ် ရွှေရောင်ဝင်းဖြာ စံပယ်လျက်ရှိပါသော မင်းသုံးဆက် (သီရိဓမ္မာသောကမင်း၊ အနော်ရထာမင်း၊ နရပတိစည်သူမင်း)တိုင် တည်ထားကိုးကွယ်ရာ တန့်ကြည့်တောင် မြတ်စွာဘုရားကြီးကား ကျွန်းချောင်း၊ တန့်ကြည့်၊ လက်ပန်ချောင်း၊ ဆိက္ခဝ၊ အရာတော်စသော ရပ်ရွာများရှိ ရဟန်းရှင် လူသူတော်စင်တို့အား အပရိဟာနိယတရား ခုနစ်ပါး၊ ဒုလ္လဘတရား ငါးပါး မြတ်တရားတို့ကို မပြတ် ဟောကြားတော်မူနေသည့်ပမာ ကြည်နူးဖွယ်ရာ ဖူးတွေ့ရခြင်းကား မြင်ရသူဘဝင် ကြည်လင်အေးမြ လှပါဘိ။

## ကျွန်ုပ်စဉ်းစားမိပါသည်

ပဌာန်းပစ္စည်း ကြောင်းကျိုးဆက်နည်းဖြင့် မှန်တာကို ဆိုရပါစေ- "အပွေးမြင် အပင်သိ၊ အသွေးမြင် အသွင်သိ" ဆိုတာလို ပဋိရူပဒေသဝါသ မှန်လှပေသော ဗုဒ္ဓသာသနာ ပိဋက သုံးဖြာ ပွင့်ထွန်းစည်ပင် ပြန့်ပွားရာ ပခုက္ကူမြို့နယ် အဝင်အပါ ဆိက္ခဝရွာ ဒကာ၊ ဒကာမအပေါင်းတို့မှာ-

ဆယ်ဝါပြည့်တင်း၊ ဝိဘင်းနှစ်ဖြာ၊ ကမ္မာကမ္မ၊ ခန္ဓကပုဒ်၊ နာမ်ရုပ်ပိုင်ပိုင်၊ ဟောပြနိုင် ကျောင်းထိုင်ငါးအင်္ဂါ -

ဟူသော ရှေးဆရာတော်တို့ ဝိနည်းမဟာဝါ(ပါ) ပါစိတျာဒိအဌကထာ လာသည့်အတိုင်း အလွယ်ဆုံး၊ အရှင်းဆုံး မြန်မာလင်္ကာစီကုံး နည်းပေးလမ်းပြခဲ့သည့်အတိုင်း အင်္ဂါး၀ လောက်ပြေည့်ကြွယ် ရှာဦးနတ်သဖွယ် ဖြစ်တော်မူသော ဆရာတော်ဦးဝဏ္ဏ မိမိတို့ကျောင်းတိုက်ကြီးကို တင်လှူကိုးကွယ်ကြရသည်ကား အပေါဝတ သပ္ပုရိသူပနိဿအစစ်ဖြစ်သည်ဆိုတာ အသွေးမြင်ရုံနှင့် အသွင်ကိုသိနိုင်သည်ဟု ဆိုချင်ပါတော့သည်။

ဆရာတော်သည် လူမျိုး ဘာသာသာသနာ တိုးတက်ရေးနှင့် မိမိအပေါ်ကြည်ညိုလေးစား ကိုးကွယ်အားထားကြသော ရပ်ရွာဒကာ၊ ဒကာမတို့အားပစ္စုပ္ပန်မှာ အကုသိုလ်နည်းပါး သံသရာမှာ ငရဲမလားရေး (ဆင်းရဲနှင့်ငရဲမှလွတ်ရေး) ကြံတွေးမျှော်ကာ -

"မကောင်းမြစ်တာ၊ ကောင်းရာညွှန်လစ်၊ အသစ်ပောကျူး၊ နာဖူးထပ်မံ၊ နတ်ထံတင်ရာ၊ မေတ္တာလည်းပြု၊ ရဟန်းမှု၊ ခြောက်ခုလွန်သချာ"

သိင်္ဂါလောဝါဒလာ ဒေသနာနှင့်အညီ ဆုံးမတော်မူသည်ကို နှစ်နှစ်ခါခါ တွေ့ရကြုံရ မြင်ရလေတော့ ကျွန်ုပ် ပို၍သာ သိခွင့်ရပေသည်။ ရပ်ရွာ ဒကာ၊ ဒကာမများဘက်ကလည်း -

"မေတ္တာစိတ်သက်၊ ဆောင်ရွက်ချစ်ကြင်၊ ခင်မင်နှုတ်ချို၊ လိုလျှင်ဖိတ်ထား၊ တတ်အားလှူစေ၊ ဝတ်ငါးထွေ၊ ပြုလေဒါယကာ"

သိင်္ဂါလောဝါဒလာ တရားတော်နှင့်ညီစွာ သာဝတ္ထိပြည်သူပြည်သားများနှင့် နှိုင်းခိုင်းရတော့မည့်ပမာ ပဌာန်းပူဇော်ပွဲရက်တွေမှာ ပို၍သာ မြင်သာလှပါတော့သည်။

ကြည့်ပါလေဦး ပဌာန်းပူဇော်ပွဲ ကျင်းပသည့် ကျောင်းတော်ကြီး အပေါ်ထပ်ဝယ် ကျောင်းတော်ဦး ဘုရားခန်းမှာ ဆိက္ခဝရွာ ဦးဘရန်း သားသမီး

တစ်စုကောင်းမှု မြတ်စွာဗုဒ္ဓတာဝတိံသာ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာထက် စကြဝဠာတိုက်တစ်သောင်းမှ ခညောင်းလာပြား နတ်ဗြဟ္မာများအား မယ်တော်မိနတ် နို့ဖိုးဆပ်သည့်အနေ ရောင်ခြည်တော်ခြောက်ထွေ ကွန့်မြူးကာ အသံမစဲ အဘိဓမ္မာ (ပဌာန်း) ဒေသနာတော်ကြီး ရွတ်တော်မူကာ အဘိဓမ္မာတရား ဟောကြားတော်မူဟန် ဥဒ္ဒိဿရုပ်ပွားတော်နှင့်တကွ နောက်ခံပန်းချီကားကြီးကလည်း နတ်ဗြဟ္မများ တရားနာယူနေဟန်က တစ်မျိုး၊ ဆိက္ခဝရွာ ဒေါ်ချစ်မေ၊ ဒေါ်သောင်း၊ ဒေါ်မြကြည်ကောင်းမှု ကနက္ကဒဏ် ထီးဖြူများကလည်း ဘော်ငွေရောင် တဖိတ်ဖိတ်၊ ရေနံချောင်းမြို့ ဦးလှကျော်သားသမီးတစ်စုကောင်းမှု ရွှေထီးတော်များကလည်း ရွှေရောင် တဝင်းဝင်း၊ ဝေသာလီမှ ရာဇဂြိုဟ်ပြန်အကြွ မြတ်ဗုဒ္ဓနှင့် တပည့်သားသံဃာ ဆောင်းမိုးလျှုဒါန်းကြသည့်ပမာ မြင်ယောင်ကြည်နူးစရာက တစ်ဖုံ၊ မီးရောင်စုံ ဆလိုက်တို့ဖြင့် တကယ့်တဝတိံသာ နတ်မြို့ပမာ စိတ်ကူးဉာဏ် ကွန့်မြူးကြပေသည့် အာဂ ဆရာဒကာတွေပါလားဟု ကြည်နူး၍မဆုံး၊ ဖူးမျှော်၍ မဝနိုင် ဗုဒ္ဓဂုဏ်တော်တို့ဖြင့်သာ လွှမ်းခြုံနေသော ဘုရားခန်းကို အံ့ဘနန်းတွေ့ မြင်ရပါသည်။

ထိုရှေ့တူရူ၌ မြတ်ဗုဒ္ဓဘက် မျက်နှာမူကာ အသံမစဲ နာရီပေါင်း ( )နာရီ၊ မိနစ်ပေါင်း ( )မိနစ်၊ စက္ကန့်ပေါင်း ( )စက္ကန့် ရက်တိုင်တိုင် ပဌာန်းဒေသနာတော်ကြီး ရွတ်ဖတ်ပူဇော်နေကြသည့် ရဟန်းတော်များကလည်း သာတောင့်သာယာ၊ ယေင်းနို့သားငါးရာဘဝမှ လာကြသည့် နောင်တော်ရဟန္တာကျော် မြတ်ထေရ်မော်တို့၏ ဆွေတော်အစဉ်မျိုးတော်အဆက်များပီပီ မမောနိုင်၊ မပန်းနိုင် သံပြိုင်ကျူးရင့်နေကြသည်မှာ မြင်ကြားရသူ စိတ်နှလုံးဝယ် ပီတိဖုံးကာ ဈာနပစ္စည်း ပစ္စယုပ္ပန် အဖန်ဖန် ဖြစ်နေသည်ဆိုက မည်သူများမှားသည်ဟု ပြောနိုင်ဦးမည်နည်း။

ရွတ်ဖတ်ပူဇော်သူ၊ ကြည်ညိုနာယူရသူ ရဟန်းရှင်လူတို့ ကိုယ်စိတ်

ရှင်မာတောင် စာပေ

နှစ်ပါး ပင်ပန်းကင်းကွာ ချမ်းသာစေရန် အမိုးကောင်းကင်ထက်မှလည်း ဆိက္ခဝရွာ ဦးတင်ငွေ-ဒေါ်မြရှိန်၊ ဦးအေးကြည်-ဒေါ်ထွေးထွေး၊ ဦးဝင်း-ဒေါ်ပိုပိုကောင်းမှု လျှပ်စစ်ပန်ကာကြီးများနှင့် လက်ဝဲလက်ယာမှလည်း ဦးတင်ဝမ်း-ဒေါ်ခင်လှ သားသမီးတစ်စု ကောင်းမှု စားပွဲတင်ပန်ကာများက ငြိမ့်ညောင်းသာယာ လေပြေလေညင်း တိုက်လွှင့်ပေးလျက် ရှိကြသည့်အပြင် ခမ္မစကြာနှင့် သာသနာ့ရောင်ခြည် ကုမ္မာရီဝတ်အသင်းသူ၊ အသင်းသားများ နေ့စဉ်မပြတ် ဆက်ကပ်တင်လှူ ပူဇော်ထားကြသည့် စံပယ်မြတ်လေး ယုဇန နှင့် ရွှေပန်းငွေပန်း အဆန်းတကြယ် အသွယ်သွယ်သော ပန်းနံ့သာတို့က လည်း တာဝတိံသာနတ်မြို့တော်မှ စိတ္တလတာ ဥယျာဉ်ပမာ ထင်မှားစရာ ရန့်ဖြာနေသည်မှာ အံ့လောက်ပါဘိ။

ပဌာန်းပူဇော်ပွဲ ကြွရောက်သံဃာ ထေရ်ဆရာကြီးငယ်တို့ ကာယစိတ္တ သုခနှစ်ဖြာ ချမ်းသာစွာသီတင်းသုံး ကျိန်းစက်နားနေတော်မူနိုင်ရန် အသီးသီး သော ညောင်စောင်း ခုတင်များပေါ်၌လည်း ဦးသာရင်-ဒေါ်ကံသွယ်မိသားစု ကောင်းမှု ဖျာချောဖျာကြမ်း အခန်းခန်းတို့ကလည်း အခန်းတိုင်း ပြည့်ထိစပ် ခင်းလှူထားကြသည့်အပြင် ဒေါ်သန်းတင် သားသမီးတစ်စုတို့ကလည်း ခေါင်းအုံးအိပ်ရာခင်း စောင်မှမကျန် သာသနာ့ဝန် ဆောင်နိုင်ကြပေသော ဆိက္ခဝရွာ ဒကာ၊ ဒကာမတွေပါလားဟု မြင်ရသူအားကျ ကြည်နူးအထူး အတုယူ သာဓုခေါ်စရာ ကောင်းလှပါဘိခြင်း။

ပဌာန်းပူဇော်ပွဲကျင်းပရာ ကျောင်းပေါ်မှအဆင်း ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ပြန်တော့ ဆောင်ရွက်ပြီး ဆောင်ရွက်ဆဲတွေကလည်း မြိုင်မြိုင်ဆိုင်ဆိုင် ကျောင်း၏ အနောက်မြောက်ထောင့်မှာ သူများအလျင် ဦးစွာ ပဌာန်းပူဇော်ပွဲကျင်းပမည့် အချိန်မှိ ဒေါ်တင်အေး သားသမီးတစ်စု တို့ကလည်း နှစ်လုံးတွဲ သံဃာ့အသုံးအဆောင် ရေလောင်းကုဋီဆောက်လုပ်

လှူဒါန်းသည့်အပြင် ကျောင်းမြောက်ဘက်တွင် ရေနံမြေမှ တိုက်ရိုက်လွှတ်ပေးထားသော ရေစင်ကြီးမှ တသွင်သွင်လာနေသည့် ရေယဉ်ကို သွယ်တန်းကာ ဒေါ်တင်အေး သားသမီးတစ်စုတို့က ပဌာန်းပူဇော်ပွဲကြွ သံဃာတော်များ ကိုယ်လက်သုတ်သင် ရေသုံးသပ်တော်မူနိုင်ရန် ( ) တန် ရေဇရုံးတိုက် (ရေချိုးခန်း)ကိုလည်း ပဌာန်းပူဇော်ပွဲအမီ အသင့်ဆောက်လုပ်လှူဒါန်းထားကြပြန်လေသည်။ အနီးကပ်ဆုံး ဥပမာပေးရလျှင် ဝနဝါသီ တိဿသာမဏေ သီတင်းသုံးရာ တောဝနာအတွင်း မြတ်ဘုရားနှင့် တပည့်သားသံဃာများစွာ ငါးရာတို့ ကြွလာသောအခါ နေစရာ ကျောင်းဝိဟာနှင့် အဆောက်အအုံ ဗိမာန်အဖြာဖြာ ဝိသုကြံဖန်ဆင်းသည့်ပမာ ထင်မှားစရာ ကောင်းလှပါပေစွ။

မိုးဒေဝါ နတ်သိကြားကလည်း သူလည်းမနေသာ၊ ထူးမြတ်သည့် ကုသိုလ်ပွဲမှာ ရာဇဂြိုဟ်မြို့ ရက်ကန်းသည်အဘိုး၊ အဘွား ဇနီးမောင်နှံ၏ အလှူခံ ရှင်မဟာကဿပ ဗုဒ္ဓသာဝကကြီးကို လှည့်စားကာ မြတ်ဒါန ကြိုးစား၍ ပြုခဲ့ရသေးတာမို့ ဆရာတော်ဦးဝဏ္ဏနှင့် ရပ်ရွာ ဒကာ၊ ဒကာမတို့၏ ဖိတ်မန္တကသံ နတ်ထံကြားကာ လူတို့ မမြင်သာသော်လည်း နတ်ဒေဝတာများစွာနှင့် အဘက်ဘက်မှ အားခဲကူနေသည့်ပမာ ပြီးခဲ့သောပူဇော်ပွဲ နှစ်နှစ်လုံး အစမှအဆုံးတိုင် မိုးဖြိုင်ဖြိုင်ရွာသွန်းပြီး သက်သေအရာ တည်ခဲ့သည် မဟုတ်ပါလား။

**ထို့ကြောင့်ပင် အဋ္ဌကထာ ဆရာကြီးများက -**

ဧဝံ အစိန္တိယာ ဗုဒ္ဓါ၊
ဗုဒ္ဓဂုဏာ အစိန္တိယာ၊
အစိန္တိယေ ပသန္နာနံ၊
ဝိပါကော ဟောတု အစိန္တိယော။

ဟု မိန့်ဟောခဲ့ကြသည် မဟုတ်ပါလား။ မြတ်ဘုရားနှင့် တရားသံဃာ ရတနာသုံးပါး ဂုဏ်ကျေးဇူးနှင့် ဆရာတော်ဦးဝဏ္ဏ၏ သီလသမာဓိကား ကြီးလှပါကလားဟု သက်တော်ထင်ရှား မြတ်ဘုရားနှင့် တရားသံဃာ အရိယာဂုဏ်တော်တွေကို အဖန်ဖန်ဦးညွတ်မိပါသည်။

ဤမျှလောက် တစ်ရွာလုံး၊ တစ်ရပ်လုံး တက်ကြွညီညာ လူမျိုးဘာသာသာသနာတော်အတွက် အဘက်ဘက်မှ ဆောင်ရွက်ကြသော ဆွမ်း၊ ကွမ်းဖျော်ရည် တစ်လီဆေးပစ္စည်းတို့တွင်လည်း ပဌာန်းပူဇော်ပွဲပြီးသည့်တိုင် သူမလှူလိုက်ရ၊ ငါမပါလိုက်ရ တသသနှင့် နောင်နှစ်မှပေါ့ဟု မချင့်မရဲ အားခဲကာ ကျန်ခဲ့သော ဒကာ၊ ဒကာမများကလည်း မနည်းပါချေ။

ရေး၍မကုန်၊ ဖွဲ့၍မပြီး ဆိက္ခဝရွာ ဒကာ၊ ဒကာမအသီးသီး၏ စေတနာသဒ္ဓါ ပစ္စယာကား အံ့ချီးဖွယ်ရာ ကောင်းလှပါတော့သည်။

ကျွန်ုပ်တို့နိုင်ငံသည် ဗုဒ္ဓဘာသာနိုင်ငံဖြစ်သည့်အတိုင်း ရှေးရှေးသော လူကြီးမိဘများက "ရပ်ရွာတစ်ခု ကြီးပွားတိုးတက်ဖို့ဆိုလျှင် ထိုရွာ၌ ဘုန်းကြီးကျောင်း လူကြီးကောင်း ရှိရပေမည်" ဟု ပြောစမတ်ပြုကြပေသည်။

မှန်ပါ၏။ ရပ်ရွာတစ်ရွာ ကြီးပွားတိုးတက်ဖို့ဆိုလျှင် ဆရာကောင်း ရွာမိရွာဖသဖွယ်ဖြစ်သော လူကောင်းလူတော် ခေါင်းဆောင်တို့ရှိမှ ဖြစ်ခြေမည် မဟုတ်ပါလား။

ဤ ဆိက္ခဝရွာကို လေ့လာကြည့်ပါက ဆရာတော်ဘုရားကြီး ဦးဇင္ဃိလ၊ ရွာဦးဆရာတော် ဦးဝဏ္ဏတို့သည် ရပ်ရွာ၏ ကြည်ညိုလေးစားအားထားလောက်သည့် -

| | | |
|---|---|---|
| ဥဇု | = | ဖြောင့်မတ်သောဂုဏ် |
| မုဒု | = | နူးညံ့သောဂုဏ် |
| အနတိမာန | = | မာန်နှိမ့်ချသောဂုဏ် |

| | | |
|---|---|---|
| သန္တုဿက | = | ရောင့်ရဲလွယ်သောဂုဏ် |
| သုဘရ | = | ဒကာ၊ ဒကာမတို့၌ မွေးမြူလွယ်သောဂုဏ် |
| အပ္ပကိစ္စ | = | ဗာဟိရကိစ္စ နည်းပါးသောဂုဏ် |

ဟူသော မေတ္တာသုတ်လာ ဂုဏ်အင်္ဂါတို့နှင့် ပြည့်စုံသော ဆရာကောင်းများ ဖြစ်ကြသည်မှာ ယုံမှားစရာ မရှိပေ။

ဒကာ၊ ဒကာမများဘက် ကြည့်လိုက်ပြန်တော့ ဘာသာရေး၊ လူမှုရေး မည်သည့်ကိစ္စမဆို ရပ်ရွာအကျိုး ရှေ့တန်းမှ မိဘ ဘိုးဘွားလက်ထက်ကပင် စဉ်ဆက်မပြတ် ခေတ်ဆက်ဆက် ဆောင်ရွက်ခဲ့၊ ဆောင်ရွက်ဆဲဖြစ်ကြသော အုပ်စုပြည်သူ့ကောင်စီ ဥက္ကဋ္ဌကြီး ဦးသန်းမောင်နှင့် ဦးဘအေး၊ ဦးလှမောင်၊ ဦးသန်းအောင်၊ ဦးခင်ဇော်စသော ဒကာကြီးများသည် -

ခမာဇာဂရိယုဋ္ဌာနံ၊ သံဝိဘာဂေါ ဒယိက္ခဏာ။

နာယကဿ ဂုဏာဧတေ၊ ဣစ္ဆိတဗ္ဗာ သတံဂုဏာ။

ဟူသော နီတိဂါထာလာ လူကောင်းလူတော်တို့၏ အရည်အချင်းဖြစ်သော-

| | | |
|---|---|---|
| ခမာ | = | သည်းခံခြင်း |
| ဇာဂရိယ | = | အသွားအလာ၊ အနေအထိုင်တို့၌ သတိရှိနိုးကြားခြင်း |
| ဥဋ္ဌာန | = | ငယ်သားတို့ထက် ထကြွလုံ့လ ဝီရိယရှိ[illegible] |
| သံဝိဘာဂ | = | အရာရာ ဝေဖန်နိုင်းချိန်တတ်ခြင်း |
| ဒယာ | = | မိမိရပ်ရွာအပေါ်၌ သနားညှာတာ စာနာတတ်ခြင်း |
| ဣက္ခဏာ | = | ပညာရှိတို့ကို အမြဲမပြတ် ဆည်းကပ်မေးမြန်း ညှိနိုင်းခြင်း |

နာယကဂုဏ် ခြောက်ပါးနှင့်ညီစွာ ကိုယ့်ရပ်ကိုယ့်ရွာအပေါ် မေတ္တာ

စေတနာ နှစ်ဖြာရှေ့ထား အဘက်ဘက်မှ အားထားလောက်သည့် လူကောင်းလူတော် ပုဂ္ဂိုလ်ကြီးများ ဖြစ်ကြသည့်အားလျော်စွာ ဘယ်မှာလျှင် ဆန္ဒရှိက မပြီးမြောက်နိုင်ဘဲ ရှိပါတော့မည်လဲ။ ပဌာန်းပစ္စည်း ကြောင်းကျိုးဆက်နည်းနှင့်အညီ မြေကြီးလက်ခတ်မလွဲ အပွဲပွဲနွဲ့က အောင်မြင်ရမည်ဆိုတာ ယခုပြုကြ ပဌာန်းပူဇော်ပွဲကြီးက သာဓကပြနေသည် မဟုတ်ပါလား။

ထို့ကြောင့်ပင် ဤပဌာန်းပူဇော်ပွဲကြီး စတင်မည့်နှစ်ကပင် ဦးလှမောင်-ဒေါ်တင်စိန် မိသားစုတို့ ပဌာန ဥပတ္ထမ္ဘကအဖြစ် ပဌာန်းငွေပဒေသာပင် စတင်စိုက်ပျိုးခဲ့ကြသည့်အပြင် လူမှုရေးဘက်တွင်လည်း ဥက္ကဋ္ဌကြီး ဦးသန်းမောင်နှင့်တကွ ရွာ့မိရွာ့ဖများ၏ ရှေ့ဆောင်လမ်းပြ မှန်ကန်မှုကို အရင်းတည်ကာ ဆိက္ခ၀ရွာမှ နှစ်စဉ် မေလ(၁)ရက် အလုပ်သမားနေ့ ရောက်လေတိုင်း ဆရာတော် သဘာ၀ခေတ်ငွေ့မြေဌာန ကိုယ်စားပြု စံပြလုပ်သားလေးယောက်၊ ငါးယောက်အောက် မလျော့ဘဲ အရွေးချယ်ခံရကာ နိုင်ငံတော်မှ ဂုဏ်ပြုကြသည့် ၀တ်စုံတံဆိပ်များ တပ်ဆင်ကာ ပဌာန်းပူဇော်ပွဲ ၀ေယျာ၀စ္စပြုလုပ်နေကြသည့် စံပြလုပ်သားကြီးများမှာ ၀င့်ကြွားထည်၀ါလှပါဘိ။

ထိုကဲ့သို့ ဘာသာရေး၊ လူမှုရေး ဟန်ချက်ကျန စည်းလုံးညီညွတ်စွာ တိုးတက်နေသည့် ဤရွာကား သာမန်ရွာမည်ကာမတ္တ မဟုတ်နိုင်။ သမိုင်းအခြေခိုင်သော ရွာတစ်ရွာ ဖြစ်ရမည်ဟု စဉ်းစားရင်း ကျွန်ုပ်သည် အတိအကျ သိရစေရန် ဆိက္ခ၀ရွာ၏ ရွာဦးနတ်သဖွယ် တစ်ပါးအပါအ၀င်ဖြစ်သော ၀ဲတောင်ကျောင်း ဒီဃဒဿီ သက်တော်ရှည် ဆရာတော်ဘုရားကြီး ဦးဇဋိလအား လျှောက်ထားကြည့်ရာ -

ဆရာတော်ဘုရားကြီး၊ ပဌာန်းဘုန်းကြီးရေ့. . . ရှေးဘိုးဘွားလက်ထက် သမိုင်းအဆက်ဆက်က မှတ်တမ်းမှတ်ရာ သမိုင်းစာအနေ ပြောကြတာကဘော့ ဂေါတမဗုဒ္ဓ မဇ္ဈိမဒေသမှ ကြွရောက်တော်မူလာပြီး ယခု ကိုယ်တော်

မြင်ရတဲ့ တောင်တန်းကြီးရဲ့ အမြင့်ဆုံးတောင် ထိပ်ပေါ်မှနေ ရပ်တန့်တော်မူပြီး ပုဂံနေပြည်တော်ကြီးဘက်သို့ ကြည့်တော်မူကာ ညာလက်တော်ဆန့်တန်း လက်ညှိုးတော်ညွှန်လျက် (ဒုတိယမြန်မာပြည် သာသနာ သူမတူစွာစောင့်ရှောက်ပြုစုတော်မူမည့် သာသနာပြု ရှင်ဘုရင် အနော်ရထာမင်းဖြစ်မည့်) ဘီလူးအား ဗျာဒိတ်စကား မိန့်ကြားတော်မူခဲ့လို့ အဲဒီတောင်ကြီးကို တန့်ကြည့်တောင်ဟု ခေါ်ဝေါ်ပညတ်ကြသတဲ့။

အဲဒီအခါတုန်းက တန့်ကြည့်တောင် ခြေရင်းမှဆင်းကာ ဧရာဝတီမြစ်ကမ်းနား နဂါးများ ဥပုသ်ဆောင်ဝင် တရားဆင်ခြင်နေခိုက် ဂဠုန်ငှက်တစ်ကောင်ဟာ အရှိန်အဟုန်ပြင်းစွာနှင့် ထိုးသုတ်ချီဆောင်ပြီး ယခုဆိက္ခဝခေါ်တဲ့ ရွာနေရာမှာ အဆိပ်တွေအန်ချလို့ "ဆိပ်အံ့ဝ"ဟု ရွာတည်ကာ ခေါ်ဝေါ်ကြသည်က တစ်တန် -

ရှေးတုန်းက ပခုက္ကူယောနယ် အသွယ်သွယ်တို့မှ ကုန်သည်များ ကြက်ပျံမကျ စည်ကားလှတဲ့ ပေါက္ကံမင်း နေပြည်တော်ကြီးနှင့် ရောင်းဝယ်ဖောက်ကား သွားလာကြရာ လှေသမ္ဗန်အများ ဆိုက်ကပ် ရပ်နားချင်စဖွယ် သာယာလှပသော ဆိပ်ကမ်းသာယာလို့မို့ 'ဆိပ်သာလှ' ဟုလည်း ခေါ်ကြသတဲ့။

ကာလရွေ့ကာ ဘယ်အရာ မတည်မြဲ ပြောင်းလဲတတ်တဲ့ သဘာဝအားလျော်စွာ ဆိပ်အံ့ဝမှ ဆိပ်သာလှ၊ ဆိပ်သာလှမှ ဆိက္ခဝဟု ခေါ်တွင်တဲ့ ဤရွာရဲ့ဝန်းကျင် ပဌာန်းဘုန်းကြီး မြင်တဲ့အတိုင်းပါပဲဟု သမိုင်းဗျူပွတ်ပြောစမှတ်ကို တတ်အပ်သေချာ မိန့်တော်မူသည်ကို ကြားနာမှတ်သားမိသောအခါ သမိုင်းဝင်ရွာတစ်ရွာဆိုတာ သေချာဂန သိခွင့်ရခဲ့ပါတော့သည်။

သက်ရှယ်ကြီးမား ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်တို့၏ အရိပ်ကား အေးမြသကဲ့သို့ ရှေးဖြစ်ဟောင်း အောက်မေ့ဖွယ် သမိုင်းဖြစ်ရပ်ဆန်းကလေးများလည်း သိခွင့်ကြုံတတ်ရကား ဆရာတော်ကြီးများကို ဤပဌာန်းပူဇော်ပွဲ၌ ဖူးတွေ့

ရှင်မတောင်စာပေ

၂၇၆၇၂

ကြည်ညို သိကျွမ်းခွင့်ရလိုက်သည်မှာ ကျွန်ုပ်အဖို့ အရတော်စွ ဂါရဝမင်္ဂလာ ဖြစ်ပါဘိခြင်း။

အချုပ်ကိုဆိုရသော် ဆရာတော် ဦးဝဏ္ဏနှင့် ရပ်ရွာ ဒကာ၊ ဒကာမ များ ပဋ္ဌာန်း သာသနာတော် အရှည်ခန့်၍ တည်တံ့စေရန် ရည်သန်ပြုလုပ်ကြသော ဤ ပဋ္ဌာန်းပူဇော်ပွဲကြီးကား ဗုဒ္ဓါနုဿတိ ဘာဝနာကုသိုလ် သမဏာနစ္စဒဿန မင်္ဂလာ၊ ဒါနစ္စ မင်္ဂလာ၊ ဓမ္မဿဝန မင်္ဂလာ၊ ပတ္တိဒါန၊ ပတ္တာနုမောဒန၊ ပုညကြိယာ ကုသိုလ်အဖြာဖြာ ပွားများကြလျက်

သဒ္ဓါစိန်ထုပ် - သိမ်းထုပ်သေချာ၊
သဒ္ဓါလုနှင့် - သွက်သွက်လျှကာ၊
သဒ္ဓါမျိုးစေ့ - တိုး၍စိုက်ပါ၊
သဒ္ဓါဖြိုး - တိုးလိမ့်နိဗ္ဗုတာ။

ဆိုတဲ့ ကဗျာအားလျော်စွာ ပကတူပနိဿယပစ္စည်း ပစ္စုပ္ပန်အဖန်ဖန် ကျေးဇူးပြုပြီး သမ္မာဒိဋ္ဌိစသော မဂ္ဂပစ္စည်း ယာဉ်ပျံကြီးစီးကြကာ ဆင်းရဲနှင့် ငရဲမှ ကင်းလွတ်ပြီး နိဗ္ဗာန်အမတ ချမ်းသာကို ကိုယ်စီကိုယ်င ရရှိကြလျက် လူမျိုး ဘာသာ သာသနာအကျိုး တိုး၍တိုး၍သာ သည်ပိုးရွက်ဆောင်နိုင်ကြပါစေကြောင်း ဆန္ဒပြုရင်းဖြင့် သုံးကြိမ်မြောက် ပဋ္ဌာန်းပူဇော်ပွဲကို ကြိုဆိုဂုဏ်ပြုကာ ကျွန်ုပ်၏နိဒါန်းစကား ဤတွင် ရပ်နားလိုက်ပါသတည်း။

* ပဋ္ဌာန်းဒေသနာ၊ မြတ်အဘိဓမ္မာ၊ ကမ္ဘာအနှံ့ ပြန့်စေသော်။
* သူတော်ကောင်းဓာတ်၊ တရားမြတ်၊ လွှမ်းပတ်ကမ္ဘာ တည်စေသော်။
* လူမျိုးဘာသာ၊ သာသနာ၊ ရှည်ကြာလဝန်း ထွန်းစေသော်။

အရှင်ပဏ္ဍိတ
မဟာဝိဇယာရာမိက ဂဏဝါစက
ပခုက္ကူ ပဋ္ဌာန်းဆရာတော်၊
စက်ရှင်မင်းကျောင်း
မဟာဝိဇယာရာမ (ပါဠိတက္ကသိုလ်) အရှေ့တိုက်သစ်၊ ပခုက္ကူမြို့
၁၃၄၆ ခုနှစ်
နယုန်လဆန်း (၆) ရက်၊ သောကြာနေ့
မကွေးတိုင်း၊ ပခုက္ကူမြို့နယ်၊ ဆိကြ္ခဝရွာ ရွာဦးကျောင်း၌
ကျင်းပပြုလုပ်အပ်သော ပဋ္ဌာန်းပူဇော်ပွဲ ဓမ္မသဘင်၌
ပခုက္ကူမြို့ မဟာဝိဇယာရာမ ပါဠိတက္ကသိုလ် စက်ရှင်မင်းကျောင်း
ပခုက္ကူ ပဋ္ဌာန်းဆရာတော် ချီးမြှင့်တော်မူအပ်သော
သမ္မောဒနီယ ဥယျောဇနကထာ

ကြွရောက်တော်မူလာကြသော ပဓာနနာယက ဆရာတော် ဘုရားကြီးများနှင့်တကွ နောင်တော်၊ ညီတော် အရှင်မြတ်တို့ဘုရား။

ဘုရားတပည့်တော်သည် နာယကဆရာတော်များနှင့် ပဓာနဆိက္ခဝ ဆရာတော်တို့၏ တိုက်တွန်းချက်အရ နယုန်လဆန်း (၁) ရက်နေ့မှစ၍ (၅) ရက်နေ့တိုင်အောင် ပဋ္ဌာန်း ဒေသနာတော်ကို ရွတ်ဖတ်ပူဇော်တော်မူကြသော ပဋ္ဌာနဘာဏက အရှင်မြတ်တို့အား ပစ္စယာနုဂ္ဂဟအနေနှင့် အဘက်ဘက်မှ တက်ကြွစွာ လာရောက်ကြည်ညိုကြသော ဒကာ၊ ဒကာမအပေါင်းတို့အား သမ္မောဒနီယ ဥယျောဇနကထာစကား မြွက်ကြားခွင့်ရသည့်အတွက် အထူးပင် ဝမ်းမြောက်လှပါသည်ဘုရား။ အားလုံးသော ဒကာ၊ ဒကာမအပေါင်း သူတော်ကောင်းတို့၊ ယခုလို ဆရာဒကာ စည်လုံးညီညွတ်စွာ ငါးရက်တိုင်တိုင် ပဋ္ဌာန်းဒေသနာတော်ပူဇော်ပွဲကြီး ပထမအကြိမ် အောင်မြင်စွာ ကျင်းပနိုင်တာ တွေ့မြင်ရတော့ ဘုန်းကြီး အထူးပင် ဝမ်းမြောက်စွာ သာဓုခေါ်မိပါသည်။

ဘာကြောင့်လဲ -

ဘုန်းကြီးတို့အားလုံး ဒကာ၊ ဒကာမတို့၏ အားထားကိုးကွယ်ရာ သဗ္ဗညုသခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီး ကိုယ်တော်တိုင် ဟောကြားဆုံးမတော်မူခဲ့သော ဓမ္မပဒပါဠိတော်လာ-

သုခေါ ဗုဒ္ဓါနမုပ္ပါဒေါ၊
သုခါ သဒ္ဓမ္မဒေသနာ၊
သုခါ သံဃဿ သာမဂ္ဂီ၊
သမဂ္ဂါနံ တပေါ သုခေါ။

ဟူသော ဒေသနာတော်အရ -

၁။ ဤသတ္တလောက အတွင်း၌ သစ္စာသိမြင် ဘုရားသခင်တို့၏ ပွင့်ထွန်းတော်မူလာခြင်းသည် ချမ်းသာခြင်းတစ်ပါး။
၂။ သူတော်ကောင်းတရားကို ဟောကြားနာယူရခြင်းသည် ချမ်းသာတစ်ပါး။
၃။ ရှင်အပေါင်း၊ ရဟန်းအပေါင်း၊ လူအပေါင်းတို့၏ ကိုယ်စိတ်နှစ်ရပ် ညီညွတ်ခြင်းသည် ချမ်းသာတစ်ပါး။
၄။ ထိုကဲ့သို့ ညီညွတ်ကြကုန်သော ရဟန်းရှင်လူတို့၏ ကျင့်ကြံ (ပြုလုပ်ဆောင်ရွက်)ကြခြင်းသည်လည်း ချမ်းသာတစ်ပါး-

ဟု မြတ်စွာဘုရား အထင်အရှား ဟောကြားတော်မူခဲ့ရကား အဘယ်မှာလျှင် ဘုန်းကြီး ဝမ်းမြောက်နုမော် သာခုမခေါ်ဘဲ နေနိုင်ပါမလဲ။

အေး. . . ဒါကြောင့် ဘုန်းကြီးနှင့်တကွ သူတော်ကောင်းအပေါင်းတို့ပါ ဗုဒ္ဓ၏ ရောင်ခြည်တော်ခြောက်စုံ ကွန့်မြူးပုံကို အာရုံယူကာ ပူဇော်ကြစို့။ လက်အုပ်ချီကြပါ။

ပဋ္ဌာနံ သမ္မသန္တဿ၊
သန္တဿ ဒေဟရံသိယော။
ရံသိယော အဝဟာသန္တွ၊
သန္တွာ ဇလန္တိ တာဝဒေ။

တာဝဒေ၊ ပျော်မွေ့စံငြိမ် ရတနာအိမ်ထက် လေးကြိမ်မြောက် သတ္တာဟသီတင်းသုံးတော်မူစဉ် ကာလ၌။ သန္တဿ၊ ဘုရားရှင် ကိုယ်တော်မြတ်ကြီး၏။ (ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်)။ ပဋ္ဌာနံ၊ အနပ္ပကမ်း နည်းစုံပြွမ်းသည့် ကမ်းမမြင်ကျယ် ကျမ်းပင်လယ်ဝယ် နုနယ်သူ ဉာဏ်မီသမျှပင် ကြံစည်၍ မရနိုင်လောက်အောင် ဂမ္ဘီရအရာ ပထမတန်း ဤ မဟာပဋ္ဌာန်းကျမ်းတော်ကြီးကို။ သမ္မသန္တဿ၊ ဂမ္ဘီရ အခက်အခဲကို ဉာဏ်ဝဇီရ လက်စွဲဖြင့်

ဖျက်ခွဲ ဆုံးဖြတ်၍ သုံးသပ် ဆင်ခြင်တော်မူစဉ်။ ဒေဟာရုံသိယော၊ ကိုယ်တော်စိတ်ပိုင်း နေရာတိုင်းမှ။ အံ့နိုင်းလောက်စဖွယ် ရောင်ခြည်တော် ခြောက်သွယ်တို့သည်။ သန္တာရုံ သိယော၊ ကမ္ဘာ့တန်ဆာ တာရာနေလ ရှိသမျှ အဖုံဖုံ အလင်းရောင်မျိုးစုံတို့ကို။ အဝဟာသန္တာ၊ ပိုးရည်မြူးစုန်း နေရောင်ပုန်းသို့ ဖုံးအုပ်ဝှက်ကွယ် ရှက်စဖွယ်ဟု ပြက်ရယ်ပြုကြကုန်လျက်။ (ပြက်ရယ်ပြုကြလေသယောင်)။ ဇလန္တိ၊ နဘံထက်ညာ ပျံတက်ကာနှင့် စက္ကဝါနရန်း ယှက်ဖြာသန်းလျက် အံ့ဘနန်း လူးလွန့်၍ မြူးကွန့် စံပယ်တော်မူကြကုန်စွတကား။

(သာဓု-သာဓု-သာဓု)

ဒကာ၊ ဒကာမတို့-ဘုန်းကြီးရွတ်ဆိုလိုက်တဲ့ ဒီဂါထာအရပင် မြတ်စွာဘုရား ပဋ္ဌာန်းဒေသနာတော်ကို သဗ္ဗညုတဉာဏ်တော်နှင့် ဆင်ခြင်လိုက်သည့်အခါ ရောင်ခြည်တော်ခြောက်ဖြာ ကွန့်မြူးလာပုံဟာ ဘယ်လောက်ကြည်နူးဖွယ်ရာ ကောင်းတယ်ဆိုတာ စဉ်းစား၍သာ ကြည်ညိုကြပါတော့။

ဒီတော့၊ သို့ကလောက် ထူးခြားဆန်းကြယ် အံ့မခန်းသည့် ပဋ္ဌာန်းကျမ်းဆိုတာ ဘယ်လိုဒေသနာလဲ၊ သဲသဲကွဲကွဲသိနိုင်ရန် ဘုန်းကြီးအချိန်ရသမျှ ရှင်းပြခဲ့ပါမည်။

ပဋ္ဌာန်းကျမ်းဆိုတာ ပိဋကတ်သုံးပုံတို့တွင် အဘိဓမ္မပိဋကတ်တွင် အပါအဝင် ခုနစ်ကျမ်းမြောက် ဒေသနာဖြစ်ပါသည်။ ကျမ်းစာအုပ်အနေနှင့် ငါးအုပ်၊ စာမျက်နှာပေါင်း ၂၆၄ဝ ရှိသည်။ အလွန် နက်နဲခက်ခဲသော ဒေသနာတော် ဖြစ်ပါသည်။ ထို့ကြောင့် ရုပ်နာမ်တရားတို့၏ အကြောင်းအကျိုးဆက်ကာ အမျိုးမျိုး နည်းမျိုးစုံတို့ဖြင့် ပြည့်စုံစွာ ဟောကြားတော်မူခဲ့သော ဒေသနာဖြစ်သည့်အတွက် အနန္တနယ သမန္တပဋ္ဌာန်းကျမ်းကြီးဟု ခေါ်ဆိုကြခြင်း ဖြစ်ပါသည်။

ဒီပဋ္ဌာန်း ဒေသနာတော်ကြီးကို မြို့ရော၊ တောပါ မြန်မာပြည်အနှံ့ ဘာကြောင့် အသံမစဲ ရွတ်ဖတ်သရဇ္ဈာယ် ပူဇော်ပွဲ ကျင်းပနေကြသည်ဟု စဉ်းစားကြည့်လိုက်သောအခါ ပဋ္ဌာန်းဒေသနာတော်၏ နက်နဲသိမ်မွေ့ ခက်ခဲရကား ရှေးရှေးသော သာသနာပြု မင်းကောင်းမင်းမြတ်များ လက်ထက်ကပင် မင်းနှင့်ပြည်သူများက ပစ္စယာနုဂ္ဂဟ ဒကာခံ၍ ဆရာတော်ကြီးများကို ပင့်ကာ ပဋ္ဌာန်းဇရပ်များ၌ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲများ ကျင်းပကာ နာယူကြသည်ကို ယနေ့လက်ရှိ မန္တလေးတောင်ခြေ သုဓမ္မာ ပဋ္ဌာန်းဇရပ်များက သက်သေတည်လျက် ရှိသည်ကို တွေ့ရမည် ဖြစ်ပါသည်။

ထို့ကြောင့် ယခုကို ပဋ္ဌာန်းပွဲများ ကျင်းပပြုလုပ်ခြင်းဟာ ကောင်းမြတ်သော ဓမ္မပူဇာ မင်္ဂလာတစ်မျိုးမို့ ကောင်းမြတ်သော လုပ်ငန်းတစ်ရပ်ဖြစ်သည့်အားလျော်စွာ ဒကာ၊ ဒကာမတို့မှာလည်း ရတနတ္တယပူဇာမင်္ဂလာ၊ ဒါနဥဿုမင်္ဂလာ၊ ဓမ္မသဝနမင်္ဂလာစသော မင်္ဂလာအပေါင်းနှင့် ပြည့်စုံသည်ဆိုတာ ဘုန်းကြီး အထူးပြောစရာပင် မလိုတော့ပါ။ သိကြပြီး ဖြစ်ပါလိမ့်မည်။

သို့သော် မိကျောင်းမင်း ရေကင်းပြတယ်လို့လည်း အပြစ်တော်တင်မှာစိုးသည့်အတွက် ကြိုတင်တောင်းပန်ကာ တပည့်တော်နှင့်တကွ ညီတော်၊ နောင်တော် အရှင်မြတ်တို့လည်း ပဋ္ဌာန်းရွတ်ပွဲ၊ ပဋ္ဌာန်းရွတ်ပွဲဆိုပြီး ရွတ်ရုံသာ ရွတ်နေက အရွတ်လောက်သာ စားရလိမ့်မည်ဘုရား။

သို့အတွက် တပည့်တော်တို့၊ အရှင်ဘုရားတို့၏ နောင်တော် အရှင်ဂတိဂမိယတိဿ ဒတ္တမထေရ်ထုံး နှလုံးမူကာ ရွတ်ဖတ်ကာအာရုံပြုမှသာ အရွတ်သာမက အနှစ်အသားတည်းဟူသော ရုပ်နာမ်သဘာဝ ပရမတ္ထဉာဏ်ပေါ်ကာ အမတစခန်းသို့ လှမ်းနိုင်ရန် အားကြီးသောအကြောင်း ဥပနိဿယဖြစ်မည်ဆိုတာ ပညာရှိ သတိဖြစ်ခဲမို့ ခရီးသွားဟန်လွှဲဆိုသလို ကြားဖောက်ကာ လျှောက်ထားရပါသည် ဘုရား။

အားလုံးသော ဒကာ-ဒကာမတို့၊ ဒကာ၊ ဒကာမတို့ဘက်မှ ကြည့်မည်ဆိုလျှင် ကာယကံ(ကိုယ်နှင့်ပြုလုပ်မှု)ကုသိုလ်။ ဝစီကံ(နှုတ်နှင့် လျှောက်ထားပြောဆိုမှု) ကုသိုလ်။ မနောကံ (ငါတို့၏ ဆရာတော်နှင့် ရပ်ရွာလူကြီးသူမ ဘာသာရေးအသင်းအဖွဲ့များပါ စည်းလုံးညီညွတ်စွာ ပဋ္ဌာန်းပူဇော်ပွဲကြီး နွှဲကြစို့ဟု မနောပဏိဓိ စိတ်ရှိတိုင်း ကြံစည်မှု) ကုသိုလ်ရကြပြီ ဆိုတာတော့ ပြောစရာမလိုတော့ပါ၊ ကိုယ်တွေ့မို့ ပို၍သာ သိကြပါလိမ့်မည်။

ဒီပဋ္ဌာန်းဒေသနာတော်ပါဠိကို ရွတ်ဖတ်သံ နာယူရုံမျှနှင့် ထိုနာယူသော အကြောင်းကံကြောင့် ကောင်းမြတ်သော အကျိုးတရား ရနိုင်ပါသလားဟု ဒကာ၊ ဒကာမတို့ဘက်က အလွန်တရာ မေးလျှောက်ဖို့ကောင်းပါသည်။

ဘာ့ကြောင့်လဲ-ဘုန်းကြီးဆန္ဒအရပေါ့လေ။ ဘယ်အရာမျိုးမှာဖြစ်စေ အကြောင်းနှင့်အကျိုး အကောင်းနှင့်အဆိုး ဉာဏ်မီသမျှ ဆင်ခြင်စဉ်းစားပြီးမှ ပြုလုပ်ခြင်းဟာ ယထာဘူတအကျဆုံး ဖြစ်ပါသည်။

ဒါ့ကြောင့် ဒကာ၊ ဒကာမတို့ ယခုလို ပဋ္ဌာန်းဒေသနာတော်ကြီး နာယူရသည့်အတွက် ကောင်းမြတ်သော သုဂတိဘဝနှင့်တကွ နိဗ္ဗာန်အမတချမ်းသာရနိုင်ကြောင်းကို ဘုန်းကြီး ဝိမာနပါဠိတော်-အဋ္ဌကထာနှင့် ပါရာဇိကဏ် အဋ္ဌကထာလာသည့်အတိုင်း သာကေတင်ကာ ပြောပြပါမည်။ မှတ်သားကြပါနော်. . . ။

တစ်ခါမှာတော့ ရှင်တော်မြတ်ဘုရားသည် စမ္ပာပြည် ဂဂ္ဂရာမင်းသမီးရဲ့ကောင်းမှု ဂဂ္ဂရအမည်ရှိတဲ့ လေးထောင့်ရေကန်၏အနီး ကမ်းနားကျောင်းတိုက်၌ သီတင်းသုံးတော်မူကာ စမ္ပါပြည်သူ၊ စမ္ပာပြည်သား ဒကာ၊ ဒကာမများနှင့်တကွ ပရိသတ်လေးပါးတို့အား တရားရေအေး အမြိုက်ဆေး တိုက်ကျွေးတော်မူရပါက ရေကန်အနီးမှာ ငါဘုရား တရားဟောသောအသံကို အာရုံပြု နားထောင်ကာ သုဂတိဘဝနှင့်တကွ ဓမ္မာဘိသမယ သောတာပတ္တိ

မဂ်ဖိုလ်ကို ရရှိမည့် ဖားသတ္တဝါတစ်ကောင်ကို ကိုယ်တော်ဉာဏ်မှာ ထင်လာတော်မူတယ်ဆိုရင်ပဲ မဟာကရုဏာသမာပတ်မှ ထတော်မူကာ အင်္ဂါရှစ်ဖြာ ပြည့်စုံစွာသော ဓမ္မအသံတော်ကို ရွှေကြာနှုတ်မှ ဖွင့်ထုတ်ဟောတော်မူရာ-

ဂဂ္ဂရရေကန်စပ် တစ်ခုသော မြက်ခုံပေါ်မှ ဖားသတ္တဝါတစ်ကောင်ဟာ "သရေနိမိတ္တံကတွာ"ဟု အဋ္ဌကထာဆရာ ဖွင့်ပြတော်မူသည့်အတိုင်း ရှင်တော်ဘုရား၏ တရားတော်သံကို အဝရုံအမှတ်ပြု နားထောင်နေခိုက် ရေကန်နားဆိုတော့ နွားကျောင်းသားလေးတစ်ယောက်ဟာ ရောက်လာ၊ သူကမတ်တတ်ပဲ။ မြတ်စွာဘုရား၏ တရားတော်သံကို နားထောင်ရင်း သူ့လက်ထဲမှာပါတဲ့ နွားကျောင်းသားဆိုတော့ နှင်တံ တံဖျာခေါ်တဲ့ နွားချောက်တဲ့ နကန်(အားလုံး ခေတ်စကားနှင့်ပြောရရင် တောင်သူကြီးများလည်း သိကြမှာပါ၊ အဲဒီကန်နားမှာ အဖျားက နွားမောင်းလွယ်အောင် သံစူးလေး မပေါ်တပေါ် ငုတ်စိုက်ထားကြတယ် မဟုတ်လား။) အေး. . . အဲဒီ နကန့်ကို သံစူးကလေးဘက်က မြေမှာထောက်။ မတ်တတ် တရားနာနေ၊ သူကတော့ မသိ၊ သူထောက်တဲ့မြေက ဖားကလေး ကျောတည့်တည့်ကြီးကိုပဲ ထိုးစိုက်မိရက်သား ဖြစ်နေ၊ သူကတော့ တရားနာလျက်၊ အောက်က ဖားကတော့ အသက်ထွက်နေပြီ။

ဒီမှာ ဘုန်းကြီးကလေ အားလုံးသူတော်ကောင်းတို့-သတိမူစေချင်တာက ဖားသတ္တဝါဟာ အဟိတ်တိရစ္ဆာန်၊ ယေဘုယျ သူလားရောက်ရပါက အပါယ်ဒုဂ္ဂတိကို လားရဖို့များပါလိမ့်မည်။ စဉ်းစားပါနော်-ခုတော့ မြတ်စွာဘုရား၏ တရားတော်သံ၊ တရားတော်သံပါကလားလို့လည်း အတိအကျ မသိပါပဲလျက် သာယာနာပျော်ဖွယ် အသံနိမိတ်ယူကာ နားထောင်နေခိုက် စုတိစိတ်ကျသွားတယ်ဆိုတော့ ဖြစ်သင့်ဖြစ်ထိုက်သော ကုသိုလ်ကံများက အကျိုးပေးသင့်ပေးထိုက်သော ကုသလဝိပါက် နညမက္ခန္ဓာ တရားနှင့်ဆိုင်ရာ

ရှင်မတောင်စာပေ

ရုပ်တရားများ အကျိုးပေးကာ အိပ်သော်ယောကျ်ား နိုးသော်လားသို့ ဆိုတဲ့အတိုင်း တာဝတိံသာနတ်ပြည် မဏ္ဍုကဒေဝပုတ္တနတ်သားရယ်လို့ ၁၂-ယူဇနာရှိတဲ့ ရွှေဗိမာန်ဝယ် အခြံအရံ နတ်ပရိသတ်နှင့်တကွ နတ်သား သွားဖြစ်ရတယ်။

ဒီတော့ မဏ္ဍုကဒေဝပုတ္တနတ်သားလေးက စဉ်းစားတယ်။ ဩော်-ငါ့မှာ သို့ကလောက် ဆန်းကြယ်ကြီးမား ခမ်းနားတဲ့ ရတနာဗိမာန်ဝယ် အခြံအရံအသွယ်သွယ်နှင့် ယခုလို ကောင်းသောအကျိုးတရားတွေ ဖြစ်ပေါ်လာတာ ဘယ်ဘဝက ကုသိုလ်ကံ အကြောင်းများပါလိမ့်ဟု စဉ်းစားကြည့်လိုက်တော့-

ဂဂ္ဂရရေကန်အနီး ကမ်းနားကျောင်းတိုက်မှာ မြတ်စွာဘုရားကြီးက တရားဟောတော်မူတုန်း ဩော်. . . ငါဟာ နတ်သားမဖြစ်မီ ဘဝက အဟိတ်တိရစ္ဆာန် ဖားသတ္တဝါ ဖြစ်ခဲ့တာပဲ။ မြတ်စွာဘုရား၏ တရားတော်သံ နာခံရင်း နွားကျောင်းသားရဲ့ နကန်ချက်ကြောင့် အသက်ထွက်ကာ ဒီတာဝတိံသာနတ်ပြည်မှာ နတ်သားလာဖြစ်ရတာ မြတ်စွာဘုရားကျေးဇူး၊ မြတ်စွာဘုရား၏ တရားတော်၏ကျေးဇူး ကြီးမားလှပါပေစွဟု သံဝေဂယူကာ မိမိဗိမာန်နှင့်တကွ အခြံအရံပရိသတ်ပါ ခေါ်ဆောင်ကာ ဂဂ္ဂရရေကန်အနီးသို့ မြတ်စွာဘုရား တရားတော်နာယူရန် တစ်ဖန်ဆင်းသက်လာတဲ့အခါ ရှင်တော်မြတ်ဘုရားက မဏ္ဍုကဒေဝပုတ္တ နတ်သားလေးလည်း ဓမ္မာဘိသမယဖြစ်ကာ သောတာပန် အရိယာအဖြစ် ဆိုက်ရောက်စေ ပရိသတ်များအားလည်း ဓမ္မသံဝေဂယူကာ မိမိတို့ ပါရမီသမ္ဘာရအားလျော်စွာ ဓမ္မာဘိသမယ ဖြစ်စေရန် ရည်သန်တော်မူလျက်-

ကော မေ ဝန္ဒတိ ပါဒါနိ၊

ကကုဒ္ဓိယာ ယသသာ ဇလံ။
အဘိက္ကန္တေန ဝဏ္ဏေန၊
သဗံ ဩဘာသယံ ဒိသံ။

ဟူသော ဂါထာတော်ဖြင့် မေးမြန်းတော်မူပါတယ်။ အာရုံပြုကြစမ်း၊ ဂါထာက ဘာတဲ့တုံး။ တန်ခိုးကလည်းပြည့်စုံ၊ အခြံအရံကလည်းအဖုံဖုံ နှစ်သက်ဖွယ်သော အဆင်းအရောင်တို့ဖြင့် အရပ်ဆယ်မျက်နှာတို့ကို ကိုယ်ရောင်ကိုယ်ဝါ ထွန်းလင်းတောက်ပစေကာ ငါဘုရားရှင် ခြေတော်အစုံ ခိုလှုံဦးတိုက်လာတာ ဘယ်သူလဲလို့ မြတ်စွာဘုရားက မေးမြန်းတော်မူတယ်ဆိုရင်ပဲ-

မဏ္ဍုကဒေဝပုတ္တ နတ်သား-
မဏ္ဍုကောဟံ ပုရေ အာသိံ၊
ဥဒကေ ဝါရိဂေါစရော။
တဝ ဓမ္မံ သုဏန္တဿ၊
အဝဓိ ဝစ္ဆပါလကော။

စတဲ့ သုံးဂါထာဖြင့် ပြန်ကြား လျှောက်ထားရှာပါတယ်။

ဘာတဲ့တုံး။ သူ့ဂါထာကို ဘုန်းကြီးတို့ ကြည့်ရအောင်။ မြတ်စွာဘုရား- ဘုရားတပည့်တော်ဟာ နတ်သားမဖြစ်မီ ရှေးဘဝက ရေတွင်ကျက်စား ရေ၌သွားလာ၍ အနေများသော ဖားသူငယ်ဖြစ်ခဲ့ပါတယ် ဘုရား။ ရှင်တော် ဘုရား၏ တရားတော်သံကို နားကြားနေစဉ် နွားကျောင်းသား သူငယ် လူမ မည်ရဲ့ နကန်ချက်နဲ့ အသက်ထွက်ခဲ့ရပါတယ် ဘုရားတဲ့။ စဉ်းစားနော်-

တစ်ခဏမျှ ရှင်တော်ဘုရား တရားတော်သံကို အမှီရကာ စိတ်ကြည် လင်စွာ တပည့်တော်၏ တန်ခိုးဣဒ္ဓိပါဒ် အခြံအရံ ဘုံဗိမာန်ကို ကြည့်တော်မူ ပါဘုရား။

ဂေါတမအနွယ် ဖြစ်တော်မူသော ရှင်တော်မြတ်ဘုရား - လူ့ဘဝကို ရကြသော ပုဂ္ဂိုလ်တို့မှာတော့ ရှည်မြင့်စွာသော ရက်၊ လ၊ နှစ်တို့ပတ်လုံး ရှင်တော်ဘုရား၏ တရားတော်သံကို နာယူကြရသည့်အလျောက် အမတ နိဗ္ဗာန်ချမ်းသာ ခံစားကြရကား စိုးရိမ်ခြင်း၊ တုန်လှုပ်ခြင်း အလျဉ်းမရှိတဲ့ နိဗ္ဗာန် အမတနန်းသို့ စံမြန်းရပါကုန်သည် ဘုရားလို့ လျှောက်ထားတဲ့အခါ-

မြတ်စွာဘုရားသည် ဆက်လက်ကာ တရားတော်ကို ပုဂ္ဂိုလ်၏ ဥပနိဿယအကြိုက် စရိုက်နှင့်လျော်စွာ ဟောကြားတော်မူလိုက်တယ်ဆိုရင်ပဲ မဏ္ဍုကဒေဝပုတ္တ နတ်သားလေးဟာ သောတာပန် အရိယာအဖြစ်သို့ ဆိုက်ရောက်ကာ နိဗ္ဗာန်အမတချမ်းသာကို ခံစားရပါသည် ဒကာ၊ ဒကာမ တို့။ ဒါကြောင့်-

အားလုံးသော သူတော်ကောင်း အပေါင်းတို့- အဟိတ်တိရစ္ဆာန် ဖားသတ္တဝါတောင်မှ သုဂတိဘဝနှင့်တကွ နိဗ္ဗာန်အမတ ချမ်းသာရနိုင်သေးရင် ဒကာ၊ ဒကာမတို့ ဆရာဒကာတွေမှာ ရဟန်းပုဂ္ဂိုလ် လူပုဂ္ဂိုလ်များကလည်း ဖြစ်ပြန်၊ ဘုရားသာသနာနဲ့လည်းတွေ့ပြန် သူတော်ကောင်း တရားတော်အသံ (ဗုဒ္ဓ၏ဓမ္မအသံ) ထိုအသံထဲကလည်း အလွန်တရာမှ သိမ်မွေ့နက်နဲသော ပဋ္ဌာန်းဒေသနာတော်အသံ နာယူကာ ကုသိုလ်ပွားကြရသည်မို့ ပဋ္ဌာန်း ဒေသနာတော် အာရမ္မဏပ အနန္တရပ ပကတူပနိဿယသတ္တိဖြင့် ပဋ္ဌာန်း ပစ္စည်း ကြောင်းကျိုးဆက်နည်း အားလျော်စွာ သုဂတိဘဝနှင့်တကွ နိဗ္ဗာန် အမတချမ်းသာ ခံစားနိုင်ကြမယ်ဆိုတာ မြေကြီးလက်ခတ်မလွဲ ပုံသေရနိုင်၊ ရောက်နိုင်ပေသည်ကို ဝမ်းမြောက်ထိုက်ကြပါပေသည်။ မိမိတို့၏ ဘဝတန်ဖိုး ကိုလည်း ကြောင်းကျိုးဆက်ကာ နားလည်တန်ဖိုးထားထိုက်ကြပါသည်။

နာယက ဆရာတော်များနှင့်တကွ ညီတော်၊ နောင်တော်ပဋ္ဌာန ဘာဏက ဆရာတော် အရှင်မြတ်တို့ဘုရား-ဆရာတော်များ သိရှိပြီးဖြစ်တော်

မူကြသည့်အတိုင်း သာသနာကွယ်ခြင်းအစ ပဋ္ဌာန်းဒေသနာကဆိုတဲ့ ပေါရာဏစကားဟာ ဘုရားတပည့်တော်တို့ ငယ်စဉ်ကပင် စဉ်ဆက်ကြားဖူးခဲ့ပြီး ဖြစ်ပါတယ်။ နောက်ပြီး ကျမ်းကြီးပဋ္ဌာန်း၊ ကျမ်းငယ်ဆန်း၊ ကျမ်းလတ်ကထာဟု စာသင်ပျို့နု သောတုဇနာတို့ အတွင်းမှာ သတင်းလှိုင်ခဲ့တာလည်း သိပြီးဖြစ်ကြပါသည် ဘုရား။

ဒါကြောင့် ဒီပေါရာဏ ဘာကြောင့် ဖြစ်ပေါ်လာရသလဲဆိုတာ အရှင်မြတ်များ သိတော်မူကြသည့်အတိုင်း ပါထိကဝဂ္ဂ အဋ္ဌကထာမှာ အဋ္ဌကထာဆရာကြီးက-

သမ္မပဋ္ဌမံ အဘိဓမ္မပိဋကံ နဿတိ၊ တဒါ အဘိဓမ္မ
ပိဋကမ္ပိ သဗ္ဗပဋ္ဌမံ ပဋ္ဌာနံ နဿတိ-

ဟု အားလျော့ဖွယ်ရာ ဖွင့်ပြခဲ့တာ တွေ့ရပါတယ် ဘုရား၊ မြတ်စွာဘုရား အဆုံးအမ သာသနာကွယ်ရာမှာ အဘိဓမ္မပိဋကတ်က စတင်ကွယ်ပျောက်ပြီး အဘိဓမ္မပိဋကတ်မှာလည်း ပဋ္ဌာန်းကျမ်းကြီးက စတင် ကွယ်ပျောက်ပါလိမ့်မည် -တဲ့။

ဒါဟာ သတိထားသင့်တဲ့ အချက်ပါဘုရား။

ဘုရားတပည့်တော်တို့ကလည်း ရွှတ်ဖတ်နေရုံမျှမက ပဋ္ဌာန်းဒေသနာရဲ့ ရုပ်နာမ်သဘာဝ မြတ်စွာဘုရား ညွှန်ပြတော်မူခဲ့သည့်အတိုင်း ပိုင်းပိုင်း ဖြတ်ဖြတ် သဘာဝမိမိ၊ သဘာဝသိသိ ကိုယ်တိုင်လည်း ကြိုးစားကြည့်၊ တပည့်သား သောတုဇနလေးများအားလည်း ပစ္စယာနုဂ္ဂဟဘက်ကလည်း အားပေး၊ သာသနာရေးဘက်ကလည်း "ပဋ္ဌာနဘာဏက သဘာဝ အသိရှင်များ" ထွန်းကားလာအောင် တွန်းအားပြည့်ဖြင့် ကြိုးစားစေရန် အချိန်တန်ပါပြီဘုရား။

ဤကဲ့သို့သာ ဆရာဒကာ ညီညာဖြဖြ အမျိုးဘာသာ သာသနာ အကျိုး သယ်ပိုးပါက ငါးထောင်သာမက တည်တံ့နိုင်တာမို့ အာရမ္မဏာဓိပတိ

ပစ္စည်း အားကုန်မှီကြလျက် ဆက်လက်ကာ ဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုတောင်းရင်းဖြင့် ဣတိဝုတ်ပါဠိတော်လာ ပတ္ထနာဂါထာတော်ဖြင့် ဘုရားတပည့်၏ သမ္မောဒနီယ(ဥယျောဇန) ကထာကို အပြီးသတ်ပါတော့မယ် ဘုရား။

သာဂါရာ အနဂါရာစ၊
ဥဘော အညောညနိဿိတာ။
အာရာဓယန္တိ သဒ္ဓမ္မံ၊
ယောဂက္ခေမံ အနုတ္တရံ။

ဘောန္တော၊ ဗုဒ္ဓသာသနာ ရှည်မြင့်ကြာအောင် တည်ရန် တဝ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရည်သန်တောင့်တ ရလိုကြကုန်သော သူတော်ကောင်း အပေါင်းတို့။ သာဂါရာစ၊ အိမ်ရာတည်ထောင် လူ့ဘောင်မှာနေကြတဲ့ လူဒကာ ဒကာမအပေါင်းတို့သည် လည်းကောင်း၊ အနဂါရာစ၊ အိမ်ရာမထောင် ရဟန်းဘောင်မှာနေကြတဲ့ ရှင်ရဟန်းတို့သည် လည်းကောင်း။ ဥဘော၊ ဆရာ ဒကာနှစ်ဦးတို့သည်။ အညောညနိဿိတာ၊ အချင်းချင်း ပစ္စယဓမ္မ နှစ်ဌာန သော အလျှုဖြင့် အမှီရကြကုန်သည်ဖြစ်၍။ အနုတ္တရံ၊ အတုမရှိ လွန်မြတ် ဘိသော။ ယောဂက္ခေမံ၊ ယောဂလေးတန် ကုန်ရာမှန်သော။ သဒ္ဓမ္မံ၊ ပရိယတ္တိ သဒ္ဓမ္မ ပဋိပတ္တိသဒ္ဓမ္မ- ပဋိဝေဓ သဒ္ဓမ္မ-ဟုဆိုအပ်သော သဒ္ဓမ္မသုံးဖြာ သာသနာ တော်ကို။ အရာဓယန္တု၊ ဆရာဒကာ ညီညာဖြဖြ အရဟတ္တမဂ် အရဟတ္တဖိုလ် ပေါက် ပြီးမြောက်အောင်မသွေ ချီးမြောက်နိုင်ကြပါပေကုန်၏။ အာရာဓယန္တု၊ အရဟတ္တမဂ် အရဟတ္တဖိုလ်ပေါက် ပြီးမြောက်အောင်မသွေ ချီးမြောက် နိုင်ကြပါစေ ကုန်သတည်း။

(သာဓု-သာဓု-သာဓု)

# ၁၃၄၇ - ခုနှစ်၊
# နယုန်လဆန်း (၆) ရက်နေ့
# မကွေးတိုင်း၊ ပခုက္ကူမြို့နယ်
# ဆိတ္တဝရွာ
# ရွာဦးကျောင်း၌ ကျင်းပပြုလုပ်သော
# ပဋ္ဌာန်းပူဇော်ပွဲ ဓမ္မသဘင်၌
# ပခုက္ကူမြို့မဟာဝိဇယာရာမ ပါဠိတက္ကသိုလ်စက်ရှင်မင်းကျောင်း
# ပခုက္ကူ ပဋ္ဌာန်းဆရာတော် ချီးမြှင့်အပ်သော
# သမ္မောဒနီယ (ဩဝါဒ) ကထာ

ဒကာ၊ ဒကာမအပေါင်း သူတော်ကောင်းတို့-ဤရပ်ရွာ ဆရာ ဒကာတို့၏ နှစ်ကြိမ်မြောက် ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကြီးမှာ ယခုနှစ်တော့ ဘုန်းကြီးက-

၁။ အဘိဓမ္မဆိုတာ ဘာလဲ
၂။ အဘိဓမ္မ ဘယ်ပုဂ္ဂိုလ် ဟောခဲ့တာလဲ
၃။ ဘယ်အချိန်က ဟောခဲ့တာလဲ
၄။ ဘယ်နေရာမှာ ဟောခဲ့တာလဲ
၅။ ဘယ်သူတွေကို ဟောခဲ့တာလဲ
၆။ အဘိဓမ္မဟောနည်း ဘယ်နှနည်း ရှိသလဲ

၇။ ဘယ်လို အကျိုးတရားများ ရစေရန် ရည်သန်ဟောခဲ့သလဲ ဆိုတဲ့ အချက် ခုနစ်ချက် အကွက်စေ့ရုံမျှ ပြောပြလိုပါတယ်။

သူတော်ကောင်းတို့–

၁- နံပါတ် အဘိဓမ္မာဆိုတာ အဘိအတိရေကော မွှေအဘိဓမ္မာ-ဆိုတဲ့ ဝိဂြိုဟ်အရ သုတ္တန်၊ ဝိနည်းဒေသနာတို့ထက် ထူးကဲလွန်မြတ်တဲ့ တရားကို အဘိဓမ္မာလို့ခေါ်ခြင်း ဖြစ်ပါတယ်။

၂- နံပါတ်ရဲ့အဖြေကတော့ အဘိဓမ္မာဒေသနာတော်ကို မြတ်စွာဘုရား ကိုယ်တော်တိုင် ဟောတော်မူခဲ့ပါတယ်လို့ပဲ ရိုးရိုးဖြေရပါမယ်။

၃- နံပါတ် ဒီအဘိဓမ္မာဒေသနာ ဘယ်အချိန်က ဟောခဲ့သလဲဆို တော့- ဤနေ့မှ နောက်ဆုတ် ပြန်ရေတွက်စစ်က မဟာသက္ကရာဇ် ၁၃၉ ခု၊ ဝါဆိုလပြည့်ကျော် (၁)ရက်နေ့အထိ လူတို့အရေအတွက်နဲ့ ရက်ပေါင်း ၈၉-ရက် နာရီပေါင်း ၂၁၃၆ နာရီ မရပ်မနားဘဲ ရှင်တော်ဘုရား ဟောကြားတော် မူခဲ့တယ်လို့ မှတ်ရပါမယ်။

၄- နံပါတ် ဘယ်နေရာမှာ ဟောခဲ့သလဲဆိုတော့ နတ်တို့စံရာ တာဝတိံသာ ပင်လယ်ကသစ်ပင်ရင်း ခင်းထားအပ်သော ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာထက်နှင့် လူတို့ပြည် စန္ဒကူးတောမှာ ဟောကြားတော်မူခဲ့တယ် လို့ မှတ်ရပါမယ်။

၅- နံပါတ် ဘယ်သူတွေကို ဟောခဲ့သလဲဆိုတဲ့ အမေးရဲ့အဖြေက တော့-တာဝတိံသာနတ်ပြည်မှာ မယ်တော်ဖြစ်ခဲ့တဲ့ သန္တုသိတနတ်သား နှင့်တကွ စကြဝဠာတိုက် တစ်သောင်းမှ ခညောင်းရောက်လာ နတ်ဗြဟ္မာတို့ နှင့် လက်ယာတော်ရံ အမြတ်ဆုံးသာဝက ပညာကဲမောက် အံ့ချီးလောက်သော ရှင်သာရိပုတ္တရာ အရှင်မြတ်ကြီးတို့ကို ဟောကြားခဲ့ပါတယ်လို့ တိုတိုကျဉ်းကျဉ်း ဖြေက ဖြေနိုင်ပါတယ်။

သို့သော်- အားလုံးသော သူတော်ကောင်းတို့ သဘာဝနှင့် သာဓကရှုကာ သံဝေဂဉာဏ်ယူနိုင်ရန် ဘုန်းကြီးအနည်းငယ်ချဲ့ပြီး ဒေသနာအရှိအတိုင်း ပြောပေးပါမည်။ အာရုံပြုကြပါ သူတော်ကောင်းတို့။

ရှင်တော်မြတ်ဘုရားဟာ ဘုရားဖြစ်တော်မူပြီး ခြောက်ဝါအလွန် ခုနစ်ဝါမြောက်ရောက်တဲ့အခါ မယ်တော်မာယာဖြစ်ခဲ့ဖူးတဲ့ သန္တုသိတနတ်သားအား (အမိ၏ နို့ကြွေးဆပ်ပေးသည့်အနေနှင့် ပြောစမှတ်ပြုကြသည့်အတိုင်း) အမှူးထားပြီး စကြဝဠာတိုက်တစ်သောင်းမှ ခညောင်းရောက်လာ ပြဟ္မာတို့အား တာဝတိံသာနတ်ပြည် ပင်လယ်ကသစ်ပင်ရင်း ခင်းထားသော ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာထက်၌ အဘိဓမ္မာဒေသနာခုနစ်ကျမ်းကို ဟောကြားတော်မူခဲ့ပါတယ်။

လူ့ပြည်မှာ အဘိဓမ္မာတရားကို မြတ်စွာဘုရား မဟောဘူး မပြောစလောက် စစ်စစ်ပေါက်ပေါက် လက်ယာတော်ရံ အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးတစ်ပါးကိုသာ လူသားထဲက ဟောကြားခဲ့ပါတယ်။

ဒါကိုကြည့်ခြင်းအားဖြင့် အဘိဓမ္မာရဲ့ တန်ဖိုးကြီးမြတ်ပုံကို ဒကာ၊ ဒကာမတို့ သိရှိနိုင်ပါတယ်။ ရှင်တော်မြတ်ဘုရားဟာ တစ်ဝါတွင်းလုံး ဟောကြားပေမယ့် နတ်တို့အနေနဲ့ဆိုက တစ်ခဏလေးပဲရှိမှာပါ။

ဘာကြောင့်လဲ- ဘုန်းကြီးတို့လူ့ပြည်မှာ အနှစ်တစ်ရာကြာမှ တာဝတိံသာ နတ်ပြည်မှာ တစ်နေ့နှင့်တစ်ည ခေါ်ရပါသတဲ့၊ ဒီတော့ ဘုန်းကြီးတို့ လူသားတစ်ဝါတွင်းဆိုတာ သူတို့ကျတော့ ဘုန်းကြီးများ စာဝါတစ်ဝါချတဲ့ အချိန်မျှလောက် တရားတစ်ပွဲစာ တစ်နာရီခွဲလောက် ထားကြပါစို့။

အေး. . . ဒီမှာ သတိပြုစရာက ရှင်တော်ဘုရားဟာ လူသားဘုရားဖြစ်လေတော့ နတ်တို့၏ တစ်နေ့တစ်ညအတွင်းမှာ ဘယ်မှာလျှင် ဆွမ်းတစ်နပ်နှင့် ကိစ္စပြီးနိုင်ပါ့မလဲ။ လူတို့ရဲ့ထုံး စိတ်အရေအတွက်နှင့် တစ်နေ့တစ်ခါ

ဆွမ်းဘုဉ်းပေးရလေတော့ လှူပြည်သို့ဆင်းကာ မြောက်ကျွန်းမှာ ရှင်တော်ဘုရား ဆွမ်းခံပါတယ်။ အဲဒီလို ဆွမ်းခံပြီး ဘုန်းကြီးတို့ တောင်ကျွန်း ပြန်ကြွတော်မူပြီး အနောက်ဘက်အိုင်မှာ ရေသုံးသပ်တော်မူကာ ဟိမဝန္တာအနီး စန္ဒကူးတောမှာ နေ့သန့်စင်တော်မူ ဆွမ်းဘုန်းပေးတော်မူပါတယ်။ ဒကာ၊ ဒကာမတို့-

စန္ဒကူးတော နေ့သန့်စင် သီတင်းသုံးနေတော်မူတဲ့ အခိုက်မှာ ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးက နေ့စဉ် ရှင်တော်ဘုရားထံပါး ချဉ်းကပ် ဝတ်ကြီးဝတ်ငယ် ပြုစုတော်မူတဲ့အခါ မြတ်စွာဘုရားက ချစ်သားသာရိပုတ္တရာ- ငါဘုရား တာဝတိံသာနတ်ပြည်မှာ အဘိဓမ္မာ ဒေသနာအဘယ်တရားကို ဘယ်လိုများ ဟောခဲ့တယ်လို့ အဘိဓမ္မာဒေသနာကို အရှင်သာရိပုတ္တရာအား တစ်ဝါပြန်ဟောခဲ့ပါတယ်။

အဲဒီမှာ အထူးသတိထားရမှာက ရှင်တော်မြတ်ဘုရားက လှူပြည်ဆင်း မြောက်ကျွန်းဆွမ်းခံ၊ တောင်ကျွန်းစန္ဒကူးတော ဆွမ်းဘုဉ်းပေးခြင်း အမှုပြုပြီး အရှင်သာရိပုတ္တရာအား အဘိဓမ္မာတရား တစ်ဖန်ပြန်ဟောကြားမှုကို သာမည နတ်ဗြဟ္မာတွေက မသိရှာကြဘူး။

ဘာကြောင့်လဲ - ရှင်တော်ဘုရားက နတ်ပြည်မှာ နိမ္မိတခေါ်တဲ့ ဣဒ္ဓိရုပ်ဘုရား ကိုယ်ပွား ဖန်ဆင်းထားတော်မူခဲ့ (ဟောစေတော်မူခဲ့)ပြီး ပကတိရှင်တော်ဘုရား တန်ခိုးတော်နှင့် တိတ်တိတ်ကလေး လှူပြည်ဆင်းလာတာကိုး။ အလွန်တရာ တန်ခိုးကြီးတဲ့ နတ်ဗြဟ္မာအချို့တော့ သိကောင်းသိနိုင်လောက်ပါရဲ့။

အေး. . ထားတော့ကွယ်။ ဒါ့ကြောင့် အကျယ်ဖြေက အဲဒီလို ဖြေရပါလိမ့်မယ်။

အရှင်သာရိပုတ္တရာ အရှင်မြတ်ကြီးမှ ဟိုကဿပ မြတ်စွာဘုရား

ဧကန်မုချ ရောက်ရစေလို တောင်းဆုဆိုကာ ဆရာဒကာ ပြုပြုသမျှ မြတ်ပုညကို အမျှဝေကာ ဘုန်းကြီး၏ သမ္မောဒနီယ ဩဝါဒကထာ မှတ်သားဖွယ်ရာကို နိဂုံးချုပ်ကြပါစို့။

ဇေတ္တာဝတာ အမှေဟိ၊
သမ္ဘတံ ပုညသမ္ပဒံ။
သဗ္ဗေ ဒေဝါ နုမောဒန္တု၊
သဗ္ဗသမ္ပတ္တိသိဒ္ဓိယာ။

ဇေတ္တာဝတာစ ဤမျှကြည်လင် ပီပြင်ရွှတ်ဖတ် ပဌာန်းမြတ် ဓမ္မကွန်တရားတော်သံဖြင့်။ အမှေဟိ ရတနာမြတ်သုံးပါး နတ်ကိုမပြတ် ရိုကျိုးရှိခိုးလေ့ရှိကုန်သော ဆရာဒကာ အကျွန်ုပ်တို့ များသူငါတို့သည် သမ္ဘတံ ကောင်းစွာအကျင့် သဒ္ဓါဖွင့်၍ ဖြည့်ကျင့်ဆည်းပူးအပ်ထသော။ ပုညသမ္ပဒံ နိဗ္ဗာန်အမတ သုံးဝချမ်းသာ ဖြူစင်စွာ ဖြစ်စေတတ်သဖြင့် ကောင်းမြတ်သော ကုသိုလ်အစု ပုညထု မင်္ဂလာကို။ သဗ္ဗေဒေဝါ နတ်မြတ်နတ်ကောင်း အလုံးစုံသော နတ်အပေါင်းတို့သည်။ သဗ္ဗသမ္ပတ္တိသိဒ္ဓိယာ ကောင်းစွာ ဖြိုးမောက်ခရီးပေါက်၍ ချီးမြောက်ပြည့်စုံခြင်း အကျိုးငှာ။ အနုမောဒန္တု ဝမ်းမြောက်တော်မူကြပါစေ ကုန်သတည်း။ အနုမောဒန္တု၊ ဒုက္ခဘုံ ဝဋ်ဘေးမှ လွတ်အေးရန် ရည်ရော်၍ ပြည်အမတာ မော်ခေမာ အတူကူးရအောင် အထူးပင် သဒ္ဓါပေါက်၍ ဝမ်းမြောက်နုမော် သာဓု ခေါ်ကြပါစေကုန်သတည်း။


(သာဓု-သာဓု-သာဓု)




ပခုက္ကူပဋ္ဌာန်းဆရာတော်

# ဘဒ္ဒန္တပဏ္ဍိတ

(ဂဏဝါစကကစာချ၊ ဓမ္မကထိကဗဟုဇနဟိတရေ)




## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် –

မျက်နှာဖုံးခွင့်ပြုချက်အမှတ် –

ပုံနှိပ်ခွင့် – ပထမအကြိမ်

ခုနှစ်၊ လ

အုပ်ရေ – ၅၀၀

မျက်နှာဖုံးဒီဇိုင်း –

အတွင်းဒီဇိုင်းနှင့် ကွန်ပျူတာစာစီ – Artist's Life idea (Pro Design Art)

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ် –

ထုတ်ဝေသူ – ကိုမျိုးဆင့် ( မြဲ–၀၃၉၅၁ )

အမှတ် ၂၉၆၊ ၁/အနော်မာ (၇) လမ်း၊

သာကေတ၊ ရန်ကုန်မြို့။

တန်ဖိုး – ကျပ်

## ကျေးဇူးတင်စကား မေ့မထား

ဤ . . . "ပဌာန်းဥယျာဉ်မှ ဓမ္မအဆီအနှစ်များ "ဓမ္မကျမ်းစာ ထွက်ပေါ်လာနိုင်ရေးအတွက် မူရင်းတိပ်ခွေရှာဖွေခြင်းနှင့် တိပ်ခွေမှ စာရွက်ပေါ်ရောက်အောင် ဆောင်ရွက်ကြသော "ပဌာန်းမင်းကျောင်း"မှ ဓမ္မာစရိယတန်း၊ ပထမကြီးတန်း တပည့်များဖြစ်ကြသော အရှင်ကောဝိဒ၊ ရှင်ဝဏ္ဏိတ၊ အရှင်ပညာနန္ဒ စသော တပည့်များ၊ ကွန်ပျူတာစာစီ ရိုက်ကူးပေးရှာသော အရှင်ခမာဝုဓ (ပထမကြီးတန်း) ငါ့သရောက်တို့အားလည်းကောင်း၊ နိဒါန်းစကားရေးသားပေးသော တပည့်အရှင်သြဘာသ (နယ်ခြား) နှင့် အမှာစာများ ရေးသားပေးသော ဆရာကြီးဦးအောင်ထွတ် ကထိက (ငြိမ်း)၊ အဝေးသင်တက္ကသိုလ် (ရန်ကုန်)။

ပဌာန်းဥယျာဉ်မှ စာအုပ်များ ထွက်ပေါ်လာရေးအတွက် စေတနာအား၊ သဒ္ဓါအားတို့ဖြင့် စိတ်ရောကိုယ်ပါ အဓိကဆောင်ရွက်ပေးသော ရဟန်းဒါယကာ ဗိုလ်မှူးကြီးတင်ထွန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း)၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန (အကြံပေးပုဂ္ဂိုလ်) ရဟန်းအမကြီးဒေါ်ဝေဝေသန်းနှင့်သမီးများ၊ စာအုပ်ကို တာဝန်ခံရိုက်နှိပ်ပေးသော ဒါယကာကြီးဦးမျိုးဆင့် "ရှင်မတောင်စာပေ" တို့အားလည်းကောင်း။

ဆရာတော်၏ "ဓမ္မဒါနပါရမီ" ကူညီဖြည့်ဆည်းပေးကြသည့် အတွက် အထူးကျေးဇူးတင်ပါကြောင်း "မေ့မထားကောင်းသူများအဖြစ်" မှတ်တမ်းတင်အပ်ပါသည်။

ဘဒ္ဒန္တပဏ္ဍိတ
ပခုက္ကူပဌာန်းဆရာတော်
၄-၈-၂၀၀၇

"အနန္တ ဝန္ဒာနာ"
ဗုဒ္ဓဂုဏံ၊ ရတနံ၊ အဟံဝန္ဒာမိ။
ဓမ္မဂုဏံ၊ ရတနံ၊ အဟံဝန္ဒာမိ။
သံဃဂုဏံ၊ ရတနံ၊ အဟံဝန္ဒာမိ။
မာတာပိတရံ၊ အာစေရံ၊ အဟံဝန္ဒာမိ။
ဝန္ဒိတွာ တံ၊ ယံဓမ္မံ၊ အဟံဝန္ဒာမိ။

(က) အဟံ = ပဋ္ဌာန်းဥယျာဉ် မြတ်လမ်းစဉ်ကို စီရင်ပြုစု ငါးခုခန္ဓာ စိုးကာပိုင်သ ပဏ္ဍိတဟု နာမသမုတ် အကျွန်ုပ်သည် ရတနံ = ကမ္ဘောကမ္ဘာ လွန်လေပါမှ ကြုံရခဲစွ ထူးမြတ်လှ၍ အမြတ်ဆုံး ရတနာဖြစ်တော်မူသော ဗုဒ္ဓဂုဏံ = ရူပရောင်ဆိုင် ဝါစဆောင်နိုင် ဉာဏရောင်ပြိုင် ဣဒ္ဓိရောင်လှိုင် အစိန္တေယျ အင်လေးဂုဏ်နှင့် လုံးစုံပြည့်ငြား ရှင်တော်မြတ်ဘုရားကို ဝန္ဒာမိ = တစ်သက်တစ်ခါ ကြုံခဲစွာမို့ ကြုံလာသည့်ခိုက် ဦးဖြင့်တိုက်၍ နှစ်ခြိုက်ကြည်သာ ရှိခိုးကန်တော့ပါ၏ ဘုရား။

(ခ) အဟံ = ပဋ္ဌာန်းဥယျာဉ်မှ ဓမ္မအဆီအနှစ်များကို စီရင်ပြုစု ငါးခုခန္ဓာ စိုးကာပိုင်သ ပဏ္ဍိတဟု နာမသမုတ် အကျွန်ုပ်သည် ရတနံ = ဗုဒ္ဓရှင်တော် ပွင့်ထွန်းပေါ်လည်း သုံးဖော်မြတ်စွာ ဟောလေပါမှ ကြားနာဖို့လေ ခက်ခဲပေ၍ အမြတ်ဆုံးရတနာ ဖြစ်တော်မူသော ဓမ္မဂုဏံ = ခပ်သိမ်းသော မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်တရားတော်မြတ်ကို ရစေတတ်သော ဝိမုတ္တိရသအားဖြင့် တစ်ပါး၊ ဓမ္မဝိနယအားဖြင့်နှစ်ပါး၊ ပိဋကအားဖြင့် သုံးသွယ်၊

နိကာယ်အားဖြင့်ငါးရပ်၊ အင်္ဂါအားဖြင့် အဖိုးတန်ဓမ္မ ခန္ဓာအား ဖြင့် ရှစ်သောင်းလေးထောင် နည်းဆောင်ဆန်းပို မြတ်တရား ဂုဏ်တော်ကို ဝန္ဒာမိ = ကိုယ်နှုတ်နှလုံးသုံးပါး ပျောင်းပျော့ မာန်ကိုလျော့၍ ရှိခိုးကန်တော့ပါ၏ ဘုရား။

(ဂ) အဟံ = ပဌာန်းဥယျာဉ်မှ ဓမ္မအဆီအနှစ်များကို စီရင်ပြုစု ငါးခု ခန္ဓာ စိုးကာပိုင်သ ပဏ္ဍိတဟု နာမသမုတ် အကျွန်ုပ်သည် ရတနံ = ရှင်တော် ဗုဒ္ဓပွင့်လေမှသာ ပုတ္တမျက်ဖျော် ချစ်သား တော်ဟု ခေါ်ဝေါ်မှည့်ရ ခက်ခဲလှသည့် အမြတ်ဆုံးရတနာ ဖြစ်တော်မူသော သံဃဂုဏံ = ရှင်တော်ဗုဒ္ဓ ဟောညွှန်ပြသည့် ဓမ္မစာပေ သက်တော်ရှည်ဖို့ နေပူမိုးရွာ ခေတ်ပျက်ကာနှင့် ရာသီဥတု ဘယ်မမှုဘဲ ဝတ်မှုပြတ်မှု ခေါင်းအုံးခု၍ "သာသနာ့ အရေး ဒို့အရေး"ဟု အားဆေးကိုသောက် မုံသောက်မာတင် ထေရ် ရှင်ပဉ္စဝဂ္ဂီမှစ၍ ယခုတိုင်ထိ ထင်ရှားရှိသော သမုတိ ထေရ်ကျော် သံဃာမြတ်ဂုဏ်တော်ကို ဝန္ဒာမိ = ကာယဝစီ မနောချီလျက် အဥ္ဇလီဂါရဝ ဦးနှိမ်ချ၍ လွန်စွာမြတ်နိုး ရှိခိုး ကန်တော့ပါ၏ အရှင်ဘုရား။

(ဃ) အဟံ = ပဌာန်းဥယျာဉ်မှ ဓမ္မအဆီအနှစ်များကို စီရင်ပြုစု ငါးခု ခန္ဓာ စိုးကာပိုင်သ ပဏ္ဍိတဟု နာမသမုတ် အကျွန်ုပ်သည် မာတာပိတရံ = မေရုဗဟို မြင်းမိုရ်မက ကျေးဇူးကြီးလှသည့် မန္တလေးတိုင်း ပုဂံညောင်ဦးခရိုင် ငါ့သရောက်မြို့ခွဲ အမှတ် (၁)ရပ် ဒကာကြီးဦးထွန်းမြင့်၊ ဒကာမကြီးဒေါ်ချစ်ဟု ဆိုအပ် သော မိဘနှစ်ပါးကို ဝန္ဒာမ = ဂါရဝ ဝန္ဒနာ ဦးတင်ကာဖြင့်

လွှန်စွာမြတ်နိုး ရှိခိုးကန်တော့ပါ၏ အရှင်ဘုရား။
အဟံ = ပဋ္ဌာန်းဥယျာဉ်မှ ဓမ္မအဆီအနှစ်များကို စီရင်ပြုစု ငါးခုခန္ဓာ စိုးကာပိုင်သ ပဏ္ဍိတဟု နာမသမုတ် အကျွန်ုပ်သည် အာစေရံ = ကျောက်ထီးတန္တု အလေးပြုအပ်သည့် မန္တလေးတိုင်း ပုဂံညောင်ဦးခရိုင် ငါ့သရောက်မြို့ခွဲ အမှတ်(၁)ရပ်၊ ကျေးဌူးတော်ရှင် ကံကျောင်းဆရာတော် ဘဒ္ဒန္တစန္ဒိမာ၊ ပခုက္ကူမြို့ မဟာဝိဇယာရာမ ပါဠိတက္ကသိုလ် (အရှေ့တိုက်သစ်) အာဒိကမ္မိက အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်ဘုရားကြီး ဘဒ္ဒန္တဇဝန၊ ဘဒ္ဒန္တဇောတိက (အဂ္ဂမဟာပဏ္ဍိတ) ဘဒ္ဒန္တစန္ဒ၊ ဘဒ္ဒန္တမာလာလင်္ကာရ(အဘိဓဇ မဟာရဋ္ဌဂုရု)၊ ဘဒ္ဒန္တသုဒဿန (အဂ္ဂမဟာပဏ္ဍိတ)၊ မန္တလေးမြို့ခင်မကန် အုတ်လှေ့ကားကျောင်းဆရာတော် မိုးကောင်းတိုက် ဘဒ္ဒန္တဉာဏာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)၊ ရန်ကုန်မြို့ အလယ်တောရ ဆရာတော် ဘဒ္ဒန္တသူရိယာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)၊ ပခုက္ကူမြို့ (အဂ္ဂမဟာပဏ္ဍိတ) နိုင်ငံတော် သံဃာ့မဟာနာယက ဘဒ္ဒန္တနေမိန္ဒ စသော အရှင်မြတ်အပေါင်းကို ဝန္ဒာမိ = ခြေ၊ လက်၊ နဖူး၊ တံတောင်၊ ဒူးဟု ငါးဦးညွတ်ကျိုး မြေမှာလျှိုး၍ ရှိခိုးဦးတင် ကန်တော့ ပန်းဆင်လိုက်ပါ၏ ဘုရား။

(င) အဟံ - ပဋ္ဌာန်းဥယျာဉ်မှ ဓမ္မအဆီအနှစ်များကို စီရင်ပြုစု ငါးခုခန္ဓာ စိုးကာပိုင်သ ပဏ္ဍိတဟု နာမသမုတ် အကျွန်ုပ်သည် ဝန္ဒိတွာ = အနန္တဂုဏ် ဤငါးစုံကို ကြည်ယုံရှိခိုးပြီး၍ ယံဓမ္မံ = "ပဋ္ဌာန်းဥယျာဉ်မှ ဓမ္မအဆီအနှစ်များ"ဟု ဆိုအပ်သော

အကြောင် တရားတော်သည် တံခွံ = "ပဋ္ဌာန်းဥယျာဉ်မှ ခမွ အဆီအနှစ် များ"ဟု ဆိုအပ်သော ထိုတရားတော်ကို လိခါမိ = ကျင့်ကြံကြိုးစား မြတ်တရားကို ကြိုးစားအားထုတ် အလုပ် လုပ်သူ ဗုဒ္ဓမြတ်စွာ ဟောကာညွှန်ပြ မြတ်ခမွကို ထပ်ဆင့် ဟောသူ နည်းယူစေရာ စေတနာဖြင့် မြတ်စွာထုတ်ပြန် ဒေသ နံ၏ "ပဋ္ဌာန်းဥယျာဉ်မှ ခမွအဆီအနှစ်များ" ဟု နာမည်ပြု၍ မုချရေးသား စီရင်အပ်ပေသတည်း။

ပတ္ထနာဂါထာ

ဣမံ ဂန္ထံ လိခိတွာန၊

သဗ္ဗေ ပူရေန္တု၊ ဣစ္ဆိတာ၊

အညမညံ ပိယံ ပဿံ၊

သဗ္ဗေ ဟောန္တု သုခီ ပဇာ။

(ပထျာဝတ္တဂါထာ၊ အနုဋ္ဌုဘာဆန်း)

ဣမံဂန္ထံ = "ပဋ္ဌာန်းဥယျာဉ်မှ ခမွအဆီအနှစ်များ" ဟု စီစဉ်၍ထား ဤ ကျမ်းတရားတော်ကို လိခိတွာန = အဓိပတိလေးပါး ဦးတည်ထား၍ ရေးသားရသောကြောင့် သဗ္ဗေ= ခပ်သိမ်းများစွာ သတ္တဝါအနန္တ ဝေနေယျ အစားစား ပုဂ္ဂိုလ်အများတို့သည် ဣစ္ဆိတာ=လိုအပ်ရာရာ ကြံစီတာမှန်သမျှ မှုကိစ္စအဝဝတို့သည် ပူရေန္တု= ဆယ့်ငါးရက်ည ပြည့်သည့်လသို့ မုချဥဿုံ ပြီးပြည့်စုံပါစေကုန်သတည်း။

သဗ္ဗေပဇာ = ရှင်လူခပင်း ကြွင်းမဲ့ဥဿုံ အလုံးစုံကုန်သော သတ္တဝါ အစားစား ပုဂ္ဂိုလ်များတို့သည် အညမညံ = အချင်းချင်း (ဝါ) တစ်ယောက် နှင့်တစ်ယောက် (ဝါ) တစ်ပါးနှင့်တစ်ပါး၊ ပိယံ. ပိယစက္ခုနာ=ကြင်နာမြတ်နိုး သဒ္ဒါတိုးသဖြင့် ချစ်မိုးဝေဖြာ ကြည်ညိုစွာသော မေတ္တာမျက်လုံး အပြုံးပသာ

ဒ စကျွုလှဖြင့် ပဿံ. သပ္ပဿမာနော=တစ်ဦးနှင့်တစ်ဦး ချစ်ရည်လူး၍ ကြည်နူးနှစ်သက် ကောင်းစွာ ကြည့်ရှုကြကုန်လျက် သုခီ=ကိုယ်စိတ် နှစ်ဖြာ ကျန်းမာချမ်းသာကြကုန်သည်၊ သုခီ=ကိုယ်စိတ်နှစ်ဖြာ ဝမ်းသာ လန်းဖြာကြကုန်သည်၊ ဟောန္တု=ယနေ့မှစ၍ နိဗ္ဗာန်ရသည့် ဘဝတိုင်အောင် မုချမသွေ ဖြစ်ကြပါစေကုန်သတည်း။

""ဓမ္မပန်းခိုင်သင်းပျံ့ကြိုင် တစ်နိုင်လုံးမွှေးပါစေ""

ပခုက္ကူပဋ္ဌာန်းဆရာတော်

ဘဒ္ဒန္တပဏ္ဍိတမဟာဝိဇယာရာမတိုက်အုပ်နာယက

(ဂဏဝါစက) (ဓမ္မကထိကဗဟုဇနဟိတဓရ)

ပဋ္ဌာန်းမင်းကျောင်းတိုက်

မဟာဝိဇယာရာမပါဠိတက္ကသိုလ် (အရှေ့တိုက်သစ်)

# မြွတ်ဆုဓွန်


သဗ္ဗောကာသ၊ သဒ္ဒါရဟာ၊
လောကသုံးရပ်၊ ဘုံသုံးထပ်တွင်၊
ဥက္ကဋ္ဌတစ်ဆူ၊ သဗ္ဗညုသခင်၊
ဘုရားရှင်၏၊ ကြည်လင်အေးမြ၊
ဓမ္မနှစ်ဆီ၊ ဝတ်ရည်ထုံမွှန်း၊
မြတ်ပဌာန်းကို.....
ကုံလုံများလှ၊ ဓမ္မခင်မင်၊
လူ့ရှင့်ရဟန်း၊ မွေးနမ်းပါစေ၊
မေတ္တာဝေနင်း၊ စိတ်ရင်းဖြူလွ၊
ဒေသကအကျော်၊ ထေရ်ဘုန်းမော်၏၊
ဟောဖော်မြွက်ကြား၊ မြတ်တရားကို၊
ဖတ်ကြားရှုမြင်၊ သတိဝင်၍၊
လူ့ခွင့်နတ်ရွာ၊ သံသရာဘေး၊
ကိုယ်စီဝေးကာ.....။
မဂ္ဂင်ရှစ်တန်၊ အကျင့်မှန်ဖြင့်၊
သန္တိသုခ၊ မြတ်အမတနန်း၊
တက်လှမ်းနိုင်စေ၊ တောင်းဆုခြွေသည်၊
ရွှေပြည်နိဗ္ဗာန်အေးသည်မို့.....။

အရှင်ဇဂ္ဂိန္ဒ
မြဘုဏ်းစက် (ဝါသရောက်)


ရှင်မတောင်စာပေ

အနော်ရထာမင်းကြီးတည်ထားကိုးကွယ်တော်မူခဲ့သော


# စွယ်တော်မြတ်လေးဆူ




ရွှေစည်းခုံစွယ်တော်ရှင်



တန့်ကြည့်တောင်စွယ်တော်ရှင်



လောကနန္ဒာစွယ်တော်ရှင်



တုရင်တောင်စွယ်တော်ရှင်

# “ဇိနသာသနံစိရံတိဋ္ဌတု”

## အနော်ရထာမင်းကြီး၏ သစ္စာတော်အဓိဋ္ဌာန်

ငါတည်ထားကိုးကွယ်တော်မူအပ်သော

စွယ်တော်မြတ်လေးဆူကို

အကြွင်းသူသည်

နောက်နေ့မကူး နေ့ချင်းဖူး၏။

လှူသည့်ကုသိုလ် မပိုတူ၏။

တောင်းဆိုစကား မမှားတူ၏။

သီလငါးချက် မပျက်လုံ၏။

ထိုသည့်သူအား မကြာချက်ချင်း

လက်ငင်းကောင်းကျိုး ထူးစေသတည်း။


စွယ်တော်လေးဆူတွင် တစ်ဆူအပါအဝင်ဖြစ်သည့် တန့်ကြည့်တောင်စေတီတော်အား
ဘက်စုံမွမ်းမံ ပြုပြင်ခြင်းနှင့် ရွှေသင်္ကန်းကပ်လှူပြီးနောက် ဖူးတွေ့ရပုံ
တန့်ကြည့်တောင်စွယ်တော်ရှင်



# နိဒါန်းစကား

## ပဌာန်းဉယျာဉ်တွင်းမှ
## မွှေးကြိုင်သင်းပျံ့သောဓမ္မအဆီအနှစ်များ

ကျွန်ုပ်အား ဆရာသခင် အရှင်မြတ်ပခုက္ကူ ပဌာန်းဆရာတော်က မေတ္တာမျက်ဝန်းအစုံဖြင့် ကြည့်ကာ အထက်ပါကျမ်းစာ၏။ နိဒါန်းစကား ရေးသားရန် တာဝန်ပေးအပ်ပါသည်။ ကျွန်ုပ်သည် မိမိ မျှော်လင့်မထားသော တာဝန်ကို ဆရာသခင်က ပေးအပ်လာသောအခါ ထိုစာအုပ်ပါ အကြောင်းအရာများ တိတ်ကြိုးခွေမှ ပြန်လည်ကူးယူစဉ်ကပင် မိမိကိုယ်တိုင် ပါဝင်ခဲ့သည်မို့ ဆရာသခင်၏ ပဌာန်းတရားတော် နာယူသူ အားလုံးသောပုဂ္ဂိုလ်တို့အပေါ် ထားရှိသော စေတနာ သိစေလိုသော မေတ္တာ ကြီးမားမှုကို မှန်းဆ၍ ရခဲ့ပါသည်။

ယခု မိမိအား ဤတာဝန်ကို ပေးအပ်သောအခါ "ကိုယ့်ငါးချဉ် ကိုယ်ချဉ်" "ကိုယ့်ဂုဏ်ကိုယ်ဖော် ကိုးကတော်"ဆိုတဲ့ မြန်မာတို့ရဲ့ ခနဲ့တဲ့တဲ့ပုံကို မသိကျိုးကျွံ ပြုသည်မဟုတ် ပဌာန်းဆရာတော်၏ အန္တတ္ထဂုဏ်ပုဒ်ကို ရဲဝင့်စွာ ထုတ်ဆို ရေးသားရပါတော့မည်။

ဆရာသခင်က တပည့်ချစ်အား ယုံကြည်မှုဖြင့် တာဝန်တစ်ရပ် လွှဲအပ်တာပဲဟု ပျော်တပြုံးပြုံးနှင့် နိဒါန်းစကား ရေးသားရခြင်း ဖြစ်ပါသည်။

ရှင်မတောင် စာပေ

၍ ပဋ္ဌာန်းဥယျာဉ်တော်ကြီးကို ဆရာအရှင် ဖန်တီးတည်ဆောက်ထားပုံမှာ ခိုင်ခံ့သေသပ် လှပဆန်းကြယ်ပါသည်။ ဆရာအရှင်မြတ် တပည့်ကြီးများ ခြံရံကာ တည်ဆောက် ပျိုးခဲ့သော ပဋ္ဌာန်းဥယျာဉ်တွင်းမှ ဓမ္မပန်းရနံ့တို့ ကလည်း လေအောက်၊ လေညာ၊ ဝဲယာ၊ ရှေ့နောက် ဌာနတိုင်းတို့၌ ကြိုင်လှိုင် သင်းပျံ့ မွှေးရနံ့ဖြာလျက်ရှိသည်မှာ ကျွန်ုပ်ကိုယ်တိုင် အခြေခံအဆင့်မှ ယနေ့. . . ဓမ္မာစရိယတန်းဝင် " ပဋ္ဌာန်းဥယျာဉ်၏ ပန်းတစ်ပွင့်ပမာ" ဖြစ် လာသည်က မငြင်းသာ။ အခြားသော ငယ်၊ လတ်၊ ကြီးအတန်းတို့မှလည်း မြို့နယ်/တိုင်း ပထမဂုဏ်ပြုခံခဲ့ရသည်။ ပဋ္ဌာန်းပန်းပွင့်တို့ဟာလည်း ဝေဝေ ဆာဆာ ဖူးပွင့်လျက်ရှိနေသည်ကို အများအသိဖြစ်ပါသည်။

ဆရာတော်၏ ပဋ္ဌာန်းဥယျာဉ်မှ ဖြစ်ပေါ်လာသော ပန်းရနံ့များက အားပါးတရ စိတ်တိုင်းကျ ပန်ဆင်ခွင့်ရကြသူ ရဟန်း၊ ရှင်၊ လူ၊ သောတုဇန၊ ဂဏဝါစက၊ ဓမ္မကထိက၊ လူဝတ်ကြောင် ဒကာ၊ ဒကာမတို့အထိ ကြည်နူးခြင်း၊ ဝမ်းမြောက်ခြင်း၊ လိုက်နာကျင့်ဆောင်ခြင်းတို့ဖြင့် ဝမ်းမြောက်နှမော် စိတ် ကောင်းရှိသော ပုဂ္ဂိုလ်တိုင်းက သာဓုခေါ်သံ ကျွန်ုပ်တို့ကိုယ်တိုင် မြင်ကြား သိရှိနေကြပါသည်။ ယခုတစ်ဖန် ဆရာတော်သည် "ပဋ္ဌာန်းဥယျာဉ်မှ သင်းပျံ့ မွှေးကြိုင်သော ဓမ္မအဆီအနှစ်များ"ကျမ်းစာအုပ်ကိုလည်း သင့်လျော်သလို ထုတ်နုတ်ကာ စီစဉ်လိုက်ပြန်ပါပြီ။

မူလပထမဆုံး"ပဋ္ဌာန်းဥယျာဉ် ပန်းဆယ်ပင်မှစ၍" အားကြိုးမာန် တက် သဒ္ဓါလက်ဖြင့် ဆက်ကာဆက်ကာ၊ ရဟန်း၊ ရှင်၊ လူ၊ ပရိသတ်လက်သို့ အပ်နှင်းခဲ့သည်မှာ ယခုအကြိမ်နှင့်ပါဆိုက ဆဋ္ဌမအကြိမ်သို့ပင် ဆိုက်ရောက်ခဲ့ ပေပြီ။

ဆရာအရှင်သည် စေတနာ၊ မေတ္တာ၊ သဒ္ဓါလက်ဖြင့် စီးပွားဖြစ် မဖတ် ဓမ္မဒါနသက်သက် ဆောင်ရွက်နိုင်ရန် ဆရာအရှင်၏ ပစ္စယာနုဂ္ဂဟ

ရှင်မတောင်စာပေ

ရဟန်းဒကာ၊ ဒကာမကြီးများဖြစ်ကြသော ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးမှုဦးစီးဌာန ဒုညွှန်ချုပ်(ငြိမ်း) အကြံပေးအရာရှိ ဗိုလ်မှူးကြီးတင်ထွန်း+ဒေါ်ဝေဝေသန်း မိသားစုတို့ကိုလည်း ကျွန်ုပ်တို့က ကျေးဇူးအထူးတင်ရပေမည်။

အကြောင်းမှာ ဆရာတော်၏ ပဋ္ဌာန်းဥယျာဉ် ပန်းဆယ်ပင် တရားတော်မှစ၍ ဆရာတော်အား ကာယအား၊ ဉာဏအား၊ ငွေအား မေတ္တာစေတနာထား၍ သာသနာ့ ဒါယကာ၊ ဒါယိကာမဖြစ်သည့်အားလျော်စွာ ယနေ့တိုင်ပင် သာသနာတော်ကို အားပေးဆောင်ရွက်လျက်ရှိခြင်းကြောင့်ပင် ဖြစ်ပါသည်။

အချုပ်ကိုဆိုရသော် ပခုက္ကူပဋ္ဌာန်းဆရာတော် အရှင်မြတ်၏ ယခုဆဋ္ဌမအကြိမ် စာအုပ်သည်လည်း သောတုဇန၊ စာချ၊ စာသင်၊ ဓမ္မကထိကအရှင်တို့သာမက ပဋ္ဌာန်းတရား နားမလည်နိုင်ပါဘူးဆိုသော လူဝတ်ကြောင်တို့ပင် နားလည်သည့်အပြင် တရားတော်ကို သဘာဝကျကျ ဆင်ခြင်အားထုတ်နိုင်မည့် တရားတော်ကျမ်း စာအုပ်တစ်အုပ်ဖြစ်ကြောင်း ကျွန်ုပ်နည်းတူဂုဏ်ယူကာ ကြည့်ရှုမှတ်သား ပွားများနိုင်ပါစေဟု မေတ္တာပြုကာ ကျွန်ုပ်၏ အမှာစာကို နိဂုံးကမ္ဗတ် အပြီးသတ်လိုက်ပါတော့သည်။

**သူတော်ကောင်းဓာတ် တရားမြတ်လွှမ်းပတ်ကမ္ဘာတည်ပါစေ**
**တက္ကသိုလ်နေဘုန်းနွယ်(နယ်ခြား)**
**(၁၄.၇.၀၇)**

## ဦးအောင်ထွတ် (မွှာစရိယ မဟာဝိဇ္ဇာ၊ အငြိမ်းစားကထိက)၏ အမှာစာ

၃၁-၇-၂၀၀၇ ရက်စွဲဖြင့် ဤ အမှာစာရေးသူထံ စာကလေး တစ်စောင် ရောက်ရှိလာပါသည်။ စာရေးလိုက်သော ပုဂ္ဂိုလ်မှာ ပခုက္ကူ ပဌာန်းဆရာတော်ဖြစ်၏။ စာယူလာသူမှာ အမှာစာရေးသူ၏ ငယ်ပေါင်း ဗိုလ်မှူးကြီးတင်ထွန်း (မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာန၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ငြိမ်း၊ အကြံပေးပုဂ္ဂိုလ်) ဖြစ်၏။

စာမှာ –

ဒါယကာကြီး ဆင့်မဗြောက် "ပဌာန်းဥယျာဉ်မှ မွှေအဆီအနှစ်များ" စာအုပ်အတွက် စာမူများ ဒကာကြီးဦးတင်ထွန်းထံ ပို့လိုက်ပါပြီ။ စနစ်တကျ လေ့လာပြီး စာပေရဲ့ အတိမ်အနက် ဝေဖန်ချက် (ကောင်းဆိုးနှစ်တန်) အမှာစာ လည်း ရေးသားချီးမြှင့်ပါရန် . . . ဟူ၍ဖြစ်၏။

ပဌာန်းဆရာတော်နှင့် ကျွန်တော်၊ ကိုတင်ထွန်း(ဗိုလ်မှူးကြီး တင်ထွန်း)ကျေးဇူးကြောင့် အဝေးကြည်ညိုခဲ့ရာမှ အနီးကပ် ကြည်ညိုရသော ဆရာ ဒကာအဖြစ်သို့ ရောက်ရှိခဲ့ရပါသည်။ ထို့ပြင် ဘဝရေစက်ပေလား မသိ ပခုက္ကူတက္ကသိုလ် အရှေ့တိုင်းပညာဌာနတွင် ကထိကအဖြစ် အမှုထမ်းနေသော တပည့်မ ဒေါ်ခိုင်ခိုင်သန်း (ခိုင်ခိုင်)က ဒေါက်တာဘွဲ့အတွက် ကျမ်းစာ

ပြုစုနေဆဲဖြစ်သဖြင့် ဆရာတော်၏ အကူအညီများစွာ ရရှိခဲ့ရာ ပို၍ပို၍ ရင်းချာသော ဆရာဒကာ ဖြစ်ခဲ့ရပြန်သည်။

ဤသည်မှာ အကြောင်းတိုက်ဆိုင်၍ ဖော်ပြရခြင်းဖြစ်၏။ ကျွန်တော်၏သဘောမှာ သာသနာတော်တွင် ရှိသမျှ လဇ္ဇီသူမွန်သီလဝန်အရှင်မြတ်တို့အား ရင်သာမဏေကလေး ဖြစ်စေကာမူ ကြည်ညိုဖြစ်၏။ ပဋ္ဌာန်းဆရာတော်လို ပုဂ္ဂိုလ်မျိုးအတွက်မှာမူ အဘယ်မှာ ဆိုဖွယ်ရှိပါမည်နည်း။

ကျွန်တော်သည် ပဋ္ဌာန်းဆရာတော်၏ ပဋ္ဌာန်းတရားများအနက် ၂၀၀၃ခုနှစ်ထုတ် ပဋ္ဌာန်းဥယျာဉ် မြတ်စာစဉ်တရားတော်မှစ၍ အမှာစာ ရေးကာ ဓမ္မပူဇာပြုခဲ့ပါ၏။ (အရေးအသား၊ အတင်အပြ) စကားအသုံးအနှုန်းမှအစ စာအုပ်ပါတွေ့သမျှ ယထာဘူတ ဓမ္မမျက်လုံးဖြင့် သုံးသပ်တင်ပြခဲ့ပါ၏။

ပခုက္ကူမြို့၊ မဟာဝိဇယာရာမပါဠိတက္ကသိုလ် (အရှေ့တိုက်ကြီး)တွင် သတင်းသုံးနေသော ပရိယတ္တိဝန်ဆောင် ဆရာတော်တစ်ပါးက ဤရွေ့ ဤမျှသော ပဋ္ဌာန်းဒေသနာတော်ကြီးကို သုတ္တန်ဒေသနာတော်များဖြင့် တန်ဆာဆင်ကာ ဟောကြားနိုင်ခြင်း၏ စွမ်းရည်သတ္တိကိုလည်း ထုတ်ဖော်မီးမောင်းထိုးပြခဲ့ပါ၏။ ထို့ကြောင့် ထိုအချက်အလက်များကို ဤကျမ်းစာတွင် အထူးတလည် မတင်ပြတော့ပါ။

သို့ပါသော် ဆရာတော်ဘုရား၏ "စနစ်တကျလေ့လာပြီး စာပေရဲ့ အတိမ်အနက် ဝေဖန်ချက် (ကောင်းဆိုးနှစ်တန်)လည်း ရေးသားချီးမြှင့်ပါရန်"...ဟူသော မိန့်ကြားချက်ကို ဦးထိပ်ပန်ဆင်ပါသည်။

ကျွန်တော်၏ ပင်ကိုသဘောမှာ ဤသို့သောစာမူများကို ဖတ်ရှုရာတွင် ပုဒ်ထီး၊ ပုဒ်မမှမကျန် ဖတ်တတ်သော အလေ့အကျင့်ပါနေပြီး ဖြစ်ပါသည်။ သုတေသနစာတမ်းများ၊ မဟာဝိဇ္ဇာဘွဲ့ဆိုင်ရာစာတမ်းများကို အခါ

များစွာ စစ်ဆေးဖတ်ရှုရခြင်း၊ ဘာသာရေးတွင် မင်္ဂဇင်းများပါ စာမူများကို မမိုတ်မသုန် မျက်စိဖြင့် ဒေါက်ထောက်ကြည့်ကာ အမှား ရှာရခြင်း ဓလေ့ စွဲကပ်နေပြီး ဖြစ်ပါသည်။ ဆရာတော်က ယခုကဲ့သို့ မိန့်ကြားသောအခါ ပို၍ ဂရုတစိုက် စာမူကို ဖတ်ရှုခဲ့ပါသည်။

စာမူတွင် မလိုအပ်သော နေရာများ၌ ပုဒ်ထီး (၊) များချထားသည်မှ တစ်ပါး တစ်စုံတစ်ရာ အပြစ်ဟူ၍ ရှာမရပါ။ ၎င်း ပုဒ်ထီး(၊) များကိုလည်း တတ်နိုင်သမျှ သန့်စင်ပေးလိုက်ပါပြီ။

အတိမ်အနက်နှင့် စပ်လျဉ်း၍ ဆိုပါမည်။ ပဋ္ဌာန်းဆိုသည်မှာ မူလ သဘာဝကပင် ခက်ခဲသော တရားဖြစ်ပါသည်။ ဘုရားရှင်ပင်လျှင် ပဋ္ဌာန်း ဒေသနာကို သုံးသပ်ခါမျှ သဗ္ဗညုတဉာဏ်တော်အဟုန်သည် အကုန်အစင် ထွက်ပေါ်သဖြင့် ကိုယ်တော်မြတ်မှ ရောင်ခြည်တော် ခြောက်ဖြာတို့ မြူး ကွန့်လူးလွန့် ထွက်ပေါ်လာသည်ဟု ကျမ်းဂန်တို့က ဆိုထားပါသည်။

လက်တွေ့အားဖြင့်ကား ကျမ်းကြီးပဋ္ဌာန်း၊ ကျမ်းငယ်ဆန်း၊ ကျမ်း လတ်ဓာတုကထာဟူသော စကားစဉ်ရှိပါသည်။ အထက်တန်းကျမ်း စာကြီး များတွင် ပဋ္ဌာန်းကျမ်းသည် အခက်ခဲဆုံးဟု ဆိုလိုပါသည်။

ပထမပြန်စာမေးပွဲများတွင် ပဋ္ဌာန်းကျမ်းကို ပထမကြီးတန်း ရောက်မှ သင်ယူရပါသည်။ ပါဠိဘာသာကို သင်ကြားပြီး သုံး၊ လေးနှစ် အနည်း ဆုံးကြာမှ သင်ယူခွင့်ရခြင်း ဖြစ်၏။ သင်ယူရပြန်ပါသော်လည်း စာချပုဂ္ဂိုလ် က အသင်အပြကောင်းပါမှ စာသင်သားကလည်း အတော်အသင့် ဉာဏ် ရည်ရှိပါမှ နားလည် သဘောပေါက်နိုင်ပါသည်။

ထင်ရှားသော သာဓကတစ်ခုမှ တိပိဋကဓရစာမေးပွဲကြီးတွင် ပိဋကတစ်ပုံဆောင်၊ နှစ်ပုံဆောင်၊ နှစ်ပုံခွဲဆောင်ပုဂ္ဂိုလ်များ စာရင်းကိုကြည့် ပါက ပဋ္ဌာန်းကျမ်းကြီးကို နောက်ဆုံးမှ အောင်မြင်ကြောင်း၊ ပိဋကတ်နှစ်ပုံခွဲ

အောင် ပုဂ္ဂိုလ်များအထိ ပဌာန်းကျမ်းကြီး အာဂုံမဆောင်နိုင်သေးကြောင်း ယေဘုယျတွေ့ရခြင်း ဖြစ်ပါ၏။ ပဌာန်းဒေသနာသည် ဤမျှခက်ခဲနက်နဲ ပါသည်။

ဤမျှ ခက်ခဲနက်နဲသော ပဌာန်းဒေသနာတော်ကို ပဌာန်းဆရာ တော်သည် သုတ္တန်ဒေသနာများ ညှပ်ကာ၊ ညှပ်ကာ ဟောကြားသွားသည်မှာ ချိုးကျူးဖွယ်ဖြစ်၏။ ကြည်ညိုဖွယ်ဖြစ်၏။ လေးစားဖွယ်ဖြစ်၏။

မြန်မာနိုင်ငံ၌ ပဌာန်းဒေသနာတော်ကို သုတ္တန်ပိဋက ကြားညှပ်၍ အများနားလည်အောင် ဟောကြားသောပုဂ္ဂိုလ်ဟူ၍ ထင်ထင်ရှားရှား တောင်မြို့ မဟာဂန္ဓာရုံဆရာတော်ကြီး (အရှင်ဇနကာဘိဝံသ) တစ်ပါးသာ ရှိပါသည်။ ယခု ပဌာန်းဆရာတော်က ပဌာန်းဒေသနာအခွေမှ ပဌာန်းတရား တော်စာအုပ်များ ရေးသားပြုစုခဲ့သည်မှာ ဤကျမ်းသည် ခြောက်အုပ် မြောက်ဖြစ်ပါသည်။

ဤ ခြောက်အုပ်မြောက် ကျမ်းစာ၌ ပဌာန်း ၂၄ပစ္စည်းအနက် ဟေတုပစ္စည်း၊ အာရမ္မဏပစ္စည်း၊ အနန္တရပစ္စည်း၊ ဥပနိဿယပစ္စည်း၊ ပုရေဇာတပစ္စည်းဟူ၍ ပစ္စည်းငါးမျိုးကိုသာ တွေ့ရပါသည်။ တစ်ညတစ်ပွဲ၊ တစ်ပွဲတွင်း တစ်ပစ္စည်း ဟောရသောတရား ဖြစ်သဖြင့် မကျဉ်းမကျယ် လိုရင်းသာဖြစ်ခြင်းမှာ ဖတ်သူနာသူတို့အတွက် ကွက်တိဖြစ်နေပေသည်။

၁။ ဟေတုပစ္စည်း၌ အလောဘစသည့် ကုသိုလ်ဟိတ် ၃-ပါး က ဆိုင်ရာ နာမ်ရုပ်တို့အား ကျေးဇူးပြုပုံကို ပဌာန်းဒေသနာအားဖြင့်လည်းကောင်း၊ နိမိကဏ္ဏသုတ်၏အဖွင့်လာ သာဝတ္ထိသူဌေးသား ဥပမာကို ဆောင်၍လည်း ကောင်း ဟောကြားထားသည်မှာ နာယူဖွယ် ကောင်းလှပါ၏။ “ဒါနနှင့်နိဗ္ဗာန် မရောက်နိုင်ဟု တွင်တွင်ဟောနေကြသော ဝိပဿနာ တစ်ခြမ်းပဲ့သမားများ

အတွက် မှတ်သားဖွယ်ပင် ဖြစ်၏။ ထို့ပြင် ဒါနစသည်ပြုရာ၌ ကိုယ်တိုင်ကိုယ်ကြပ်ပြုမှု၊ ရိုရိုသေသေပြုမှု အကျိုးထူးရပုံကို အလျှုရှင် ပါယာသိရာဇညမြို့စားနှင့် သူ၏အစေအပါး ဥတ္တရလုလင် ဝတ္ထုကိုထုတ်ဆောင်၍ ဖော်ပြသွားသည်မှာလည်း စိတ်ဝင်စားဖွယ် ရှိလှပါသည်။ ဒါနပြုတိုင်း၊ သီလဆောက်တည်တိုင်း အနိစ္စ၊ ဒုက္ခ၊ အနတ္တဟူသော လက္ခဏာရေးသုံးပါးတင်၍ ပွားများရမည့်အကြောင်း ဟောညွှန်ပြသွားသည်မှာလည်း တရားနာပုဂ္ဂိုလ်တို့ထက် တရားဟောပုဂ္ဂိုလ်တို့ ပို၍သတိထားရမည့်အချက်ဖြစ်ကြောင်း တွေ့ရပါသည်။

၂။ အာရမ္မဏပစ္စည်း ၌ "ဒါနံ ဒတွာ သီလံ သမာဒိယိတွာ" စသည့် ပဌာန်းဒေသနာတော်ကို ဦးတည်၍ ဒါနရန့်သင်းပျံ့စေချင်ပုံ၊ သီလရန့်သင်းပျံ့စေချင်ပုံ၊ ကုသိုလ်မှ ကုသိုလ်အဆင့်ဆင့်ဖြစ်ပေါ်ပုံ၊ ပုထုဇဉ်တို့၏ အမြင်သည် မှားတတ်ပုံစသည်တို့ကို မဟာကပ္ပိန ထေရအပဒါန်ကို ထုတ်ဆောင်၍ ဖော်ကျူးသွားသည်မှာ ကြည်နူးဖွယ် ဖြစ်ပါသည်။ မည်သည့်ကိစ္စမဆို တကယ်လုပ် အဟုတ်ဖြစ်တတ်ပုံကို သောဏာထေရီဝတ္ထုကို ကိုယ်ထည်ပြုကာ ဟောကြားထားသည်မှာလည်း စိတ်ဝင်စားဖွယ် ဖြစ်ပါသည်။

၃။ အနန္တရပစ္စည်း၌ "ဘဝတွေခြားသော်လည်း ကံတရား၏ အစွမ်းသတ္တိကမခြား တရစပ်လိုက်နေပုံကို ဥဂ္ဂသူဌေးဝတ္ထု၊ ဝိသာခါဝတ္ထု။ သေရိဝဏိဇာတက၊ မာဂဏ္ဍိယဝတ္ထုတို့ဖြင့် ပဌာန်းဒေသနာတော် ထုတ်ကာထုတ်ကာ ဟောကြားထားသည်မှာလည်း ဖတ်ရှုနာယူသူတို့ အားရဖွယ် ဖြစ်ပါပေသည်။

ရှင်မတောင်စာပေ

၄။ ဥပနိဿယပစ္စည်း၌ မိမိပြုသမျှ ကောင်းမှု၊ မကောင်းမှုတို့သည် အခွင့်အခါကိုချောင်း၍ ဘဝအထွေထွေ၌ သူ့ထက်ငါ အပြိုင်ဝင်ရောက် အကျိုးပေးပုံကို ဟောကြားထားရာတွင် ဓမ္မပဒဂဋ္ဌကထာလာ သာမာဝတီဝတ္ထုမှ ဥဒ္ဒေနဝတ္ထု ဆုတောင်းမှားကြသဖြင့် ဘဝအထွေထွေတွင် တစ်ပြန်တစ်လှည့် လက်စားချေခဲ့ကြသော ကာဠယက္ခိနီတို့မှာလည်း စိတ်ဝင်စားဖွယ် ဖြစ်၏။ ထို့အပြင် အကုသိုလ်အမှုဖြင့် တစ်သက်လုံး အသက်မွေးခဲ့သော်လည်း သူတော်ကောင်း (ဘုရားရှင်)ကို တွေ့ရသဖြင့် သောတာပန်ဖြစ်ကြသော ကုက္ကုဋမိတ္တ ဇာတ်လမ်းမှာလည်း နာမဆုံးနိုင် ဖြစ်၏။

၅။ ပုရေဇာတပစ္စည်း၌ "တရားအားထုတ်ဖို့မလို၊ တရားသိဖို့သာ အရေးကြီးသည်"ဟူသော လူပျင်းလူညံ့တို့၏ ဆင်ခြေကို ရဟန္တာတို့ပင် ကြောင့်ကြမဲ့(အလကား)မနေ တရားအာရုံဖြင့်သာ နေရပုံကို ပဋ္ဌာန်းသာဓကဖြင့် တင်ပြထားပါသည်။ လောကတွင် မဟုတ်တာကိုမှ အထင်ကြီးတတ်ကြပုံ (သစ်သားပျဉ်ချပ်ကို ဝတ်ထားသည့် ဗာဟိယဒါရုစီရိယအား ဘုရားဟု ကိုးကွယ်ကြသူများ)၊ ကဿပဘုရားရှင် သာသနာကုန်ဆုံးခါနီး၌ ရဟန်းတော်ခုနစ်ပါးတို့ တောင်ထိပ်တက်ကာ တရားအားထုတ်လျက် အသက်စွန့်သွားကြပုံ၊ ရဟန္တာတို့သော်မှ ကံကြွေးမှ မလွတ်ကြပုံများကို ပဋ္ဌာန်းသာဓကဖြင့် ဟောကြားထားသည်ကို တွေ့ရပါသည်။

ပဋ္ဌာန်းဆရာတော်၏ တရားဒေသနာသည် ငါးညတာ တရားဖြစ်၍ ဤတွင် ပြီးဆုံးပါသည်။ အချိန်ကို ဦးစားပေး၍ ဟောကြားထားသော တရားဖြစ်သဖြင့် ဤမျှသာဟု ဆိုရမည်ဖြစ်သော်လည်း အတွင်းသရုပ် အနှစ်သာရအားဖြင့်ကား နာ၍မကုန်၊ မှတ်၍မကုန်နိုင်သော တရားတော် ဖြစ်သည်။

ရှင်မတောင်စာပေ

ယနေ့ခေတ်မှာ ကုသိုလ်ပြုကြရာတွင် အကုန်များသလောက် အရနည်းနေသည်ကို ဆရာတော် သတိပြုမိပုံရပါသည်။ ထို့ကြောင့် ဒါနပြုတိုင်း၊ သီလဆောက်တည်တိုင်း လုပ်သလောက် အကျိုးများကြစေရန် ဆိုဆုံးမထားသည်မှာလည်း ဗုဒ္ဓဘာသာဝင်တို့၏ လက်သုံးစကားဟု ဆိုရပါမည်။

ဓမ္မမိတ်ဆွေများအတွက် စကားလက်ဆောင် ပါးလိုပါသည်။ တစ်ခါက ရန်ကုန်မြို့၊ ကြည့်မြင်တိုင်ဒေသတွင် သာခုဆရာတော်ကြီးဟူ၍ ရှိပါသည်။ ထိုဆရာတော်ကြီးမှာ ထိုခေတ်က နိုင်ငံသိ ဆရာတော်ကြီး ဖြစ်ပါသည်။ ဆရာတော်ကြီးက ကြီးကျယ်ခမ်းနားလှသော ရှင်ပြုအလှူပွဲကြီး တစ်ခုတွင် ရေစက်ချအပြီး အလှူဒါယကာအား နာမည်ထုတ်ဖော်ခေါ်၍ ကဲ . . . မောင် . . .၊ အခု မင်းရေစက်ခွက်ထဲမှာ ရေဘယ်လောက် ကျန်သေးသလဲ မေးသည်။ အလှူရှင် . . . ဘာမှ မကျန်တော့ပါဘုရား . . . ဟု ဖြေသည်။ ဆရာတော်ကြီးက . . . မဟုတ်သေးဘူး၊ တစ်စက်နှစ်စက် ဖင်ကပ်တော့ ကျန်ဦးမှာပါကွာ။ အေး . . . အေး မင်းအလှူထဲက မင်းရမယ့် ကုသိုလ်က အဲဒီဖန်ခွက်ထဲမှာကျန်တဲ့ ရေစက်လောက်ပဲ ရှိမယ် . . . ဟု မိန့်ပြီး တစ်သက်မှတ်လောက်အောင် ဆုံးမလိုက်ပါသတဲ့။ ထိုအလှူရှင်မှာ အင်းသူကြီးဖြစ်၍ အင်းထဲမှရသောငွေဖြင့် ရှင်ပြုပွဲကြီး ချိမ့်ချိမ့်သဲသဲ ဆင်နွှဲလိုက်တာကိုး . . .။

ပဥ္စာန်းဆရာတော်၏ တရားတော်ထဲတွင် ဤကဲ့သို့သော ဒါန၊ ဤကဲ့သို့သော သီလမျိုး မဖြစ်စေရန် အခွင့်အခါသင့်တိုင်း ထည့်သွင်းဆုံးမထားချက်များမှာ ကျွန်တော်၏ နှလုံးသားကို အဓိက လှုပ်ခါစေပါသည်ဟု ဝန်ခံပါရစေ။

ဦးအောင်ထွတ်
ကထိက (ငြိမ်း)



တန့်ကြည့်တောင်စေတီတော်အား ဘက်စုံမွမ်းမံပြုပြင်ခြင်း နှင့် ရွှေသင်္ကန်းကပ်လှူရေးအတွက်
“တန့်ကြည့်တောင်စေတီရင်ပြင်တွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌ နှင့် အဖွဲ့ဝင်များညှိနှိုင်းဆွေးနွေးနေကြစဉ်

# စာအုပ်ကြီးကြပ်စီစဉ် ထုတ်ဝေသူ၏အမှာစာ

ကျွန်တော်သည် ပခုက္ကူမြို့၌ စစ်ဘက်တာဝန်ဖြင့် နှစ်ကြိမ်တာဝန် ထမ်းဆောင်ခဲ့ကြောင်း၊ ခ. လ. ရ (၇၇)၌ ဒု-တပ်ရင်းမှူးတာဝန်၊ အမှတ် (၁၀၁) ခြေမြန်တပ်မဌာနချုပ်၌ နည်းဗျူဟာမှူးတာဝန် ထမ်းဆောင်ခဲ့ရ၍ ပခုက္ကူပဋ္ဌာန်းဆရာတော် ဦးပဏ္ဍိတနှင့် ဆရာဒကာအဖြစ် ရင်းရင်းနှီးနှီး ကိုးကွယ်ခွင့်ရခဲ့ပုံကို ကျွန်တော် ဦးစီးတာဝန်ယူထုတ်ဝေခဲ့သော ဆရာတော် ၏ ပဋ္ဌာန်းတော်စာအုပ်ငါးအုပ်၏ အမှာစာ၌ ရေးသားဖော်ပြခဲ့ပြီး ဖြစ်ပါ သည်။ ပဋ္ဌာန်းဆရာတော်သည် အနယ်နယ်အရပ်ရပ်၌ ပဋ္ဌာန်းတရားတော် များကို ဟောကြားတော်မူခဲ့ရာ တပည့်သံဃာများက အသံသွင်းတိပ်ခွေဖြင့် ကူးယူထားကြပြီး စာမူကြမ်းအဖြစ် ပြင်ဆင်ကာ စာအုပ်ထုတ်ဝေရေး ကိစ္စ အဝဝကို ကျွန်တော်က တာဝန်ယူဆောင်ရွက်ခြင်း ဖြစ်ပါသည်။ ကျွန်တော် သည် ပခုက္ကူ တမခ(၁၀၁)မှ ရန်ကုန်မြို့၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနသို့ ဒုတိယညွှန်ကြားရေးမှူးချုပ် တာဝန်ဖြင့် ၁၉၉၈ ခုနှစ်၌ စတင်ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ပါသည်။ ထိုအခါ ဆရာတော်၏ တရားစာအုပ်များ ထုတ်ဝေခြင်းလုပ်ငန်းကို ကြီးကြပ် ထုတ်ဝေရန် စတင်ဆောင်ရွက်ခွင့် ရရှိခဲ့ပါသည်။ စာအုပ်ထုတ်ဝေရေး ကုန်ကျ စရိတ်အတွက် အလှူရှင်များအား ဖိတ်ခေါ်ခဲ့ပြီး "ပဋ္ဌာန်းဥယျာဉ် မြတ်လမ်း စဉ်၏စာစဉ်များ" ငါးအုပ်ကိုတိ အောင်မြင်စွာ ထုတ်ဝေနိုင်ခဲ့ပြီး ဖြစ်ပါသည်။

ထုတ်ဝေပြီးစာအုပ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။
ပဋ္ဌာန်းဥယျာဉ်မြတ်လမ်းစဉ်၏ စာစဉ်များ –

(က) ပဋ္ဌာန်းဥယျာဉ်ပန်းဆယ်ပင် (၂၀၀၁ ခုနှစ်)
အလှူရှင် ဗိုလ်မှူးကြီးတင်ထွန်း(ငြိမ်း)-ဒေါ်ဝေဝေသန်းမိသားစု
ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
(ခ) ခန္ဓာဝန်ထမ်း လွတ်ရာလမ်း (ဘာရသုတ္တန်) (၂၀၀၂ ခုနှစ်)
အလှူရှင် ဦးဟိုစိန်၊ ဒေါ်ချိုချိုမော်
SMART သောက်ရေသန့်လုပ်ငန်း၊ ရွှေပြည်သာစက်မှုမြို့။
(ဂ) ပဋ္ဌာန်းဥယျာဉ် မြတ်စာစဉ် (၂၀၀၃ ခုနှစ်)
အလှူရှင် ဒဂုံဆိပ်ကမ်းမြို့ ဖွံ့ဖြိုးရေးကုမ္ပဏီလီမိတက်
ဒါရိုက်တာအဖွဲ့ဝင်များ
(မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ ရန်ကုန်မြို့တော်စည်ပင်
သာယာရေးကော်မတီ၊ ယုဇနဆောက်လုပ်ရေးအဖွဲ့)
(ဃ) ပဋ္ဌာန်းဥယျာဉ် မြတ်လမ်းစဉ် တရားတော် (၂၀၀၄ ခုနှစ်)
အလှူရှင် ဦးဒွေးလွင်၊ ဒေါ်စန်းစန်းနွယ်နှင့် ညီ၊ ညီမများ
(New Life) ဘဝသစ်တည်းခိုခန်း၊ ညောင်ဦးမြို့။
(င) ပဋ္ဌာန်းဥယျာဉ်မှ ဓမ္မပန်းရနံ့များ (၂၀၀၅ ခုနှစ်)
အလှူရှင် လူမှုထူးချွန် (ပထမအဆင့်)၊ သီဟသုဓမ္မမဏိဇောတဓရ၊
သီရိသုဓမ္မမဏိဇောတဓရ၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ
ဦးသိန်းဝင်း + သီဟသုဓမ္မသိင်္ဂီ၊ သီရိသုဓမ္မသိင်္ဂီ၊ အဂ္ဂမဟာသီရိ
သုဓမ္မသိင်္ဂီဒေါ်နီ သားသမီး၊ မြေးတစ်စု ရွှေသံလွင်ကုမ္ပဏီမိသားစု

(စ) ယခုထုတ်ဝေသောစာအုပ်ဖြစ်သည့် "ပဋ္ဌာန်းဥယျာဉ်မှ ဓမ္မအဆီအနှစ်များ" စာအုပ်၏ အလှူရှင်မှာ ပဋ္ဌာန်းဆရာတော် ဘဒ္ဒန္တပဏ္ဍိတ၏ တပည့်ဒါယကာ အမျိုးများ၏လှူဒါန်းငွေဖြင့် ထုတ်ဝေခြင်းဖြစ်ပါသည်။

ယခု ထုတ်ဝေသောစာအုပ်တွင် ဆရာတော်ဟောကြားသော ပဋ္ဌာန်းတရားတော်များမှာ မကွေးတိုင်း၊ ပခုက္ကူမြို့နယ်၊ တန့်ကြည့်တောင် စေတီတော်ခြေရင်းရှိ ဆိက္ခဝကျေးရွာတွင် ဟောကြားတော်မူသော ပဋ္ဌာန်းတရားတော်များ ဖြစ်ပါသည်။ ဆရာတော်သည် နှစ်စဉ်နှစ်တိုင်း ဆိက္ခဝရွာ၌ ပဋ္ဌာန်းတရားပွဲ ကျင်းပပြုလုပ် တရားဟောကြားပါသည်။

ဆိက္ခဝကျေးရွာသည် ဧရာဝတီမြစ်၊ အနောက်ဘက်ကမ်းခြေ တန့်ကြည့်တောင်တန်း၊ တန့်ကြည့်တောင်စေတီ၏ တောင်ခြေတွင်ရှိသော စီးပွားရေးအချက်အချာကျသည့် ကျေးရွာကလေး ဖြစ်ပါသည်။ ကျွန်းချောင်းဓာတ်မြေသြဇာ စက်ရုံနှင့်လည်း နီးပါသည်။ နှစ်စဉ် ဘုရားပွဲတော်နှင့် ပဋ္ဌာန်းတရားပွဲတော် ကျင်းပပါသည်။ ပဋ္ဌာန်းဆရာတော် နှစ်စဉ်ပဋ္ဌာန်းတရားတော် ဟောကြားပါသည်။ ဘုရားပွဲနှင့် ပဋ္ဌာန်းပွဲတော်သို့ ရပ်ဝေးရပ်နီးမှ ဘုရားဖူးဧည့်သည်များသည် မော်တော်ကား၊ လှည်း၊ ခြေလျင်နှင့် ရေကြောင်းခရီးမှ လာရောက်ကြသဖြင့် အထူးစည်ကားပါသည်။

ဆက်စပ်၍ တန့်ကြည့်တောင် စေတီတော်မြတ်အကြောင်း ဖော်ပြလိုပါသည်။ ပုဂံ-ညောင်ဦးဒေသတွင် ရှေးဟောင်းစေတီ မြောက်မြားစွာရှိသည့်အနက် စွယ်တော်လေးဆူစေတီများမှာ များစွာထင်ရှား တန်ခိုးကြီးပါသည်။ ပုဂံ-ညောင်ဦးဒေသရှိ စွယ်တော်လေးဆူတို့မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(က) ရွှေစည်းခုံစေတီတော် - ပုဂံ-ညောင်ဦးဒေသ၊ ဧရာဝတီမြစ်အရှေ့ဘက်ခြမ်း။
(ခ) လောကနန္ဒာစေတီတော် - ။
(ဂ) တုရင်တောင်စေတီတော် - ။
(ဃ) တန့်ကြည့်တောင်စေတီတော် - ပုဂံ-ညောင်ဦးနှင့် တည့်တည့် ဧရာဝတီမြစ် အနောက်ဘက်ခြမ်း တန့်ကြည့်တောင် တောင်ထိပ်။

ပုဂံရောက် ဘုရားဖူးများသည် အချိန်ရလျှင်ရသလို၊ စွယ်တော်လေးဆူကို ဖူးဖြစ်အောင် ဖူးမြော်ကြပါသည်။ စွယ်တော်လေးဆူစလုံးအား နံနက် အာရုံတက်ချိန်မှ နေ့ဆွမ်းချိန်အတွင်း သစ်သီးစုံကိုးမျိုးဖြင့် ဖူးမြော်ပူဇော် လှူဒါန်းနိုင်ပါက ကုသိုလ်ထူးရရှိသည်ဟု ယုံကြည်ကြပါသည်။ သို့သော် ဧရာဝတီမြစ် အနောက်ဘက်ကမ်းသို့ အချိန်မီသွားရောက်ရန်မှာ အခက်အခဲကြုံတွေ့ရပါသည်။ ထို့ကြောင့် အများအားဖြင့် အာရုံချိန်မှစ၍ ဧရာဝတီမြစ် အရှေ့ခြမ်းရှိ စွယ်တော်သုံးဆူအား မော်တော်ကားဖြင့် သွားရောက်ကြပြီး သစ်သီးဆွမ်းများ ဆက်ကပ်၊ ကပ်လှူကြသည်။ ထို့နောက် ဇက်ရေယာဉ်ကူးတို့ဖြင့် ဧရာဝတီမြစ် အနောက်ဘက်ကမ်းသို့ကူး၍ နေ့ဆွမ်းမတိုင်မီ တန့်ကြည့်တောင်စေတီတော်အား သစ်သီးဆွမ်း ကပ်လှူကြကြောင်း တွေ့ရှိရပါသည်။

စွယ်တော်လေးဆူအနက် တန့်ကြည့်တောင် စေတီတော်နှင့် တိုက်ဆိုင်မှုကို ဆက်လက်တင်ပြလိုပါသည်။ စေတီတော်တွင် ယခင်က ရွှေသင်္ကန်းကပ်လှူထားခြင်း ရှိခဲ့ပါ၏။ သို့သော် အချိန်ကြာညောင်းလာသဖြင့် ရွှေများကွာကျကာ အရောင်မှေးမှိန်လျက် ရှိနေပါသည်။ ဤကိစ္စကိုသိရှိသော လက်ရှိနိုင်ငံတော်အကြီးအကဲသည် ဝန်ကြီးဌာနများမှ ငွေအလှူခံပြီး စေတီ

ရှင်မတောင် စာပေ

တော်အား လုံးတော်ပြည့် ရွှေသက်န်းကပ်လှူရန်အတွက် ပခုက္ကူမြို့ အမှတ် (၁၀၁) ခြေမြန်တပ်မဌာနချုပ်၊ တပ်မမှူးအား တာဝန်ပေးအပ်ခဲ့ပါသည်။ တပ်မမှူးသည် နည်းဗျူဟာမှူးဖြစ်သူ ကျွန်တော့်အား ဦးဆောင်ခိုင်းပြီး စနစ်တကျ ကော်မတီဖွဲ့စည်း ဆောင်ရွက်ရန် တာဝန်ဆက်လက် ပေးခဲ့ပါသည်။

ကျွန်တော်သည် ဦးစွာပထမ သြဝါဒဆရာတော်ကြီးများအဖြစ် ဖော်ပြပါ ဆရာတော်ကြီးများအား ရွေးချယ်ခဲ့ပါသည်။

(က) အရှင်ဘဒ္ဒန္တဝိစာရ (ပခုက္ကူအလယ်တိုက်) တွဲဖက်အကျိုးတော်ဆောင်၊ နိုင်ငံတော်ဗဟိုသံဃမာနာယကအဖွဲ့

(ခ) အရှင်ဘဒ္ဒန္တပဏ္ဍိတ (ပဋ္ဌာန်းတရားတော်) ပခုက္ကူအရှေ့တိုက်

(ဂ) အရှင်ဘဒ္ဒန္တသောဗုဒ္ဓိ (တန့်ကြည့်တောင် တောင်ပိုင်ဆရာတော်)

ထို့နောက် လုပ်ငန်းကော်မတီကို ဖွဲ့စည်းခဲ့ပါသည်။ ကျွန်တော် ဥက္ကဋ္ဌအဖြစ် တာဝန်ယူပြီး ပခုက္ကူခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရပ်ကွက်ဂေါပကလူကြီးများနှင့် ကျွန်းချောင်းခါတ်မြေသြဇာစက်ရုံမှ အနီးကပ် လုပ်အားပြည့်အချိန်ပေးနိုင်သော စက်ရုံမှူးနှင့် တာဝန်ရှိသူများအား ထည့်သွင်းဖွဲ့စည်း၍ လုပ်ငန်းများဆောင်ရွက်ခဲ့သည်။

လုံးတော်ပြည့် ရွှေသက်န်းကပ်လှူရေးဆိုသည်မှာ စေတီတော်၏ ကိုယ်ထည်တစ်ခုလုံးအား ရွှေချခြင်းဟု မူလက ကျွန်တော်နားလည်ခဲ့သည်။ သို့သော် နားလည်အတွေ့အကြုံရှိသော ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ သြဝါဒဆရာတော်များနှင့် အတွေ့အကြုံရှိသော ဂေါပကအဖွဲ့ဝင်များအား လျှောက်ထားစုံစမ်း မေးမြန်းကြည့်ရာ စေတီတော်အား လုံးတော်ပြည့် ရွှေ

သက်န်းကပ်လှူခြင်းဆိုရာ၌ စေတီတော်၏ပလ္လင်ခုံမပါ ကျန်အထက်ပိုင်းကို သတ်မှတ်ကြောင်း သိရှိရပါသည်။

ထို့ကြောင့် ကျွန်တော်တို့ လုပ်ငန်းကော်မတီသည် ဝန်ကြီးဌာန၏ အလှူငွေများ၊ ဘုရားဖူး အလှူရှင်များ၏ အလှူငွေများတို့ဖြင့် (ပလ္လင်ခုံမပါ)၊ စေတီတော်အား လုံးတော်ပြည့် ရွှေသက်န်းကပ်လှူရေးအတွက် အောက်ပါ လုပ်ငန်းများအဆင့်ဆင့် ဆောင်ရွက်ခဲ့ကြပါသည်။

(က) စေတီတော်ရွှေမှိုက်များ ဖျက်သိမ်းရေး ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း။
(ခ) ကြေးပြားများကပ်ရန် ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း။
(ဂ) ရွှေဆိုင်းများဝယ်ယူရန် ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း။
(ဃ) ရွှေသက်န်း (ရွှေဆိုင်း)ကပ်ရန် ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း။
(င) လုပ်ငန်းရွေးချယ်ခံရသူများနှင့် စာချုပ်စာတမ်းများချုပ်ဆိုခြင်း။

ဤနည်းအားဖြင့် လုပ်ငန်းအဆင့်ဆင့် စနစ်တကျလုပ်ဆောင်လာခဲ့ရာ တန့်ကြည့်တောင်စေတီတော်ကြီး၏ လုံးတော်ပြည့် ရွှေသက်န်းကပ်လှူခြင်း (ပလ္လင်ခုံမပါ)၊ လုပ်ငန်းအောင်မြင်စွာ ပြီးမြောက်ခဲ့ပြီး စေတီတော်ကြီးမှာ ရွှေရောင်တဝင်းဝင်းဖြင့် များစွာကြည်ညိုဖွယ် ဖြစ်လာပါသည်။ ထို့ပြင် အရန်စေတီတော်များအား ပြုပြင်မွမ်းမံ၍ ထုံး… ်န်းကပ်လှူပြီး ရွှေထီးတော်များ တင်လှူနိုင်ခဲ့ပါသည်။ ဘုရားကုန်းတော် အတက်အဆင်း တစ်လျှောက် အလှူရှင်များ၏ သံပန်းများဖြင့် ပြုပြင်မွမ်းမံ ပြီးစီးခဲ့ပါသည်။

ဆက်လက်၍ တန့်ကြည့်တောင် စွယ်တော်မြတ်စေတီ၏ ဘုရားသမိုင်းကြောင်းတွင် ဂေါတမမြတ်စွာဘုရား၏ စွယ်တော်ကို ကြုတ်ဖြင့် ထည့်ကာ ဆင်ဖြူတော်ဖြင့် ပင့်ဆောင်လာကြောင်း၊ ဆင်ဖြူတော်သည် ယခု စေတီတည့်သည့် တောင်ထိပ်အရောက်တွင် ဆက်မသွားတော့ဘဲ ရပ်တန့်

ရှင်မတောင်စာပေ

ကြည့်ခဲ့ကြောင်း၊ ထို့ကြောင့် လက်ရှိတောင်ထိပ်တွင် စွယ်တော်မြတ်စေတီတော်ကို တည်ထားကြောင်း၊ စေတီတော်၏ဘွဲ့နာမကိုလည်း "တန့်ကြည့်တောင် စေတီတော်" ဟု တွင်ခဲ့ကြောင်း၊ တောင်ကြောတောင်တန်းတစ်ခုလုံးကိုလည်း တန့်ကြည့်တောင် တောင်တန်းဟု ခေါ်တွင်ခဲ့ကြောင်း သိရှိရပါသည်။ ထို့ကြောင့် ဩဝါဒဆရာတော်များ၏ဆန္ဒအရ ဘုရားရင်ပြင်ပေါ်တွင် ဆင်ဖြူတော်သည် စွယ်တော်ကြုတ်အား ကျောကုန်း၌တင်၍ သယ်ဆောင်လာပြီး ရပ်တန့်လှည့်ကြည့်နေသည့် ရုပ်တုတစ်ခုကိုလည်း ဆက်လက် ထုလုပ်ထားပါသည်။

တစ်ချိန်တွင် နိုင်ငံတော်အကြီးအကဲသည် တန့်ကြည့်တောင်သို့ ပြန်လည်တစ်ခေါက် ရောက်ရှိလာပါသည်။ စေတီ၏ ပလ္လင်ခုံမှာ ထုံးသက်န်းဖြစ်ပြီး ကျန်စေတီတစ်ခုလုံးမှာ ရွှေရောင်တဝင်းဝင်းဖြင့် ဖူးတွေ့ရသောအခါ ပလ္လင်ခုံနှင့် အရန်စေတီများကိုပါ ရွှေချရန် လမ်းညွှန်ခဲ့ပါသည်။ ဤအချိန်တာဝန်ကျသော အလှူရှင်မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဖြစ်ပါသည်။ ယခုအခါ စွယ်တော်လေးဆူတွင် တစ်ဆူအပါအဝင်ဖြစ်သော တန့်ကြည့်တောင်စေတီတော်သည် ရွှေရောင်တဝင်းဝင်းဖြင့် ကြည်ညိုမဆုံးအောင် ရှိနေတော့သည်။

တစ်ဖန် သစ်တောဦးစီးဌာနအနေဖြင့် တောင်တော်စိမ်းလန်းစိုပြည်ရေးအတွက် တောင်ထိပ်သို့ ရေသွယ်ယူ၍ တောင်၏ကွန်တိုရစ်အလိုက် ရေစီးမြောင်းများပြုလုပ်ပြီး သစ်ပင်မျိုးစုံကို စိုက်ပျိုးခဲ့ပါသည်။ တန့်ကြည့်တောင်မှာ ယခင်က ဖွတ်ချေးကျောက်သားများဖြင့် ရှိနေသော တောင်ကတုံးကြီးဖြစ်နေရာမှ ယခုအခါ တန့်ကြည့်တောင်သည် သစ်ပင်များဖြင့် စိမ်းလန်းစိုပြည်လျက် ရှိနေပြီဖြစ်ပါသည်။

ထူးခြားသည်မှာ ပုဂံရောက် ကမ္ဘာလှည့် နိုင်ငံခြားသားများသည်

ရွှေရောင်တဝင်းဝင်းဖြင့် ဧရာဝတီအနောက်ခြမ်းမှ တန့်ကြည့်တောင်စေတီတော်အား လည်းကောင်း၊ ညနေဆည်းဆာအချိန်တွင် သူရိယနေလုံးကြီးသည် ဧရာဝတီအနောက်ခြမ်း တန့်ကြည့်တောင် တောင်တန်းတောင်ကြောမှ တဖြည်းဖြည်း ပျောက်ကွယ်သွားသော မြင်ကွင်း Sunset View ကို များစွာစိတ်ဝင်စားကြကြောင်းနှင့် ဧရာဝတီမြစ်ကမ်းနှင့်နီးကပ်သော ဟိုတယ်များ၌ တည်းခိုကြပြီး တန့်ကြည့်တောင် Sunset View ကို စိတ်ဝင်စားစွာ ကြည့်ရှုကြကြောင်း သိရှိရပါသည်။

ကျွန်တော်တို့ မိသားစုအနေဖြင့် အလှူရှင်များရှာဖွေပြီး ပဋ္ဌာန်းဆရာတော်၏ တရားစာအုပ်ထုတ်ဝေခွင့် ငါးအုပ် ရရှိခဲ့ပြီးဖြစ်ပါသည်။ ယခုထုတ်ဝေသော ပဋ္ဌာန်းတရားတော်မှာ ပုဂံစွယ်တော်လေးဆူ အပါအဝင်ဖြစ်သည့် တန့်ကြည့်တောင်စေတီတော် တာင်ခြေရင်းရှိ ဆိက္ခဝရွာ နှစ်စဉ်ဆရာတော် ပဋ္ဌာန်းပွဲတော် ကျင်းပပြုလုပ်ခြင်း၊ ပဋ္ဌာန်းဆရာတော်ကိုယ်တိုင်အနေဖြင့်လည်း နံ့ကြည့်တောင်စေတီတော် ဘက်စုံပြုပြင် မွမ်းမံရာတွင် ဩဝါဒဆရာတော်အဖြစ် ပါဝင်ခြင်း၊ ကျွန်တော်ကိုယ်တိုင်အနေဖြင့်လည်း အထက်အကြီးအကဲများ၏ တာဝန်ပေးချက်အရ တန့်ကြည့်တောင်စေတီတော် ဘက်စုံပြုပြင်ရေးတွင် တာဝန်ရှိသူ တစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ရခြင်းဖြစ်ရာ အများပြည်သူ သိရှိရန်အတွက် စွယ်တော်လေးဆူအကြောင်းကို ပဋ္ဌာန်းဆရာတော်၏ ဆိက္ခဝရွာ ပဋ္ဌာန်းတရားပွဲနှင့်အတူ အထူးတလည်ရေးသားဖော်ပြလိုက်ရခြင်း ဖြစ်ပါသည်။

နိဂုံးချုပ်အနေဖြင့် ပဋ္ဌာန်းဆရာတော်၏ ပဋ္ဌာန်းတရားတော်စာအုပ်ခြောက်အုပ်စလုံးအား ထုတ်ဝေခွင့်ရရှိသဖြင့် များစွာ ဂုဏ်ယူဝမ်းမြောက်ပါသည်။ စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် စာအုပ်ထုတ်ဝေရေး ကုန်ကျစရိတ်ကို လှူဒါန်းကြသော အလှူရှင်များအားလုံးကိုလည်း များစွာကျေးဇူးတင်ပါသည်။

ဆုတောင်းဆန္ဒပြုလိုသည်မှာ -

(က) ပဋ္ဌာန်းဆရာတော်သည် စွယ်တော်လေးဆူအပါအဝင်ဖြစ်သည့် တန့်ကြည့်တောင်၊ တောင်ခြေရှိ ဆိတ္တဝကျေးရွာ၌ နှစ်စဉ်မပျက် ပဋ္ဌာန်းတရားဟောနိုင်သကဲ့သို့ ကျန်းမာရေးကောင်းမွန်သရွေ့ ပဋ္ဌာန်းတရားတော်များ ဆက်လက်ဟောကြားနိုင်ပါစေ။

(ခ) ရပ်ဝေးနယ်လှည့်အဖြစ် တရားဟောနေကျ မြိတ်မြို့နှင့် ဖျာပုံမြို့ များသို့လည်း ကြွရောက်၍ တရားတော်များ ဟောကြားနိုင်ပါစေ။

(ဂ) ပခုက္ကူမြို့၊ မဟာဝိဇယာရာမကက္ကသိုလ် (ပခုက္ကူ-အရှေ့တိုက်- ပဋ္ဌာန်းမင်းကျောင်းရှိ ပရိယတ္တိစာသင်တိုက်သို့ မြန်မာနိုင်ငံ အနယ် နယ်အရပ်ရပ်မှ လာရောက်စာပေသင်ကြားကြသော စာသင်သား သံဃာများအတွက် ပစ္စည်းလေးပါး ပြည့်စုံလုံလောက်ပြီး ပရိယတ္တိ စာသင်ကြားပို့ချခြင်း လုပ်ငန်းအောင်မြင်နိုင်ပါစေ။

(ဃ) ဆရာတော် ကျန်းမာရေးနှင့်ပြည့်စုံပြီး သာသနာ့တာဝန်ကို ဆက် လက်ထမ်းဆောင်နိုင်ပါစေဟု ဆန္ဒပြုရင်း နိဂုံးချုပ်အပ်ပါသည်။

စာအုပ်ကြီးကြပ်စီစဉ်ထုတ်ဝေသူ

တပည့်ဒါယကာ

ဗိုလ်မှူးကြီးတင်ထွန်း(ငြိမ်း)၊ ဒေါ်ဝေဝေသန်း နှင့်သမီးများ

B.A. (Hons). S.A.S.U သူရဲကောင်းမှတ်တမ်းဝင်

ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း)၊ အကြံပေးပုဂ္ဂိုလ်

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ဆောက်လုပ်ရေးဝန်ကြီးဌာန

နမောတဿ ဘဂဝတော အရဟတော

သမ္မာသမ္ဗုဒ္ဓဿ

# ပခုက္ကူမြို့မဟာဝိဇယာရာမ(ပါဠိတက္ကသိုလ်)အရှေ့တိုက်
# မဟာဝိဇယာရာမတိုက်အုပ်(ပခုက္ကူပဌာန်းဆရာတော်)
# ဟောကြားအပ်သော

## ၁။ ဟောတုပစ္စည်းဒေသနာတော်

ရှင်မတောင် စာပေ

## (၁၄)နှစ်(၁၄)ကြိမ်ပဌာန်းဒေသနာ
## ပူဇော်ကြရာဝယ်

မကွေးတိုင်း၊ ပခုက္ကူခရိုင်၊ ပခုက္ကူမြို့နယ် ဆိတ္တဝအုပ်စုဆိတ္တဝ ကျေးရွာ၊ ရွာဦးကျောင်းတိုက်ပေါ်ဝယ် ရပ်ဝေးရပ်နီးအသီးသီးမှ ကြွရောက်လာကြသော ဘာဏကသံဃာတော် အရှင်မြတ်များက သရဘညဝတ်ဖြင့် အသံမပြတ် ရွတ်ဖတ်သရဇ္ဈာယ် ပူဇော်ကြရာဝယ် သဒ္ဓါနားဖြင့် ထောင်နားစိုက်ကာ နာယူကြကုန်သော လူ၊ နတ်၊ ဗြဟ္မာအားလုံးသော သူတော်ကောင်းအပေါင်းတို့။

မြတ်ဗုဒ္ဓ ဟောကြားတော်မူအပ်သော အနန္တနယသမန္တစေါ်မှန်း ဤ မဟာပဌာန်းကျမ်းမြတ်ကြီးဟာ အဆုံးမရှိ နည်းပေါင်းများစွာ ကျယ်ဝန်းစွာဖြင့် ဟောကြားတော်မူအပ်သော သိမ့်မွေ့နက်နဲ ခက်ခဲသော ဒေသနာတော်ကြီး ဖြစ်ပါသည်။ ဘာဏက သံဃာတော်အရှင်မြတ်တို့ အသံမပြတ် ရွတ်ဖတ်အပ်သော ထိုပဌာန်းဒေသနာတော်ကြီးမှ အားလုံးသော သူတော်ကောင်းတို့၊ မြန်မာဝေါဟာရဖြင့် နားလည်စေရန် ရည်သန်လျက် မြတ်ဗုဒ္ဓ၏ အဆုံးအမဒေသနာကို မလွန်စေမူ၍ ဘုန်းကြီးက မြန်မာဝေါဟာရဖြင့် ၁ နာရီစာမျှ ဟောကြားပေးပါမည် သူတော်ကောင်းတို့။ မြတ်ဗုဒ္ဓက ဥဒ္ဒေသ ဟေတုပစ္စည်းမှာ ဟောကြားတော်မူပုံ အာရုံယူကြည့်ကြရအောင်. . .

ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော။ ကုသလာဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံ ဟေတုပစ္စယေန ပစ္စယော။ ကုသလော ဓမ္မောအဗျာကတဿ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော။ ကုသလာ ဟေတူ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဟေတုပစ္စယေန ပစ္စယော။ ကုသလော ဓမ္မော ကုသလဿစ အဗျာကတဿစ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော။ ကုသလာ ဟေတူသမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဥ္စ ရူပါနံ ဟေတုပစ္စယေနပစ္စယော။

ကုသလော အနဝဇ္ဇသုခဝိပါက လက္ခဏော= အပြစ်မရှိ ကောင်းသောအကျိုးကို ပေးတတ်သော ဓမ္မော နိဿတ္တနိဇ္ဇီဝသဘာဝေါ= သတ္တဝါလည်းမဟုတ် အသက်ဇီဝလည်းမဟုတ်သော တရားတစ်မျိုးသည် ကုသလဿ အနဝဇ္ဇသုခဝိပါကလက္ခဏဿ= အပြစ်မရှိ ကောင်းသောအကျိုးကိုပေးတတ်သော၊ ဓမ္မဿနိဿတ္တနိဇ္ဇီဝသဘာဝဿ=သတ္တဝါလည်းမဟုတ်၊ အသက်ဇီဝလည်းမဟုတ်သော သဘောတရားတစ်မျိုးအား ဟေတုပစ္စယေန= ဟေတုပစ္စယောသတ္တိဖြင့် ပစ္စယောဥပကာရကော= ကျေးဇူးပြုတတ်သည်၊ ဟောတိ= စင်စစ်မသွေဖြစ်ပါပေ၏။

ကုသလာ = ကုသိုလ်ဟုဆိုအပ်ကုန်သော ဟေတူ = အလောဘ၊ အဒေါသ၊ အမောဟ၊ ကုသိုလ်ဟိတ်သုံးပါးအကြောင်းတရားတို့သည် သမ္ပယုတ္တကာနံ= ယှဉ်ဖော်ယှဉ်ဘက်ဖြစ်ကုန်သော ခန္ဓာနံ= ကုသိုလ်စိတ် ဧကဝီသ(၂၁)ပါး၊ စေတသိက် အဋ္ဌတိံသ (၃၈)ပါးဟု ဆိုအပ်သော ကုသိုလ် သမ္ပယုတ္တခန္ဓာ အကျိုးတရားတို့အား ဟေတုပစ္စယေန= ဟေတုပစ္စယသတ္တိဖြင့် ပစ္စယောဥပကာရကော= ပဋ္ဌာန်းပစ္စည်းကြောင်းကျိုးဆက်နည်း အားလျော်စွာ ဟေတု ပစ္စယသတ္တိဖြင့်ကျေးဇူးပြုတတ်သည် ဟောတိ= စင်စစ်မသွေ အမှန်ပင်ဖြစ်ပါပေ၏။

## ကျေးဇူးပြုပုံ အလုံးစုံ

အားလုံးသော ပဋ္ဌာန်းကုသိုလ်ရှင် သူတော်ကောင်းအပေါင်းတို့ ယခုအချိန်ကစ၍ ပဋ္ဌာန်းတရားတော်၏ ကျေးဇူးပြုပုံအလုံးစုံကို ဉာဏ်၌ သက်ဝင်ဆင်ခြင်ကြပါစို့။ ကုသိုလ်ဆိုအပ်သော အကြောင်းတရားတဲ့၊ ဘယ်တရားတွေလဲဆိုရင် အားလုံးသော ဆိက္ခဝရှာ ဒကာ၊ ဒကာမအပေါင်းနှင့် ရပ်ဝေး

ရပ်နီး အသီးသီးမှ ပဌာန်းဒေသနာတော်ကို ပူဇော်ကြမည်ဟု လာရောက်ကြကာ မိမိတို့ကိုယ်နှင့်ပြုအပ်သော ကာယကံကုသိုလ်၊ နှုတ်နှင့် လျှောက်ထားပြောကြားအပ်သော ဝစီကံကုသိုလ်နှင့် မိမိတို့တရားသဖြင့် ရှာဖွေရရှိအပ်သော ဓမ္မိယလဒ္ဓ စီပွားဥစ္စာရတနာကို နှမြောမှု မစ္ဆရိယမဖက် ပစ္စည်းအပေါ်၌ မတွယ်တာ၊ မတပ်မက်၊ ရက်ရက်ရဲရဲ အလောဘဟု ဆိုအပ်သော ကုသိုလ် အကြောင်းတရားသည် မိမိတို့ဆိုင်ရာ ကုသိုလ်အကျိုးတရားတို့အား၊ ထို့အတူ ဝေနေယျများစွာ သတ္တဝါတို့အား . . .

ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ၊
ဒေါသကင်းကွာ စိတ်ချမ်းသာကြပါစေ၊
ဆင်းရဲကင်းကွာ ကိုယ်ချမ်းသာကြပါစေ၊
နှလုံးစိတ်ဝမ်း ငြိမ်းချမ်းကြပါစေဟု မေတ္တာနှင့်ယှဉ်သော. . .

အဒေါသဟုဆိုအပ်သော ကုသိုလ်အကြောင်းတရားသည် မိမိနှင့်ဆိုင်ရာ အကျိုးကုသိုလ်တရားတို့အား အရာရာဝယ် တွေဝေခြင်းမရှိ စိတ်အသိကို ကြည်လင်စေတတ်သော အမောဟကုသိုလ်ဟိတ် အကြောင်းတရားသည် မိမိနှင့်ဆိုင်ရာ အကျိုးကုသိုလ်တရားတို့အား ဟေတုသတ္တိ အနေ အားဖြင့် ပဌာန်းပစ္စည်းဆက်ကာ နိဗ္ဗာန်တိုင်ထိ သမ္ပတ္တိချမ်းသာကို ကျေးဇူးပြုနိုင်ပါသည် သူတော်ကောင်းတို့။

အေး . . . ပြောကြစို့ . . .

ပဌာန်းဒေသနာတော် ပူဇော်ပွဲဝယ် မြတ်ဗုဒ္ဓ၏ဂုဏ်တော်ကို မှန်းလျက် ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီး၊ အမွှေးနံ့သာတို့ဖြင့် မြတ်ဗုဒ္ဓအား ပူဇော်ခြင်း၊ ဘာဏကသံဃာတော် အရှင်မြတ်တို့အား ရေပူ၊ ရေချမ်း၊ ဆွမ်း၊ သင်္ကန်း၊ ဆေး၊ ပစ္စည်းမှစ၍ မပင်ပန်းရအောင် လှူဒါန်းခြင်း ဤသဘာဝ

တရားများ ကို အမောဟပညာ အကြောင်းတရားဖြင့် မျှော်ခေါ်ကြည့်လိုက်က မိမိတို့ဆို တဲ့ ပူဇော်လှူဒါန်းသူ၊ မြတ်ဘုရားနှင့် ဘာဏကသံဃာ ရုပ်နာမ်နှစ် ဖြာ (လှူဖွယ်ဝတ္ထု) ခန္ဓာငါးပါး သဘာဝတရားတွေပါလားဟု ဤတရားအစု တို့အပေါ်၌ ခယဋ္ဌ (အနိစ္စသဘော) ဘယဋ္ဌ(ဒုက္ခသဘော) အသာရကဋ္ဌ (အနတ္တသဘော) နက်နက်နဲနဲ ကိုယ်စီကိုယ်င ဉာဏ်၌ သက်ဝင်ဆင်ခြင် ကြည့်က အလောဘ၊ အဒေါသ၊ အမောဟ၊ အကြောင်းကုသိုလ်ဟိတ် တရားတို့က လှူရပ်၊ နတ်ရွာ၊ နိဗ္ဗာန်ချမ်းသာ အကျိုး ကုသိုလ်တရားတို့အား ဟေတုသတ္တိဖြင့် ကျေးဇူးပြုပုံ (ဝါ) ရရှိနိုင်ပုံဟာ လယ်ပြင်မှာ ဆင်သွားသလို ထင်ရှားလှပါသည် သူတော်ကောင်းတို့။

## သာဝတ္ထိသူဌေးဥပမာ

## အတုယူစရာ

အကျိုးကုသိုလ်တရားဆိုတာ၊ အားလုံးသော လူရောနတ်ပါ ပဌာန်းဒေသနာ သဒ္ဒါနားဖြင့် နာယူကြပြား သူတော်ကောင်းအများတို့ အားလုံးနားလည်နိုင်အောင် ဘုန်းကြီးပြောပြရရင် နိမိဂဏ္ဍသုတ္တန် ဒေသနာတော်၌ မြတ်စွာဘုရားသည် သာဝတ္ထိသူဌေးအား ဟောကြားသော တရားတော်ကို ဥပမာစံပြု မှတ်သားမှုပြုရမှာက မိမိတို့ ရှာဖွေရရှိအပ်သော စီးပွားဥစ္စာရတနာကို အကြောင်းအားလျော်စွာ ကောင်းမြတ်သောနေရာ၌ စွန့်ကြဲပေးကမ်း၊ လှူဒါန်းခြင်းဒါန ထိုဒါနကိုမှီ၍ စောင့်ထိန်းအပ်သော သီလ၊ အသိဉာဏ်အားလျော်စွာ ဆင်ခြင်ပွားများအပ်သော ဘာဝနာ၊ မိမိ၏မျက်စိစသော ဣန္ဒြေခြောက်ပါး အသိတရားဖြင့် ထိန်းသိမ်းခြင်းစမွ၊ ဒါန၊ သီလ၊ သမာဓိ၊ ပညာ၊ အနုဂါမိက ဥစ္စာရတနာ ကိုယ်တိုင်ရရှိကြလျက် အလောဘ၊ အဒေါသ၊ အမောဟ အကြောင်းတရားကြောင့် အကျိုးကုသိုလ်တရားများ ဤကဲ့သို့ တိုးပွားလာနိုင်ပါသည်။

ထိုဟေတုပစ္စည်း ကုသိုလ်အကြောင်း သဘာဝတရားများကို ဉာဏ်အသိဖြင့် ဆင်ခြင်ကြည့်က ကာမဘုံကို အကျိုးပေးနိုင်သည့် ကာမာဝစရကုသိုလ် ရူပါဝစရ၊ အရူပါ ဝစရဘုံကို အကျိုးပေးနိုင်သော မဟဂ္ဂုတ်ကုသိုလ်ဈာန်တရားတွေ မဂ်စိတ်လေးပါး အရိယာနယ်သို့ ဆိုက်ရောက်စေနိုင်သော လောကုတ္တရာ ကုသိုလ်တရားတွေကို သိနိုင်ပါသည်။

အဲဒီ . . . အလောဘ၊ အဒေါသ၊ အမောဟ အကြောင်းတရားဟု ဆိုအပ်သော မိမိပစ္စည်းကို စွမ်းနိုင်သလောက် လှူဒါန်းခြင်း၊ ကိုယ်စိတ်နှစ်ပါး ကျန်းမာ၊ ချမ်းသာစေလိုခြင်း၊ ရုပ်၊ နာမ်စမွ သဘာဝတရားများကို ဉာဏ်၌ သက်ဝင်ဆင်ခြင်နိုင်ခြင်း၊ ဤအကြောင်းတရားသုံးပါး ရေသောက်မြစ် အား

ကောင်းပါက ကာမသုဂတိခုနစ်ဘုံ လူဘုံ၊ နတ်ဘုံ၊ ရူပ၊ အရူပဗြဟ္မာဘုံဘဝနှင့် အဝတ္ထခေါ်သော နိဗ္ဗာန်တိုင်ထိ သမ္ပတ္တိ ချမ်းသာရအောင် ဟေတုသတ္တိဖြင့် ကျေးဇူးပြု စည်ပင်ပြန့်ပွား အကျိုးတရားများ ရလာနိုင်ပါသည်ဟု ဆိုလို ပါသည် သူတော်ကောင်းတို့။

## နှိုင်းခိုင်းစရာ ရေသောက်မြစ်ပမာ

ဤဟေတုပစ္စည်းတရားကို လယ်တီဆရာတော်ဘုရားကြီးက "ရေသောက်မြစ်နှယ် ကျေးဇူးကြွယ် ကြီးကျယ်ကြောင်းရင်းများ"ဟု မိန့်ဆိုခဲ့သည့်အတိုင်း ကုသိုလ်အရာမှာ အလောဘ၊ အဒေါသ၊ အမောဟ ကုသိုလ်ဟိတ်သုံးပါး သူငါပုဂ္ဂိုလ်သတ္တဝါတို့ရဲ့ သန္တာန်မှာ ဖြစ်လာကိန်းလာပြီဆိုက မိမိတို့မှာ ကုသိုလ်ရေသောက်မြစ် တရားများ၊ ပြောကြပါစို့. . . ဘုန်းကြီးဖြစ်စေ၊ လူဖြစ်စေ အလောဘဆိုတဲ့ နှမြောမှုမဖက် ရက်ရက်ရဲရဲ သာသနာတော်ဂုဏ်ကို အာရုံပြုပြီး ပေးကမ်းစွန့်ကြဲလှူဒါန်းလိုက်တဲ့ အလောဘ ရေသောက်မြစ်၊ အဒေါသအဲနေနှင့်လည်း မြတ်ဗုဒ္ဓသည် သားတော်ရာဟုလာအပေါ် မှာ ထားသော မေတ္တာနှင့်မခြား ဝေနေယျသတ္တဝါအများအပေါ်၌ထားသလို၊ မိမိတို့ကလည်း မိမိတို့၏ အသက်ခန္ဓာနှင့်ထပ်တူ ပုဂ္ဂိုလ်၊ သတ္တဝါအားလုံးတို့အပေါ်၌ ကိုယ်နှင့် အမျှမေတ္တာထားတဲ့ အဒေါသ၊ ရေသောက်မြစ် ရုပ်နာမ်ဓမ္မ ခန္ဓာသဘာဝကို ဉာဏ်နှင့်သိနိုင်တဲ့ အမောဟ၊ ရေသောက်မြစ် သစ်ပင်တစ်ပင်သည် စည်ပင်ပြန့်ပြော အဖူးအပွင့်အသီးတို့ဖြင့် ဝေဆာတန်ဖိုးရှိလှတဲ့ ရတနာကိုရနိုင်သလို . . .

အလောဘ၊ အဒေါသ၊ အမောဟအကြောင်း ကုသိုလ်ဟိတ်သုံးပါးကြောင့် ရဟန်းရှင်လူ သူတော်ကောင်းတို့မှာလည်းပဲ ကုသိုလ်အကျိုးတရား၊ အဖူးအပွင့်အသီးများ ဖြစ်ပွားလာနိုင်ပါသည်။

ဒါကိုပင်. . . ကုသိုလ်ဟိတ်သုံးပါး ဟေတုပစ္စည်းတရားက ကုသိုလ်ယှဉ်ဘက် နာမ်တရားအား ကျေးဇူးပြုပုံပါတကားဟု သိကြပါစို့။

## ရုပ်တရားအား ကျေးဇူးပြုပုံ

ကုသိုလ်ဟိတ်သုံးပါးအကြောင်း ပစ္စည်းတရားက အကျိုးရုပ်တရား

အား ကျေးဇူးပြုပုံကို ကြည့်လိုက်သည့်အခါ . . . "ကုသလာဟေတူ စိတ္တသမုဋ္ဌာနာနံ့ရူပါနံ ဟေတု ပစ္စယေနပစ္စယော"ဆိုတဲ့အသံ ဘာဏကသံယာတော်များ မာဂဓဘာသာဖြင့် ရွတ်ပွားတာ ကြားလိုက်ကြမှာပါ။ အလွန်မတန်ထင်ရှားပါတယ်။ ယခင်နှစ်တွေကလည်း ဘုန်းကြီး ဉာဏ်မိသမျှ အားလုံးသော ပဋ္ဌာနပူဇဝုဿဝ ကုသိုလ်ရှင်တို့ ဆင်ခြင်ပွားများနိုင်ရန် မိခင်ဘာသာမြန်မာလို ရှည်သန်ပြောကြားခဲ့ပါသည်။

အေး . . . မနေ့က ကဆုန်လပြည့်ကျော်(၁၅)ရက် ညနေ(၅)နာရီ ပဋ္ဌာန်းကျမ်းမြတ်တော်နှင့်တကွ ဘာဏကသံယာတော် အရှင်မြတ်တို့အား ပင့်ဆောင်ရာ ရွာစဉ်လှည့်လည် ဖူးမြင်ရသူ ကြည်နူးဝမ်းသာ ကြည်ညိုနိုင်ကြပါစေဟူသော စေတနာစာတ်ဖြင့် သက်နီးစသော လျှုဒါန်းဖွယ်တို့ကို ရင်မှာပိုက်ကြလျက် လှည့်လည်တဲ့အခါ မိမိတို့ရဲ့ ခြေလှမ်းတိုင်း၊ ခြေလှမ်းတိုင်းဖြစ်ပေါ်နေတဲ့ စိတ္တဇရုပ်ဘာဏကသံယာတော် အရှင်မြတ်တို့က မေတ္တာသုတ်စသော ပရိတ်တရားတော်များ ရွတ်ပွားတော်မူကြရာ အားလုံးသူငါမိမိတို့ရဲ့ စိတ်ထဲမှာ ကျန်းမာစေချင်၊ ချမ်းသာစေချင်၊ ဘေးရန်ကင်းစေချင်တဲ့မေတ္တာစာတ်ဖြင့် နှုတ်ကတွတ်တွတ် ပို့သွတ်လိုက်သော ဝစီဘေဒသဒ္ဒရုပ်တရား၊ အေး . . . အဲဒီသဘာဝတရားတွေ အလိုလို ဖြစ်ပေါ်လာသည်မဟုတ်အလောဘ၊ အဒေါသ၊ အမောဟ၊ အကြောင်းတရားကြောင့် လျှုဒါန်းဖွယ်သက်နီးစသည်ကို လက်နှင့်ယူတော့ လက်၊ စိတ္တဇရုပ် ခြေကလှမ်းပြန်တော့လှမ်းတဲ့စိတ္တဇရုပ်၊ မေ့ယောသကပုဂ္ဂိုလ်က ၁၃၆၀-ပြည့် နယုန်လဆန်း (၁)ရက်နေ့မှစ၍ ပဋ္ဌာန်းဒေသနာတော် ရွတ်ဖတ်ပူဇော်ပွဲ ကျင်းပပါတော့မည်ခင်ဗျာလို့ ကြွေးကြော်လိုက်တဲ့ ဝစီဘေဒသဒ္ဒရုပ်၊ အဲဒီသဘာဝတရားတွေဟာကုသိုလ်ဟိတ်သုံးပါးအကြောင်း ရေသောက်မြစ် အားကောင်းသည့် အားလျော်စွာ အကျိုးသဟိတ် စိတ္တဇရုပ်တို့အား ဟေတုသတ္တိအနေအားဖြင့် ကျေးဇူးပြုပါသည်။

ရှင်မတောင်စာပေ

ဒါကြောင့် အလောဘ၊ အဒေါသ၊ အမောဟ ကုသိုလ်ဟိတ်သုံးပါး အကြောင်းတရားက ယှဉ်ဘက်ကုသိုလ်တရားအား ကျေးဇူးပြုသလို၊ မိမိတို့ရဲ့ ကိုယ်လှုပ်ရှားမှု၊ နှုတ်လှုပ်ရှားမှု၊ စိတ္တဇရုပ်တရားတို့အားလည်း ကျေးဇူးပြု နေပါပဲဟု ပဋ္ဌာန်းကုသိုလ်ရှင် သူတော်စင်တို့ ဆောင်ရွက်တိုင်း ရုပ်နာမ်တရား တဖွားဖွားဖြစ်ပျက်နေသလို၊ ဘာဏကသံဃာတော် အရှင်မြတ်တို့ ရွတ်ပွား သရဇ္ဈာယ်တော်မူတဲ့အခါ သဒ္ဓါနားဖြင့် ထောင်နားစိုက်ကာ နာယူနေတဲ့ ပုဂ္ဂိုလ်တို့မှာလည်း ရုပ်နာမ်နှစ်ပါး၊ ခန္ဓာငါးပါးတို့ ဖြစ်ပျက်နေမှု ဉာဏ်နှင့် ရှုနိုင်ပါလိမ့်မည်။

ထို့ကြောင့် ပဋ္ဌာန်းဒေသနာတော် ရွတ်ပွားသူ အရှင်မြတ်တို့နှင့် နာယူသူ လူ နတ်ဗြဟ္မာတို့မှာ နာမရူပ ပရိစ္ဆေဒဉာဏ်ရင့်သန်ပြီး ဤရုပ်နာမ် နှစ်ပါး ခန္ဓာငါးပါးတို့ ဖြစ်ပျက်နေမှု ဉာဏ်နှင့် ရှုနိုင်ပါလိမ့်မည်။

ထို့ကြောင့် ပဋ္ဌာန်းဒေသနာတော် ရွတ်ပွားသူ အရှင်မြတ်တို့နှင့် နာယူသူ လူ နတ်ဗြဟ္မာတို့မှာ နာမရူပ ပရိစ္ဆေဒဉာဏ် ရင့်သန်ပြီး ဤရုပ်နာမ် နှစ်ပါး၊ ခန္ဓာငါးပါးတို့ဟာ အကြောင်းအားလျော်စွာ ဖြစ်လာရသော သဘော တရားတို့ပါတကားဟု အကြောင်းကို သိမ်းဆည်းနိုင်တဲ့ ပစ္စယပရိဂ္ဂဟဉာဏ် မိမိတို့သန္တာန်မှာ ဧကန် ဖြစ်လာနိုင်ပါသည်။

## ရုပ်နာမ်ကိုမြင် ဒိဋ္ဌိစင်

အဲဒီလို အသိဉာဏ်များ မိမိတို့ရင်ထဲ ကိန်းဝပ်လာတဲ့အခါ ဘယ်လို အကျိုးတရားတွေ ဟေတုသတ္တိနှင့် ထပ်ပြီးကျေးဇူးပြုနိုင်သလဲ ဆိုတော့မှ "ရုပ်နာမ်ကိုမြင် ဒိဋ္ဌိစင် လမ်းစဉ်မှန်တော့သည်"တဲ့ မိမိတို့ပြုလုပ်အပ်သော ပဋ္ဌာန်းပူဇော်ပွဲကို မှီပြီး မိမိတို့ဆောင်ရွက်သမျှ ကုသိုလ်ကိစ္စတွေဟာ ကွေ့ ကောက်ခြင်းမရှိ တစ်ဖြောင့်တည်းသော သဘာဝတရားကို မှန်ကန်တဲ့ လမ်းစဉ် အဖြစ် နိဗ္ဗာန်တိုင်ထိ ဟေတုသတ္တိဖြင့် ခွဲခြမ်းဝေဖန် သိစွမ်းနိုင်ပါသည်

ရှင်မတောင် စာစု

သူတော်ကောင်းတို့။

ဒါသာလား ဘုရားဆိုတော့၊ ဘာဏကသံယာတော်များက ဘယ်လို ရွတ်သွားကြတယ်။ "ဟေတု သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဥ္စရူပါနံ ဟေတု ပစ္စယေနပစ္စယော"တဲ့ မြတ်ဗုဒ္ဓ ဘယ်လိုမိန့်ပါလိမ့်။ ဟေတုသမ္ပယုတ္တကာနံ= ဟိတ်နှင့်ယှဉ်ကုန်သော ခန္ဓာနဥ္စ= ယှဉ်ဖော်ယှဉ်ဖက် နာမ်ခန္ဓာတရားတို့အားလည်းကောင်း၊ စိတ္တသမုဋ္ဌာနာနံ= စိတ်လျှင်ဖြစ်ကြောင်းရှိကုန်သော ရူပါနဥ္စ = သဟိတ်စိတ္တဇရုပ်တို့အားလည်းကောင်း ဟေတု ပစ္စယေန = ရေသောက်မြစ်ပမာ အားကောင်းသော အကြောင်းတရားအနေအားဖြင့် ပစ္စယော ဥပကာရကော = ကျေးဇူးပြုတတ်သည် ဟောတိ= စင်စစ်မသွေ ဖြစ်ပါပေ၏။

## ယထာဘူတဉာဏ်ရင့်သန်စေရာ

အားလုံးသော ပဋ္ဌာန်းတရားတော်ကို ထောင်နားစိုက်ကာ နာယူကြကုန်သော သူတော်ကောင်းတို့၊ ဘုန်းကြီးဖြင့်လေ ကိုယ်ဉာဏ်မီသမျှ ဒီသဘာဝတရားတွေကို ဆင်ခြင်ကြည့်လိုက်တဲ့အခါ ခင်ဗျားတို့၊ ကျုပ်တို့မှာ ဟေတုပစ္စည်းတစ်ခုတည်းမှာပင် အလောဘ၊ အဒေါသ၊ အမောဟ အကြောင်းတရားကြောင့် အကျိုးကုသိုလ် ခန္ဓာ၊ စိတ္တဇရုပ် သဘာဝတရားတို့ကို ပိုင်းခြားသိနိုင်သော နာမရူပ ပရိစ္ဆေဒဉာဏ်အကြောင်းကို ဆင်ခြင်နိုင်သော ပစ္စယပရိဂ္ဂဟဉာဏ် သြော်. . . အကြောင်းကြောင့် အကျိုးဖြစ်၊ မိမိတို့က ကောင်းမြတ်သော ရေသောက်မြစ် စည်ပင်ရာစည်ပင်ကြောင်း လုပ်ငန်းတွေ ပြုလုပ်သည့်အတွက် အကျိုးတရားအနေနှင့်လည်း ကောင်းမြတ်သော ရုပ်နာမ်နှစ်ပါး၊ ခန္ဓာငါးပါး အကျိုးတရားများ ဖြစ်တာပါလားဟု အရှိအတိုင်း သိစွမ်းနိုင်တဲ့ ယထာဘူတဉာဏ် ရင့်သန်လာနိုင်ပါသည်။

အားလုံးသော သုံတော်ကောင်းတို့ မိမိတို့ရဲ့ စိတ်အသိထဲမှာ ဒဲဒီအသိ ရှိနေသည်ဆိုက အရှိကိုအရှိအတိုင်း၊ အမှန်ကိုအမှန်အတိုင်း မြင်နိုင်တဲ့ ယထာဘူတဉာဏ် ဖြစ်ပေါ်လာတဲ့အခါ ရှေ့ကိုတိုးပြီး တစ်မျိုးဆက်ကြည့်ရအောင်။

## အာရုံအာရမ္မဏိက ကျေးဇူးပြုနေကြပုံ

ပဋ္ဌာန်းဒေသနာတော် အာရမ္မဏပစ္စည်း၌ ဘာဏကသံယာတော် အရှင်မြတ်တို့ ရွတ်ပွားပူဇော်သံ ဘယ်လိုကြားလိုက်ပါလိမ့်။ "သေက္ခာဝါပုထုဇ္ဇနာဝါ ကုသလံ အနိစ္စတော ဒုက္ခတော အနတ္တတောဝိပဿန္တိ" ဟောတုအကြောင်းတရားနှင့် အာရုံ အာရမ္မဏိကတရားတို့ ဆက်စပ်ကာ ဉာဏ်နှင့်ဆင်ခြင်ပြီး ကုသိုလ်ဟိတ်သုံးပါး အကြောင်း ရေသောက်မြစ်တရားက အကျိုးကုသိုလ်တရားတွေကို ဖြစ်ပေါ်စေသလို၊ ထိုကုသိုလ်အကြောင်းတရားကြောင့် ဖြစ်ပေါ်လာတဲ့ သဟိတ်စိတ္တဇ ရုပ်တရား ဤရုပ်နာမ်တရားတို့ကို ကိုယ်စီကိုယ်င ဆင်ခြင်ကြရမှာပေါ့လေ. . .

## အယ်(လ်)နီညိုအပူလှိုင်းက
## ကင်းဝေးစေတာ ပဋ္ဌာန်းဒေသနာ

ဤပဋ္ဌာန်းပူဇော်ပွဲကြီးသို့ တန့်ကြည့်တောင် စွယ်တော်ရှင်မြတ်စွာဘုရားနှင့် တန့်ကြည့်တောင် ဆရာတော်ဘုရားကြီး၏ ထာဝရဥပဋ္ဌာက ဖြစ်တဲ့ (ဘကြီးခင်)ဘုန်းကြီးထံရောက်လာပြီး ဆရာတော်တဲ့ မြန်မာ့အသံနှင့် နိုင်ငံခြား အသံလွှင့်ဌာနတွေကပါ မေလ ၂၄၊ ၂၅ ရက်များမှာ မြန်မာနိုင်ငံကို အယ်(လ်)နီညိုဆိုတဲ့ အပူလှိုင်းကြီး ဖြတ်လိမ့်မယ်လို့ သတိပေးသတဲ့။ အပူလှိုင်းကြီး ဖြတ်သွားတဲ့အခါ ပြင်းထန်သော လျှော်လှုပ်လိမ့်မယ်တဲ့ ဘုရားဟု

လျှောက်ရှာသည်။

ဒီလိုသတိပေးထားပေမဲ့ ဘုန်းကြီးတို့ မြန်မာနိုင်ငံမှာ သဘာဝဘေး ဒဏ် မကျရောက်မှု၍ လေနှင့်အတူ မေလ ၂၂၊ ၂၃ ရက်စ၍ လေးရက် တိုင်တိုင် မိုးကြီး ရွာချလိုက်ပါတယ်။

သူတို့ကြေငြာတဲ့ ၂၄၊ ၂၅ ရက်တွေမှာ ဘုန်းကြီးတို့နိုင်ငံ အနောက် ဘက်ကို မျှော်ကြည့်လိုက်တဲ့အခါ အိန္ဒိယ၊ ဘင်္ဂလားစတဲ့ အနောက်ဘက်နိုင်ငံ တွေမှာ အပူလှိုင်းဒဏ်ခံရလို့ လူ့အသက်ပေါင်းများစွာ ပျက်စီးကြောင်း သတင်းရကြပါသည်။

ဘုန်းကြီးတို့နိုင်ငံမှာ ဘာကြောင့် ဒီအပူလှိုင်းဒဏ်က လွတ်ရသလဲဟု အကြောင်းကို ရှာကြည့်လိုက်တဲ့အခါ တိုင်းသားပြည်သူ၊ ရဟန်း၊ ရှင်၊ လူ၊ အများစုတို့က ဒီဟေတုပစ္စည်း ကုသိုလ်ဟိတ်သုံးပါး ရေသောက်မြစ် အား ကောင်းတာ တွေ့ရပါလိမ့်မယ်။ ထိုကုသိုလ်ခေါ်တဲ့ အပင်မှ အဖူး၊ အပွင့်၊ အသီးဟု ဆိုအပ်သော ဒါန၊ သီလ၊ ဘာဝနာ၊ ဘုရား၊ တရား၊ သံဃာ၊ မိဘ ဆရာသမားတန်ခိုးဟု ဆိုအပ်သော အစွမ်းသတ္တိများကြောင့် အဲဒီဘေးအန္တ ရာယ် သဘာဝရန်စွယ်တွေကို ကာကွယ်စောင့်ရှောက်နိုင်ခြင်း ဖြစ်ပါသည် သူတော်ကောင်းတို့။

ဒါကို သတိပြုမိတဲ့ ရဟန်း၊ ရှင်၊ လူ သူတော်ကောင်းတို့ သိသာ မြင်သာပါတယ်။ အဲဒီတော့ စဉ်းစားကြည့်စမ်း၊ ရတနာမြတ်သုံးပါး ဂုဏ် ကျေးဇူး၊ ကုသိုလ်ဟိတ်သုံးပါး အကြောင်းတရားများက ဟေတုသတ္တိနှင့် ကျေးဇူးပြုရုံမျှမက မိမိတို့သန္တာန်မှာ ဖြစ်ပေါ်လာတဲ့ ကုသိုလ်ဟိတ်သုံးပါး အကြောင်းတရားတို့သည် ထိုကုသိုလ်နှင့်ယှဉ်ဘက် စိတ်စေတသိက် နာမ် တရား၊ ထိုနာမ်တရားအားလျော်စွာ လှုပ်ရှားမှု စိတ္တဇရုပ်တရားတို့အား ဟေတုသတ္တိ၊ အာရမ္မဏသတ္တိဖြင့် ပဋ္ဌာန်းပစ္စည်း ကြောင်းကျိုးဆက်နည်း

အားလျော်စွာ ကျေးဇူးပြုရုံမျှမက အနိစ္စတော=အနိစ္စက္ကတိ ဖြစ်ပျက်တတ်တဲ့ တရားတွေပါတကား။ ဒုက္ခတော=ဒုက္ခက္ကတိ ဆင်းရဲသော သဘာဝဇာကန် အမှန်တွေပါတကား။ အနတ္တတော = အနတ္တက္ကတိ အစိုးမရ ကိုယ်မပိုင် (အကြောင်းတိုက်ဆိုင်သည့် အားလျော်စွာ ဖြစ်ပျက်နေသော) တရားတွေပါ တကားဟု ဝိပဿန္တီ= တိတိထင်ထင် ဉာဏ်၌ မြင်လာပါကုန်တော့သတည်း။

(သာဓု သာဓု သာဓု)

ဤကဲ့သို့ ဝိပဿနာ ဉာဏ်အမြင်ပေါက်က သဘာဝဘေးဒဏ်မှ ကင်းလွတ်ရုံမျှမက မဂ်ဉာဏ်ဖိုလ်ဉာဏ် နိဗ္ဗာန်တိုင်အောင် ကျေးဇူးပြုနိုင်ပါ သည် သူတော်ကောင်းတို့။

## မြတ်ဗုဒ္ဓ၏ အမှာစကားတစ်ရပ်

ဒါကြောင့် မြတ်ဗုဒ္ဓက. . .

သီဝံပတ္ထေထ ဘိက္ခဝေ၊ သီဝံပတ္ထေတွာန၊
ဒါနံဒါတဗ္ဗံ၊ သီလံရက္ခိတဗ္ဗံ၊ဘာဝနာဘာဝေတဗ္ဗာ။

ဟု မိန့်တော်မူခြင်း ဖြစ်ပါသည်။ ဘိက္ခဝေ = ပရိသတ်လေးပါး ချစ်သား၊ ချစ်သမီးတို့ သီဝံ = အေးငြိမ်းရာမှန် မြတ်နိဗ္ဗာန်ကို ပတ္ထေထ = ကြောင့်ကြ တစ်ခု တောင့်တခြင်းကို ပြုကြကုန်လော့ ပတ္ထေတွာန = ကြောင့်ကြတစ်ခု တောင့်တခြင်းကို ပြုပြီး၍ ဒါနံဒေယျဓမ္မံ= လှူဒါန်းပေးကမ်း စွန့်ကြခြင်း ဒါနကောင်းမှုကို ဒါတဗ္ဗံ=ပေးလှူအပ်၏။ သီလံ=(၅)ပါး(၈)ပါး(၁၀)ပါးစသည် များပြားသီလတရားကို ရက္ခိတဗ္ဗံ = စောင့်ထိန်းအပ်၏၊ ဘာဝနာ = သမထဝိ ပဿနာ နှစ်ဖြာသော ဘာဝနာတရားကို ဘာဝေတဗ္ဗော = ဉာဏ်၌ သက်ဝင် ဆင်ခြင် ပွားများအပ်၏။

ရှင်မတောင်စာပေ

ဤဒေသနာတော်ကို ထောက်ရှုကာ သံဃာတော် အရှင်မြတ်တို့အား ဒါန်-ဒါတဗ္ဗ ဒါနကုသိုလ်တွေ၊ သီလ-ရက္ခိတဗ္ဗ သီလကုသိုလ်တွေ၊ ဘာဝနာ ဘာဝေတဗ္ဗော ဘာဝနာကုသိုလ်တွေ ပဋ္ဌာန်းဒေသနာတော် ပူဇော်ရင်းနှင့် မိမိတို့ ဆုတောင်းအားလျော်စွာ အာရမ္မဏာသတ္တိဖြင့် ချမ်းသာအမှန် မြတ်နိဗ္ဗာန်ကိုပင် ဧကန် ရနိုင်ပါတကားလို့ ဝမ်းမြောက်ထိုက်သော ပူဇော်ပွဲကြီးပင် ဖြစ်ပါတော့သည်။

သို့သော်. . . အဘိဓမ္မာဆိုတာ ဘဝရဲ့ သဘောတရား၊ ဒီသဘောတရားကို ဉာဏ်နှင့်သက်ဝင် ဆင်ခြင်နိုင်ဖို့ဆိုတာ လူသာမန်တို့မှာ ဘယ်လိုမှ မလွယ်ပါချေ။

## ဆရာပြမှ နည်းရပေမည်

အားလုံးသော သူတော်ကောင်းတို့၊ မိမိတို့မှာ ဆရာသခင် အရှင်မြတ်တို့၏ သွင်သင်ဆုံးမ ဩဝါဒကိုခံယူနိုင်မှ သဘာဝအသိဉာဏ် အမှန်ကို ရနိုင်ပေမည်။

ဘုန်းကြီးတို့မှာ ဆရာကောင်းထံချဉ်းကပ်ပြီး အဆုံးအမ ခံယူခဲ့ကြလို့ နည်းလမ်းတကျ သဘာဝလို့ခေါ်တဲ့ ရုပ်ဓမ္မ၊ နာမ်ဓမ္မတို့ကို ဉာဏ်၌ သက်ဝင် ဆင်ခြင်နိုင်တဲ့ ဘဝရရှိကြပေသည်။ ဒီလိုမှမဟုတ်ရင် ဆရာမပြ နည်းမရဘဲ အလွယ်ဆုံးပြောရရင် စာချ၊ စာသင်၊ တရားဟောရင်းနှင့်ပင် ထိုတရားတော်ကိုမှီပြီး ဘာရပါစေ၊ ဘာဖြစ်ပါစေနှင့် တတွတ်တွတ် မကောင်းတဲ့ ဝစီဒုစရိုက်တွေသာ အပြောများခဲ့လိမ့်မည်။

အခုဘဝ အခွင့်သာလို့ ဘုရားသာသနာတော်နှင့်တွေ့ သူတော်ကောင်း ဆရာအရှင်တို့၏ အဆုံးအမကိုရလို့၊ ယခုလိုချပို့ ယခုလိုသင်ယူ ဟောပြောနိုင်တာပါလားလို့ အလောဘအသိ မိမိကိုမှီပြီး သင်ယူကြ၊ နာယူကြတဲ့ လူရောနတ်ပါ အားလုံးသော သူတော်ကောင်းတို့အား မဂ်ဉာဏ်၊

ဖိုလ်ဉာဏ်၊ နိဗ္ဗာန်ချမ်းသာကိုယ်စီ ရကြပါစေဆိုတဲ့ ဟော. . . အဒေါသ ချပို့တိုင်း၊ ဟောပြောတိုင်း ဤရုပ်၊ ဤနာမ်၊ ဤခန္ဓာ သဘာဝ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု နှုတ်ကထွက်တဲ့ ခွန်းတိုင်းခွန်းတိုင်း ပျက်ပျက်သွားတဲ့သဘော၊ နက်နက်နဲနဲသိနိုင်တဲ့ဉာဏ်၊ အမောဟအကြောင်း ဟိတ်တရားတွေကြောင့် အကျိုးတရားအနေအားဖြင့် သုဂတိဘဝနှင့် နိဗ္ဗာန်ချမ်းသာအကျိုးတရားများ ဟေတုသတ္တိ၊ အာရမ္မဏသတ္တိတို့ဖြင့် ကျေးဇူးပြုပုံ အလုံးစုံကို စည်းကမ်းတကျ နည်းလမ်းကျအောင် သိရှိနိုင်ကြပါလိမ့်မည်။ သူတော်ကောင်း အပေါင်းတို့။

## လှူတတ်ကြပါစေ

အလျဉ်းသင့်လို့ ပြောပါရစေ။ ဘာဏကသံဃာတော်များ ဆွမ်းဘုဉ်းပေးနေစဉ် ကုသိုလ်ရှင်တစ်ဦး အသီထူးဖြင့် ရေသန့်ဘူးများစွာ သဒ္ဓါအပြည့်နှင့် ဝယ်ယူလာတာ ဖြစ်ပါလိမ့်မည်။ ဆွမ်းစားမွေ့ာရုံပေါ်မှာပင် ပုံထားခဲ့တယ်။ ဝေယျာဝစ္စဒကာတွေ ကပ်လှူပေလိမ့်မပေါ့ဟု ကလေးအသိကလေးအမြင်နဲ့ ထားခဲ့တာ ဆင်ခြင်ကြပါ သူတော်ကောင်းတို့။

## အသိဉာဏ်မပါ ပါယာသိခများ

ဘုန်းကြီးတို့ မြတ်ဗုဒ္ဓလက်ထက်က ပါယာသိဆိုတဲ့ မြို့တစ်မြို့ရှိတယ်။ အဲဒီမြို့ကို အပိုင်စားရတာက "ပါယာသိရာဇည"ပုဏ္ဏားမင်းက ချီးမြှောက်ခြင်းခံရသော ပုဏ္ဏား၊ မြို့စားကြီးပေါ့။ သူ့အိမ်မှာ ဝေယျာဝစ္စဆောင်ရွက်တဲ့ ဥတ္တရလုလင်ဆိုတဲ့ အမျိုးကောင်းသားတစ်ယောက် ရှိတယ်။ တစ်နေ့မှာ ထိုပြာဟ္မဏကြီးက အမောင်ဥတ္တရလုလင် မနက်ဖြန် နံနက် မြတ်စွာဘုရားနှင့် သံဃာတော်အား ဆွမ်းလောင်းလှူရအောင် ဆန်ဂိုဒေါင်၊ ဆီဂိုဒေါင်၊ လိုအပ်သမျှ ဂိုဒေါင်တို့မှ အမောင်ယူ၍ ချက်ကြော် ဆောင်ရွက်ပါ၊

မနက်ဖြန်နံနက် မြတ်စွာဘုရားနှင့် သံဃာတော်များ ကြွရောက်လာက အမောင်လှူဒါန်းပါ။

ပဋ္ဌာနဥပဋ္ဌာက ဝေယျာဝစ္စဆောင်ရွက်ကြတဲ့ အမျိုးကောင်းသား၊ အမျိုးကောင်း၊ သမီးများကိုလည်း အခွင့်သင့်လို့ ထပ်မံ သတိပေးပါတယ်။

ဥတ္တရလုလင်လေ . . . မြို့စားကြီး၏ပစ္စည်းပင် ဖြစ်လင့်ကစား မိမိဥစ္စာရတနာပမာ မမောနိုင်မပမ်းနိုင် တစ်ညလုံး ချက်ကြော်စီမံပြီး နံနက် ဥဒည် တောင်စွန်းမှ အရုဏ်ထွန်းလင်းလာတဲ့အခါ မြတ်စွာဘုရားနှင့် သံဃာတော်များ ကြွချီလာစဉ် ပါယာသိရာဇည မြို့စားကြီး ဘုံခုနစ်ဆင့်မြင့်တဲ့ သူ့ရဲ့တိုက်ကြီး အထက်ဆုံးမှ စကြံလျှောက်ပြီး ကြည့်နေသတဲ့။ ဥတ္တရလုလင် အမျိုးသားကတော့ သူကိုယ်တိုင် ဦးဆောင်စီမံထားအပ်သော ဘောဇဉ်တို့ဖြင့် မြတ်စွာဘုရားနှင့် သံဃာတော်တို့အား "သံဃဿ ဒေမ၊ သံဃဿ ဒေမ"ဟု ကိုယ်တိုင်ဉာဏ်ဖြင့် ရှုကာ လှူဒါန်း၍ နေပါသည်။

ပဋ္ဌာန်းတရားတော် နာယူနေပြား လူရောနတ်ပါ သူတော်ကောင်းတို့ ဤနေရာ၌ သတိပြုပါ၊ ဉာဏ်နှင့် ရှုကြည့်ကြစို့။ ပစ္စည်းရှင်က အိမ်ပေါ်က နေ စကြံလျှောက်၊ အောက်ကို ငုံ့ကြည့်နေတယ်။ ဝေယျာဝစ္စကုသိုလ်ရှင် ဥတ္တရလုလင်ကတော့ ကိုယ်တိုင် သံဃာအား လှူဒါန်းနေတယ်၊ ပြောကြစို့ . . . အာယုကပ္ပ သက်တမ်းကုန်တဲ့အခါ ဥတ္တရလုလင်ဟာ ကုသိုလ်ဟိတ် သုံးပါး အကြောင်းတရားရေသောက်မြစ် အားကောင်းတော့ ကုသိုလ်၏ အကျိုးတရားအနေဖြင့် တာဝတိံသာနတ်ပြည်မှာ အခြွေအရံများစွာ (၁၂) ယူဇနာရှိတဲ့ ရွှေဗိမာန်မှာ ပျော်စံရပါသည်။

ပါယာသိမြို့စားကြီးမှာတော့ အလှူရဲ့ရှေ့အဖို့ အလောဘ၊ အဒေါသ အားကောင်းရှာသော်လည်း လှူဆဲကာလ ဉာဏ်မယှဉ်သည့်အတွက်

စတုမဟာရာဇ်နတ်ပြည် သေရီသကဗိမာန်မှာ နေရရှာတယ်။

အေး. . . အဲဒီမှာ ဥတ္တရလုလင်နတ်သား ကြည့်ရအောင်။ (၁၂) ယူဇနာရှိတဲ့ ရွှေဗိမာန်ကြီးရဲ့အလယ် နတ်သား၊ နတ်သမီးများစွာ အခြံအရံတို့နှင့် ပျော်ပါးစံစားနေရတဲ့အချိန်၊ ပါယာသိမြို့စားဘ၀က လာခဲ့တဲ့ ပစ္စည်းရှင် ပါယာသိနတ်ခမျာ အခက်အလက် မ၀ေစည်၊ အဖူးအပွင့်ကလည်း မမြိုင်ဆိုင် ကသစ်ပင်ဗိမာန်အောက်မှာ မှိုင်လျက် နေရရှာပါသည်။

ဒါ့ကြောင့်. . . ဤရပ်ဤရွာ ဒကာ၊ ဒကာမတို့နှင့်တကွ အရာတော်၊ ရွာယာ၊ ရေနံချပ်၊ အုပ်ကျောင်း၊ ဇီးကုန်း၊ လက်ပံချောင်း၊ တန့်ကြည့်၊ ကျွန်းချောင်း စသော ဒကာ၊ ဒကာမအပေါင်း ပဋ္ဌာန်းတရားတော် ပူဇော်ကြသည့် သူတောင်းကောင်းတို့ မိမိတို့မှာ အန္တရာယ်ကင်း ရန်စွယ်ရှင်းလျက် ကောင်းခြင်းမင်္ဂလာ စီးပွားဥစ္စာရတနာ တိုးတက်ခြင်းရှိမရှိ စီစစ်ကြည့်ကြပါ။

## ဘုန်းကြီးဦးခေါင်းပေါ်မှာ ဘုရားပါတယ်

ဘုန်းကြီးအပေါ် ပဋ္ဌာန်းဒေသနာတော်ကိုမှီ၍ အချို့ ကြည်ညိုလေးစားသော (E.P.C)မှ ဒကာကြီး၊ ဒကာမကြီးများက အနားကပ်၍ လျှောက်ထားကြတယ်။ ဆရာတော် ဤဒေသ၊ ဤလမ်းကြွက နောက်က အခြံအရံ၊ တပည့်ရဟန်းလေးတွေ ပါစေချင်တယ် ဘုရားတဲ့။ အားလုံး သဘောပေါက်ရဲ့လားဟေ့. . .။

ဘုန်းကြီးက ကျုပ်ဦးခေါင်းပေါ်မှာ ဘုရားပါတယ် ဒကာကြီးလို့ ပြောလိုက်တယ်။ မိမိက ရတနာသုံးပါးအပေါ် ယုံကြည်တဲ့ သဒ္ဓါစိတ်နှင့် ဆောင်ရွက်က. . .။

ဘုရားဂုဏ်တော် မြေမိုးကျော် ရန်ပေါ်သမျှ ပြေးစေသော်၊
တရားဂုဏ်တော် မြေမိုးကျော် ရန်ပေါ်သမျှ ဝေးစေသော်၊

ရှင်မတောင် စာအုပ်

သံယာ့ဂုဏ်တော် မြေမိုးကျော် ရန်ပေါ်သမျှ အေးစေသော်ဆိုတဲ့ အတိုင်း ကိုယ်စိတ်နှစ်ပါး အေးငြိမ်းချမ်းသာမှာပါ ဒကာကြီးဟု ဘုန်းကြီး ကတော့ ကိုယ်ကိုယ်တိုင် အသိဉာဏ်နှင့်ယှဉ်ပြီး ယုံကြည်တယ်။

## တူလိမ့်မယ်မထင်ကြနဲ့ ကိုးဆယ်ဆကွာ

အဲဒီတော့ ဘုန်းကြီးတို့ ဒေသနာတော်နှင့်ယှဉ်ကာ ထပ်မံစဉ်းစား ကြည့်ရအောင်။ ဥတ္တရလုလင်မှာ ကုသိုလ်ဟိတ်သုံးပါးအကြောင်း ရသောက် မြစ် အားကောင်းလေတော့ အကျိုးကုသိုလ်တရားတွေကလည်း ကောင်းလိုက် တာ၊ ကာမသုဂတိဘုံချင်းတူပေမဲ့ တာဝတိံသာနတ်ပြည် ၁၂ ယူဇနာရှိတဲ့ ရွှေဗိမာန်မှာ အခြံအရံ ပြည့်စုံစွာနှင့် အကျိုးပေးတယ်။

ဩော်. . . ဒီဗိမာန်ကြီးက ခမ်းနားလိုက်တာ၊ လှလိုက်တာ ဘယ်သူရဲ့ ဗိမာန်လဲဟု၊ ဟို. . . သစ်ပင်အောက်က နတ်ကြီးက လှမ်းကြည့်နေတယ်။ ရွှေဗိမာန်ထဲက ဥတ္တရနတ်သား ထွက်လာတဲ့အခါ ဟင်. . . ငါ့အိမ်မှာ ခိုင်း စေထားတဲ့ ဥတ္တရလုလင်ပါလားဟု၊ ပစ္စည်းရှင်ဖြစ်တဲ့ ငါကျတော့ သစ်ပင် အောက်မှာ ငါ့ပစ္စည်းနှင့်လှူဒါန်းတဲ့ ဥတ္တရလုလင်ကျတော့ ရွှေဗိမာန်ကြီးမှာ လာဖြစ်ရတယ်။

## ကိုယ်မဟန်တာကိုသိမှ သံဝေဂရမည်

ဘယ်လိုလဲ ကြည့်ကြနော်။ ကိုယ်လုပ်တာ မဟန်တာကို မဟန်ဘူးလို့ မိမိကိုယ်ကို မစိစစ်ဘူး။ ကိုယ်ပြောတာကိုလည်း မစိစစ်ဘူး။ (ပါယာသိမြို့စား ပြောတာပါ)။ အဲဒီမယ်ကြည့်စမ်း၊ ပါယာသိရာဇညကြီး သူပြောတဲ့အပြော၊ သူလုပ်တဲ့အလုပ် ဟုတ်မဟုတ် မစိစစ်ဘဲ ပစ္စည်းရှင်မှာ သစ်ပင်အောက်၊ ဝေယျာဝစ္စဆောင်ရွက်သူက ရွှေဗိမာန်ပေါ်ရောက်၊ ဂေါတမသာသနာ

လှူဒါန်းတာက အကျိုးပေးတာ ဒီလိုပဲတဲ့လားဗျာဟု မြတ်ဗုဒ္ဓသာသနာကိုပင် စွပ်စွဲချင်သယောင်။ မောဟအမှောင်ဖုံးပုံကို စုံလင်စွာသိကြပါ သူတော်ကောင်းတို့။

အားလုံးသော ပဌာန်းဒေသနာတော် ပူဇော်ကြသည့် ဒကာ၊ ဒကာမတို့ ပန်းတစ်ပွင့်၊ ရေချမ်းတစ်ခွက်၊ ဆီမီးတစ်တိုင်၊ သစ်သီးတစ်လုံး၊ ပန်းတစ်ကုံးပင်လှူလှူ ဘုန်းကြီးကတော့ ယုံတာပေါ့လေ။ ဒါကြောင့် "သင့်ကို သင်စစ်၊ သင်ချစ်ရဲ့လား၊ သင့်အရေး သင်တွေးကြည့်စမ်းပါ"လို့။

## ကြည်နူးဝမ်းသာ သံဃာ့ဒါနလောင်းလှူကြ

ဤရပ်ရွာ ဒကာ၊ ဒကာမများနှင့် ရပ်ဝေးရပ်နီးအသီးသီးမှ လာရောက်ကြတဲ့ ဒကာ၊ ဒကာမတွေက ငါးပင်ခုနစ်ပင် မဏ္ဍပ်အတွင်းဝယ် လေးဖက်လေးတန်အပြည့် ကိုယ်စီကိုယ်င ဆွမ်းအုပ်ကိုကိုင်ကြလျက် ပဌာန်းဒေသနာတော်ကို ပူဇော်သောအားဖြင့် သံဃာ့ဂုဏ်ကို အာရုံပြုကာ သူထက်ငါ ဦးကြိုတင်ကာ ရောက်ရှိနေကြရာ. . .

အချိန်ကျက ပဌာနဥပဌာကဒကာများ ခြံရံလျက် ဘုန်းကြီးက သပိတ်ကိုပိုက်၊ ကျောင်းပေါ်က ထွက်လာတယ်ဆိုရင်ပဲ ငါသည် သံဃာ့ကိုယ်စား ဆွမ်းအလှူခံကာ သံဃာအား ဆွမ်းလှူဒါန်းရလိမ့်မည်။

သတိပြုပါ. . . ဒီဆွမ်း၊ ဘောဇဉ်၊ သစ်သီး၊ ခဲဖွယ်အမယ်မယ်တွေဟာ ဘုန်းကြီးပစ္စည်း တစ်ခုမျှမပါ။ ဒါပေမဲ့ ဘုန်းကြီးရင်ထဲ စိတ်အသိက ကုသိုလ်ဟိတ်တွေဗျ။ ဒါတွေကို သိနေတာ. . . သိနေတော့ မိမိရဲ့ ကုသိုလ်သစ်ပင် ရေသောက်မြစ်အားကောင်းရမည်ဟု အဓိဋ္ဌာန်ပြုလျက် ဆွမ်းခံထွက်ခဲ့ပါသည်။

## စိတ်ထားတတ်တော့မြတ်
## စိတ်ထားပုပ်တော့ယုတ်

စိတ်ထားတတ်က ‘စိတ်ကိုပြုပြင် နိဗ္ဗာန်ဝင်’ ဆိုသည့်အတိုင်း နတ်ပြည်ဆိုတဲ့ သုဂတိဘဝ စည်းစိမ်မျှလောက်တော့ မပြောပါနှင့်၊ ဟေတုသတ္တိ၊ အာရမ္မဏသတ္တိအနေအားဖြင့် နိဗ္ဗာန်ဆိုတဲ့ သမ္ပတ္တိချမ်းသာကို ကျေးဇူးပြုနိုင်ပါသည်။

ပါယာသိမြို့စားခမျာ ဂေါတမသာသနာလှူရတာ ဒီလိုအကျိုးပေးတာလားဆိုပြီး မကျေနပ်လို့ မြတ်ဗုဒ္ဓသီတင်းသုံးတဲ့ ကျောင်းတော်သို့ ညအခါလာရောက်ပြီး လျှောက်ထားတယ်။ အရှင်ဘုရားတဲ့၊ အရှင်ဘုရားတို့ကို လှူဒါန်းတဲ့ပစ္စည်းရှင်က တပည့်တော်လေ။ တပည့်တော်ခိုင်းလို့ ဝေယျာဝစ္စလုပ်ရတာက ဥတ္တရလုလင်လေ ဘုရား။ အကျိုးပေးတော့ ဥတ္တရလုလင်မှာ ခမ်းနားကြီးကြယ်စွာ ရွှေဗိမာန်အတွင်း သွားဖြစ်တယ်။ ပစ္စည်းရှင် တပည့်တော် ပါယာသိမှာတော့ သစ်ပင်ကို ဗိမာန်လုပ်၍ နေထိုင်ရပါသည် ဘုရား။

## အရှင်ဘုရားသာသနာလှူဒါန်းမှုဟာ
## ဒီလိုပဲအကျိုးပေးတာလား

ဟော. . . ကိုယ့်အပြု ကိုယ့်အပြော၊ ကိုယ့်မနောကို မစိစစ်ဘဲ မြတ်ဗုဒ္ဓသာသနာအပေါ် အပြစ်ဖို့တယ်။ အေး. . . ဒါ့ကြောင့် ပုထုဇဉ်သူ ငါတို့ရဲ့ လက်တွေက ကိုယ်နဲ့မကောင်းမှုပြုတာ၊ နှုတ်နဲ့မကောင်းမှုပြောတာ၊ စိတ်နဲ့ မကောင်းမှုကြံစည်တာတွေကသာ များခဲ့ပါလိမ့်မယ်။

ဟော. . . အခုဘဝကျတော့ ဘုရားသာသနာတော်နှင့် တွေ့တဲ့ဘဝ ရတနာသုံးတန် ကံ၊ ကံ၏အကျိုးကို ယုံကြည်တဲ့လူဖြစ်လေတော့ ကြည်ကြည်နူးနူး ပန်းရေချမ်း၊ ဆီမီးမှအစ လှူဒါန်းနိုင်ကြတယ်။

ပြောကြစို့. . . ဥတ္တရလုလင်မှာတော့ မိမိပစ္စည်းလို သဘောထား၊ မိမိကိုယ်တိုင် မြတ်စွာဘုရားနှင့် သံဃာအား ကုသိုလ်ဟိတ်သုံးပါးနှင့် ယှဉ်ကာ သာဟတ္ထိကမြောက် လက်တော်ရောက် လှူဒါန်းခဲ့ဟာကြောင့် ၁၂ ယူဇနာရှိသော ရွှေဗိမာန်မှာ ခမ်းနားကြီးကျယ်စွာ စံစားရတယ်။

ဒါယကာ ပါယာသိမှာတော့ ပစ္စည်းရှင်ဖြစ်ပေမဲ့ အလောဘ၊ အဒေါသဟိတ်နှစ်ပါးသာယှဉ်၊ အမောဟဟိတ်ဉာဏ်ပညာနှင့် မဆင်ခြင်၊ မလှူဒါန်းတတ်သည့်အတွက် ဤမျှလောက်ပဲ အကျိုးပေးပါသတဲ့။

ဒါ့ကြောင့်. . . ဘုရားသာသနာနှင့်မဆိုင် မိမိပြုသောအလုပ်၊ ပြောသောစကား မမှန်၍သာ အကျိုးပေးမသန်တာပါ သူတော်ကောင်းတို့။

ဘုန်းကြီးမှာလည်း မိမိပစ္စည်း ဆွမ်းတစ်ဆုပ်မျှ မပါပေမဲ့ ခုနစ်ရက်တိုင်တိုင် ကြီးကျယ်ခမ်းနား မဏ္ဍပ်ကြီးအတွင်း လှည့်လည်ကာ မြတ်စွာဘုရားနှင့် ဘာဏကသံဃာတော် အရှင်မြတ်များ ကိုယ်စိတ်နှစ်ပါး ချမ်းသာစွာ ပဋ္ဌာနပူဇဝုဿဝ ကုသိုလ်ပြုနိုင်ကြပါစေ။ ဆွမ်းဒါနကုသိုလ်ရှင် ဝေးနီးမကွာ ဒကာ၊ ဒကာမတို့လည်း ကိုယ်စိတ်နှစ်ဖြာ ကျမ်းမာချမ်းသာ ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြကာ လိုရာဆန္ဒ ပြည့်စုံကြပါစေဟု အဒေါသ မေတ္တာပွားလျက် သံဃာအား လှူဒါန်းလုပ်ကျွေးခဲ့ပါသည်။

အဲဒီမယ်. . . စဉ်းစားကြည့်စမ်းပါ။ ကုသိုလ်ဟိတ်သုံးပါး ရသောက်မြစ် အကြောင်းတရား အားကောင်းမယ်ဆိုရင် ဘုန်းကြီးဖြစ်စေ၊ အားလုံးသော ကုသိုလ်ရှင်တို့မှာဖြစ်စေ ဟေတုပစ္စယ သတ္တိဖြင့် အကျိုးပေးလိုက်ပုံကခင်ဗျားတို့ ဆုတောင်းတာမျှမက သုဂတိဘဝနှင့်တကွ နိဗ္ဗာန် အမတချမ်းသာတိုင်အောင် အကျိုးပေးနိုင်ပါသည်။ ဘာကြောင့်လဲ. . . သေက္ခာဝါ= သေက္ခဟု ဆိုအပ်သော သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ပုဂ္ဂိုလ်တို့သည်လည်းကောင်း၊ ပုထုဇ္ဇနာဝါ = သူငါကစ ပုထုဇဉ်ပုဂ္ဂိုလ်သတ္တဝါတို့သည်လည်း

ကောင်း၊ ကုသလံ = မိမိတို့ ပြုအပ်သောအကြောင်းကုသိုလ် နာမ်တရားကို အနိစ္စတော အနိစ္စက္ကတိ = မမြဲတဲ့တရားဟူ၍လည်းကောင်း၊ ဒုက္ခတော ဒုက္ခက္ကတိ=ဆင်းရဲတဲ့တရားဟူ၍လည်းကောင်း၊ အနတ္တတောအနတ္တ တော က္ကတိ= အစိုးမရ ကိုယ်မပိုင် မသိမ်းပိုက်နိုင်တဲ့တရားဟူ၍လည်းကောင်း၊ ဝိပဿန္တိ = ဉာဏ်နှင့်မြင်အောင် ဆင်ခြင်ရပါလေကုန်တော့သတည်း။

(သာဓု သာဓု သာဓု)

## အုတ်တစ်ချပ်သဲတစ်ပွင့်ပမာ ပါဝင်ဆောင်ရွက်ပါ

အားလုံးသော. . . သူတော်ကောင်းတို့ ဘာဏက သံဃာအရှင်မြတ်ကြီးတွေဘက်က ကြည့်ရင်လည်းပဲ ခုနစ်ရက်တိုင်တိုင် မိမိ၏ ဂေါစရဂါမ်တပည့် ရပဟန်းသာမဏေ၊ ဒကာ၊ ဒကာမတွေကိုစွန့်ပြီး ဤကျောင်းတော်မှာ သီတင်းသုံးကာ မြတ်ဗုဒ္ဓ၏ အဘိဓမ္မာ ပဋ္ဌာန်းဒေသနာတော်ကြီးကို သရဘညဝတ်ဖြင့် ပစ္စည်းလာဘ်လာဘတစ်ခုကိုသာငဲ့ပြီး ရွတ်ပွားသရဇ္ဈာယ်တော် မူကြသည်မဟုတ်၊ ဤရပ်ဤရွာ ဒကာ၊ ဒကာမတို့နှင့် အဝေးအနီး အသီးသီးသော သူတော်ကောင်းတို့ ကုသိုလ်တရားတိုးပွားကြပါစေဟု ရည်သန်လျက် ဆောင်ရွက်ကြခြင်းက တစ်မျိုး။

တို့တစ်တွေ မြို့စာသင်တိုက်ကြီးတွေမှာ ပရိယတ္တိသာသနာပြုခွင့်မသာသော်လည်း ဤဒေသနာတော်ကြီး မကွယ်မပျောက်ရအောင် အုတ်တစ်ချပ်သဲတစ်ပွင့် ပါဝင်သည့်ပမာ ပုဒ်၊ ပါဌ်၊ အက္ခရာပီသစွာဖြင့် စုပေါင်းကာ ရွတ်ဖတ်သရဇ္ဈာယ်ကြမယ်လို့ ကြွရောက်ပူဇော်ကြသည်မှာ ကြည်နူးဝမ်းသာ သာဓုခေါ်စရာ။ အဲဒီလို စိတ်ဓာတ်မြင့်မြတ်စွာ မထားနိုင်ဘူးဆိုရင်တော့ ဘာဖြစ်တုံး . . .

အကုသလော ဓမ္မော အကုသလဿ ဓမ္မဿ
ဟေတုပစ္စယေန ပစ္စယော။
အကုသလာ ဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံ
ဟေတုပစ္စယေန ပစ္စယော။

ဟု ဘာဏကသံဃာတော် အရှင်မြတ်တို့ ရွတ်ပွားပူဇော်သံကို ကြားကြပါလိမ့်မည်။ အာရုံပြုကြည့်စမ်းပါ. . .

အကုသလော = အပြစ်နှင့်တကွ မကောင်းသောအကျိုးကို ပေးတတ်သော၊ ဓမ္မော = တရားတစ်မျိုးသည်၊ အကုသလဿ=အပြစ်နှင့်တကွ မကောင်းသောအကျိုးကိုပေးတက်သော၊ ဓမ္မဿ = တရားတစ်မျိုးအား၊ ဟေတုပစ္စယေန= ဟေတုပစ္စယသတ္တိဖြင့်၊ ပစ္စယောဉပကာရကော= ကျေးဇူးပြုတတ်သည်။ ဟောတိ = စင်စစ်မသွေ ဖြစ်ပါပေ၏။

## ပြိတ္တာ၊ ငရဲတိရစ္ဆာန်နယ်ထဲသို့ ဆွဲသောတရားများ

အကုသိုလ်တရားတစ်မျိုးက အကုသိုလ်တစ်ရားတမျိုးအား ဟေတုသတ္တိဖြင့် ကျေးဇူးပြု၏ဟုဆိုရာဝယ် လိုချင်တာကိုသာသိတဲ့ လောဘ၊ ရိုင်းချင်တိုင်းရိုင်း၊ စိုင်းချင်တိုင်းစိုင်း ကြမ်းတမ်းပြစ်မှားရမှာ တစ်ခုကိုသာသိသော ဒေါသ၊ ရုပ်နာမ်ခန္ဓာကို မြင်ဖို့ဆိုတာက ဝေလာဝေး ကုသိုလ်ရေးမျှကိုပင် မသိနိုင်တဲ့မောဟ ဤအကုသိုလ်ဟိတ်သုံးပါး ရေသောက်မြစ်အားကောင်းက. . .

သမ္ပယုတ္တကာနံ = ယှဉ်ဖော်ယှဉ်ဖက်ဖြစ်ကုန်သော ခန္ဓာနံ= အကုသိုလ်စိတ်(၁၂)ပါး မောဟမူဒွေး၌ရှိသော၊ မောဟကြဉ်သော စေတသိက် (၂၇)ပါးယှဉ်ဘက် တရားတို့အား ဟေတုပစ္စယေန = ဟေတုပစ္စယသတ္တိဖြင့် ပစ္စယောဉပကာရကော= ကျေးဇူးပြုတတ်သည် ဟောတိ= စင်စစ်မသွေ ဖြစ်ပါပေ၏။

ဘယ်လိုဖြစ်တာတုံး ဘုရားဆိုတော့မှ. . . လောဘေနဟိ သတ္တာ ယေဘုယျေန ပေတ္တိဝိသယေ ဥပပ္ပဇ္ဇန္တိဟု မြတ်ဗုဒ္ဓညွှန်ပြသည့် အားလျော်စွာ လောဘရေသောက်မြစ်ကြောင့် အကျိုးလောဘမှုအား ကျေးဇူးပြုရာ ယင်း အကုသိုလ်က ပြိတ္တာဘုံသို့ရောက်အောင် (ပို့ဆောင်)ကျေးဇူးပြုပါသည်။

အေး. . . ပြောကြစို့ သေသည်၏အခြားမဲ့၌ ဂတိငါးပါးတို့တွင် အောက်တန်းအကျဆုံး ပြိတ္တာဘုံ၊ ပြိတ္တာဘဝ ဆွဲချသွားပါသည်။

ဒေါသေနဟိ သတ္တာ ယေဘုယျေန၊ နိရယယောနိယံ ဥပပ္ပဇ္ဇန္တိ။ ဒေါသ ရေသောက်ဖြစ်အကြောင်း အားကောင်းက၊ (ကိုယ်နှင့် ကြမ်းပြလိုက်မည်၊ နှုတ်နှင့် ရမ်းပြလိုက်မည်ဆိုက) ချမ်းသာကင်းရာ ငရဲဘုံ ငရဲဘဝ၊ သေသည်၏ အခြားမဲ့၌ ဆွဲချသွားပါလိမ့်မည်။

မောဟေနဟိ သတ္တာ ယေဘုယျေန တိရစ္ဆာန်ယောနိယံ ဥပပ္ပဇ္ဇန္တိ။ အားလုံးသော သူတော်ကောင်းတို့ မျက်စိနှင့်မြင်နေကြရတဲ့ ခွေး၊ ဝက် အစရှိသော တိရစ္ဆာန်တို့ကို ကြည့်ပါ ဘယ်လိုသွားကြသလဲ။ အားလုံးမြင်တဲ့ အတိုင်း သွားကြတာပေါ့။ အထက်ကိုမမျှော်၊ အောက်ကိုသာရော်ရမ်းပြီး သေ သည်၏ အခြားမဲ့၌ တိရစ္ဆာန်ဘုံဘဝ ဆွဲချသွားပါတော့သည်။

ဘုန်းကြီးတို့ကလေ . . . မြတ်ဗုဒ္ဓအဆုံးအမ တရားတော်အတိုင်း စာသိပေါ့လေ။ အတိအကျသိနေကြတဲ့အခါ တစ်သံသရာလုံး မိမိလက်နှင့် မကောင်းတာသာ အပြုများလိမ့်မည်၊ မိမိနှုတ်နှင့် မကောင်းတာသာ အပြော များလိမ့်မည်၊ အခုဘဝမှာ ရတနာသုံးပါး၊ မိဘဆရာသမား ဂုဏ်ကျေးဇူး ကြောင့် အပါယ်လေးဝ ဒုဂ္ဂတိဘဝသို့ ရောက်စေတတ်တဲ့ အကုသိုလ်ဟိတ် သုံးပါး ရေသောက်မြစ်အား ဘယ်နည်းနှင့်မျှ အားအကောင်းမခံနိုင်။

## မြတ်ဗုဒ္ဓ၏ မဟာကရုဏာတော်

ဒါ့ကြောင့်. . . အာရမ္မဏပစ္စည်းနှင့် ဆက်လက်ကာ ဆင်ခြင်ကြည့်ရအောင် အာရုံပြုစမ်းပါ့. . .

သေက္ခာဝါ ပုထုဇ္ဇနာဝါ အကုသလံ အနိစ္စတော
ဒုက္ခတော အနတ္တတော ဝိပဿန္တိဟု မြတ်ဗုဒ္ဓက. . .

ဝေနေယျသတ္တဝါတို့အား အပါယ်လေးဝ ဒုဂ္ဂတိဘဝမှ လွတ်ပါစေဟု မဟာကရုဏာ မေတ္တာတော်ဖြင့် တစ်ကြိမ်တစ်ခါ မလိမ်မာ၍ အကုသိုလ်ပြုမိငြားသော်လည်း ဂရုကံ(ကြီးလေးသောအပြစ်)မဟုတ်က မိမိပြုမိသော အကုသိုလ်ကိုပင်လျှင် အမောဟပညာ အသိအလိမ္မာဖြင့် ပြောလို့သာပြောရဒါကလည်း မိဘဆရာသမား သပ္ပုရိသ ပနိဿယ အမှီရမှု၊ မိဘဆရာသမား ခပ်ညံ့ညံ့နှင့် တွေ့ကြုံရက ဘာမျှမသိနိုင်၊ အားလုံးသော ရပ်ဝေးရပ်နီး အသီးသီးမှ ပဋ္ဌာန်းကုသိုလ်ရှင် ဒကာ၊ ဒကာမတို့မှာတော့ သပ္ပုရိသပနိဿယ တွေ့ကြုံကြပြီး ဖြစ်သည့်အားလျော်စွာ. . .

အကုသလံ = မိမိတို့သန္တာန်မှာ တစ်ကြိမ်တစ်ခါမလိမ်မာ၍ ဖြစ်ပေါ်လာသော အကုသိုလ်တရားကို အနိစ္စတော အနိစ္စတောက္ကတိ=မမြဲတဲ့တရား၊ ဒုက္ခတောဒုက္ခက္ကတိ = ဆင်းရဲတဲ့တရား အနတ္တတော အနတ္တက္ကတိ= အစိုးမရသော နာမ်တရားပါကလားဟု ဝိပဿန္တိ= အဲဒီလို ဉာဏ်နှင့်ကြည့်ကာ အကုသိုလ်အကြောင်းတရားက ကုသိုလ်အကျိုးတရားအား ပေတုသတ္တိ၊ အာရမ္မဏသတ္တိ ပဋ္ဌာန်းပစ္စည်း ကြောင်းကျိုးဆက်နည်းအားလျော်စွာ ကျေးဇူးပြုကာ သုဂတိဘဝနှင့် နိဗ္ဗာန်ချမ်းသာတိုင်အောင် ရနိုင်ပါသည် သူတော်ကောင်းတို့။

ဇကယ်၍များ မိဘဆရာသမား ခပ်ညံ့ညံ့နှင့်များ တွေ့ခဲ့မယ်ဆိုရင် လောဘနှင့် မြှောက်ပေးချင် မြှောက်ပေးလိမ့်မယ်။ ဒေါသနှင့် မြှောက်

ပေးချင် မြှောက်ပေးလိမ့်မယ်။ မောဟနှင့် မြှောက်ပေးချင် မြှောက်ပေးလိမ့်မယ်။ ဒါက လောကတွေ့ကြုံတတ်တဲ့ သဘာဝပေါ့လေ။

## စိတ်ကိုပြုပြင် နိဗ္ဗာန်ဝင်

ပဋ္ဌာန်းတရားတော်ကို သဒ္ဓါနားဖြင့် နာယူကြပြား သူတော်ကောင်းတို့ အကုသလောကုသလသာ ပဋ္ဌာန်းဒေသနာတော် နာယူရင်းဖြင့် အသိဉာဏ်ယှဉ်ကာ ကြည့်မည်ဆိုက မိမိသန္တာန်မှာ အကုသိုလ်ဖြစ်နေပေမဲ့လို့ မိမိစိတ်ကိုပြုပြင်ကာ ကုသိုလ်စိတ်ရောက်အောင် ဆင်ခြင်နိုင်က နိဗ္ဗာန်အမတ ချမ်းသာတိုင်အောင် ရနိုင်ပါတကားဟု ဆင်ခြင်ကြလျက်။ ဒါ့ကြောင့် . . . ပဋ္ဌာန်းပူဇော်ပွဲ အားခဲကာ ဆောင်ရွက်ကြခြင်းဟာ <u>အရတော်စွာ</u> မိမိတို့ဘဝဟု ဝမ်းမြောက်ကြပါ သူတော်ကောင်းတို့။

ဘုန်းကြီးကလည်း ဘာဏကသံဃာတော် အရှင်မြတ်တို့ တစ်နာရီမျှ အပန်းဖြေခွင့်ရ၊ ပဋ္ဌာန်းတရားနာကြားကြသူ လူ၊ နတ်၊ ဗြဟ္မာ သူတော်ကောင်းတို့ အဘိဓမ္မာသဘာဝ သိရှိကြပါစေဟု အာရုံပြုကာ မာဂဓဘာသာနှင့်တစ်မျိုး၊ မိခင်ဘာသာ မြန်မာဝေါဟာရတစ်သွယ် တစ်နာရီစာမျှ ဟောကြားလိုက်ပါသည်၊ သူတော်ကောင်းတို့။

(သာဓု သာဓု သာဓု)

နမောတဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ

## ၂။ အာရမ္မဏပစ္စည်းဒေသနာတော်

### တိုက်တွန်းစကားစိတ်မှာထား

ပဋ္ဌာန်းဒေသနာတော်ကြီးကို နာယူမှတ်သား အားလုံးသော ဓမ္မမာမက လူရော၊ နတ်ပါ သူတော်ကောင်းအပေါင်းတို့။ ဤတန့်ကြည့်တောင်နယ်မြေ ဆိက္ခဝရွာဦးကျောင်းတိုက်အပေါ်၌ ၁၄ နှစ်၊ ၁၄ ကြိမ်မြောက်ကျင်းပရာ ပဋ္ဌာန်းပူဇော်ပွဲဝယ် နှစ်ရက်မြောက်၌ ဘာဏကသံဃာတော်အရှင်မြတ်တို့သည် မာဂဓဘာသာ အနေအားဖြင့် အသံမစဲ သရဘညဝတ်ဖြင့် ရွတ်ဖတ်သရဇ္ဈာယ် ပူဇော်ပြီးသည်နောက် အားလုံးသော သူတော်စင်အပေါင်းတို့အား မြန်မာဝေါဟာရ၊ မြန်မာစကားဖြင့် နာယူမှတ်သား ဆင်ခြင်ပွားများနိုင်ရန် ရည်သန်ပြီး ဟောကြားအပ်သည့် ပဋ္ဌာန်းဒေသနာတော်ကို ကိုယ်စီကိုယ်င သဒ္ဓါနားဖြင့် ထောင်နားစိုက်ကာ နာယူကြပါကုန်လော့။

### အာရမ္မဏပစ္စည်းဆက်စပ်နည်း

ယမန်နေ့ညက ဟေတုပစ္စည်း အရင်းတည်လျက် အာရမ္မဏပစ္စည်း အာရုံအာရမ္မဏိက ဆက်စပ်ကာ ဟောကြားခဲ့သလို၊ ယနေ့ည အာရမ္မဏပစ္စည်းကို အခြေခံအရင်းတည်လျက် ဘုန်းကြီးတို့ ဟောကြားနာယူကြရအောင်။

ကုသလောဓမ္မော ကုသလဿ ဓမ္မဿ အာရမ္မဏပစ္စယေနပစ္စယော။ ဒါနံဒတွာ သီလံသမာဒိယိတွာ ဥပေါသထကမ္မံကတွာ တံပစ္စဝေက္ခတိ။ ပုဗ္ဗေသုစိဏ္ဏာနိ ပစ္စဝေက္ခတိ။ ဈာနာဝုဋ္ဌဟိတွာ ဈာနံ ပစ္စဝေက္ခတိ။

သေက္ခာ ဂေါတြဘုံ ပစ္စယေန ပစ္စယော။ ဝေါဒါန် ပစ္စယေန ပစ္စယော။ သေက္ခာ မဂ္ဂါဝုဋ္ဌာနံ ဟိတ္ထာ မဂ္ဂ ပစ္စယေန ပစ္စယော။ သေက္ခာဝါ ပုထုဇ္ဇနာဝါ ကုသလံ အနိစ္စတော၊ ဒုက္ခတော အနတ္တတော ဝိပဿန္တိ။ စေတောပရိယဉာဏေန ကုသလ စိတ္တသမင်္ဂိဿ စိတ္တံဇာနန္တိ။ အာကာသာနဉ္စာယတနကုသလံ ဝိညာဏဉ္စာယတ နကုသလဿ အာရမ္မဏပစ္စယေန၊ ပစ္စယော။ အာကိဉ္စညာယတနကုသလံ နေဝသညာ နာသညာယတန ကုကုသလဿ အာရမ္မဏပစ္စယေနပစ္စယော။

ကုသလာခန္ဓာ ဣဒ္ဓိဝိဓဉာဏဿ စေတောပရိယဉာဏဿ ပုဗ္ဗေနိ ဝါသာ နုဿတိဉာဏဿ ယထာကမ္မူပဂဉာဏဿ အနာဂတံသဉာဏဿ အာရမ္မဏပစ္စယေနပစ္စယောလို့. . . ဘာဏကသံယာတော်များ ရွတ်ဖတ်ပူ ဇော်ကြကာ နာယူခဲ့ကြရမှာပါ။

ဤဒေသနာတော်ကို သဒ္ဓါနားဖြင့် ထောင်နားစိုက်ကာ နာယူလျက် ရှိကြကုန် သော၊ ဝေးနီးများစွာ အားလုံးသော သူတော်ကောင်းတို့။ နာယူမှတ်သား လွယ်ကူစေရန်ရည်သန်ပြီး မြန်မာဘာသာ ပြန်ကြည့်တဲ့အခါ. . .

ကုသလော = အနဝဇ္ဇသုခဝိပါကော။ အပြစ်မရှိ ကောင်းသော အကျိုးကို ပေးတတ်သော ဓမ္မော နိဿတ္တနိဇ္ဇီဝသဘာဝေါ=သတ္တဝါလည်း မဟုတ်၊ အသက်ဇီဝလည်းမဟုတ်၊ လိပ်ပြာကောင် အတ္တလည်းမဟုတ်သော သဘောတရားတစ်မျိုးသည် ကုသလဿ အနဝဇ္ဇသုခဝိပါက လက္ခဏဿ= အပြစ်မရှိကောင်းသောအကျိုးကို ပေးခြင်းလက္ခဏာရှိသော ဓမ္မဿ-နိဿတ္တ နိဇ္ဇီဝ သဘာဝဿ = သတ္တလည်းမဟုတ်၊ ဇီဝလည်းမဟုတ်သော ကုသိုလ်တရား တစ်မျိုးအား အာရမ္မဏပစ္စယေန = အကြောင်းကအာရုံ၊ အကျိုးက အာ ရမ္မဏိက၊ အကြောင်းအကျိုးဆက်ကာ ကျေးဇူးပြုသည့်အနေအားဖြင့် ပစ္စယော ဥပကာရကော = ကျေးဇူးပြုတတ်သည်၊ ဟောတိ = အမှန်ပင် ဖြစ်ပါပေ တော့၏။

## ဒါနရန့်သင်းပျံ့စေချင်

ဒါနံဒေယျဓမ္မံ = မိမိတို့လှူအပ်သော စေတနာဒါန၊ ဝတ္ထုဒါနဟု ဆိုအပ်သော ဒါနကောင်းမှုကို ဒတွာ = 'သံဃဿဒေမ သံဃဿဒေမ' ဟူ၍ လှူဒါန်းပြီးသည့်နောက်ဝယ်၊ တံ = ထို မိမိပြုတဲ့ စေတနာဒါန၊ ဝတ္ထုဒါနကို ပစ္စဝေက္ခတိ=အရတော်စွ ဒို့ဘဝဟု (ဘုရားသာသနာနှင့် တွေ့ကြုံသည့်ဘဝ၊ ကိုယ်ကိုယ်တိုင်က အသိဉာဏ်နှင့်ပြည့်စုံကာ သဒ္ဓါ၊ ကံ၊ နှစ်ပုံယုံကြည်စွာ မိဘ၊ ဆရာသမား၊ ရဟန်းသူတော်ကောင်းတို့နှင့် တွေ့ဆုံရတဲ့ သပ္ပုရိသူပနိဿယ ဤအကြောင်းတို့ကိုမှီပြီး ဒါနတည်းဟူသော စေတနာဒါန ဝတ္ထုဒါနကို ပေးလှူရပါပေစွတကားဟု)ဆင်ခြင်၏။

အဲဒီတော့. . . ဗုဒ္ဓမြတ်စွာ၏ အနန္တနယသမန္တ ပဋ္ဌာန်းကျမ်းမြတ်ကို ၁၄ နှစ်၊ ၁၄ ကြိမ်မြောက် ဝမ်းမြောက်ကြည်သာ စုပေါင်းညီညာ ပူဇော် ကြမယ်ဟဲ့ဟု ဖြစ်ပေါ်လာသောစေတနာ၊ ပဋ္ဌာန်းပွဲဖြစ်ချင်တဲ့စေတနာကို အကြောင်းခံပြီး မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်နှင့်တကွ ဘာဇက သံဃာတော် အရှင်မြတ်တို့အား ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာ အဖြာဖြာတို့ဖြင့် ကိုယ်စီကိုယ်င လှူဒါန်းခြင်းဟု ဆိုအပ်သော ဝတ္ထုဒါန အာရုံ အကြောင်းတရားက ဆင်ခြင်တဲ့ အာရမ္မဏိက ကုသိုလ်အကျိုးတရားအား အာရုံအာရမ္မဏိက အနေအားဖြင့် ကျေးဇူးပြုနေပါသည်။

## သီလရန့် သင်းပျံ့စေချင်

သီလံ= ထိုပဋ္ဌာန်းပူဇော်ပွဲကို အကြောင်းပြုလျက် မိမိတို့ အသီးသီး ဆောက်တည်အပ်သော သီလတရားကို သမာဒိယိတွာ = ကိုယ်စီကိုယ်င ဆောက်တည်ကြပြီး၍ တံ = ထို မိမိတို့ ဆောက်တည်အပ်သော သီလကို ပစ္စဝေက္ခတိ = အရတော်စွ မိမိရဲ့ကိုယ်ကျင့်တရားပဲဟူ၍ ပြန်လှန်ဆင်ခြင်

အောက်မေ့၏။

အဲဒီလို. . . အောက်မေ့တဲ့အခါ ဆောက်တည်တဲ့ သီလက ဆင်ခြင်တဲ့၊ ကိုယ်စိတ်လို့ခေါ်တဲ့ အာရမ္မဏိက ကုသိုလ်တရားအား အာရုံအာရမ္မဏိက အနေအားဖြင့် ကျေးဇူးပြုနေပါသည်။ ကျေးဇူးပြုတယ်ဆိုတာ. . . ပါဏာတိပါတာ ဝေရမဏီ စသည်ဖြင့် မိမိတို့ ဆောက်တည်လိုက်တဲ့ သီလ၊ အဲဒီသီလသည် အပြစ်ကင်းတယ်။ အပြစ်ကင်းလို့ ကောင်းသောအလုပ်ဖြစ်တယ်။ ကောင်းသောအလုပ်မိုလို့ ကုသိုလ်လို့ခေါ်တယ်။ အဲဒီကုသိုလ်အကြောင်းတရားက ငါ့မှာ ကိုယ်ကျင့်တရားရှိနေပါလားလို့ ပြန်လှန်စဉ်းစားလိုက်တဲ့အခါ စဉ်းစားလို့ပေါ်လာတဲ့ အသိဉာဏ်ကလည်း ကုသိုလ်။ အဲဒီလိုအကြောင်းနဲ့ အကျိုးအာရုံ အာရမ္မဏိကအနေအားဖြင့် ဆက်စပ်တဲ့သဘာဝကို ပြောကြစို့. . .။ သောတာပန် အရိယာသူတော်ကောင်းတို့ ငါးပါးသီလ အမြဲထာဝရထိန်းသလို၊ ငါလည်း ဒီငါးပါးသီလ ထိန်းနိုင်ပါတကားလို့ သောတာပန်အလား စိတ်ဓာတ်ကိုမြှင့်ထားက အာရမ္မဏပစ္စည်းနှင့် ကျေးဇူးပြုတယ်လို့ခေါ်ဆိုရပါသည်။

ဒါတင်လားဘုရား ဆိုတော့မှ. . . ဥပေါသထကမ္မံ = လပြည့်၊ လကွယ်၊ ရှစ်ရက်သီတင်း ကိုယ်စီကိုယ်င ဆောက်တည်ခြင်းဟု ဆိုအပ်သော ဥပုသ်ကိုယ်ကျင့်တရားကို ကတွာ = စောင့်ထိန်းခြင်းကိုပြုပြီး၍ ယနေ့ လပြည့်နေ့၊ ယနေ့ လဆန်း(၈)ရက်နေ့ စသည်ဖြင့် လပြည့်လကွယ်၊ (၈)ရက်သီတင်း စောင့်သုံးရာ၊ ကာလဝယ် တံ = ထို မိမိတို့စောင့်သုံးတဲ့ ဥပုသ်သီလဟု ဆိုအပ်သော ကိုယ်ကျင့်တရားကို ပစ္စဝေက္ခတိ= ငါ ရှစ်ပါးသီလ ရပေါ့လို့ စဉ်းစားလိုက်တိုင်း၊ စဉ်းစားလိုက်တိုင်း အကျိုးအာရမ္မဏိက အနေအားဖြင့် ကုသိုလ်တွေ တိုးပွားလာပါသည်။

## တန်ဖိုးသိတဲ့ဘဝ

ပုဗ္ဗေသုစိဏ္ဏာနိ ပစ္စဝေက္ခတိ။ ဆိုတဲ့ ဒေသနာတော်ကို ဟောကြားသည်နှင့် တစ်ပြိုင်နက် အားလုံးသော ဗုဒ္ဓဘာသာကြည်ညိုကြတဲ့ ရဟန်းရှင်လူ သူသူငါငါ ပုဂ္ဂိုလ်ပေါ့လေ။ မိမိတို့မှာ ဝမ်းမြောက်စရာကောင်းတာက ပုဗ္ဗေးဟိုဘက်ရက်၊ ဟိုဘက်လ၊ ဟိုဘက်နှစ်များစွာတုန်းက ဘယ်တိုင်အောင်တုံးဘုရားဆိုတော့ ဘဝများစွာ သံသရာတုန်းက သုစိဏ္ဏာနိ = လေ့ကျက်အပ်ကုန်သော၊ ကောင်းစွာပြုခဲ့ကုန်သော ဒါန၊ သီလ၊ ဥပေါသထကမ္မလို့ခေါ်တဲ့ ကိုယ်လုပ်တဲ့ ကုသိုလ်တွေကို ပစ္စဝေက္ခတိ=ခုမှမဟုတ်ဘူး. . . တို့ ရှေးတုန်းကလည်း ဒါနပြုတယ်၊ သီလ ဆောက်တည်တယ်။ အခါအခွင့်သင့်ရင်သင့်သလို၊ ဥပုသ်သီတင်း စောင့်သုံးခဲ့တယ်။ ဩော်. . . ငါ့ဘဝ အရတော်စွလို့ အဲဒီလိုစဉ်းစားတိုင်း ပေါ်ပေါ်လာတဲ့ စိတ်အစဉ်လို့ခေါ်တဲ့ ကုသိုလ်တရား၊ ဆင်ခြင်တယ်။ အဲဒီလို ဆင်ခြင်တဲ့အခါ အာရုံ အာရမ္မဏိက အနေအားဖြင့် အာရမ္မဏပစ္စည်းက ကျေးဇူးပြုနေပါသည်။

အနာဂါမ်အရိယာများ ရှစ်ပါးသီလမြဲသလို၊ ငါလည်း ယနေ့ဖြင့် အင်္ဂါရှစ်ဖြာ ပြည့်စုံစွာနှင့် သီလထိန်းနိုင်ပါတကားလို့ အနာဂါမ် အရိယာပမာ စိတ်ဓာတ်ကို မြှင့်ထားရတယ်။ အရှင်ဘုရားပြောသလို၊ စေတနာဒါန၊ ဝတ္ထုဒါန၊ အပြစ်ကင်းတဲ့သီလ၊ အပြစ်ကင်းတဲ့ဥပုသ်လို့ခေါ်တဲ့ ကုသိုလ်တရားတွေက ဆင်ခြင်တဲ့အခါ ရင်ထဲမယ်ပေါ်လာတဲ့ ကုသိုလ်ဆိုတာ ဘယ်လိုများပေါ်တုံးဘုရားလို့ သူတော်ကောင်းတို့ စဉ်းစားကြည့်တဲ့အခါ. . . ။

## မဟာကပ္ပိနမထေရ်ဟာ သက်သေပါ

ဘုန်းကြီးတို့ မြတ်ဗုဒ္ဓလက်ထက်တော်က မဟာကပ္ပိနမထေရ်ဟာ သက်သေပါ။ တိုင်းပြည်အုပ်ချုပ် မင်းလုပ်နေတဲ့ မဟာကပ္ပိနမင်း၊ ထိုမဟာ

ကပ္ပိနမင်းကြီး ဗုဒ္ဓမြတ်စွာနှင့် တွေ့သည်နှင့်တစ်ပြိုင်နက် ဘုရားသခင် ကိုယ်တော်မြတ်က ဘိက္ခု = ချစ်သားဧဟိ = လာလော့။ ဒုက္ခဿ = ဝဋ်ဆင်းရဲ၏။ အန္တကိရိယာယ=အဆုံးကိုပြုခြင်းငှာ ဗြဟ္မစရိယံ=မြတ်သောအကျင့်ကို စရ. စရာဟိ = ချစ်သားကျင့်လှည့်ပါကွယ်လို့ . . . မြတ်ဗုဒ္ဓက ညာလက်တော် ဆန့်တန်း ခေါ်လိုက်သည်နှင့် တစ်ပြိုင်နက် ပရိက္ခရာရှစ်ပါး ဆင်မြန်းပြီးသား၊ ဝါတော်(၆၀)ရပြီး မထေရ်ကြီးအလား ရဟန်းဘဝနဲ့ မြတ်စွာဘုရားထံပါးမှာ ချဉ်းကပ်လို့ ဗုဒ္ဓမြတ်စွာရဲ့ အဆုံးအမတရားတော်ကိုမှီပြီး ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ ပယ်ခွာပြီး သောတာပန်အရိယာဖြစ်တယ်။

တစ်ခါ ဘုံသုံးပါးမှာ ဖြစ်ပျက်နေတဲ့ ရုပ်၊ နာမ်၊ သင်္ခါရတရားတွေကို လက္ခဏာယဉ် သုံးချက်တင်ပြီး ဆင်ခြင်လိုက်တယ်ဆိုရင်ပဲ သကဒါဂါမ်၊ တစ်ဖန် ဆင်ခြင်ပြန်တော့ အနာဂါမ်၊ နောက်တစ်ဆင့် တရားတော်ကို ဆင်ခြင်ပွားများလိုက်တဲ့အခါကျတော့ အာသဝေါကုန်ခန်း၊ ရဟန္တာဖြစ်တယ်။ ကိလေသာအပူမှန်သမျှ ငြိမ်းပြီလို့ ဆိုလိုတယ်။ အဲဒီလို ရဟန္တာဖြစ်သွားပြီး တစ်နေ့၊ သစ်ပင်ရင်းတစ်ခုကို မှီပြီး မဟာကပ္ပိနမထေရ်လေ. . .

အဟောသုခံ. . . ကိုယ်စိတ်နှစ်ပါး ချမ်းသာလေစွတကား၊
အဟောသုခံ. . . ကိုယ်စိတ်နှစ်ပါး ချမ်းသာလေစွတကား၊
အဟောသုခံ. . . ကိုယ်စိတ်နှစ်ပါး ချမ်းသာလေစွတကား၊

အဲဒီလို နှုတ်တော်ကထွက်ပြီး ဘဝဓမ္မရသ ကျူးရင့်တော်မူတယ်။ မဟာကပ္ပိနမထေရ် စဉ်းစားတာက ဘာလဲဆိုတော့ ငါသည် စန္ဒဘာဂမြစ်၊ အပရစ္ဆာမြစ်၊ နီလဝါဟိနီမြစ်ဟု ဆိုအပ်သော မြစ်သုံးတန်ကိုကူးပြီး ဘုရားဆိုတဲ့ သူတော်ကောင်းကို ဖူးမြော်မယ်။ အဲဒီသူတော်ကောင်းဟောကြားတဲ့ တရားကိုလည်းနာမယ်၊ အဲဒီလို ရည်မှန်းပြီးလာခဲ့တဲ့ အချိန်က စန္ဒဘာဂမြစ် တစ်ဖက်ကမ်း ပညောင်ပင်အောက် မြတ်ဗုဒ္ဓက "ဧဟိဘိက္ခု" ခေါ်လိုက်

သည်နှင့် တစ်ပြိုင်နက် ငါ့ရင်ထဲမှာ အေးပြီး ချမ်းသာခဲ့တယ်။ ဗုဒ္ဓထံတော်ပါး ရဟန်းအဖြစ်နဲ့လည်း ခိုလှုံရတဲ့အခါ ဒိဋ္ဌိနဲ့ဝိစိကိစ္ဆာပယ်ခွာ၊ တကယ့်ချမ်းသာ အစစ် နိဗ္ဗာန်ကိုမြင်လို့ ပို၍ပင် ချမ်းသာသွားတယ်။

ဟော. . . အခုကျတော့ ကိလေသာဟူသမျှ မြူမျှမရှိအောင် မိမိ သန္တာန်မှာ ကင်းစင်သွားသည့်အတွက်ကြောင့် အဟောသုခံ ဩော် . . . ပို၍ ပင် ချမ်းသာလေစွတကားလို့ မိမိပြုတဲ့ကုသိုလ်၊ (အခုကျတော့ ရဟန္တာဘဝ ဆိုတော့ ကြိယာလို့ပြောကြပါစို့။) ဗုဒ္ဓထံက ခံယူလာခဲ့တဲ့ကုသိုလ်တွေ၊ ဘုရားထံရောက်တဲ့အခါ တရားနာယူတဲ့ ကုသိုလ်တွေ၊ ဒိဋ္ဌိနဲ့ဝိစိကိစ္ဆာ ပယ်ခွာ သောတာပန်အရိယာဖြစ်တဲ့အခါ ဆင်ခြင်တဲ့ကုသိုလ်တွေ၊ အရဟတ္တဖိုလ် ရဟန္တာအဖြစ်သို့ မရောက်မီ အရဟတ္တမဂ် လောကုတ္တရာကုသိုလ်ဖြစ်ခဲ့တာ တွေ၊ အဲဒါတွေ ပြန်စဉ်စားတဲ့အခါ ငါ့ဘဝ ချမ်းသာလိုက်တာနော်လို့ စဉ်း စားပြီး ကျူးရင့်တော်မူခြင်း ဖြစ်ပါသည်။

## ပုထုဇဉ်စကား မှားတတ်တယ်

အရဟာမဂ္ဂ ပစ္စဝေက္ခတိ အရဟာဖလံ ပစ္စဝေက္ခတိ

အရဟာနိဗ္ဗာနံ ပစ္စဝေက္ခတိ။ ပဌာန်းဒေသနာတော်က သေချာလွန်း လို့။ အဲဒီအချိန်မှာ ပုထုဇဉ်ရဟန်းတွေက အနားဖြတ်သွား မဟာကပ္ပိန မထေရ် သစ်ပင်မှီပြီးတော့ အဟောသုခံ၊ အဟောသုခံလို့ ရွတ်သံလည်း ကြားလိုက်ရော ဘုရားကို သွားလျှောက်တယ်။

မြတ်စွာဘုရား. . . မဟာကပ္ပိနမထေရ်ဆိုတာက ရှင်ဘုရင်ဘဝ ကလာတာ၊ တကယ့်ထိတ်ထိတ်ကြဲ၊ တိုင်းပြည်အုပ်ချုပ် မင်းလုပ်လာတဲ့ပုဂ္ဂိုလ်၊ အခု သူတော်ကောင်းနယ်မြေ သာသနာ့ဘောင်မှာ ဝင်ရောက်လာပြန်တော့ လည်း သစ်ပင်ကြီးကိုမှီပြီးတော့ မင်းစည်းစိမ်ကိုတွေးကာ "အဟောသုခံ၊

အဟောသုခံလို့”ကျူးရင့်နေတယ်ဘုရားလို့၊ ကြားသွားတဲ့ ပုဂ္ဂိုလ်တွေက ပုထုဇဉ်ရဟန်းတွေ၊ ပုထုဇဉ်ရဟန်းတွေက ဘုရားသွားလျှောက်၊ ပုထုဇဉ်ဆိုတာက အားလုံးသော ပဋ္ဌာန်းဒေသနာတော်ကို နာယူတဲ့ သူတော်ကောင်းတို့ “ပုထုကိလေသေ ဇနေတီတိ ပုထုဇ္ဇနော” ပုထု=များစွာသော ကိလေသေ=လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဣဿာ၊ မစ္ဆရိယ၊ အဟိရိက၊ အနောတ္တပ္ပ၊ ထိန၊ မိဒ္ဓ၊ ဥဒ္ဓစ္စ၊ ကုက္ကုစ္စ၊ ဝိစိကိစ္ဆာလို့ခေါ်တဲ့ အဲဒီအမျိုးမျိုးသော ကိလေသာတရားတို့ကို ဇနေတိ=ကိုယ့်ရင်ထဲ ဖြစ်စေတတ်တယ်။ ဣတိ=ဒါ့ကြောင့် ပုထုဇ္ဇနော = ပုထုဇဉ်လို့ခေါ်တယ်။

အားလုံးနားလည်အောင် ပြောရမယ်ဆိုရင်. . . ပုထုဇဉ်ဆိုတာ လိုချင်တဲ့ လောဘလည်း ဖြစ်တတ်တယ်။ စိတ်ဆိုးတဲ့ဒေါသလည်း ဖြစ်တတ်တယ်။ မသိမလိမ္မာမိုက်မဲတဲ့ မောဟလည်း ဖြစ်တတ်တယ်။ ငါလိုလူ ဇမ္ဗူမှာရှိသေးရဲ့လားဟု မာနလည်း ဖြစ်တတ်တယ်။ သူတစ်ပါးရဲ့ စည်းစိမ်ဘုန်းကံကို ငြူစူတဲ့ ဣဿာလည်း ဖြစ်တတ်တယ်။ ကိုယ့်စည်းစိမ်ကျတော့ နှမြောဝန်တိုစေးနှဲတဲ့ မစ္ဆရိယလည်း ဖြစ်တတ်တယ်။ မကောင်းတဲ့ ကိုယ်နှုတ်အမှုပြုရမှာ၊ ပြောရမှာ မရှက်တတ်တဲ့၊ အဟိရိကတရားလည်း ဖြစ်တတ်တယ်။ ပြုရမှာ၊ ပြောရမှာ မလန့်တတ်၊ မကြောက်တတ်တဲ့ အနောတ္တပ္ပလည်း ဖြစ်တတ်တယ်။ အဲဒီတော့ ပုထုဇဉ်တို့ရဲ့ သဘာဝ ကြားတဲ့အသံလေးကို နားထောင်ပြီးတော့ ဘုရားကိုသွားပြီး ဒီအတိုင်းလျှောက်တယ်။

အလုံးစုံသော တရားတို့ကို သိတော်မူတတ်တဲ့ သဗ္ဗညုဘုရားသခင် ကိုယ်တော်မြတ်ကြီးက ပြုံးတော်မူတယ်။ ဒါပေမဲ့လို့ လျှောက်ထားချက်ရှိတဲ့အခါ ထိုပုထုဇဉ်တို့မှာ ရဟန္တာအရှင်မြတ်ကို ပြစ်မှားတဲ့ အကုသိုလ်ကံ ပြစ်မှားမိသည့်အတွက်ကြောင့် အကုသိုလ် အပြစ်ဘေးမှ ကင်းဝေးစင်ကြယ်ကုသိုလ်နယ်သို့ ဆယ်ယူတော်မူလိုသော မဟာကရုဏာ မေတ္တာတော်ဖြင့်

ချစ်သားတို့. . . မဟာကပ္ပိနမထေရ်ကို ခေါ်ခဲ့ကြကွယ်လို့ဆိုတော့ အခြား ရဟန်းတွေက ဟိုဖက်ဒီဖက် ချိုင်းကြားကနေမပြီး မြတ်စွာဘုရားထံပါး မဟာ ကပ္ပိနမထေရ်ကို ခေါ်လာခဲ့ကြတယ်။

## သူတော်တော် မတော်တော် ကိုယ်ကတော်ပါစေ

ဗုဒ္ဓထံပါးလည်းရောက်ရော ချစ်သား သင်သည် မင်းစည်းစိမ်တွေ ကို ပြန်လှန်စဉ်းစားပြီး ဟို. . . မင်းဘဝတုန်းက၊ ချမ်းသာတွေကိုတွေးကာ “အဟောသုခံ အဟောသုခံ”လို့ ကျူးရင့်နေတယ်လို့ ရဟန်းတော်တွေက လျှောက်တယ်။ ချစ်သား မှန်ရဲ့လားဟဲ့။ အဲဒီတော့ ဘုန်းကြီးက စဉ်းစားတာ ပေါ့လေ. . . ပဋ္ဌာန်းဒေသနာတော်ကို သုတ္တန်ဒေသနာတော်နှင့် ယှဉ်ပြီး စဉ်းစားလိုက်တဲ့အခါ မကောင်းတာပြုတာကို မိမိကမြင်ရင်လည်းပဲ ဩော် . . . ပုထုဇဉ်မို့လို့ ကိလေသာဆိုတာ အပြစ်ပဲဗျ။ စိတ်အပြစ်လည်းပဲ အဲ. . . ဒီစိတ်ကို မှီပြီးတော့မှ စေတသိက်ဆိုတဲ့ ကိလေသာက ဖြစ်ရတယ်။

ဒါ့ကြောင့်. . . စိတ်အပြစ်မကင်းလို့ သူ ပြုရှာတာပဲ အကယ်၍သာ ပုထုဇဉ်မဟုတ်ဘဲနဲ့ အရိယာဆိုရင် သူ့မှာ စိတ်ကလည်းပဲ အပြစ်ကင်း နေတယ်။ ဒီအပြုအမူမျိုး သူ ပြုမိမှာမဟုတ်ပါဘူး။ ဒီအပြောမျိုး သူပြောမိ မှာ မဟုတ်ပါဘူးလို့။ ဟော. . သူတော်ကောင်း သူတော်တော်၊ မတော်တော် ကိုယ်ကတော်တဲ့ သူတော်ကောင်းမျိုးကတော့ အဲဒီလိုပဲ စဉ်းစားတယ်။ အားလုံးသော ပဋ္ဌာန်းဒေသနာတော် နာယူမှတ်သား ဆင်ခြင်စဉ်းစား ပွား များနေကြသော သူတော်ကောင်းအပေါင်းတို့။

## မဖယ်ရှားနိုင်တဲ့ သက်သေ

အဲဒီမှာ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်က မေးတဲ့အခါကျ

တော့ တပည့်တော် အတိတ်၊ မင်းဘ၀၊ မင်းစည်းစိမ်ချမ်းသာကို ပြန်လှန်စဉ်းစား ချမ်းသာလိုက်တာလို့ ပြောမပြော ဘုရားကိုယ်တိုင် အသိပါဘုရား။ ဒါကြောင့်မို့ ခုခေတ်လည်း ပြောကြပါတယ်။ ဟော့ ငါကောင်းတာ ပြုသလား မပြုဘူးလား။ ဘုရားအသိဆုံးဆိုတာ။ အဲဒါ တကယ်မှန်တဲ့ပုဂ္ဂိုလ်က ပြောတဲ့စကား။

## ကြောက်ရရင်လည်း အဂတိလိုက်တတ်တယ်

လောကသူလိုကိုယ်လိုပုထုဇဉ်တို့ တိုင်တည်တဲ့အခါကျတော့ ဆန္ဒာဂတိ၊ ကိုယ်ချစ်ရင် ဆန္ဒာဂတိလိုက်တတ်တယ်၊ ဒေါသာဂတိ ကိုယ်မုန်းရင် ဒေါသာ ဂတိလိုက်တတ်တယ်၊ ဘယာဂတိ၊ ကြောက်ရွံ့ရင်လည်း ဘယာဂတိလိုက်တတ်တယ်။ မောဟာဂတိ၊ ကိုယ်က ဉာဏ်မရှိရင်လည်း မောဟာဂတိနောက်လိုက်တတ်တယ်။ ဒါကြောင့်မို့လို အဂတိတရားလေးပါး ကင်းဝေးတော်မူတဲ့ မြတ်စွာဘုရားကို တိုင်တည်လိုက်တယ်။ ဒီတော့မှ အဂတိတရားလေးပါး၊ ကိလေသာမြူအညစ်အကြေး ကင်းဝေးတော်မူတဲ့ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးက. . .

ဓမ္မပီတိ သုခံသေတိ၊ ဝိပ္ပသန္နေန စေတသာ။

အရိယပ္ပဝေဒိတေ ဓမ္မေ၊ သဒါရမတိ ပဏ္ဍိတော။

ဤကဲ့သို့ ဟောကြားတော်မူလိုက်ပါသည်။ ဘုရား ဒီလိုဟောလို့ ဘာအကျိုးရှိသလဲ။ အဲဒီ မဟာကပ္ပိနမထေရ်ကို အကြောင်းပြုပြီး ဤဒေသနာ ဟောလိုက်သည်နှင့်တစ်ပြိုင်နက် ဗုဒ္ဓရဲ့ထံပါး ရောက်နေကြတဲ့ ရဟန်းတော်များနှင့်တကွ တရားနာယူအားလုံးသော နတ်ဗြဟ္မာအပေါင်းတို့ ကိလေသာအညစ်အကြေးမှ ကင်းဝေးကြတယ်။ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာဖြစ်ကြတယ်လို့ ဆိုလိုတာ။ အရိယာအဖြစ်သို့ ရောက်ကြတယ်။

ဘာ့ကြောင့်ပါလိမ့် အာရုံပြုကြည့်ရအောင်. . .

ဂိပ္ပသန္နေန စေတသာ॰ အထူးသဖြင့် ရင်ထဲကကြည်လင်သော စိတ်ဖြင့် ဓမ္မဂီတိ = တရားတော်ကို ကိုယ်သိရင်လည်းပဲသိသလို၊ ကိုယ်ကြားရင်လည်းပဲ ကြားသလို ဘုရားသခင်ရဲ့ တရားတော်တွေပါကလားလို့ ဆင်ခြင်စဉ်းစားပြီး ရင်ထဲမှာ တလှပ်လှပ်နဲ့ ပီတိတွေဖြာဝေနေတဲ့ပုဂ္ဂိုလ်အား သုခံ॰ ချမ်းချမ်းသာသာ သေတိ = လျောင်း၊ ထိုင်၊ ရပ်၊ သွား လေးပါးသော ဣရိယာပုထ်တို့နှင့် နေနိုင်တယ်။

သူတော်ကောင်း၊ မူလကတည်းကကိုက ဘုရားတရားတော်ကို ကြည်ညိုပြီးသား၊ ဘုရားတရားတော်ဆိုရင် တို့က ကြည်ညိုပြီးသားဆိုတော့ ဘုရားတရားတော်နဲ့ ဆက်စပ်ပြီးတော့ ဖြစ်လိုက်တဲ့အခါ ရင်ထဲမှာ ပီတိငါးဖြာ ဖြစ်ပေါ် နေတဲ့အမျိုးသား၊ ဖြစ်ပေါ်နေတဲ့ အမျိုးသမီးမှာကျတော့ လျောင်းနေရင်လည်းပဲ ချမ်းသာတယ်။ ထိုင်နေရင်လည်း ချမ်းသာတယ်၊ လမ်းလျှောက်နေရင်လည်း ချမ်းသာတယ်။ ဘာလို့ပါလိမ့် . . . ဘုရားရဲ့တရားတော်ကို ကြည်ညိုနေတဲ့အတွက်ကြောင့်တဲ့။

အရိယပ္ပဝေဒိတေ॰ဘုရားအစရှိ သော သူတော်ကောင်းတို့သည် ဟောကြားအပ်သော ဓမ္မေ = မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် နိဗ္ဗာန်ရောက်ကြောင်း သူတော်ကောင်းတရားတို့၌ သဒါ॰ နေ့ရောညဉ့်ပါ ဘယ်အခါမဆို ပဏ္ဍိတော = အမှားအမှန် ခွဲခြမ်းစိတ်ဖြာ သိစွမ်းနိုင်တဲ့ အသိဉာဏ်ရှိတဲ့ပုဂ္ဂိုလ်သည် ရမ္မတိ॰မွေ့လျော် ပျော်ပိုက် နှစ်ခြိုက်စွာ နေရပါတော့သတည်း။

(သာဓု သာဓု သာဓု)

မြတ်စွာဘုရားက ချစ်သားတို့ အထူးသဖြင့် ကြည်လင်သောစိတ်ဖြင့် ငါဘုရားရှင် ကိုယ်တော်မြတ် ဟောကြားထားတဲ့ တရားတော်အပေါ်၌လည်း

ဘယ်တော့မဆို အမှားအမှန် ဝေဖန်ပိုင်းခြား သိစွမ်းနိုင်တဲ့ အသိဉာဏ်ရှိတဲ့ အမျိုးသား၊ အသိဉာဏ်ရှိတဲ့ အမျိုးသမီးမှန်က အမြဲတမ်း သူ့စိတ်အစဉ်ကား မွေ့လျော်ပျော်ပိုက် နှစ်ခြိုက်နေတာပဲတဲ့။ မဟာကပ္ပိန မထေရ်ဟာ ရဟန္တာ သူတော်ကောင်းမို့ ဒီလို ဆင်ခြင်နိုင်တာလို့ ဘုရားဒီလို မဟောဘူးလား။ (ဟောပါတယ်ဘုရား။) အဲဒါ သူတော်ကောင်းတို့ နာယူကြဖို့ မှတ်သားထား။

မြတ်စွာဘုရားဟောပုံကို ဘုန်းကြီးတို့ အာရုံပြုကြည့်လိုက်တဲ့အခါ ချစ်သားတို့. . . အထူးသဖြင့် ကြည်လင်သော စိတ်စေတနာဖြင့် တရားတော် အပေါ်မှာ နှစ်သက်နေတဲ့ ကုသိုလ်ဆိုတာက လျောင်းပြီးနားထောင်နေရင် လည်း သူ့မှာ ချမ်းသာရတာပဲတဲ့။ ထိုင်ပြီးတော့နေရင်လည်းပဲ ချမ်းသာတာပဲ။ ရပ်ပြီးတော့နေရင်လည်းပဲ ချမ်းသာတာပဲ။ အိပ်ပျော်နေစဉ်မှာလည်း ချမ်းသာတာပဲ။ ဘယ်ဣရိယာပုထ်နှင့်နေနေ အဲဒီ အမျိုးသား၊ အမျိုးသမီး ချမ်းသာတာပဲ။ တရားသဖြင့်နေတာကို ပြောတာနော်။

## ထောင်သောင်းမက ဂဏန်းချမရနိုင်တဲ့ အပူမီး

မတရားသဖြင့်နေတဲ့ ပုဂ္ဂိုလ်ကတော့ အစနာမည်ကိုက မတရားမှ မတရားဘဲ။ ဘယ်လိုလုပ်ပြီး ချမ်းသာမလည်း။ ရပ်လည်းပဲ မချမ်းသာဘူး၊ ထိုင်နေလည်း မချမ်းသာဘူး။ လျောင်းနေလည်း ချမ်းသာမှာမဟုတ်ဘူး။ စကြံသွားနေလည်း ချမ်းသာမှာမဟုတ်ဘူး။ အဲဒီ လောဘ၊ ဒေါသ၊ မောဟ မာန၊ ဣဿာ၊ မစ္ဆရိယ စတဲ့ အကုသိုလ်တရားတွေက လွှမ်းနေတော့ ရင်ထဲ မယ် ကိလေသာဆိုတဲ့မီးတွေ၊ ကိလေသာအပူတွေက အပြင်မှာ ဒကာကြီး တွေ၊ ဒကာမကြီးတွေသုံးနေတဲ့ ပကတိမီးထက် အဆအရာ၊ အထောင်၊ အသောင်း၊ အသိန်း၊ အသန်းမကဘူးတဲ့။ ကိလေသာဆိုတဲ့မီးက ဒါ ခင်ဗျားတို့ ကိုယ်တွေ့ပါ။

## ပိုးဖလံမျိုး မီးကိုတိုးသလို

သို့သော်. . . ကိလေသာအပေါ် ကိလေသာဆင့်လာပြီး မီးအပေါ် မီးဆင့်ကာ ပူလွန်းပြန်တော့လည်းပဲ မထူးပါဘူးဆိုပြီး ဇွတ်မှိတ်နေတဲ့ ပုဂ္ဂိုလ် တစ်ခါတစ်ရံ ကိုယ်လိုချင်တဲ့ပစ္စည်း မရဘူးလို့ဆိုရင် ရင်ထဲမယ် ထိုင်မကောင်း၊ ထမကောင်း၊ သွားမကောင်း၊ လာမကောင်း၊ ပူလောင်နေတာပဲ။ ငါနော် မကျေနပ်လိုက်တာဆိုတာ။ အဲဒါ ဒေါသမီးတွေလောင်နေတာ။ ကြည့်စမ်း၊ ငါ့ကို ဘာမှတ်သလဲဆိုရင် မာနမီးတွေက လောင်ပြန်ပြီ။ ကိုယ်လည်း အရည် လည်းမရ၊ အဖတ်လည်းမရ၊ ဘာမှလည်းမစားရဘဲနဲ့ မနာလိုတဲ့ ဣဿာဆိုတဲ့ တရားဖြစ်ပြန်ရင် ရင်ထဲမှာ သူစားနေတာ၊ သူဝတ်နေတာ၊ သူသုံးနေတာကို မှီပြီး ကိုယ့်ရင်မှာ ပြူစူတဲ့မီးတွေ လောင်နေတယ်။

ဟော. . . အဲဒါကြောင့်မို့လို့ ချစ်သားတို့ တရားနဲ့နေတဲ့ ပုဂ္ဂိုလ်ဟာ လျောင်း၊ ထိုင်၊ ရပ်၊ သွား လေးပါးသော ဣရိယာပုထ်တို့မှာ ချမ်းသာတယ် လို့မှတ်။ အဲဒီတော့ မြတ်ဗုဒ္ဓရဲ့ ပဋ္ဌာန်းဒေသနာတော်ကိုမှီပြီး မဟာကပ္ပိန မထေရ်ကို မှန်းပြီး ကြည်ညိုကြည့်စမ်းပါ့။ သြော်. . . ရဟန်းဘဝ ငါရပြီ။ ဘုရားတရားတော်နှင့်နေရတာ ရဟန်းဘဝ အပြစ်ကင်းတယ်။ အဲဒါ ရဟန်း ဘဝရတဲ့ ကုသိုလ်လို့ခေါ်တယ်။

ရဟန်းဘဝကို ပြန်စဉ်းစားပြန်တော့လည်းပဲ ရင်ထဲမှာ ကြည်နူးဝမ်း သာ အပြစ်ကင်းတဲ့ ကုသိုလ်စိတ်တွေဖြစ်တယ်။ ရဟန်းဘဝရတဲ့ ကုသိုလ်က ပြန်စဉ်းစားတဲ့ကုသိုလ်အား အာရုံအာရမ္မဏကက အနေအားဖြင့် မဟာကပ္ပိန မထေရ်ကြီးမှာ အာရမ္မဏသတ္တိ ပဋ္ဌာန်းပစ္စည်း ကြောင်းကျိုးဆက်နည်းအား လျော်စွာ ရဟန္တာမို့လို့(ကြိယာတွေဖြစ်နေသည်။)အတိတ်ကို ပြန်စဉ်းစားတဲ့ အတွက်ကြောင့် ကုသိုလ်တရားတွေ ပွားလို့ပွားလို့သာ လာပါတယ်။

အခု ဒီမှာလည်းကြည့်ပါ. . . အရိယပွဝေဒိတေ= ဘုရားအစရှိသော

သူတော်ကောင်းတို့သည် ဟောကြားအပ်သော ဓမ္မေ= မိမိ မကြားဖူးသော တရား၌ (ဝါ) မိမိကြားဖူးသော်လည်းပဲ ထပ်ပြီးတော့ ကြားရတဲ့တရားတော်၌ သဒါ=နေ့ညဉ့်ဆက်ကာ ဘယ်ခါမဆို ပဏ္ဍိတော= အမှားအမှန် ဝေဖန်ပိုင်းခြား အသိဉာဏ်နှင့်ပြည့်စုံတဲ့ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးသည် ရမတိ= မွေ့လျော်ပျော်ပိုက် အမြဲထာဝရ နှစ်ခြိုက်စွာ နေနိုင်ပါတယ်လို့။ အဲဒီလိုလည်း မြတ်စွာဘုရားဟောလိုက်ရော အားလုံးသောရဟန်းတော်တွေ သံဝေဂရလို့ ဗုဒ္ဓရဲ့တရားတော်ကိုမှီပြီး မိမိတို့ရဲ့ဘဝပါရမီအဆင့်အတန်း အားလျော်စွာ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာဖြစ်ကြပါသည်။

## မှန်ကန်တဲ့ အတွေးအမြင်ရှိပါစေ

ဗုဒ္ဓမြတ်စွာ၏ အနန္တနယသမန္တ ပဋ္ဌာန်းကျမ်းမြတ်ကြီးကို ဘာဏက ဆရာတော် သံဃာတော်အရှင်မြတ်တို့ အသံမပြတ် ရွတ်ပွားတဲ့အခါမှာလည်းပဲ သဒ္ဓါနားဖြင့် ထောင်နားစိုက်ကာ နာယူနေကြတဲ့ လူနတ်ပြဟ္မာ သူတော်ကောင်းတို့ရဲ့ စိတ်ဓာတ်အတွင်းမှာ နှစ်သက်ခြင်းလို့ခေါ်တဲ့ ပီတိတရားတွေ ဖြစ်ပြီး ချမ်းသာခြင်းသုခတရားသာ ပွားများပါတယ်။ ဘယ်တော့မှ ဆင်းရဲ ဒုက္ခမဖြစ်ကောင်းပါ။ စဉ်းစားပါလေ။ ဘာ့ကြောင့်လဲ။ ဘုရားဟောထားတဲ့ ဒေသနာတော် အဲဒီဒေသနာအပေါ်၌ ဘယ်တော့မဆို အမှားအမှန် ဝေဖန် ပိုင်းခြားသိတဲ့ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးမှန်က မွေ့လျော် ပျော်ပိုက် နှစ်ခြိုက်ကြပါတယ်။ ဆောင်ရွက်နိုင်တာ၊ မဆောင်ရွက်နိုင်တာဘဲ ကွာမယ်။ အလွန်မတန် နှစ်ခြိုက်ပါတယ်။ အဲဒီကျတော့မှ ပုထုဇဉ်ဘဝက အမြင်လွဲတဲ့ ရဟန်းတော်တွေ အမြင်မှန်၊ အတွေးမှန်ရောက်လို့ အရိယာစိတ် သန္တာန်နဲ့ ဆင်ခြင်နိုင်ပါတယ်။

ဒါကို ဘုန်းကြီးဘာပြောတုံး။ ပုဗ္ဗေ = ဟိုဘက်ရက်၊ ဟိုဘက်လ၊

ဟိုဘက်နှစ်၊ ဟိုဘက်ဘဝတွေက သုစိဏ္ဏာနိ = ကောင်းစွာ လေ့ကျက်ဖူးကုန်သော ဒါနမှု၊ သီလမှု၊ ဥပေါသထကမ္မအမှုတို့ကို ပေစ္စဝေက္ခတိ = အရတော်မူ ငါ့ဘဝဟု အဲဒီလို ဆင်ခြင်စဉ်းစားတယ်။

ဟိုဘက်ရက်၊ ဟိုဘက်လ၊ ဟိုဘက်နှစ်၊ ဟိုဘက်ဘဝကပြုခဲ့တဲ့ ကုသိုလ်လို့ခေါ်တဲ့ အာရုံတွေက ၁၃၄၇-ခုနှစ်ကစလို့ (အို. . . အဲဒီနှစ်ကဆို ဘုန်းကြီးတို့ မိုးချုပ်ချုပ်ကြွလာ ဤကျောင်းတိုက်အဝမှာ ရေတွေ ဒူးခေါင်းအထိ မိုးကြီးသည်းနေတဲ့အချိန်မှာ ပဌာန်းပွဲကြီးစတင်ပြီးတော့ ကျင်းပလာခဲ့တာ။) ယနေ့ဆို ၁၄ နှစ်မြောက်ခဲ့ပါပြီ။ အဲဒီကုသိုလ်တရားတွေကို ပြန်လှန်စဉ်းစားမိတဲ့ အမျိုးသား၊ အမျိုးသမီးမှာ အခုစဉ်းစားတဲ့ကုသိုလ်အား အာရုံအာရမ္မဏ်က အနေအားဖြင့် ပဌာန်းပစ္စည်းဆက်ကာ ကျေးဇူးပြု ကုသိုလ်ပွား၍နေပါသည်။

## ကြည်နူးဝမ်းသာ ဆင်ခြင်ပါ

ဒါသာလား ဘုရားဆိုတော့. . .

သေက္ခာဝါ ပုထုဇ္ဇနာဝါ ကုသလံ အနိစ္စတော

ဒုက္ခတော အနတ္တတော ဝိပဿန္တိ။ တစ်ဆင့်မြင့်သွား သေက္ခာဝါ =သေက္ခဟုဆိုအပ်သော သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ပုဂ္ဂိုလ်တို့သည်လည်းကောင်း၊ ပုထုဇ္ဇနာဝါ = သူငါကစ ပုထုဇဉ်ပုဂ္ဂိုလ်တို့သည်လည်းကောင်း၊ ကုသလံ = ဒါနကုသိုလ်၊ ကိုယ်ဆောက်တည်တဲ့ သီလကုသိုလ်၊ ကိုယ်ကျင့်သုံးတဲ့ ဥပေါသထ ကမ္မလို့ခေါ်တဲ့ ကုသိုလ်ကို အနိစ္စတော အနိစ္စတ္တတိ = ပြုသူငါက နာမ်ရုပ်၊ တရားပြုတဲ့ကုသိုလ်က နာမ်တရား၊ အဲဒီကုသိုလ်လို့ခေါ်တဲ့ နာမ်တရားဟာ မမြဲခြင်း အနိစ္စပါတကား၊ ဒုက္ခတောဒုက္ခတ္တတိ= ဆင်းရဲခြင်း ဒုက္ခပါတကား၊ အနတ္တတောအနတ္တတ္တတိ= အစိုးမရ၊ ကိုယ်မပိုင် မသိမ်းပိုက်

နိုင်တဲ့၊ မဖြစ်ဘဲလည်းမနေ ဖြစ်ပြန်တော့လည်းပဲ ပျက်ပျက်သွားလို့ အစိုးမရတဲ့ အနတ္တပါတကားလို့ ဆင်ခြင်ပြန်တော့လည်းပဲ ပြုတဲ့ကုသိုလ်က အနိစ္စ ဒုက္ခအနတ္တလို့၊ ဝိပဿနာပွားတဲ့ ကုသိုလ်အား အာရုံအာရမ္မဏိက အနေအားဖြင့် ကျေးဇူးပြုပါသည်။

သတိပြုကြည့်စမ်းပါ. . . ဘုရားသခင်ကိုယ်တော်မြတ်ရဲ့ ပဋ္ဌာန်းဒေသနာတော်ကြီးဟာ ဘုန်းကြီးတို့ အားလုံးသော သူတော်ကောင်းတို့ နေ့စဉ်ပြု၊ နေ့စဉ်ပြော၊ နေ့စဉ်ဆောင်ရွက်တဲ့ လုပ်ငန်းတွေမှာ ဆက်၍ဆက်၍ နေပါသည်။

ကောင်း၊ မကောင်း၊ ကိုယ်ပြုတဲ့သဘော၊ ကိုယ်ပြောတဲ့သဘောသာ ကွာပါလိမ့်မယ်။ ရှေ့တိုး အာရုံပြုကြည့်ရအောင်။ ဘာဏကသံယာတော်တွေ ဘယ်လိုပူဇော်နေပါလိမ့်။ ကုသလောဓမ္မော အကုသလဿ ဓမ္မဿ အာရမ္မဏ ပစ္စယေနပစ္စယော။ ဒါနံဒတွာ သီလံသမာဒိယိတွာ ဥပေါသထ ကမ္မံကတွာ တံအဿာဒေတိ အဘိနန္ဒတိ တံအာရဗ္ဘ ရာဂေါ ဉပ္ပဇ္ဇတိ။ ဒိဋ္ဌိဉပ္ပဇ္ဇတိ ဝိစိကိစ္ဆာ ဉဒ္ဓစ္စံ ဒေါမနဿံ ဉပ္ပဇ္ဇတိ။

ပဋ္ဌာန်းဒေသနာတော် နာယူမှတ်သား ဆင်ခြင်ပွားများနေကြတဲ့ ဝေးနီးမကွာ ဒကာ၊ ဒကာမအပေါင်း သူတော်ကောင်းတို့။ ကုသိုလ်အကြောင်းတရားကိုမှီပြီး ကုသိုလ်အကြောင်းတရားကြောင့် ပုဂ္ဂိုလ်သတ္တဝါသန္တာန်မှာ ယောနိသောမနသိကာရလို့ခေါ်တဲ့ ကိုယ်စိတ်ကို သင့်တင့်အောင်မထားတတ်တဲ့ ပုဂ္ဂိုလ်မှာ အဲဒီကုသိုလ်ကြောင့် အကုသိုလ်လည်း ဖြစ်တတ်တယ်၊ ကျေးဇူးပြုတတ်တယ်တဲ့။

ဘယ်လို ကျေးဇူးပြုတာလဲဘုရား ဆိုတော့မှ ဒါနံဒေယျဓမ္မံ = လှူအပ်သော ဒါနဝတ္ထုကို ဒတွာ=ပေးလှူပြီးနောက် တံ=ထို မိမိပြုသော လှူဒါန်းမှုကို၊ အဿာဒေတိ = ငါမိုလို့ ဒီလိုလှူနိုင်တာ သာယာမယ်။ အဘိနန္ဒတိ = နှစ်သက်

မယ်။ တံ = ထိုသာယာမှု၊ နှစ်သက်မှုကို အာရဗ္ဘ= တစ်ဆင့်ခံ အကြောင်းပြု လျက် ရာဂေါ = လူစည်းစိမ်၊ နတ်စည်းစိမ်၊ လူချမ်းသာ၊ နတ်ချမ်းသာဆိုတဲ့ ဝဋ္ဋနိဿိတ အရပ်စကားနဲ့ပဲ ပြောကြည့်ရအောင်၊အားလုံးနားလည်အောင်။

ပဋ္ဌာန်းဒေသနာတော်ပွဲကြီး ၄၇ ခုနှစ်ကစပြီး ပွဲကြီးကျင်းပလာခဲ့တာ ယနေ့ ၁၄ ကြိမ်တိုင်တိုင် ကျင်းပနိုင်ခဲ့ပြီဘုရား။ အဲဒီလိုကျင်းပတဲ့ အခါမှာလည်းပဲ တစ်လောကလုံးမှာဖြစ်တတ်တဲ့ သဘာဝအားလျော်စွာ လောကမှာ "ရာဇာပမာန်"တဲ့။ မြတ်စွာဘုရားဟောတဲ့အတိုင်း နိုင်ငံတိုင်း၊ နိုင်ငံတိုင်းမှာ မင်းဟာ ပမာနပဲ။ ဟို. . . ဘုန်းကြီးတို့ မီးရထားလမ်းဖောက်ရတုန်းကလည်း နိုင်ငံတော်က ချောင်းတွေ့ရင် တံတားဆောက်၊ တောင်တွေ့ရင် လမ်းဖောက်၊ အနာဂတ် ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဖြစ်ဖို့အတွက် အားလုံးသော ဒကာ၊ ဒကာမတွေတချို့မှာ အိုးပစ်အိမ်ပစ်သွားပြီး လမ်းလုပ်ငန်းတွေ ဆောင်ရွက်ကြရတယ်။ အဲဒီလို အချိန်အခါမျိုးမှာ ပဋ္ဌာန်းဒေသနာတော် ပူဇော်ပွဲကြီးကို မဖျက်ဘဲနဲ့ ကျင်းပနိုင်ခဲ့တယ်။

အဲဒီတော့. . . ဒါနကုသိုလ်တွေ၊ သီလကုသိုလ်တွေကိုမှီပြီး အဿာဒေတိ = တို့မို့ပြုနိုင်တာ အဘိနန္ဒတိ = အဲဒီလို နှစ်သက်မယ်ဆိုရင် တံ= ထိုမိမိပြုတဲ့ကုသိုလ်ကို (လောဘ၊ မာနစသည်ယှဉ်ပြီး) သာယာခြင်း၊ နှစ်သက်ခြင်းကို အာရဗ္ဘ=အကြောင်းပြုပြီးတော့ ရာဂေါ= လောဘတရားသည် ဥပ္ပဇ္ဇတိ= ပုဂ္ဂိုလ်သန္တာန်မှာ ဖြစ်၏၊ အရှင်ဘုရားနှယ်. . . စီးပွားဥစ္စာ ရတနာ လျော့သွားတယ်မရှိ တိုးတက်နေတာပဲ၊ တော်တော်ကျေးဇူးများပါတယ်။ ဟော. . . အဲဒီလောက်လေးကို မြတ်ဗုဒ္ဓဟောတာ မဟုတ်ဘူး။ အဲဒီလို ရာဂဖြစ်တတ်တယ်။ ဗုဒ္ဓမြတ်စွာ၏ တရားဆိုတာက သံသရာဝဋ္ဋဒုက္ခမှ လွတ်အောင် မြတ်စွာဘုရားဦးတည်ဟောတာ။ အဲဒီသံသရာဝဋ္ဋဒုက္ခက လွတ်မြောက်အောင်ပဲ အဓိကထားရမယ်တဲ့။ စည်းစိမ်ဥစ္စာရတနာ ချမ်းသာ

တယ်ဆိုတာ ဒီနောက်ရေပါသလို မလိုချင်ဘဲနေပေမဲ့လို့လည်း သူ့သဘာဝ အားလျော်စွာ ဖြစ်လာမှာ။ အဲဒီသဘာဝကဘာလည်းဗျာလို့ စဉ်းစားရင် "စေတနာဟံဘိက္ခဝေ ကမ္မံဝဒါမိ"တဲ့။ ရှေ့နည်းနည်းလေးကျော်ပြီးတော့ မျှော်ကြည့်ပါလား။

## စေတနာမှန်သော ကံတရား

ကုသလာစေတနာ သမ္ပယုတ္တကာနံ ခန္ဓာနံ ကမ္မပစ္စယေန ပစ္စယော။

ကုသလာစေတနာ စိတ္တသမုဋ္ဌာနာနံရူပါနံ ကမ္မပစ္စယေန ပစ္စယော။

ကုသလာစေတနာ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနံရူပါနံ

ကမ္မပစ္စယေန ပစ္စယောလို့ ကိုယ့်စေတနာကမှန်ရင် ဘယ်တော့မှ မဆင်းရဲဘူး။ ဟော. . . အကျိုးပေးကလည်းသန့်တာပဲ။ စေတနာမသန့်ရင် အကျိုးပေးကလည်း မဟန်တတ်ပါ။ စေတနာမှန်က အကျိုးပေးက ဟန်ပါသည်။ အဲဒါကိုတော့ သေချာစွာမှတ်ထားလိုက်ကြ။ ကိုယ်ကဟန်စေချင်၊ မဟန်စေချင် သူဟာသူ စေတနာမှန်တော့ အကျိုးပေးက ဟန်မှာပဲ။ ကိုယ်က စေတနာမဟန်ဘူးဆိုရင် ဘယ်လောက်ဟန်စေချင်ပေမဲ့ အကျိုးပေးက မှန်မှာ မဟုတ်ဘူးဗျာ့။ ဒါကြောင့်မို့လို့ လောဘဖြစ်တတ်တယ်။ အမြင်လွဲတတ်တယ်။ ဒါလုပ်လို့ ဟော. . . စေတနာနှင့်ဆိုင်တာ ဒါလုပ်တာနဲ့ မဆိုင်ဘူး။ အဲဒီတော့ စဉ်းစားကြည့်စမ်းပါ။ ဒိဋ္ဌိဖြစ်မယ်ဆိုရင် ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ သို့လောသို့လော တွေးတောယုံမှား ဝိစိကိစ္ဆာတရားတွေလည်း ဖြစ်တတ်တယ်။ ဥဒ္ဓစ္စံဥပ္ပဇ္ဇတိစိတ်တွေလည်း ပျံ့လွင့်တတ်တယ်။ အဲဒီလို ငါမိုလို့၊ ငါမိုလို့နဲ့ အတ္တတွေနဲ့ တွဲလာလိုက်တဲ့အခါကျတော့ ရာဂေါဥပ္ပဇ္ဇတိ၊ ဝိစိကိစ္ဆာဥပဇ္ဇတိ၊ ဥဒ္ဓစ္စဥပ္ပဇ္ဇတိ၊ ဒေါမနဿံဥပ္ပဇ္ဇတိ။ အလွယ်ဆုံးစကားနဲ့ပြောရရင် ဒီလိုလျှိုလိုက်ရင် ဒီလိုပေါက်မလားလို့၊ ခုတော့ မပေါက်ဘူးဆိုရင် ဒေါမနဿဖြစ်။ ဘုရားက ဒီလိုမပါခိုင်း


ရှင်မတောင်စာပေ

ဘူးလေ။ ပစ္စဝေက္ခတိ အရတော်စွ ကိုယ့်ဘဝလို့ အဲဒီကုသိုလ်တွေကို ပြန်လှန်စဉ်းစားပါ၊ မသာယာပါနှင့်။ မနှစ်သက်ပါနှင့်။ ဒါကိုမှီပြီးတော့ လောဘမဖြစ်ပါနှင့်။ ဒါကိုမှီပြီးတော့ အမြင်မလွဲပါနှင့်။ ဒါကိုမှီပြီး သို့လောသို့လောတွေးတော ယုံမှားမဖြစ်ပါနှင့်၊ ယုံမှားပြီး စိတ်မပျံ့လွင့်ပါနှင့်။ အမျက်ဒေါသမဖြစ်ပါနှင့်၊ ကုသိုလ်ကိုမှီပြီး အကုသိုလ်လို့ခေါ်တဲ့ အကျိုးတရားလောဘလည်းပါတယ်၊ ဒေါသလည်းပါတယ်၊ မောဟလည်းပါတယ်။

## ထိုင်နေရင်အကောင်းသား ထသွားမှကျိုးမှန်းသိ

လောဘပါသဖြင့် ပြိတ္တာဘုံသွားတော့မယ်။ ထိုင်နေအကောင်းသား ထသွားကျိုးမှန်းသိဆိုတာ ဒါပဲခင်ဗျာ။ ကုသိုလ်ကိုမှီပြီး ငရဲဘုံသွားတော့မယ်။ မောဟကိုမှီပြီး တိရစ္ဆာန်ဘုံသွားတော့မယ်။ အကြောင်းက ဘာလဲဘုရားဆိုတော့ ဒါနပြုတယ်၊ သီလဆောက်တည်တယ်၊ ဥပုသ်သီတင်းစောင့်သုံးတယ်။ စိတ်ထား မထားတတ်တဲ့အတွက်ကြောင့် ဒီဒါနကိုမှီပြီး ဘာဖြစ်ပါစေဆိုပြီး လောဘ၊ ဒီ ဒါနကိုမှီပြီးတော့ ဒီလိုဖြစ်မှာမို့ဆိုပြီး ဒိဋ္ဌိ၊ မိမိတို့တွေးတော ယုံမှားမယ်၊ စိတ်ပျံ့လွင့်မယ်၊ ဒေါသဖြစ်မယ်၊ မောဟဖြစ်မယ်။ အဲဒီ အကုသိုလ်ကိုမှီပြီး ဒုဂ္ဂတိမကောင်းတဲ့ဘဝ ရောက်တတ်တယ်။ မကောင်းတဲ့ဘဝဖြစ်တတ်တယ်။

အေး. . . ဘုရား အစရှိတဲ့ သူတော်ကောင်းတွေ လှူရတာက သူတို့က လှူရမယ်လို့ ဇွတ်လှူခိုင်းတာလည်းမဟုတ်၊ အမိန့်ချတာလည်းမဟုတ် ကိုယ်ရဲ့ရင်ထဲမှာ ဖြစ်ပေါ်နေတဲ့ စေတနာတရားအားလျော်စွာ "သလုံးမြင်းခေါင်းခြေ နှစ်ချောင်းဖြင့် ရှန်းပေါင်းပြီးရတဲ့၊ ဒကာ၊ ဒကာမတို့ လှူအပ်တဲ့ပစ္စည်းနဲ့သာလျှင် တင်းတိမ်တော်မူကြတယ်။

ရှင်မတောင်စာပေ

## နိဗ္ဗာန်ဆော်ရဲ့ ကြွေးကြော်သံ

မြတ်စွာဘုရားအမှူးရှိတဲ့ သံဃာတော်တွေကို အံကြိုနေ့က ဓမ္မဃောသက ဦးတင်ငွေ ကြွေးကြော်သလိုပဲ။ အားလုံးသော ရပ်နီးရပ်ဝေး အသီးသီးနှင့်တကွ ကျွန်တော်တို့ ဆိက္ခဝရွာ တစ်ရွာလုံးရှိ အားလုံးသော ဗုဒ္ဓသာသနာတော်ကို ကြည်ညိုကြတဲ့ ပဋ္ဌာန်းဒကာ၊ ဒကာမအပေါင်း သူတော်ကောင်းတို့ မနက်ဖြန်နံနက် အရှင်မြတ်လှည့်လည်ပြီး ဆွမ်းခံထွက်ပါမယ်။ မိမိတို့ စေတနာ၊ သဒ္ဓါတရားအားလျော်စွာ လောင်းလှူနိုင်ကြပါတယ်။ မလှူချင်လည်းနေလို့ မပြောပေမဲ့ ပြောပြီးသား။ စေတနာသဒ္ဓါတရားအလျောက် ကြည့်စမ်း . . . မိမိတို့ရဲ့ စေတနာသဒ္ဓါတရားအလျောက် လောင်းလှူနိုင်ပါတယ်ခင်ဗျာလို့ ဓမ္မဃောသက ဒကာကြီးဦးတင်ငွေက ကြွေးကြော်တယ်။

အဲဒီတော့. . . ဒါနသီလ ဥပုသ်စောင့်သုံးမှုကိုမှီပြီး ကိုယ်က စိတ်ဓာတ်ရည်ရွယ်ပြီး စေတနာမှန်ရမှာက၊ စိတ်ထားတတ်ရမှာက၊ မိစ္ဆာကို ပယ်ပြီး အရတော်စွတို့ဘဝဟူ၍ ပြန်လှန်ပြီး ဒီကုသိုလ်ကို ဆင်ခြင်ရမှာ။ စိတ်ထား မတတ်တဲ့အတွက်ကြောင့် စီးပွားဥစ္စာရတနာ တိုးတက်ပါစေ၊ ဆင်ခြင်လိုက်တဲ့အခါကျတော့ ကိုယ်ပြုတဲ့ကုသိုလ်သည် အပါယ်လေးပါးသွားဖို့ ရိက္ခာကိုစုသလို ဖြစ်နေတတ်ပါတယ်။ သူတော်ကောင်းတို့၊ ဒါ စဉ်းစားရတယ်လေ. . . ။ ကိုင်း ဒီလိုဆိုရင် အရှင်ဘုရား ဘယ်လိုများ အာရုံပြုရမလဲ ဆိုရင်။

ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အဓိပတိ·ပစ္စယေန ပစ္စယော။ အာရမ္မဏာဓိပတိသဟဇာတာဓိပတိ။ အဓိပတိကနှစ်မျိုးရှိတယ်။ အာရမ္မဏာ ဓိပတိဆိုတာက ဒါနံဒတွာ သီလံသမာဒိယိတွာ ဥပေါသထကမ္မံကတွာ တံဂရုံကတွာ ပစ္စဝေက္ခတိ ဒါနံဒေယျဓမ္မံ=မိမိတို့ပြုအပ်သော

ရှင်မတောင် စာပေ

ဒါနကောင်းမှုကို ဒတွာ = လှူပြီးတဲ့နောက် တံ = ထို ကိုယ်ပြုတဲ့ ဒါနကောင်းမှုကို ဂရုံ ကတွာ = လေးလေးစားစား အာရုံပြု၍ လေးလေးစားစား အာရုံပြုတာ ဘယ်လိုပါလိမ့်. . .

မြတ်စွာဘုရားနှင့်တကွ ဘာဏကသံဃာတော် အရှင်မြတ်တို့အား အာရုံဆွမ်း အနေအားဖြင့်လည်း စေတနာသဒ္ဓါပြဋ္ဌာန်းပြီး ဆွမ်းဘောဇဉ်လှူရ၊ အချိုပွဲလှူရ သရေစာပွဲ အဖြာဖြာတို့ကို လာရောက်ဆက်ကပ် လှူဒါန်းတယ်။ ဒါန်ဒေယျမဓမ္မ = (၁၀)နာရီ အချိန်ဆိုရင်တော့ အရှင်မြတ် ဆွမ်းခံကြွတော့မယ်။ မိမိတို့ ကိုယ်တိုင်ကလည်း ပုထုဇဉ်မို့ ပန်း၊ နံ့သာပန်ဆင်ပြီး အဝတ်တန်ဆာ စင်စင်ကြယ်ကြယ်နှင့် တဘက်ကို ပခုံးပေါ်တင်လျက်။ ဒကာကြီးတွေဆိုလည်း သန့်ရှင်းစင်ကြယ်တဲ့ အဝတ်ကိုဝတ်လို့ မိမိတို့လှူဒါန်းမယ့်ပစ္စည်းရဲ့ ပန်းကန်၊ ခွက် အစရှိသည်ကိုလည်း သန့်ရှင်းစင်ကြယ်စေလျက်။ အဲဒီလို ဘုန်းကြီး တစ်လုံးချင်းပြောနေတာက ကိုယ်ပြုတဲ့ကုသိုလ်တွေကိုပြန်ပြန်ပြီး ဆင်ခြင်တော့ ငါကိုယ့်ငါလည်း ကြည်ညိုလိုက်တာ၊ လှူဒါန်းမယ့်ပစ္စည်းလေးလည်း ငါ့ရင်ထဲ ဆွမ်းပဲလောင်းနိုင်၊ ပစ္စည်းလေးပဲလှူနိုင် စိတ်ထဲမယ် ကြည်နူးလိုက်တာ။ သူများလှူလို့ ဗျိုးဗြတ်ဆိုပြီး ထလာလိုက်တော့ ကိုယ့်ကိုယ်ကိုယ်ကြည့်လည်း မကြည်ညိုနိုင်ဘူး။ အခုတော့လေ ဆွမ်းလေးလှူနိုင်ရင်လည်း ဆွမ်းလေးကြည့်ပြီး ဝမ်းသာလိုက်တာ၊ ဆွမ်းဟင်းလေးလှူနိုင်ရင်လည်း ဆွမ်းဟင်းကြည့်ပြီး ကြည်နူးလိုက်တာ။ ရင်ထဲမှာ ဂရုံကတွာ=လေးလေးစားစား အာရုံပြု၍ (၁၀)နာရီလည်းထိုးလိုက်ရော သာဟတ္ထိက ကိုယ်တိုင်ကိုယ်ကျလက်နဲ့ အလှူခံအရှင်မြတ်ရဲ့ သပိတ်ထဲကိုလှူပြီး ပစ္စဝေက္ခတိ = အရတော်စွ ငါဘဝပါတကားလို့ လေးလေးစားစား အာရုံပြုတဲ့အခါ ထိုအမျိုးကောင်းသား၊ အမျိုးကောင်းသမီးရဲ့သန္တာန်မှာ ဆင်ခြင်စဉ်းစားတဲ့ ကုသိုလ်တရားအား အာရမ္မဏာဓိပတိသတ္တိအနေအားဖြင့် ကျေးဇူးပြုနေပါသည်။

အရှင်ဘုရား၊ တပည့်တော်တို့ဉာဏ်၌ သက်ဝင်အောင် ကျေးဇူးပြုပုံကို သာဓကတင်ပါဘုရားလို့ ဆိုတော့ ဘုန်းကြီးလေ အခါအားလျော်စွာ အားလုံးသော သူတော်ကောင်းတို့ ဗုဒ္ဓသာသနာကြည်ညိုတဲ့ ဒကာ၊ ဒကာမ၊ လူတွေ၊ နတ်တွေဖြစ်ကြသည့် အား အသိဉာဏ်နဲ့ ပြည့်စုံပါစေလို့ ပြောခဲ့တာလည်း များတော့များပါပြီ။ ရဟန်း၊ ရှင်၊ လူ အားလုံးသော ပုဂ္ဂိုလ်တို့ရဲ့ ကြည်ညိုအားထားရာ မြတ်ဗုဒ္ဓက သူ့ရဲ့ရွှေနှုတ်တော်က ၄၅ ဝါ ၄၅ နှစ် ကာလပတ်လုံး ကျူးရင့်ထွက်ဆိုခဲ့တဲ့ တရားလို့ခေါ်တဲ့ ဓမ္မသဘာဝဆိုတာ. . . ။

၁။ အာဂမယုတ္တိ = အာဂုံရှိရတယ်။
၂။ သာဓကယုတ္တိ = အထောက်သက်သေရှိရတယ်။
၃။ သဘာဝယုတ္တိ = သဘောသဘာဝ ယုတ္တိရှိရတယ်။

ဘယ်ပုဂ္ဂိုလ်ပြောပြော၊ ဘယ်ပုဂ္ဂိုလ်ဟောဟော အဲဒီယုတ္တိသုံးပါးနဲ့ညီမှ ဘုရားတရားအစစ် ဖြစ်တယ်။ "အဲဒါ ပေတံပဲ။" အာဂမယုတ္တိကလည်း မသေချာမရေရာ သာဓကဆိုတာလည်း ဘာမှန်းမသိ၊ သဘာဝကလည်း ဘယ်လို ယှဉ်ကြည့်လို့ကြည့်ရမယ် မသိဘူးဆိုရင် ဘုရားဟောတော့ မဟုတ်လောက်ဘူးလို့ အဲဒါဉာဏ်နဲ့သိရမယ်။ သို့သော်. . . သည်အသိကလည်း ရဟန်းတိုင်း၊ လူတိုင်းမှာ မရှိနိုင်ဘူး။ ဗုဒ္ဓပေတံနဲ့ တိုင်းတတ်ဖို့ကလည်း မလွယ်ဘူး။ အဲဒီတော့လည်း သတိထားရတယ်။ အခု ဒီမှာကြည့်စမ်းပါ။ အားလုံးသော သူတော်ကောင်းတို့ ပြုတဲ့ဒါနကို လေးလေးစားစား အာရုံပြုပြီး ဆင်ခြင်တဲ့အခါ ပြုတဲ့ဒါန လေးလေးစားစားအာရုံပြုတဲ့ အဓိပတိ အဲဒီ အဓိပတိသတ္တိ အနေအားဖြင့် ကုသိုလ်တရားတွေ ဘယ်လိုပွားရမလဲဆိုတော့ အာဂမယုတ္တိ၊ သာဓကယုတ္တိ၊ သဘာဝယုတ္တိ ပေတံသုံးချောင်းနဲ့ တိုင်းကြကြည့်ရအောင်. . .

## ဖြစ်ချင်သလား၊ တကယ်လုပ် အဟုတ်ဖြစ်ရမည်

ဘုန်းကြီးတို့ မြတ်ဗုဒ္ဓပွင့်ထွန်းမပေါ်မီ ကမ္ဘာတစ်သိန်းအထက်၌ ပဒုမုတ္တရမြတ်စွာဘုရား ပွင့်တော်မူတဲ့အခါ တစ်နေ့မှာတော့ ပဒုမုတ္တရ မြတ်ဗုဒ္ဓကြီး မြို့တစ်မြို့ ရွာတစ်ရွာ တစ်နေရာမှာလို့ ပြောကြစို့။ အခုလို တရားပွဲသဘင် ဆင်ယင်တဲ့အခါ အဲဒီမြို့ရွာမှ အမျိုးသမီးတစ်ယောက် တရားပွဲကို လာရောက်ပြီး တရားနာယူတယ်။ နာယူရင်း၊ နာယူရင်းနဲ့ တရားပွဲလည်း ပြီးဆုံးရော မြတ်စွာဘုရားကိုယ်တော်မြတ်က ကိုယ်တော့်ရဲ့သမီးတော် ဘိက္ခုနီမ အကျော်အမော်တို့အား -

**တေဒဂ္ဂံ ဘိက္ခဝေ မမသာဝိကာနံ ဘိက္ခုနီနံ ယဒိဒံပညာ အစရှိသည်** ဖြင့် ပညာအရာမှာ ဧတဒဂ်ဂုဏ်ထူးစသည်ဖြင့် သူတို့ရဲ့ ဆောင်ရွက်ချက်ပေါ်မှာမှီပြီး ဧတဒဂ်ဘွဲ့ထူးတွေ ပေးတယ်။

အဲဒီ ကလေးမလေးက တရားပွဲရဲ့ အစွန်ကနေ ကြည့်ပြီးတော့မှ ဪ. . . မြတ်စွာဘုရားဘွဲ့ပေးတဲ့ ဧတဒဂ်ဂုဏ်ထူးထဲက မလျော့သောဇွဲလုံ့လနဲ့ လှူဒါန်းတယ်၊ မလျော့သောဇွဲလုံ့လနဲ့ သီလဆောက်တည်တယ်၊ မလျော့သော ဇွဲလုံ့လနဲ့ တရားဘာဝနာ ပွားများတယ်။ အဲဒီ ဧတဒဂ်ဘွဲ့ရတဲ့ အာရဒ္ဓဝီရိယ သမ္မပ္ပဒါန်လုံ့လနဲ့ ပြည့်စုံတဲ့ဘိက္ခုနီမ တစ်ဆူဆူသော ဘုရားလက်ထက် ငါဖြစ်ရင် ဘယ်လောက်ကောင်းမလဲ။ ဒါကဖြစ်ချင်တာ၊ ဖြစ်ချင်ရင် လုပ်ကိုလုပ်မှဖြစ်တာ။ ဖြစ်ခြင်နေပြီးမလုပ်ရင် ဘယ်ဖြစ်မလဲ၊ အားလုံးသော ပရိသတ်တွေလည်း ပြန်သွားရော မြတ်စွာဘုရားခြေတော်ရင်းကို ချဉ်းကပ်ပြီး။

မြတ်ဗုဒ္ဓဘုရား. . . တပည့်တော်မတို့အိမ်ကြွပြီး ဆွမ်းအလှူခံတော်မူပါဘုရား။ မြတ်စွာဘုရားနဲ့ သံဃာတွေကြွလာ. . . ဒီဆိက္ခဝရွာ ရပ်ဝေးရပ်နီး အသီးသီးမှ ဒကာ၊ ဒကာမ အားလုံးသော သူတော်ကောင်းအပေါင်းတို့၊

ပြောကြစို့. . . ကဆုန်လပြည့်ကျော်(၁၅)ရက်နေ့ကစပြီး ရေတွက်ရင် ခုနစ်ရက်တိုင်တိုင် ဟို. . . မှာလည်း ကလေးမလေး ခုနစ်ရက်လုံးလုံး နေ့တိုင်းမြတ်စွာဘုရားနဲ့ သံဃာတော်တွေပင့် အိမ်မှာ ဆွမ်းကပ်တယ်။

ဒါနံ့ဒတွာသီလံသမာဒိယိတွာ ဒါနလည်းပြုတယ်။ သီလလည်းဆောက်တည်တယ်။ တံ = ထိုပြုတဲ့ဒါန၊ ဆောက်တည်တဲ့ သီလကို လျှုတာပဲဆိုပြီးတော့. . . အမှတ်တမဲ့ မျက်နှာလွှဲခဲပစ် မလှူဘူး။ သီလစောင့်တာပဲဆိုပြီး အမှတ်တမဲ့မစောင့်ဘူး။ ဘယ်လိုပါလိမ့်။ ဂရုံကတွာ မိမိကိုယ်ကို လေးလေးစားစား၊ ကိုယ့်စေတနာကိုလည်း လေးလေးစားစားပြုပြီး ပစ္စဝေက္ခတိ= "သံဃ သဒ္ဒေမ၊ သံဃဿဒေမ"လို့ ခုနစ်ရက်လုံးလုံး လှူတယ်။ လှူပြီးတော့ကပ်တယ်။ ဒါနံ-ဒတွာ သီလံသမာဒိယိတွာ ဒါနလည်းပြုတယ်။ သီလလည်းဆောက်တည်တယ်။ တံ ထိုပြုတဲ့ဒါန ဆောက်တည်တဲ့သီလကို လှူတာပဲဆိုပြီးတော့ အမှတ်တမဲ့ မျက်နှာလွှဲခဲပြစ် မလှူဘူး၊ သီလစောင့်တာပဲဆိုပြီး အမှတ်တမဲ့ မစောင့်ဘူး။ ဘယ်လိုပါလိမ့်။ ဂရုံကတွာ မိမိကိုယ်ကို လေးလေးစားစား၊ ကိုယ့်စေတနာကိုလည်း လေးလေးစားစားပြုပြီး ပစ္စဝေက္ခတိ သံဃဿဒေမသံဃ ဿဒေမလို့ ခုနစ်ရက်လုံးလုံး လှူတယ်။ လှူပြီးတော့ တပည့်တော်မသည် ဤဒါနကိုမှီပြီး အရှင်ဘုရားသာသနာမှာ စောစောက သမ္ပဒါခါန် လုံ့လဝီရိယ အားထုတ်တဲ့ "တပည့်တော်မသည် အရှင်ဘုရားသာသနာမှာ သမ္ပဒါခါန် လုံ့လဝီရိယအားထုတ်တဲ့နေရာမှာ ဧတဒဂ်ဘွဲ့ရတဲ့ ဘိက္ခုနီမပမာ ဖြစ်ပါရစေဘုရား"။ ဆုတောင်းတယ်။ ဒါလည်းပဲ ဆုတောင်းနေရုံနဲ့ မပြီးဘူး။ ဟိုမှာလုပ်ခဲ့တာ ခုနစ်ရက်နော်။ ဒါနကောင်းမှု၊ သီလကောင်းမှု၊ အခု ဆုတောင်းပါပြီ။ ဆုတောင်းနေရုံနဲ့လည်း ပြီးမလားဆိုတော့ မပြီးသေးပါ။ ဒီတော့. . . မြတ်စွာဘုရားကကြည့်ပြီး "အနုမောဒိမဟာဝီရော၊ သိဒ္ဓတံပဏိဓိတဝ" ဘဂိနီ=ချစ်သမီးရဲ့ တဝ=သင်၏ ပဏိဓိ=တောင့်တလင့်ကြို

သင်ဆုတောင်းတဲ့ သမ္မပ္ပဓာန် လုံ့လဝီရိယအရာမှာ တေဒင်္ဂဘွဲ့ထူးနဲ့ ပြည့်စုံတဲ့ ဘိက္ခုနီမ ဖြစ်ပါရစေလို့ ဆုတောင်းခြင်းသည် သိဖွယ် ကျွတ်တမ်းမှုချမသွေ ကေန်ပြည့်စုံမှာပါ ချစ်သမီး။

အေး. . ချစ်သမီး၊ မင်းပြုတဲ့ဒါန၊ မင်းဆောက်တည်တဲ့သီလက လေးလေးစားစားပြုခဲ့တဲ့ အကြောင်းတရား၊ အဲဒီ အကြောင်းတရားကြောင့် ပစ္စဝေက္ခတိ=ချစ်သမီး ဆင်ခြင်စဉ်းစားတဲ့ကုသိုလ်အား အာရမ္မဏသတ္တိ၊ အာရမ္မဏာဓိပတိ ပစ္စည်းကြောင်းကျိုးဆက်နည်း အားလျော်စွာ ပြည့်စုံပါလိမ့်မယ်။ ပဌာန်းပစ္စည်း ကျေးဇူးပြုနည်းအားလျော်စွာ ချစ်သမီးကို ပို့ပေးလိမ့်မယ်။ ဣတိ=ဤသို့ မဟာဝီရော=လုံ့လကဲရင့် ပွဲတင့်တော်မူသော ပဒုမုတ္တရာ သဗ္ဗညုဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် အနုမောဒိ = ဝမ်းမြောက်ကြည်သာ ဗျာဒိတ်စကား မြွက်ကြားလိုက်ပါတော့သတည်း။

(သာဓု သာဓု သာဓု)

## ဆုတောင်းပြည့်တဲ့ဘဝ

အဲဒီကျတော့ ထောက်ခံချက်ရသွားပြီ။ သေချာပေါက် ချစ်သမီး တောင်းတဲ့ဆုနဲ့ ပြည့်မယ်။ ရင်ထဲမှာ ဘယ်လောက် ဝမ်းသာပီတိ ဖြစ်လိုက်မလဲဆိုတာ စဉ်းစားကြည့်စမ်းပါ။ အဲဒါ. . . ဘာဏက သံယာတော်အရှင်မြတ်တို့ ရွတ်ဖတ်သရဇ္ဈာယ်တော်မူတဲ့ အာရမ္မဏ ပစ္စယော၊ အဓိပတိပစ္စယော စသည်ဖြင့် နက်နက်နဲနဲ သဒ္ဒါစေတနာပြဋ္ဌာန်းပြီးတော့ ရွတ်ပွားကြတဲ့ အရှင်မြတ်တို့ရဲ့အသံကို အာရုံပြုရင်းနဲ့ ဒကာ၊ ဒကာမတို့ရဲ့ ရင်တွင်းမှာ ဩော်. . . တို့ပြုတဲ့ကုသိုလ်၊ တို့ဆောက်တည်တဲ့သီလ လေးလေးစားစား အာရုံပြုပြီးတော့ ဆင်ခြင်ရင် ဤအမျိုးသမီးလေးလို ဖြစ်နိုင်မှာ ကေန်လို့

ယုံကြည်ချက်သဒ္ဓါတရားကို ပြဋ္ဌာန်းကြကုန်လျက် အဲဒီဘဝကနေပြီး တာဝတိံသာနတ်ပြည်တက်လို့ ဗုဒ္ဓန္တရကပ်နော်. . .။ ဘုရားတစ်ဆူ မပွင့်မချင်း နတ်ပြည်မှာစံစားတယ်။ လူပြည်မှာ ဘုန်းကြီးတို့ရဲ့ အစိန္တေယျသုံးလောက ထွတ်ထား ဗုဒ္ဓပွင့်ထွန်းတော်မူတဲ့အခါ သာဝတ္ထိပြည်မှာ အဲဒီ ခုနစ်ရက် လှူခဲ့တဲ့ဆွမ်းဒါန၊ ခုနစ်ရက် ဆောက်တည်တဲ့သီလ။ အဲဒီကုသိုလ်ကို လေးလေးစားစား အာရုံပြုပြီးတော့ ဆင်ခြင်ခဲ့တဲ့ အကြောင်းတရားကြောင့် ကုဋေရှစ်ဆယ်ချမ်းသာတဲ့ သူဌေးအိမ်မှာ ပဋိသန္ဓေသွားယူတယ်။ ဖွားတယ်။ သူဌေးကြီးကဟာ. . . တို့သမီးလေးကြည့်စမ်း။ ဖွားဖွားချင်း မျက်နှာလေးကြည့်ရတာ တင့်တယ်လိုက်တာ။ တို့သမီးကို သောဏာလို့ မှည့်ကြရအောင်။ တင့်တယ်လှပတဲ့ သမီးလေးသောဏာလို့ အဲဒီလိုအမည်ပေးတယ်။ ပြောကြစို့ . . . အရွယ်ရောက်တဲ့အခါ လူတို့ရဲ့တန်ထွာ ဓမ္မတာအားလျော်စွာ ယရာဝါသကိစ္စရှုပ်ထွေး၊ အိမ်ထောင်ရေးနယ်ကလည်း မကင်းနိုင် အချိန်တန် အရွယ်ရောက်တော့ အမျိုးတူဂုဏ်ရည်တူတဲ့ သူဌေးသားတစ်ဦးနှင့် လက်ထပ်ပေး၊ အသက်ငါးဆယ်ကျော်၊ ခြောက်ဆယ်တွင်း အရွယ်ရောက်တဲ့အခါကျတော့ သူဌေးကတော်လေး တစ်ဦးတည်းထားခဲ့ပြီး အိမ်ရှင် ဒကာနှင့်တကွ သားသမီးတစ်ကျိပ်တို့က သာသနာ့ဘောင် ဝင်သွားပြီ။ ငါလည်းပဲ အိမ်မှာ တစ်ယောက်တည်းနေလို့ ဘာအကျိုးရှိမှာလဲလို့။ ပါရမီနှိုးဆော်ချက်ကလည်း ပြည့်စုံလာတဲ့အခါ ဘိက္ခုနီသာသနာ ဝင်ရောက်ပါတယ်။

ကြည့်နော်. . . ပဋ္ဌာန်းပစ္စည်းဆက်၊ ပဋ္ဌာန်းပစ္စည်းဆက်တယ်ဆိုတာ အဲဒါပဲ။ သူပြုခဲ့တဲ့ ဒါန၊ သီလ၊ သူပြုခဲ့တဲ့ ပတ္ထနာဆုကုသိုလ်က နိဗ္ဗာန်ကျအောင် ပို့တော့မှာ။ အဲဒီလို သာသနာတွင်းဝင်ပြီး ဘိက္ခုနီမကျောင်းတိုက်ထဲမှာနေ၊ မနက်ဆိုရင်လည်းလေ. . . အမှိုက်လေးလှည်းလို့၊ သောက်ရေလေးတွေ လောင်းလို့ ကျောင်းတွင်းမှာ ပြုရမယ့်ဝတ်တွေ အကုန်ပြုတယ်။

အဲဒါ ဘုန်းကြီးတို့ သာသနာနယ်ကပြောတော့ ဝတ္တာသီသကမ္မဋ္ဌာန်းလို့ ခေါ်တယ်။ မြန်မာလိုပြောတော့ တရားအားမထုတ်ခင် ဆောင်ရွက်ရမယ့် တာဝန်တွေ အမှိုက်လှည်း၊ ရေဖြည့်တယ်။ သောက်ရေ၊ သုံးရေလောင်းတယ်။ ပြုသင့်တဲ့လုပ်ငန်းတွေ အကုန်လုံးပြုတယ်။ အဲဒီလိုပြုလိုက်တော့ စိတ်က လည်း စင်ကြယ်တယ်။ စိတ်ကစင်ကြယ်တော့ ခန္ဓာကိုယ်ရုပ်ကြီးကလည်း ကြည်လင်လာတယ်။

အဲဒီကျတော့မှ. . . စာရိတ္တသီလတွေကလည်းဖြစ်လို့၊ ထိုဝတ္တာသီသ ကမ္မဋ္ဌာန်း စာရိတ္တသီလကို မှီပြီးတော့ သောဏာဘိက္ခုနီမ စဉ်းစားလိုက်ပုံက

**"ခန္ဓေအနိစ္စတော ဒိသွာ ဒုက္ခတောစ အနတ္တတော။"**

အနည်းငယ် သတိပြုစမ်းပါ. . . သောဏာ ထေရီမကြီးလေ။ ဘိက္ခုနီ သာသနာတွင်း ရောက်တယ်ဆိုရင်ပဲ နေဝင်ခါနီးမှ စပါး၊ ပဲ၊ နှမ်း စသည် လှန်းရသူလိုလှန်းရုံနှင့်မပြီး၊ မကြာခဏမွှေဖြန့်ပေးမှ သွေ့ခြောက်နိုင်သလို၊ နေ့နေ့ ညည၊ ကျောင်းတိုင်ကြီးကိုဖက် ချာချာလှည့်ပြီး။

ခန္ဓေ၊ အနိစ္စတော၊ ဒုက္ခတော၊ အနတ္တတောဟု သမ္မပ္ပဓာန်လုံ့လဖြင့် အပြင်းအထန် အားထုတ်နေတဲ့အခါ ဘိက္ခုနီမများစွာက. . . မြတ်စွာဘုရား၊ သောဏာ ထေရီမကြီးဟာဖြင့် တရားတော်ကို လွန်လွန်ကဲကဲ အထူးပဲ အားထုတ်နေပါသည်ဘုရားလို့ လျှောက်ထားကြတဲ့အခါ မြတ်ဗုဒ္ဓက ဇေတ ဝန်ကျောင်းတော်ကနေ အားပေးစကား မိန့်တော်မူသောအားဖြင့် ထေရီ မရဲ့ညဏ်ထဲ ဝင်းခနဲ၊ ထင်းခနဲ၊ လင်းခနဲ မြတ်ဗုဒ္ဓပုံတော် ပေါ်ကာ သူ့အား အားပေးစကားမြွက်ကြားနေပုံ အာရုံပြုလိုက်တဲ့အခါ. . .

ယောစ ဝဿသတံ ဇီဝေ၊ အပဿံ ဓမ္မမုတ္တမံ။

ဧကာဟံ ဇီဝိတံသေယျော၊ ပဿ တောဓမ္မမုတ္တမံ။

ယော=ရဟန်း၊ ရှင်၊ လူမည်သူမဆို အကြင်ပုဂ္ဂိုလ်သည် ဥတ္တမံ=

အတုမရှိ မွန်မြတ်ဘိသော၊ ဓမ္မံ=မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ကိုးတန်သော လောကုတ္တရာ တရားကို အပဿံ-အပဿန္တော= မမြင်ဘဲ ဝဿသတံ=အသက်တစ်ရာ ရှည်မြင့်ကြာအောင် ဇီဝေ - ဇီဝေယျ = အသက်ရှည်၍နေငြားအံ့။ တဿ= ထိုပုဂ္ဂိုလ်၏။ ဇီဝိတံ=အသက်ရှည်၍ နေရခြင်းသည် သေယျော=ချီးမွမ်း အပ်မြတ်သည်။ နဟောတိ=မဖြစ်နိုင်၊ ဥတ္တမံ=အတုမရှိ မွန်မြတ်ဘိသော၊ ဓမ္မံ=ဝိပဿနာပညာ တရားတော်ကို ပဿတော-ပဿန္တဿ= မြင်သော ပုဂ္ဂိုလ်၏၊ ဧကာဟံ= တစ်နေ့၊ တစ်ရက်၊ တစ်မနက်မျှ ဇီဝိတံ= အသက် ရှည်၍နေရခြင်းသည် သေယျော=ချီးမွမ်းအပ် မြတ်လှပါတော့သတည်း။

(သာဓု သာဓု သာဓု)

အေး. . . ပြောကြပါစို့။ မြတ်ဗုဒ္ဓကလည်း အဲဒီလို တိုက်တွန်းအား ပေးစကား ပြောလိုက်ရော သောဏာထေရီမလေ ဝမ်းသာလွန်းလို့ ထူးထူး ခြားခြား အားထုတ်လိုက်တာ နှစ်သက်မှုပီတိ၊ ဝမ်းမြောက်မှုပါမောဇ္ဇ၊ ငြိမ်သက်ခြင်းပဿဒ္ဓိ၊ ကိုယ်စိတ်နှစ်ပါးချမ်းသာခြင်း သုခ၊ စိတ်၏တည်ကြည် ငြိမ်သက်ခြင်း သမာဓိအားတွေကောင်းလာပြီ။

အယျေ = သီတင်းသုံးဖော်မှန်လှ အရိယာနွယ်ဝင် ဘိက္ခုနီအရှင် မြတ်တို့ဘုရား၊ တတော = ထိုသို့ သမာဓိဘာဝနာပွားများသည်မှ နောက်၌ ခန္ဓေ = ဝတ္တာသီသကမ္မဋ္ဌာန်းကို အဦးမူလျက် တပည့်တော်မရဲ့ရင်ထဲမှာ စာရိတ္တာသီလကို စောင့်ထိန်းကာ ရုပ်၊ နာမ်နှစ်ပါး ခန္ဓာငါးပါး တပည့်တော်မှာ ရှိတဲ့တရားတွေကို. . .

အနိစ္စတော-အနိစ္စက္ကတိ= မမြဲတဲ့တရားဟူ၍ = ဒုက္ခတော-ဒုက္ခက္က တိ၊ ဆင်းရဲတဲ့ တရားဟူ၍၊ အနတ္တတော - အနတ္တက္ကတိ = အစိုးမရ ကိုယ်

မပိုင်၊ မသိမ်းပိုက်နိုင်တဲ့ တရားဟူ၍ ဒိဿ-ပဿာမိ= တိတိထင်ထင်ဉာဏ်နှင့်မြင်အောင် တပည့်တော်မ ကြည့်ပါတယ်ဘုရား။

အားလုံးသူတော်ကောင်းတို့ ဆင်ခြင်နိုင်အောင် အာရုံပြုစမ်းပါ့. . .

ရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ။ ဝေဒနာ အနိစ္စာ ဒုက္ခာ အနတ္တာ။

သညာ အနိစ္စာ ဒုက္ခာ အနတ္တာ။ သင်္ခါရာအနိစ္စာ ဒုက္ခာအနတ္တာ။

ဝိညာဏံ အနိစ္စံ ဒုက္ခံ အနတ္တာ။ အဲဒီခန္ဓာငါးပါး ဆင်ခြင်တာပဲဗျာ။ ရုပ်တရားမမြဲဘူး ဆင်းရဲတယ်။ အစိုးမရဘူး။ ဝေဒနာမမြဲဘူး ဆင်းရဲတယ်။ အစိုးမရဘူး။ သညာမမြဲဘူး ဆင်းရဲတယ်။ အစိုးမရဘူး။ အေး. . . သင်္ခါရလို့ခေါ်တဲ့ ကိုယ်ပြု၊ နှုတ်ပြော၊ စိတ်ကြံ ဤတရားဟာလည်းပဲ မမြဲဘူး ဆင်းရဲတယ်။ အစိုးမရဘူး။ ဝိညာဏ်လို့ခေါ်တဲ့ အသိတရားဟာလည်းပဲ မမြဲဘူး၊ ဆင်းရဲတယ်။ အစိုးမရဘူး. . . လို့ အဲဒီလို မိမိတို့ခန္ဓာငါးပါး ရုပ်နာမ်တရားကို အနိစ္စ ဒုက္ခ အနတ္တလို့ ဆင်ခြင်ပါတယ်လို့ အရှင်မကလျှောက်တာ။

အဲဒီလို. . . ဆင်ခြင်တော့ ဘာဖြစ်သလဲဘုရားဆိုတော့ သတိပြုကြည့်စမ်းပါ့။ ဒိဿ - ပဿာမိ = တပည့်တော်ဉာဏ်မှာ တပည့်တော်မလို့ မမြင် ရုပ်နာမ်နှစ်ပြင် ခန္ဓာငါးပါး တရားလို့မြင်ပါတယ် ဘုရား။ သောဏာဆိုတာပျောက်သွားပြီး ရုပ်နာမ်နှစ်ပါး၊ ခန္ဓာငါးပါးပဲမြင်တယ်။ သောဏာဆိုတဲ့အမြင်ကို တပည့်တော်မ မမြင်တော့ပါ ဘုရား။

ဘုန်းကြီးတို့ ဘာဏကသံဃာတော် ဆရာတော်အရှင်မြတ်ကြီးတို့လည်းပဲ ညီတော်နောင်တော်များဖြစ်ကြသည် အားလျော်စွာ "မိကျောင်းမင်းရေခင်းပြတာ မဟုတ်ပါဘူး ဘုရား။ "အရှင်ဘုရားတို့၊ တပည့်တော်တို့ ဤခြောက်ရက်တိုင်တိုင် ဆောင်ရွက်ကြတဲ့ ကုသိုလ်တွေလည်း ရေတွက်လို့တောင် မရနိုင်အောင် များပါသည်ဘုရား။ အဲဒီဓမ္မဒါန ဓမ္မာနုဂ္ဂဟ ကုသိုလ်တွေ တပည့်တော်တို့တစ်တွေလည်း အဲဒီလိုနည်းယူပြီး ဆင်ခြင်ရမှာ။

အားလုံးသောလူနတ်ဗြဟ္မာ ပဋ္ဌာန်းဒေသနာ နာယူကြတဲ့ပုဂ္ဂိုလ်တွေ ဒါနကောင်းမှု၊ သီလကောင်းမှု အားတက်သရော သူထက်ငါဦး စင်ကြယ်စွာ အထူးပြုတဲ့ ဒကာ၊ ဒကာမတို့လည်း သောဏာထေရီထုံး နှလုံးမူပြီး။ ဒိသွား= တိတိထင်ထင် တပည့်တော်မရဲ့ရင်ထဲမှာ ရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးဝ ဒီသဘာ ဝကို သိလာခဲ့တယ်။ သိတော့ ဘာဖြစ်တုံး "ခေပေတွာ အာသဝေ၊ သဗ္ဗေ၊ အရဟတ္တမပါပုဏိ"သဗ္ဗေ=အလုံးစုံကုန်သော၊ အာသဝေ= အပူ့ယ်လားကြောင်း အာသဝေါတရားလေးပါး အပေါင်းတို့ကို၊ ခေပေတွာ=ကုန်စေခန်းစေ ကုန်ခန်း စေ၍ ဘယ်တော့မှ မဖြစ်စေတော့ဘဲ၊ အရဟတ္တံ = ရဟန္တာ ဘိက္ခုနီမတို့တွင် တစ်ပါးပါး အပါအဝင်အဖြစ်သို့ အပါပုဏိ = ဆိုက်ရောက်ခဲ့ပါပေ့၊ ဘုရားလို့ အဲဒီလို သောဏာထေရီက လျှောက်တာ။

အရပ်စကားနဲ့ပြောတော့ ကတံ ကရဏီယံ=တပည့်တော်မ၊ ပြုစရာ ကိစ္စမရှိပြီ။ ဒီတော့. . . ပဋ္ဌာန်းဒေသနာတော် အာရမ္မဏပစ္စည်းမှာ ဘာဏ က သံယာတော် အရှင်မြတ်တို့ကတော့ ရွှတ်ရင်းရွှတ်ရင်းနဲ့ ရင်ထဲမှာ ပွင့် လင်းပြီးသား ရှိပါလိမ့်မယ်။ အသိဉာဏ်မပြည့်စုံရှာတဲ့ လူတွေ၊ နတ်တွေ ကျတော့ တစ်ဖန် ပြန်ဆင်ခြင်ပြောမှ ရင်ထဲမှာ နက်နက်နဲနဲသိကြပါ လိမ့်မယ်။ အဲဒီ အာရမ္မဏပစ္စည်းမှာပင် -

အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ အာရမ္မဏ ပစ္စယေန ပစ္စယော။ အရဟာဖလံ ပစ္စဝေက္ခတိ။ နိဗ္ဗာနံ ပစ္စဝေက္ခတိ။ နိဗ္ဗာနံ ဖလဿ အာဝဇ္ဇနာယ အာရမ္မဏပစ္စ ယေန၊ ပစ္စယောလို့. . . ပစ္စဝေက္ခဏာပီတိ ရင်ထဲမှာဖြာပြီး မိမိရတဲ့၊ ရဟန္တာလို့ခေါ်တဲ့ အရဟတ္တဖိုလ်ကို ဆင်ခြင်နိုင်တယ်။ သောဏာထေရီ ဒီလို အာရမ္မဏပစ္စည်း ပစ္စယုပ္ပန် အကြောင်းအကျိုးဆက်နည်းဖြင့် ဆင်ခြင်လိုက် တဲ့ အခါကျတော့ ကတံ ကရဏီယံ=ငါ့မှာ အရိယာမဂ်အတွက် ဘာမှပြုစရာ

မရှိတော့ပါဘဲ။ နာပရံက္ကတ္တတ္ထာယာတိ= ဤအရိယာမဂ်အလို့ငှါ တစ်ပါးသော ငါ့မှာ ပြုစရာကိစ္စမရှိတော့ဘူး။ ကိလေသာဟူသမျှ မြူမျှတောင်မကျန်အောင် အရဟတ္တမဂ်ဖြင့် ပယ်ပြီးပေါ့တကားလို့ သောဏာထေရ်၊ ဘယ်လောက်များ ဝမ်းမြောက်ဝမ်းသာဖြစ်သွားသလဲ စဉ်းစားသာကြည့်ကြပါတော့။

## ချီးမွမ်းစကားမြွက်ဘုရားဆိုပြီ

ဒီတော့မှ . . . ဘုန်းကြီးတို့ မြတ်ဗုဒ္ဓက ဇေတဝန်ကျောင်းတော်ကနေပြီး -

ယောစ ဝဿသတံ ဇီဝေ၊ ကုသီတော ဟီန ဝီရိယော။

ဧကာဟံ ဇီဝိတံ သေယျော၊ ဝီရိယမာရဘတော ဒဠှံ။

ယော=ရဟန်းရှင်လူ မည်သူမဆို အကြင်ပုဂ္ဂိုလ်သည်၊ ကုသီတော= အပျင်းဖက်လျက် ပန်းလေးတစ်ပွင့်၊ သစ်သီးလေးတစ်လုံး၊ ရေချမ်းလေး တစ်ခွက်ကစလို့ ဒါနကောင်းမှုနဲ့ စပ်ပြန်တော့လည်းပျင်းတယ်။ ဟီနဝီရိယော= သူတစ်ပါးတွေကတော့ ကြည်သာရွှင်မြူး ပန်းကုံးလက်စွဲ ဘုရားကျောင်းတော်ကို အသီးသီးသွားပြီး အလှူပွဲတွေနဲ့ ပွဲကြီးကျင်းပတဲ့အခါ မိမိမှာတော့ ယုတ်လျော့သော ဝီရိယရှိသည်ဖြစ်၍၊ ဝဿသတံ= အသက်တစ်ရာ ရှည်မြင့်ကြာအောင် ဇီဝေ-ဇီဝေယျ=အသက်ရှည်၍ နေငြားအံ့၊ တဿ = ထိုပုဂ္ဂိုလ်၏ ဇီဝိတံ = အသက်တစ်ရာ နေသွားပေမဲ့လို့ = သေယျော= ချီးမွမ်းအပ်မြတ်သောပုဂ္ဂိုလ်သည် နဟောတိ = ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး ချစ်သမီး။

ဒဠှံ=မြဲမြံစွာ၊ ဝီရိယံ=အားထုတ်လုံ့လ ဝီရိယကို အာရဘတော= အာရဘန္တဿ = လုံ့လကြိုးကုတ် အားထုတ်သောပုဂ္ဂိုလ်၏၊ ဧကာဟံ= တစ်နေ့တစ်ရက် တစ်မနက်မျှ ဇီဝိတံ= အသက်ရှင်၍နေရခြင်းသည် သေယျော= ချီးမွမ်းအပ် မြတ်လှပါပေ၏လို့ မြတ်စွာဘုရား ချီးမွမ်းစကား မိန့်ကြားတော်

မှုပြီး တစ်နေ့မှာတော့ ဘိက္ခုနီထေရီမတို့အား ဘွဲ့ထူး၊ ဂုဏ်ထူး ချီးကျူးတော်မူသည့်ပွဲမှာ "ဧတဒဂ္ဂံ ဘိက္ခဝေမမသာဝိကာနံ အာရဒ္ဓဝီရိယာနံ ယဒိဒံသောဏာ" ဟု ထေရီမ၏ဆုတောင်းခဲ့၊ လက်တွေ့ဆောင်ရွက်ခဲ့သည့် အားလျော်စွာ ချီးကျူးစကား မြွက်ကြားတော်မူပါသည်။

အဲဒီတော့. . . ဘုန်းကြီးတို့ ဒကာ၊ ဒကာမအပေါင်း သူတော်ကောင်းတို့လည်းပဲ ဤကဲ့သို့ ဝမ်းမြောက်ဝမ်းသာ ၁၄ နှစ်၊ ၁၄ ကြိမ်မြောက် ပဋ္ဌာန်းဒေသနာတော်ကို ပူဇော်ကြတဲ့အခါ. . . အပ္ပမာဒေန• မမေ့မလျော့၊ မပေါ့မဆသော ကောင်းမြတ်သောသတိတရားနှင့်။ သမ္ပာဒေထ• ပြည့်စုံနိုင်ကြပါစေကုန်သတည်း။

(သာဓု သာဓု သာဓု)

နမောတဿ ဘဂဝတော အရဟတော

သမ္မာသမ္ဗုဒ္ဓဿ

## ၃။ အနန္တရပစ္စည်းဒေသနာတော်

### အနန္တရပစ္စည်းဟောကြားနည်း

ယနေ့. . . အနန္တရပစ္စည်းကို အခြေခံထားလျက် ဆိုင်ရာဆိုင်ရာ၊ ရောက်ရာရောက်ရာပစ္စည်းကို၊ ပဋ္ဌာန်းပစ္စည်း ကြောင်းကျိုးဆက်နည်းအား လျော်စွာ၊ ရွတ်ပွားသရဇ္ဈာယ် နာယူကြပါကုန်စို့ သူတော်ကောင်းအပေါင်းတို့။

ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အနန္တရ ပစ္စယေနပစ္စယော။
ပုရိမာပုရိမာ ကုသလာ ခန္ဓာ ပစ္ဆိမာနံပစ္ဆိမာနံ ကုသလာနံ ခန္ဓာနံ
အနန္တရ ပစ္စယေနပစ္စယော။ အနုလောမံ ဂေါတြဘုဿ။ အနုလောမံ
ဝေါဒါနဿ။ ဂေါတြဘု မဂ္ဂဿ။ ဝေါဒါနံ မဂ္ဂဿ အနန္တရပစ္စယေန
ပစ္စယော။

စသည်ဖြင့်. . . ဘာဏကသံဃာတော် အရှင်မြတ်များ ရွတ်ပွား ပူဇော်သံ နာယူခဲ့ကြရမှာပါ။ ပဋ္ဌာန်းဒေသနာတော်ကို သဒ္ဒါနားဖြင့် ထောင်နားစိုက်ကာ နာယူကြလျက်ရှိကုန်သော လူရောနတ်ပါ သူတော်စင်၊ သူတော်ကောင်းအပေါင်းတို့ ဗုဒ္ဓမြတ်စွာ ရတနာဃရရွှေအိမ်မှာ စံနေတော်မူစဉ်ကာလ၌ ဤပဋ္ဌာန်းဒေသနာတော် အနန္တရပစ္စည်း အနေအားဖြင့် ဆင်ခြင်တော်မူ တဲ့အခါမှာ. . .။

ကုသိုလ်ကနေပြီး ကုသိုလ်အား ကျေးဇူးပြုပုံ၊
ကုသိုလ်ကနေပြီး အဗျာကတအား ကျေးဇူးပြုပုံ၊
အကုသိုလ်ကနေပြီး အကုသိုလ်အား ကျေးဇူးပြုပုံ၊

ရှင်မတောင်စာပေ

အကုသိုလ်တရားက အဗျာကတ တရားအား ကျေးဇူးပြုပုံ၊

အဗျာကတ တရားက အဗျာကတ တရာအား ကျေးဇူးပြုပုံ၊

အဗျာကတ တရားက ကုသိုလ်တရားအား ကျေးဇူးပြုပုံ၊ အဗျာကတ တရားက အကုသိုလ်တရားအား ကျေးဇူးပြုပုံ စသည်ဖြင့် ဟောကြားခဲ့ပါသည်။

ကုသိုလ်က ကုသိုလ်တရားအား ကျေးဇူးပြုတဲ့အခါ ကုသလော အနဝဇ္ဇသုခဝိပါကလက္ခဏော=အပြစ်မရှိ ကောင်းသောအကျိုးကို ပေးတတ်သော ဓမ္မောနိဿတ္တနိဇ္ဇီဝသဘာဝေါ= (အားလုံးသော သူတော်ကောင်းအပေါင်းတို့ ကိုယ်စီကိုယ်င အသိဉာဏ်နဲ့ စဉ်းစားလိုက်မယ်ဆိုရင် အဲဒီ. . . ဓမ္မောဆိုတဲ့ မာဂဓသဘာဝကို မြန်မာနဲ့ကြည့်လိုက်တဲ့အခါ သတ္တဝါလည်း မဟုတ်၊ ဇီဝလည်းမဟုတ် သဘောတရားသက်သက်သာ ဖြစ်တယ်) ကုသလဿ = အပြစ်မရှိ ကောင်းသောအကျိုးကိုပေးတတ်သော ဓမ္မဿ= တရား တစ်မျိုးအား၊ အနန္တရပစ္စယေန = အနန္တရပစ္စယ သတ္တိဖြင့် ပစ္စယော ဥပကာရကော= ကျေးဇူးပြုတတ်သည် ဟောတိ = ဖြစ်၏။

ပုရိမာပုရိမာ = ရှေးရှေး၌ဖြစ်ကုန်သော ကုသလာ=ကုသိုလ်ဟုဆိုအပ် ကုန်သော ခန္ဓာ = ကုသိုလ်နာမက္ခန္ဓာတရားတို့သည် ပစ္ဆိမာနံပစ္ဆိမာနံ = နောက်နောက်၌ဖြစ်ကုန်သော ကုသလာနံ = ကုသိုလ်ဖြစ်ကုန်သော ခန္ဓာနံ= ကုသိုလ်နာမက္ခန္ဓာတရားတို့အား အနန္တရပစ္စယေန = ပဋ္ဌာန်း ဒေသနာတော် အနန္တရပစ္စည်းအနေအားဖြင့် ပစ္စယောဥပကာရကော = ကုသိုလ်လို့ခေါ်တဲ့ အပြစ်မရှိ ကောင်းသောအကျိုးကိုပေးတတ်တဲ့သဘာဝ သတ္တလည်းမဟုတ်၊ ဇီဝလည်းမဟုတ်တဲ့ တရားက အပြစ်မရှိ ကောင်းသောအကျိုးကိုပေးတတ်တဲ့ ကုသိုလ်လို့ခေါ်တဲ့ နာမ်တရားသဘာဝအား (အနန္တပစ္စယရဆိုတာ "ကြားထဲမှာ နာမ်တရားတစ်ပါး မခြားမူ၍)" ကုသိုလ်ပြီး ကုသိုလ်အနေအားဖြင့်

ဆက်ကာဆက်ကာ ပုဂ္ဂိုလ်သတ္တဝါ သန္တာန်မှာဖြစ်ပွားကာ အနန္တရပစ္စည်း အနေအားဖြင့် ကျေးဇူးပြုသည်၊ ဟောတိ = အမှန်ပင်ဖြစ်ပါပေ၏။

## ကောင်းအောင်သာပြု ကောင်းအောင်သာပြော
## စိတ်မနောဖြူပါစေ

ဘယ်လိုဖြစ်သလဲလို့ ကြည့်လိုက်တဲ့အခါ ဘုန်းကြီးတို့အားလုံးသော သူတော်ကောင်းအပေါင်းတို့၊ တခြားပုဂ္ဂိုလ်ကိုမကြည့်မူ၍ ကိုယ်စီကိုယ်င မိမိတို့ရဲ့ဘဝဟု ဆိုအပ်သော သုတ္တန်ပြန်လှန်ပြီး စဉ်းစားကြည့်ရအောင်၊ စဉ်းစားကြည့်လိုက်တဲ့အခါ အနာဓိကလို့ခေါ်တဲ့၊ မမျှော်မှန်းနိုင်တဲ့ ပြီးတဲ့ အတိတ်ဘဝ သံသရာများစွာတုန်းက အဲဒီလိုအပြစ်မရှိ ကောင်းသောအကျိုး ကို ပေးတတ်တဲ့ ကာယကံကိုယ့်နှင့်ပြုမှု၊ ဝစီကံနှုတ်နှင့်ပြောမှု၊ မနောကံစိတ် နှင့် ကြံစည်မှုဆိုအပ်သော သဘောတရားတွေ ကိုယ်စီကိုယ်င ရှိခဲ့ကြပါသည်။ အဲဒီရှိခဲ့တဲ့ ကုသိုလ်တရားတွေက ယခုဘဝတိုင်အောင် ကြားထဲမှာ ရုပ်တရား တစ်ပါးမခြားဘဲနှင့် ကုသိုလ်လို့ခေါ်တဲ့ အပြစ်မရှိ ကောင်းသောအကျိုးကိုပေး တတ်တဲ့ သတ္တဝါလည်းမဟုတ်၊ (ပုဂ္ဂိုလ်လည်းမဟုတ်) အတ္တလည်းမဟုတ်၊ ဇီဝလည်းမဟုတ်၊ လိပ်ပြာလည်းမဟုတ်တဲ့ နာမ်တရား သဘာဝတရားအား ကျေးဇူးပြုနေတယ်။ အားလုံးထင်ရှားအောင်ပြောရရင် ဘုန်းကြီးတို့ အပါ အဝင် အားလုံးသော လူ့ဘုံလူ့လောကရောက်လာကြတဲ့ ပုဂ္ဂိုလ်တွေဟာ မမြင်နိုင်တဲ့ အနာဒိကခေါ်တဲ့၊ ဘဝများစွာသံသရာက အဲဒီလိုကိုယ်နှင့်၊ နှုတ်နှင့် ကောင်းမှုကိုပြုခဲ့လို့၊ ကောင်းအောင်ပြောခဲ့လို့၊ ကောင်းသောအလုပ် လုပ်ခဲ့လို့ အဲဒီကောင်းသောအပြောလို့ ခေါ်တဲ့အကြောင်းက ယခုပစ္စုပ္ပန္နန် ဘဝမှာ လူရယ်လို့ ဒီဘဝလာပြီး အကျိုးပေးတယ်။

အဲဒီလို အကျိုးပေးတဲ့အခါကျတော့ ဒီဘဝကျပြန်တော့လည်းပဲ

ကိုယ်က ကောင်းတာကိုပြု၊ ကောင်းတာကိုပြော၊ အဲဒီလို ကာယကံ၊ ဝစီကံကုသိုလ်တွေကိုမှီပြီး အနန္တရ အခြားမရှိဘဲနှင့် မိမိတို့သန္တာန်မှာ ကောင်းစွာ ကျေးဇူးပြုနိုင်ပါသည်။

ဘယ်တိုင်အောင် ကျေးဇူးပြုနိုင်ပါသလဲ ဘုရားဆိုတော့ အကယ်၍များ မိမိတို့က အသိဉာဏ်အားကောင်းမယ်ဆိုရင်၊ ဤကဲ့သို့ အသိဉာဏ်အားကောင်းတယ်လို့ပြောရင် ပကတူပနိဿယပစ္စည်းကို မျှော်ကြည့်ရပါလိမ့်မယ်။

**ပကတူပနိဿယပစ္စည်းကိုမျှော်ကြည့်လိုက်တဲ့အခါ. . .၊**

သဒ္ဓံ ဥပနိဿာယ သီလံ ဥပနိဿာယ သုတံ ဥပနိဿာယ
စာဂံ ဥပနိဿာယ ပညံ ဥပနိဿာယ ဒါနံ ဒေတိ သီလံ
သမာဒိယတိ ဥပေါသထကမ္မံ ကရောတိ ဈာနံ ဥပ္ပါဒေတိ
ဝိပဿနံ ဥပ္ပါဒေတိ မဂ္ဂံ,အဘိညံ,သမာပတ္တိံ ဥပ္ပါဒေတိလို့. . .

အဲဒီလို ဗုဒ္ဓက သူငါအားလုံးသတ္တဝါတို့ရဲ့ သဘာဝကို ဟောကြားတော်မူတယ်။

သဒ္ဓံ = မိမိတို့ရဲ့ သန္တာန်မှာရှိတဲ့ ဘုရား၊ တရား၊ သံဃာ၊ ကံ၊ ကံ၏အကျိုးကို ယုံကြည်မှုဟု ဆိုအပ်သော သဒ္ဓါတရားကို ဥပနိဿာယ=အမှီပြု၍ ယနေ့အားလုံးသော ဆိက္ခဝရွာ ဒကာ၊ ဒကာမ သူတော်ကောင်းတို့နှင့်တကွ ရပ်ဝေးရပ်နီး အသီးသီးမှ အရာတော်၊ အုတ်ကျောင်းအစရှိသည်ဖြင့် ဒကာ၊ ဒကာမအပေါင်း သူတော်ကောင်းတို့သည်၊ စုပေါင်းညီညာ ဗုဒ္ဓမြတ်စွာ၏ ပဋ္ဌာန်းဒေသနာတော်ကို ပဋ္ဌာနဘာဏကသံဃာတော်တွေက အသံမစဲ နေ့ညမကွာ ရွတ်ပွားသရဇ္ဈာယ်တော်မူကြတဲ့အခါ မိမိတို့ရဲ့သန္တာန်မှာ ဘုရားတရားသံဃာကို ယုံကြည်ပြီး သဒ္ဓါတရားနှင့် ကောင်းတာပြုက ကောင်းသောအကျိုးပေးမှာပဲလို့ သိတဲ့ ကံ,ကံ၏အကျိုးကိုယုံကြည်တဲ့ သဒ္ဓါတရား၊

ထိုသဒ္ဓါတရားကို အမှီပြုပြီး ဒါန်ဒေယျဓမ္မ = လှူအပ်သော ဒါနဝတ္ထုကို၊ ဒေတိ= လှူတယ် အဲဒီလို လှူရင်းနှင့်ပင် သီလံ = မိမိတို့ စောင့်ထိန်းအပ်သောသီလကို သမာဒိယ တိ=ကိုယ်စီကိုယ်င ဆောက်တည်ကြတယ်။ ဤကဲ့သို့ ဒါနပြု၊ သီလဆောက်တည်တဲ့အခါ၊ ရှေ့ကို မျှော်ကြည့်လိုက်တဲ့အခါကျတော့မှ ဈာန်= ဆိုင်ရာဆိုင်ရာ ဈာန်တရားကိုလည်းပဲ ဥပ္ပါဒေတိ= ဖြစ်စေနိုင်တယ်။ ဝိပဿနံ= အသိအလိမ္မာ ဉာဏ်နှင့်ယှဉ်ပြီး ရုပ်နာမ်ဓမ္မသင်္ခါရကို အထူးအားဖြင့် ကြည့် တတ်မြင်တတ်တဲ့ ဝိပဿနာဉာဏ်ကို ဥပ္ပါဒေတိ= ဖြစ်စေနိုင်တယ်။ အဲဒီလို ဖြစ်ပြီးတော့ မဂ္ဂံဥပ္ပါဒေတိ= နိဗ္ဗာန်ကို မိမိတို့ကိုယ်တိုင်မြင်နိုင်တဲ့ အရိယာ မဂ်ကိုလည်းပဲ ဖြစ်စေနိုင်တယ်။ အဲဒီလို အရိယာမဂ် ဖြစ်စေမယ်ဆိုတော့။

အနန္တရပစ္စည်းက အနုလောမံ ဂေါတြဘုဿ အနုလောမံ ဝေါဒါန ဿဂေါတြဘူ မဂ္ဂဿ ဝေါဒါနံ မဂ္ဂဿ အနန္တရပစ္စယေန ပစ္စယောလို့ မြတ်စွာဘုရားက အမျိုးကောင်းသား၊ အမျိုးကောင်းသမီးရဲ့သန္တာန်မှာ ဉာဏ သမ္ပယုတ် ကာမာဝစရကုသိုလ်လို့ခေါ်တဲ့မဂ် အားလျော်တဲ့ စိတ်လို့ခေါ်ပါ တယ်။ အဲဒီ အနုလုံက ပုထုဇဉ်အနွယ်ကိုဖြတ်မယ့် ကာမာဝစရဉာဏသမ္ပ ယုတ် စိတ်လို့ခေါ်တဲ့ ဂေါတြဘူစိတ်အား အနန္တရသတ္တိအနေအားဖြင့် ကြားထဲက အကုသိုလ်တစ်ပါးမခြားဘဲ ကုသိုလ်တရားတွေကသာလျှင် ထို ပုဂ္ဂိုလ်သန္တာန်မှာဖြစ်နေအောင် ကျေးဇူးပြုနေပါသည်။ ဂေါတြဘူ = အဲဒီ ပုထုဇဉ်အနွယ်ကိုဖြတ်မယ့် ကာမာဝစရဉာဏသမ္ပယုတ်လို့ခေါ်တဲ့ ကုသိုလ် တရားက မဂ္ဂဿ = လောကုတ္တရာကုသိုလ်လို့ခေါ်တဲ့ နိဗ္ဗာန်ကို ကိုယ်တိုင်မြင် နိုင်တဲ့ အရိယာမဂ်ကုသိုလ်တရားအား အနန္တရပစ္စယေန= အနန္တရပစ္စည်း အနေအားဖြင့် ပစ္စယောဥပကာရကော= ပဋ္ဌာန်းပစ္စည်း ကြောင်းကျိုးဆက် နည်း အားလျော်စွာ ကျေးဇူးပြုနိုင်သည် ဟောတိ=အမှန်ပင် ဖြစ်ပါပေ၏။ ဒါ. . . သဒ္ဓါတရား၊ ကိုယ်ကျင့်တရားကိုမှီလို့ ဒါသာလား. . . ဘုရားဆို

တော့မှ သုတံ = မိမိတို့ရဲ့ ရဟန်းသူတော်စဉ်၊ လူသူတော်စဉ်တို့ ဟောကြား ဆုံးမ သွန်သင်အပ်သော တရားဓမ္မတည်းဟူသော အကြားအမြင် ဗဟုသုတ ကို ဥပနိဿာယ = အမှီပြု၍ ဒီလိုပြုရင် ဒီလို ကောင်းကျိုးပေးသတဲ့လို့ ကိုယ့်သန္တာန်မှာသိပြီး ပြုကြတယ်။ ဒီနေ့ဆိုရင်. . . ဘာဏကသံဃာတော် အရှင်သူမြတ်တွေ အရပ်စကားနဲ့ပြောရင် ညနေပိုင်း မကျိန်းချင်ဘဲနှင့် ကျိန်းချင်ဟန်ဆောင်နေရတယ်။ ဒကာ၊ ဒကာမတွေ သဒ္ဓါအားဖြင့် လာရောက် ဆက်ကပ် လှူဒါန်းတဲ့ အဖျော်ယမကာ အဖြာဖြာတို့အား ဆက်လက်ပြီး မဘုဉ်းပေးနိုင်လောက်အောင်ဟာ. . . တော်ကြာ လာပြန်ပြီ၊ အရာတော်က ဘယ်ဒကာကြီးနဲ့၊ ဒကာမကြီးနဲ့၊ ဘယ်ဒကာမကြီးက ဆက်လက်ပြီး ကြည့်စမ်း . . . မနှစ်ကလည်းပဲ သံဃာတော် အရှင်မြတ်တွေ ဆွမ်းဘောဇဉ်တို့ဖြင့် မပင် ပန်းပါစေနဲ့ဆိုပြီး အုတ်ကျောင်း၊ အရာတော်၊ ဇီးကုန်းအစရှိသော ရွာတွေမှ မိမိတို့သဒ္ဓါတရား အားလျော်စွာ လာပြီး လောင်းကြတယ်။

အဲဒါဘာလို့လဲ. . . သုတ=အကြားအမြင် ဗဟုသုတရှိလို့တဲ့၊ ဘယ်လို အကြားအမြင် ဗဟုသုတရှိသလဲ။

## ဥဂ္ဂသူဌေး၏ မြတ်နိုးဖွယ်အလှူ

ဘုန်းကြီးတို့ အစိန္တေယျ သုံးလောကထွတ်ထား ရှင်တော်မြတ်ဘုရား လက်ထက်က ကြည့်စမ်း၊ သာဝတ္ထိမြို့မှာ ဥဂ္ဂသူဌေး ဇနီးမောင်နှံရှိတယ်။ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်နှင့်တကွ သံဃာတော် အရှင်မြတ်တို့ ကြွလာတယ်ဆိုတော့ မြတ်စွာဘုရားနှင့် သံဃာတော် အရှင်မြတ်တို့ကို ပင့်လို့ မြတ်စွာဘုရားတဲ့. . . ။

"မနာပဒါယီ လဘတေ မနာပံ" အရှင်ဘုရားဟောတဲ့ တရားကို နာဖူးကြားဖူးတယ် ဘုရား။ မွန်မွန်မြတ်မြတ်လှူရင် မွန်မြတ်သော အကျိုး

ကို ပေးတယ်ဆို ဘုရား။ အဲဒါကြောင့်မို့လို့. . . တပည့်တော် ဆွမ်းဘောဇဉ် အာဟာရကို မြတ်နိုးဖွယ်ဖြစ်အောင် ချက်ကြော် စီမံထားတယ် ဘုရား။ ဟဲ့ ဒီဘက်ကဆိုရင်. . . ဇီးဖြူသီးလေးနဲ့ ချက်ထားအပ်သော ဝက်သားဟင်းလျာ ဘုရားတဲ့။ ဒီဘက်ကဆိုရင် အရှင်ဘုရားတို့နှစ်သက်လောက်တဲ့ ကန်စွန်းရွက်ဆီပြန်ကြော် ဟင်းလျာပါဘုရား။ ဒီဘက်ကဆိုရင် အရှင်ဘုရားတို့ ဘုဉ်းပေးနိုင်လောက်တဲ့ ဟင်းချိုရည်ပါ စသဖြင့်လေ။ ဥဂ္ဂသူကြွယ်ကြီးနှင့် ဥဂ္ဂသူကြွယ်ရဲ့ဇနီး၊ ဒကာကြီးနဲ့ ဒကာမကြီးတို့က မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်နားကို ကပ်ပြီး လျှောက်နေတယ်။

အဲဒါ သူတို့ဘာလို့လျှောက်နိုင်သလဲ။ သုတ-အရှင်ဘုရားဟောသော တရားကို တပည့်တော် နာယူဖူးတယ်။ တစ်နေ့ရာမှာ အရှင်ဘုရားက "မနာပဒါယီလဘတေမနာပံ" ဥပသကာ - ဒါယိကာ၊ ဒါယိကာမတို့ မနာပဒါယီ-ကိုယ်ကမြတ်နိုးတာလှူရင် မနာပံ-ကိုယ့်ကျတော့လည်းပဲ မြတ်နိုးဖွယ်သော အရာဝတ္ထုကို လဘတေ-ရနိုင်တယ်။ အဲဒါကြောင့်မိုလို့ မြတ်နိုးဖွယ်ရာကို လိုချင်တဲ့အတွက်ကြောင့် အရှင်ဘုရားတို့ကို မြတ်နိုးဖွယ်ရာကို လှူပါတယ် ဘုရား။

နေရာထိုင်ခင်းကိုလည်း ကြည့်စမ်းပါ့။ အကြိုညာက ဘုန်းကြီးဟောသလို အရှင်မြတ်တို့အား အပ်၊ မအပ်နှစ်ရပ်သော သိုးမွေးရှည်ကော်ဇော၊ သိုးမွေးရှည် ကတ္တီပါ အဖြာဖြာသော နေရာထိုင်ခင်းတို့ဖြင့် လှူဒါန်းပါတယ် ဘုရား။ တပည့်တော်တို့ကို ချီးမြှောက်သောအားဖြင့် အရှင်ဘုရား သီတင်းသုံးတော်မူပါ။ အရှင်ဘုရားဟောတဲ့ တရားကို အကြားအမြင် ဗဟုသုတအားဖြင့် တပည့်တော် နာဖူးတယ်ဘုရား "မနာပဒါယီလဘတေမနာပံ"လို့ အရှင်ဟောတယ်မို့လား။ အဲဒီလိုမြတ်နိုးဖွယ် ဘုံ၊ ဗိမာန်၊ အဝတ်: တန်ဆာ စသည်ပြည့်စုံရန် ရည်သန်ပြီး တပည့်တော်လှူဒါန်းပါတယ် ဘုရား။ ဥဂ္ဂ

သူဌေးဇနီးမောင်နှံ မြတ်စွာဘုရားကို လျှောက်နေတဲ့အခန်း၊ အဲဒါ သုတ အကြားအမြင် ဗဟုသုတ။ အဲဒီတော့. . . ဘုန်းကြီးတို့ ပြန်စဉ်းစားကြည့်ရအောင်၊ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဥဂ္ဂသူဌေးဇနီးမောင်နှံကို ချီးမြှောက်သောအားဖြင့် ဆီးဖြူသီးနှင့်ချက်အပ်သော ဝက်သားဟင်းလျာကိုလည်းပဲ အလှူခံတယ်။ ကန်စွန်းရွက်ကြော် ဆီပြန်ဟင်းကိုလည်းပဲ အလှူခံတယ်။ ဟင်းချိုရည်ကိုလည်းပဲ အလှူခံတယ်။

## ဒါယိကာ ဒါယိကာမတို့၏ စေတနာ
## သပ္ပါယလေးဖြာ

ဘုန်းကြီးတို့ကိုယ်တိုင်လည်းပဲ အကပ်ခံတော့ နေ့စဉ်နေ့စဉ် ဆိက္ခဝ တစ်ရွာလုံးရှိ ပါရမီရှင်ကုသိုလ်ရှင် ဒကာ၊ ဒကာမတို့သည် ပုဂ္ဂိုလ်မမှတ်၊ သံဃာ၏ သုပ္ပဋိပန္နတာ အစဖြာသော ဂုဏ်ကိုအာရုံပြုကာ "သံဃဿဒေမ နိဗ္ဗာနဿ ပစ္စယောဟောတု" တပည့်တော်တို့လည်း နိဗ္ဗာန်ရဲ့အကြောင်း အထောက်အပံ့ဖြစ်ရန် ရည်သန်ပြီး လှူဒါန်းပါ၏ဘုရား။ အမျိုးမျိုးသော စားဖွယ်သောက်ဖွယ် အသွယ်သွယ်တို့ကို ဆက်ကပ်လှူဒါန်းကြတယ်။ ကိုယ်တော်တွေမှာ ပင်ပန်းဆင်းရဲတယ်လို့မရှိ၊ ဘောဇနသပ္ပာယ စားဖွယ်ကလည်းလျောက်ပတ်၊ ဥတုသပ္ပာယ ရာသီဥတုသဘာဝကလည်း အလွန်တရာ ပူခြင်းလည်းမရှိ၊ ကျန်းမာရေးနဲ့ ညီညွတ်လေတော့ ဥတုသပ္ပာယကလည်း ပြည့်စုံတယ်။ အာဝါသသပ္ပာယ သီတင်းသုံးစရာ ကျောင်းအနေအားဖြင့် အားလုံးသိတဲ့အတိုင်း နေစရာထိုင်စရာပြည့်စုံတယ်။ ပုဂ္ဂလ သပ္ပာယ-ဆိုတာကလည်း ဘုန်းကြီးတို့ မြသီတာဆရာတော်ဘုရားကြီးကို အမှူးထားပြီး ဇီးကုန်းဆရာတော်အစရှိသော သက်တော်ရှည် ဆရာတော်ကြီးတွေကနေပြီးတော့ နဝလို့ ခေါ်တဲ့ ဝါငယ်သံဃာတော်တွေအထိ တစ်ပါးနှင့်တစ်ပါး သမဂ္ဂဘုရား

သားတော် သီတင်းသုံးဖော် ဖြစ်ကြသည့်အားလျော်စွာ သမောဒါန၊ တစ်ပါးနှင့်တစ်ပါး အပြစ်ကိုမမြင် ချစ်ခင်လေးစားစွားဖြင့် ဟော. . . သမဂ္ဂသဟ္ဗာယလို့ခေါ်တဲ့ သံဃာညီညွတ်ခြင်းနဲ့လည်းပဲ ပြည့်စုံတယ်။ သဟ္ဗာယ လေးပါးစလုံး ပြည့်စုံတယ်ပြောကြစို့။ အဲဒါ ဘာကြောင့်လဲဆိုတော့။

ရှေ့တန်းက သံဃာတော်အရှင်မြတ်တွေက သာသနာ့တာဝန်ကို ဝမ်းမြောက်ဝမ်းသာ အားပါးတရထမ်းကြတဲ့အခါ ပဋ္ဌာန်းဒေသနာတော်မြတ်ကြီး ဗီရိုထဲမှာ ဒီအတိုင်းထောင်ထားနေမည့်အစား အရှင်မြတ်တို့က သရဘညဝတ်ဖြင့် ရွတ်ပွားသရဇ္ဈာယ်နေကြတော့ တပည့်တော်တို့ တစ်ခါဖူးမှ ဒီလိုကြားရမယ်၊ သိရမယ်လို့မထင် ဒေသနာတော်တွေကို သဒ္ဓါနားဖြင့် ထောင်နားစိုက်ကာ နာယူနေကြရတယ်။

အဲဒီလို နာယူရတဲ့အခါ၊ ရင်ထဲမယ် သုတလို့ခေါ်တဲ့ အကြားအမြင် ဗဟုသုတရတယ်။ ဗဟုသုတရလို့ တပည့်တော်တို့လည်းပဲ သဟ္ဗာယလေးပါး အရှင်မြတ်တို့အား မျှတပါစေရန်အကျိုးငှာ ရည်သန်ပြီး သာသနာတော် စောင့်ရှောက်တဲ့ကုသိုလ်၊ ကိုယ်စီကိုယ်င ဥဂ္ဂသူကြွယ်တို့ ပမာပြုကြတယ်။ ပြောကြစို့။ အဲဒီ. . . သုတံဥပနိဿာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ ဥပေါသထကမ္မံ ကရောတိ၊ ဈာနံဥပ္ပါဒေတိ ဝိပဿနံ ဥပ္ပါဒေတိ၊ အဲဒီမယ် . . . ဈာနံဥပ္ပါဒေတိ၊ ဥဂ္ဂသူဌေးကလေ သူရည်ရွယ်တာက "မနာပဒါယီ လဗ္ဘတေမနာပံ" အရှင်ဘုရားဟောတာက၊ မြတ်တာကိုလှူရင် မြတ်နိုးဘွယ်အကျိုးပေးတာ။

ရှင်မတောင် စာပေ

## ရတနာဃရရွှေအိမ်တော်ပမာ
## ကတ္တီပါပဋ္ဌာနဃရကျောင်းတော်ရာ

အခုစတုတ္ထသတ္တာဟ ရတနာဃရ ရွှေကျောင်းတော်ကြီး ဗုဒ္ဓမြတ်စွာ ရှိစဉ်အခါက သီတင်းသုံးသည့်ဟန် ရည်သန်ပြီး ကတ္တီပါခြုံပန်းခြုံနွယ်တို့ ဖြင့် ပဋ္ဌာနဃရ-ပဋ္ဌာန်းကျောင်းတော်ကြီးဆောက်ပြီး လှူဒါန်းကြတယ်။ အဲဒီလို . . . မနာပ-မြတ်နိုးဖွယ်ရာနေရာ ဥတုသပ္ပာယ-မြတ်နိုးဖွယ်ဥတု၊ ဘောဇန-မြတ်နိုးဖွယ်ဘောဇဉ်၊ ပုဂ္ဂလသပ္ပာ-သမဂ္ဂသမောဒါန ဘယ်လောက် ကြည်နူး စရာကောင်းမှန်းမသိ။ အဲဒီလို သပ္ပာယလေးပါး မျှတစွာဖြင့် အရှင်ဘုရားတို့ သာသနာ့တာဝန်ကို ထမ်းဆောင်တော်မူကြတာမြင်တော့ တပည့်တော်တို့က လည်း မနာပံ=မြတ်နိုးဖွယ် ကုသိုလ်ကိုလည်းပဲ။ လဗ္ဘတေ= ရနိုင်တဲ့ ကုသိုလ် ပြုကြတယ်ဘုရား။ အားလုံးသူတော်ကောင်းတို့ရဲ့ ရင်ထဲမှာ အဲဒီအသိ သိပြီလို့ ဆိုတော့လည်း မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်က၊ ဥဂ္ဂသူဌေးဇနီးဟာ ဤဘက်ဘဝက အာယုကပ္ပလို့ခေါ်တဲ့ ကိုယ်ကံ အကြောင်းအားလျော်စွာ သက်တမ်းကုန်တဲ့အခါမှာ ဈာနံဉပ္ပာဒေတိ = ဈာန်နှင့် ပျော်မွေ့ရာ သုဒ္ဓါဝါ သဘုံမှာ အနာဂါမ်အရိယာအဖြစ်နဲ့ သွားဖြစ်တယ်။

## ဥဂ္ဂသူဌေးပျော်ရာ သုဒ္ဓဝါသာ

အားလုံးသော သူတော်ကောင်းတို့ မမြင်တတ်ရင် ပဋ္ဌာန်းကျောင်း တော်အတွင်းက ပြဟ္မာကြီးနှစ်ဆူကိုသာ မှန်းပြီး အာရုံပြုကြပါ။ အဲဒီသုဒ္ဓါ ဝါသပြဟ္မဘုံမှာ သွားဖြစ်၊ ယခုလို ညချမ်းကာလ (၁၀)နာရီလောက် ရောက် တဲ့အခါ ဗုဒ္ဓသီတင်းသုံးရာ ဂန္ဓကုဋီတိုက်မှာ၊ အရောင်အဝါတောက်ပစွာဖြင့် မြတ်စွာဘုရားကို လက်အုပ်ချီပြီးရှိခိုးနေတယ်။ ဘုရားသခင် ကိုယ်တော်မြတ် ကတော့ သိတယ်။ ဥဂ္ဂ = ဥဂ္ဂလို့အမည်ရတဲ့ ပြဟ္မာရဲ့၊ တေ = သင့်အား၊

မနာပံ= မြတ်နိုးဖွယ်ကို လဗ္ဘတေ = ရခဲ့ရဲ့လား။ အဲဒီလို ဘုရားကမေးတော့ ဥဂ္ဂပြဟ္မာက ဘာပြန်လျှောက်တုံး အရှင်ဘုရားကို မြတ်နိုးဖွယ်လှူဒါန်းသည့် အားလျော်စွာ တပည့်တော်မြတ်နိုးတဲ့ သုဒ္ဓါဝါသပြဟ္မာဘုံသို့ ရောက်ပါပေ့ါ ဘုရား။ သုဒ္ဓါဝါသပြဟ္မာဘုံသို့ ရောက်ရုံမျှမက အဲဒီပြုအပ်သောမြတ်နိုးဖွယ် ဒါနကိုမှီပြီး ဈာန်ဥပ္ပါဒေတိ၊ ဝိပဿနံ ဥပ္ပါဒေတိ၊ မဂ္ဂံဥပ္ပါဒေတိ၊ အဘိညံ ဥပ္ပါဒေတိ၊ သမာပတ္တိံ ဥပ္ပါဒေတိ။ အနုလောမံ ဂေါတြဘုဿ၊ အနုလောမံ ဝေါဒါနဿ ဂေါတြဘူ မဂ္ဂဿ၊ ဝေါဒါနံမဂ္ဂဿ အနန္တရပစ္စယေန ပစ္စယော လို့. . . ဟောတော်မူသည့်အတိုင်း အနန္တရပဋ္ဌာန်းပစ္စည်း ကြောင်းကျိုးဆက် နည်းအားလျော်စွာ ပကတူပ ပဋ္ဌာန်းပစ္စည်းကြောင်းကျိုးဆက်နည်း အား လျော်စွာ တပည့်တော် သုဒ္ဓါဝါသပြဟ္မာကြီးဘဝ ရောက်ပါပေ့ါဘုရား။ ဒီတော့လေ. . . မြတ်စွာဘုရားက။

**အဂ္ဂဒါယီ ဝရဒါယီ၊ သေဋ္ဌဒါယီစ ယောနရော။**

**ဒီဃာယု ယသ ဝါ ဟောတိ၊ ယတ္ထယတ္ထူပ ပဇ္ဇတိ။။**

အဲဒီလေးပါဒရှိတဲ့တရား၊ ဥဂ္ဂပြဟ္မာကြီးကို ပြန်ပြီးတော့ဟောတယ်။ ပြဟ္မာ= ဥဂ္ဂပြဟ္မာကြီး၊ အဂ္ဂံ = မြတ်သောပစ္စည်းကို၊ ဒါယီ = ပေးလှူလေ့ရှိ သော ပုဂ္ဂိုလ်သည်၊ အဂ္ဂံ = မြတ်သောပစ္စည်းကိုပင်လျှင် လဗ္ဘတေ= ရနိုင် တယ်၊ ဝရံ = ချီးမွမ်းအပ်သည်ကို ဒါယီ= ပေးလှူလေ့ရှိသော ပုဂ္ဂိုလ်သည်။ ဝရဒါယီ= ကိုယ့်ကျတော့လည်း ချီးမွမ်းအပ်သော ပစ္စည်းကိုရနိုင်သည်။ ဟောတိ= အမှန်ပင် ဖြစ်ပါပေ၏။

သေဋ္ဌံ = အထူးသဖြင့် မြတ်သောပစ္စည်းကို ဒါယီ = ပေးလှူလေ့ရှိ သော ပုဂ္ဂိုလ်သည်၊ သေဋ္ဌတရော= အထူးသဖြင့် မြတ်သည်ကိုသာလျှင် ရနိုင်သည်၊ ဟောတိ = အမှန်ပင်ဖြစ်ပါပေ၏။ ယောနရော = အကြည်အမျိုးကောင်းသား၊ အမျိုးသမီးသည် ယတ္ထယတ္ထ=အကြည်ဘုံ၊ အကြည်ဌာန၊ အကြည်ဘဝ၌

ဥပပဇ္ဇတိ = ကပ်ရောက်ရ၏၊ တတ္ထတတ္ထ= ထိုဘုံ၊ ထိုဌာန၊ ထိုဘဝ၌၊ ဒီဃာယုကာ = သက်တမ်းအနေအားဖြင့် လည်းကောင်း၊ ယသသာစ= အခြံအရံ အကျော်အစောဂုဏ်သတင်းနှင့် ပြည့်စုံခြင်းသည်လည်းကောင်း၊ ဟောတိ = စင်စစ်မသွေ ဖြစ်နိုင်ပါလေတော့သတည်း။

(သာဓု သာဓု သာဓု)

အို. . . ဥဂ္ဂပြဟ္မာကြီးရဲ့ သင်သည် သုဒ္ဓါဝါသပြဟ္မာဘုံမှာဖြစ်သည့် အားလျော်စွာ ထိုမြတ်တဲ့ဘုံကိုရည်မှန်းပြီး လှူဒါန်းခဲ့တဲ့အတွက်ကြောင့် သင့်မှာ မြတ်သောဘဝရသလို ချီးမွမ်းအပ်သည်ကိုလှူတော့ ချီးမွမ်းအပ်တယ်။ မြတ်တာကိုလှူတော့ မြတ်တာကိုရတယ်။

## တူလိမ့်မယ်မထင်နဲ့ ယှဉ်လိုက်တိုင်းကွာ

အကြွဉ် အမျိုးကောင်းသား၊ အမျိုးကောင်းသမီးသည် အကြွဉ်ဘုံဘဝ ဘုံဌာန၌ ကပ်ရောက်တယ်။ ထိုကပ်ရောက်ရာ ဘုံဘဝ၊ ဌာန၌လည်းဘယ်သူနဲ့မှမတူအောင် သက်တမ်းလည်း ပိုရှည်တယ်။ အခြံ၊ အရံ၊ အကျော်အစော၊ ဂုဏ်သတင်းနဲ့လည်း ပြည့်စုံတယ်။ အဲဒီလို ဖြစ်ရခြင်းဟာ ဘာကြောင့်လဲလို့ အကြောင်းကို ကြည့်လိုက်တဲ့အခါ ရှေ့တစ်ပစ္စည်း အကြောင်းတရားက ဆက်ပြီးကောင်းလို့ ယခုဘဝ ကောင်းသလို၊ နောင်အနာဂတ် နိဗ္ဗာန်ရအပ်သော ဘဝတိုင်အောင် ကြည့်စမ်းပါ. . . ။

**နာနက္ခဏိကာ ကုသလာစေတနာ ဝိပါကာနံ ခန္ဓာနံ**
**ကဋတ္တာစရူပါနံ ကမ္မပစ္စယေန ပစ္စယော။**

နာနက္ခဏိကာ= အထူးထူးသောခဏ၊ အထူးထူးသောဘဝ၌ ဖြစ်ကုန်သော(ဥဂ္ဂသူဌေးဘဝတုန်းကပြုခဲ့တဲ့)ကုသလာ= ကုသိုလ်ဟုဆိုအပ်ကုန်

သော စေတနာ၊ မြတ်စွာဘုရားနှင့်တကွ သံဃာတော်တွေကို မြတ်တာကိုလှူ ချီးမွမ်းအပ်တာကိုလှူ တောင့်တအပ်တာကို လှူဒါန်းခဲ့တဲ့ ကုသိုလ်စေတနာ သည် ဝိပါကာနံ=အကျိုးဖြစ်ကုန်သော ခန္ဓာနဉ္စ = သုဒ္ဓါဝါသပြဟ္မာ့ဘုံမှာ သုဒ္ဓါဝါသ၊ နာမ်ခန္ဓာတို့အားလည်းကောင်း ကဋတ္တာ ရူပါနဉ္စ = သုဒ္ဓါဝါသ ပြဟ္မာပဋိသန္ဓေလို့ခေါ်တဲ့ ကဋတ္တာရုပ်အားလည်းကောင်း ကမ္မပစ္စယေန= ပဋ္ဌာန်းဒေသနာတော် နာနက္ခဏိကကမ္မ သတ္တိအနေအားဖြင့် ပစ္စယော ဥပကာရကော = ပဋ္ဌာန်းပစ္စည်း ကြောင်းကျိုးဆက်နည်း အားလျော်စွာ ကျေးဇူးပြုတတ်သည် ဟောတိ= အမှန်ပင်ဖြစ်ပါပေ၏။

## စဉ်းစားကြည့်ကာ ဝမ်းမြောက်ပါ

ဘုန်းကြီးတို့. . . ပဋ္ဌာနဘာဏက သံဃာတော်အရှင်မြတ်တို့နှင့် တကွ ပဋ္ဌာန်းဒေသနာတော်ကို ပူဇော်ကြကုန်သော အားလုံးသောဒကာ၊ ဒကာမအပေါင်း သူတော်ကောင်းတို့ အနေနှင့်လည်းပဲ စဉ်းစားထိုက်၊ ဝမ်းမြောက်ထိုက်ပါပေတယ်။ ဘာကြောင့်လဲ။ ဝိသာခါဒါယိကာမကြီး ကြည့် စမ်းပါ. . . ။

**ကဒါဟံ ကာသိကဝတ္ထံ၊ ခေါမ ကပ္ပာသိကာနိစ။**
**စီဝရဒါနံ ဒဿာမိ၊ သက်ပွေါ မယှ ပူရိတော။**

မြတ်စွာဘုရား. . . တပည့်တော်မ၊ ဟို. . . ပဒုမုတ္တရမြတ်စွာဘုရား လက်ထက်က မြတ်စွာဘုရားကို ငါ ဘယ်သောအခါမှ သင်္ကန်းလှူရပါ့မလဲ။ ဘုရားသားတော် သံဃာတော်တွေကို သံဃာ့ဂုဏ်အာရုံပြုပြီးတော့ ငါ သင်္ကန်း ဘယ်တော့လှူရပါ့မလဲ။ လှူချင်တဲ့သင်္ကန်းကလည်းပဲ ကာသိတိုင်း ဖြစ် ချောပေ့ဆိုတဲ့သင်္ကန်း၊ ခေါမတိုင်းဖြစ် ချည်ဝတ်သင်္ကန်း၊ ကပ္ပါသိက လို့ခေါ်တဲ့ ပိုးချည်အဝတ်သင်္ကန်း အဲဒီလို သင်္ကန်းမျိုးတွေ လှူချင်လိုက်တာ။

အရင်တုန်းကတော့ တပည့်တော် ပဒုမုတ္တရမြတ်စွာဘုရားလက်ထက်မှာ စွမ်းနိုင်သမျှ ဒါနလေးပြု၊ သီလလေးဆောက်တည်၊ ဆုတောင်းပြုခဲ့တယ်။ အခု အရှင်ဘုရားသာသနာ ဝိသာခါဘဝမှာကျတော့၊ မေး=ဝိသာခါခေါ် ကျောင်းအမ တပည့်တော်၏။ သက်ပွေါ်= ပဒုမုတ္တရ မြတ်စွာဘုရားလက်ထက်ကတည်းက ကြံစည်ခဲ့ရတဲ့ အကြံအစည်ဟာ ပုရိတော= ပြည့်စုံပါပေါ့ ဘုရား။

အရှင်ဘုရား သာသနာတော်ရောက်တော့ တပည့်တော်ဆန္ဒအတိုင်း သက်န်းကပ်ချင်တယ်ဆို ကပ်ရတာပဲ ဘုရား၊ ကြည့်စမ်း. . . ဝိသာခါ ကျောင်းအမလေ. . . ။ အဲဒီတော့ ဘုန်းကြီးတို့စဉ်းစားရတယ်။ တို့တစ်တွေ လည်း ပဋ္ဌာန်းဒေသနာတော်မြတ်ကြီးကို ရွတ်ပွားသရဇ္ဈာယ် (၁၄) ကြိမ် မြောက်တဲ့အခါ ပထမနှစ်ကစပြီး ဘာဏကသံဃာတော်တွေ၊ အတိတ်ကို မမြင်နိုင်(အတိတ်ကိုမသိကြလို့) ဘယ်ဘုရားလက်ထက်က၊ ဘယ်သာသနာ တုန်းက ဘယ်ဒါနတွေပြုပြီးတော့ ဆုတောင်းခဲ့ကြတယ်မသိ။ အဲဒီဆုတောင်း အားလျော်စွာ ဘဝရဲ့သဘောတရားကို ပြောပြနေတဲ့ ပဋ္ဌာန်းဒေသနာတော် ကြီးကို ရွတ်ပွားသရဇ္ဈာယ်တဲ့အခါ ဂေါတမဗုဒ္ဓရဲ့ သာသနာတော်မှာ ကိုယ် တိုင် သင်္ကန်းလှူခဲ့ကြရပြီ။ လှူလည်း လှူနေကြပြီ။ လှူဖို့ရာလည်းပဲ အချိန်နဲ့နာရီကို စောင့်ဆိုင်းနေဆဲပဲဖြစ်တယ်။ ဩော်. . . တို့တစ်တွေလည်း ပဲ။ နာနက္ခဏိက ကမ္မသတ္တိ အနေအားဖြင့် အဲဒီလို အထူးထူးသောဘဝ (အထူးထူးသောခဏ)က၊ ပြုခဲ့တဲ့ကုသိုလ်က အခုဘဝလာပြီး ပဋ္ဌာန်းပစ္စည်း ကြောင်းကျိုးဆက်နည်း အားလျော်စွာ ကျေးဇူးပြုလို့ သင်္ကန်းကိုလှူနိုင်ပြီ၊ ဒီတော့. . . ကျောင်းအမ ဝိသာခါက ဘာဆက်လျှောက်. . . ။

ကဒါဟံ သလာကဘတ္တံ၊ သုစိံ မံသူပ သေစနံ၊
ဘောဇနဒါနံ ဒဿာမိ၊ သင်္ကပ္ပေါ မယှ ပူရိတော။

မြတ်စွာဘုရား. . . တပည့်တော် ပဒုမုတ္တရ မြတ်စွာဘုရား လက်ထက်တုန်းက အသားနဲ့ ပြွမ်းထားတဲ့ ဆွမ်း၊ ထောပတ်နဲ့ပြွမ်းထားတဲ့ ဆွမ်း၊ ဆီဦးနဲ့ ပြွမ်းထားတဲ့ဆွမ်း၊ အဲဒီလို ဆီနဲ့ ကြော်ထားတဲ့ ဆွမ်း၊ မြတ်စွာဘုရားနှင့်တကွ သံဃာတော်တွေကို လှူချင်လိုက်တာ။ တပည့်တော် ဘယ်ဘဝကျမှ လှူနိုင်ပါ့မလဲလို့ အားခဲလိုက်ရတာ။ အခု. . . အရှင်ဘုရားသာသနာ ဝိသာခါဘဝကျတော့ တပည့်တော်စိတ်တိုင်းကျ အရှင်ဘုရားသာသနာတော်ကို လှူရပြီဘုရား။

ဘုန်းကြီး စိတ်ကူးလေးနဲ့. . . ကနေ့ည ဟို. . . အရာတော်ကလာတဲ့ ဒကာ၊ ဒကာမတွေကို စဉ်းစားကြည့်တယ်။ ကိုယ်နေတဲ့နေရာ ရွာကနေ၊ ဒီအဖျော်ရည်ဘူးကြီးတွေကို ရွက်ပြီး ခဏလေးနဲ့ လာလို့ရတာမဟုတ်ဘူးလေ။ တောင်ကိုကျော်ပြီး တက်ရတယ်၊ တောင်ကို ဆင်းရတယ်။ အဲဒီလို တစ်တောင်တက်၊ တစ်တောင်ဆင်းနဲ့ ပဋ္ဌာန်းဒေသနာတော် ရွတ်ပွားသရဇ္ဈာယ်တဲ့ နေရာရောက်အောင် လာခဲ့ကြတယ်။

အရှေ့ဘက်ကို မျှော်ကြည့်ပြန်တော့လည်းပဲ ဇီးကုန်းကျွန်း။ ဇီးကုန်းက ဒကာ၊ ဒကာမတွေဆိုရင် ရေကလည်း တက်သည့်ရာသီဖြစ်ရာ မြစ်၊ ချောင်းကိုကျော် လှေနဲ့တစ်ဖုံ လှော်ခတ်ပြီးမှ သံဃာတော်တွေကို ဆွမ်းလာလှူကြရတယ်။

## ဖြစ်စဉ်ကိုရှာ ဉာဏ်နှင့်ကြည့်ပါ

အဲဒီတော့. . . ဝိသာခါ ကျောင်းအမကြီးတောင်မှ ပဒုမုတ္တရ မြတ်စွာဘုရား လက်ထက်ကတည်းက ဆုပန်ခဲ့ရတာ။ တို့ဘုရားလက်ထက်ကျမှ ပြည့်တယ်။ တို့တစ်တွေလည်းပဲ။ ဘယ်ဘုရားလက်ထက်တုန်းက ဒီလိုဘဝရဲ့ သဘောတရားကို လက်ညှိုးညွှန်ပြတဲ့ ပဋ္ဌာန်းတရားတော်ကြီးကို ရွတ်ပွား

သရဏဂုံဆောက်တည်ခဲ့ပွဲမှာ တပည့်တော်၊ တပည့်တော်မတို့ လှူနိုင်ပါရစေဘုရားလို့ ပန်ဆင်ခဲ့တယ်ဆိုတာ သန္တတိပညတ်ဆိုတဲ့ ဘဝဖြစ်စဉ်ကြီးက ဖုံးအုပ်ထားလို့ မသိပေမဲ့ ယခုဘဝ အားပါးတရလှူတာကို ထောက်သောအားဖြင့် တစ်ဆူဆူသော ဘုရားလက်ထက်မှာ တို့တစ်တွေဆုပန်ခဲ့တာ အမှန်ပဲ။ အဲဒီလို ပဋ္ဌာန်းဒေသနာတော်ကြီးနဲ့ မိမိဉာဏ်စဉ်းစားကြည့်ပါ သူတော်ကောင်းတို့။

သတိပြုကြစမ်းပါ သူတော်ကောင်းတို့. . .

**အနုလောမံ ဂေါတြဘုဿ၊ အနုလောမံ ဝေါဒါနဿ၊**

**ဂေါတြဘူ မဂ္ဂဿ၊ ဝေါဒါနံ မဂ္ဂဿ၊ အနန္တ ပစ္စယေန ပစ္စယော။**

အနုလောမံ = အဲဒီလိုဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး၊ အဖျော်ရည် လှူရတဲ့ ကုသိုလ်စေတနာကို (မဟာကုသိုလ် ဉာဏသမ္ပယုတ်)ဒါကတော့ ဘုန်းကြီးသိတဲ့ အသိပေါ့။ အားလုံးသော သူတော်ကောင်းတွေကျတော့ ဒီလို မသိပေမဲ့လို့ ကုသိုလ်အရိယာမဂ်အားလျော်သော ကုသိုလ်က ဂေါတြဘုဿ မဟာကုသိုလ် ဉာဏသမ္ပယုတ်လို့ခေါ်တဲ့ ပုထုဇဉ်အနွယ်ကိုဖြတ်မယ့် ကုသိုလ် အား အနန္တရသတ္တိအားဖြင့် ကျေးဇူးပြုကာ ဂေါတြဘုဿ = အဲဒီ ပုထုဇဉ် အနွယ်ကို ဖြတ်မယ့် အဲဒီပုထုဇဉ်လောကကို မနေတော့မယ့် မဟာကုသိုလ် ဉာဏသမ္ပယုတ်က၊ မဂ္ဂဿ= မဂ်လို့ခေါ်တဲ့ လောကုတ္တရာကုသိုလ်အား အနန္တရပစ္စယေန = ပဋ္ဌာန်းဒေသနာတော် အနန္တရ သတ္တိအနေအားဖြင့် ပစ္စယောဥပကာရကော = ပဋ္ဌာန်းပစ္စည်း ကြောင်းကျိုးဆက်နည်း အားလျော်စွာ ကျေးဇူးပြုသည်၊ ဟောတိ = ဖြစ်ပါပေ၏။

## လောကီသမ္မာဒိဋ္ဌိဉာဏ်ဖြင့် ကြည့်စမ်းပါ

ဪ. . . ဒီလိုဆိုရင် တို့တစ်တွေလည်းပဲ၊ မဂ္ဂ= အဲဒီ အရိယာမဂ်လို့ ခေါ်တဲ့ သမ္မာဒိဋ္ဌိအသိဉာဏ်၊ လောကုတ္တရာ အရိယာမဂ်အနေနဲ့ မသိသေး

ပေမဲ့ မဟာကုသိုလ် ဉာဏသမ္ပယုတ်နှင့် အတူတကွဖြစ်တဲ့ လောကီမဂ်ကိုတော့ တို့တစ်တွေသန္တာန်မှာရနေတယ်၊ ကိန်းနေတယ်လို့ ကိုယ်က မြင်အောင်ကြည့်လိုက်တဲ့ အခါကျတော့ ဆွမ်းဒကာ၊ ဆွမ်းအမ၊ သင်္ကန်းဒကာ၊ သင်္ကန်းအမ၊ အဖျော်ယမကာဒကာ၊ အဖျော်ယမကာ ဒကာမစသည်ဖြင့် အဲဒီလို မိမိတို့ပြုလိုက်တဲ့ ကုသိုလ်ကို ပြန်အာရုံပြုတော့ အဲဒီကုသိုလ်က နာမ်တရား၊ လှူဒါန်းသူ ဒကာ၊ ဒကာမမှာက ရုပ်နာမ်နှစ်ပါး၊ အဲဒီရုပ်နာမ်နှစ်ပါးရဲ့သဘာဝကို ကြည့်ပြန်တော့လည်းပဲ အို. . . မနေ့က ဘုန်းကြီး အခြေခံထားဟောခဲ့တဲ့ အာရမ္မဏပစ္စည်း၊ ရှေ့ကိုမျှော်ကြည့်လိုက်တော့ အာရမ္မဏပုရေဇာတပစ္စည်း၊ အဲဒီမှာ. . . ဘုရား ဘယ်လိုဟောတုံး။

သေက္ခာဝိ ပုထုဇ္ဇနာဝိ စက္ခုံ အနိစ္စတော ဒုက္ခတော အနတ္တတော ပဿန္တိ။ သောတံ,ဃာနံ,ဇိဝှံ,ကာယံ,ရူပေ သဒ္ဒေ, ဂန္ဓေ, ရသေ,ဖောဋ္ဌဗ္ဗေ,ဝတ္ထုံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ။ အဲဒီလို မဟာကုသိုလ်ဉာဏ

သမ္ပယုတ်ကုသိုလ်စိတ်နဲ့ ပြန်ကြည့်လိုက်တော့မှ ဆွမ်းလှူတဲ့ပုဂ္ဂိုလ်၊ သင်္ကန်းလှူတဲ့ ပုဂ္ဂိုလ်၊ ကျောင်းလှူတဲ့ပုဂ္ဂိုလ်၊ ဆေးလှူတဲ့ပုဂ္ဂိုလ်၊ အဖျော်ယမကာလှူတဲ့ ပုဂ္ဂိုလ်တွေဟာ လောကီအနေနဲ့ ပုဂ္ဂိုလ်လို့ ပြောရပေမဲ့ လောကီမဂ္ဂင် သမ္မာဒိဋ္ဌိကြည့်လို့မြင်တဲ့အခါကျတော့ ခန္ဓာငါးပါး ရုပ်,နာမ်သဘာဝတရား ဒါပဲမြင်တယ်။ အဲဒီလိုမြင်တော့ မြင်တာနဲ့ ရပ်ရမလားဆိုတော့မှ အနိစ္စတော,ဒုက္ခတော, အနတ္တတော, ဝိပဿန္တိလို့ အာရမ္မဏပုရေဇာတတဲ့ အာရမ္မဏ=ကအာရုံ၊ ပုရေ=က ရှေ့ကဖြစ်ပြီးတော့ ဇာတ=က ကျေးဇူးပြုတာ။ အဲဒါကို အာရမ္မဏ ပုရေဇာတပစ္စည်းလို့ ခေါ်တယ်။ အာရုံအဖြစ်ဖြင့်ဖြစ်နှင့်ပြီး ဆိုင်ရာဆိုင်ရာ အကျိုးတရားကို ကျေးဇူးပြုတယ်။ ဘယ်လိုကျေးဇူးပြုတုန်းဆိုတော့။

ရှင်မတောင်စာပေ

ကြည့်လိုက်တယ်လေ. . . ကိုယ်က သမ္မာဒိဋ္ဌိတည်းဟူသော မျက်စိဖြင့် ကြည့်လိုက်တဲ့အခါ ဩော်. . . ငါ့သန္တာန်မှာ ရုပ်တရားအနေအားဖြင့်လည်းပဲ စက္ခုပသာဒ ရှိနေတယ်။ ထို့အတူ. . . သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ ရူပ၊ သဒ္ဒ၊ ဂန္ဓ၊ ရသ၊ ဖောဋ္ဌဗ္ဗ ဝတ္ထုရုပ် တရားပါကလား။ အဲဒီရုပ်တရားက အာရုံ သတိပြုစမ်းပါ့. . .။

ထိုအာရုံတရားကို မိမိတို့က အနိစ္စတော၊ ဒုက္ခတော၊ အနတ္တတောလို့ အဲဒီလိုရှုတဲ့ အခြင်းအရာအားဖြင့် ဝိပဿန္တိ=ဉာဏ်နဲ့ကြည့်တယ်။ ဉာဏ်နဲ့ ကြည့်တာက အကျိုးကုသိုလ်တရား။ အဲဒီတော့. . ရှေ့ဖြစ်နှင့်တဲ့ အဗျာကတတရားက နောက်မှစဉ်းစားလို့ ပေါ်လာတဲ့ကုသိုလ်တရားအား အာရမ္မဏပုရေဇာတသတ္တိအနေအားဖြင့် ကျေးဇူးပြုနေပါသည်။ အရပ်စကားနဲ့ပြောရင် ထို ရုပ်နာမ်နှစ်ပါးကို၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ ရှုတဲ့အခါ ကိုယ့်သန္တာန်မှာ ဝိပဿနာကုသိုလ်တွေ ပြန်ဖြစ်နေတယ်လို့ပြောတာ။ ဒါပဲ၊ အဲဒီကုသိုလ်ကို မှီပြီး လောကီ သမ္မာဒိဋ္ဌိမဂ္ဂင်ကနေပြီး ဝိပဿနာဉာဏ်ရောက်တဲ့အခါ ဟိုဘက်ကျတော့. . . သတိပြုစမ်းပါ့။ အရိယာမဂ်ဉာဏ်။ အရိယာမဂ်ဉာဏ်ကို လွန်တဲ့အခါကျတော့ အရိယာဖိုလ်ဉာဏ် အဲဒီကျတော့. . . ခင်ဗျားတို့ ကျုပ်တို့" သံယဿဒေမ"သံယာကို လှူပါတယ်ဘုရားဆိုတဲ့ ကုသိုလ်က "နိဗ္ဗာနဿပစ္စယောဟောတု"နိဗ္ဗာန်ကို အာရုံပြုပါတယ်။ ဟော. . . နှုတ်က ဆုတောင်းတဲ့ ဆုတောင်းလေးနဲ့တင်မရပ်တော့ဘူး။ ကိုယ့်သန္တာန်မှာ လောကုတ္တရာအရိယာမဂ်ဖြစ်ရင် အဲဒီအရိယာမဂ်က ဟော. . . ကိုယ်ဆုတောင်းတဲ့ နိဗ္ဗာန်ကိုမြင်ပါတော့သည်။ အဲဒီကျတော့မှ အဗ္ဗုတံဝတ အစ္ဆရိယံဝတ၊ တစ်သံသရာလုံးကနေပြီး မျှော်မှန်းကာ ဒါနပြုလိုက်၊ သီလဆောက်တည်လိုက်၊ ဘာဝနာအလုပ်ကို အားထုတ်လိုက်နဲ့ လာခဲ့ရတာ အခုမှ ချမ်းသာကိုတွေ့ပါပေါ့လားလို့ အဲဒီလို ဝမ်းသာနိုင်တယ်ဗျ။ အနန္တရပစ္စည်းကို အခြေခံထား၍

ဥပနိဿယပစ္စည်းကမ္ပပစ္စည်း၊ အာရမ္မဏပုရေဇာတပစ္စည်း ဒေသနာတော်ကိုလိုက်ပြီး ကျေးဇူးပြုပုံပါ သူတော်ကောင်းတို့။ သို့သော်. . . တကယ်တော့လည်း အားထုတ်ရမှာနော်။

ကိုင်း. . . . . သတိပြုကြည့်စမ်းပါ။

ပုရိမာပုရိမာ အကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ

အကုသလာနံ ခန္ဓာနံ အနန္တရပစ္စယေန ပစ္စယော။

အသိဉာဏ်နဲ့ သပ္ပုရိသူပနိဿယလို့ခေါ်တဲ့ ရဟန်းသူတော်ကောင်း၊ လူသူတော်ကောင်း၊ မိဘ၊ ဆရာသမားသူတော်ကောင်းတို့နဲ့မတွေ့၊ အဲဒီလိုပုဂ္ဂိုလ်တို့ရဲ့ ခလေ့ကျတော့၊ ပုရိမာ ပုရိမာ= ရှေးရှေး၌ဖြစ်ကုန်သော၊ အကုသလာသာဝဇ္ဇ ဒုက္ခဝိပါကလက္ခဏာ၊ ကိုယ်ပြုတဲ့ အလုပ်ကလေအပြစ်နှင့်တကွ မကောင်းသောအကျိုးကိုပေးခြင်း၊ လက္ခဏာရှိကုန်သော၊ ခမ္မာနိဿတ္တနိဇ္ဇီဝသဘာဝါ= သတ္တလည်းမဟုတ်၊ ဇီဝလည်းမဟုတ်တဲ့ အကုသိုလ်လို့ခေါ်တဲ့ အဲဒီတရားတို့က ကိုယ်-ကိုယ်နှင့်မကောင်းတာပြု၊ နှုတ်ဖြင့်မကောင်းတာပြော၊ အဲဒီကိုယ်ကပြု နှုတ်ကပြောပြီးပြီးသလားဘုရားဆိုတော့မှ အဲ. . . အနန္တရ- ကြားထဲက ဘယ်ကုသိုလ်မှ မဝင်နိုင်ဘူးတဲ့။ ပစ္ဆိမာနံ ပစ္ဆိမာနံ=နောက်နောက်၌ဖြစ်ကုန်သော အကုသလာနံ• အကုသိုလ် ဖြစ်ကုန်သော ခန္ဓာနံ • မန္ဓာတို့အား အနန္တရပစ္စယေန= ပဌာန်းဒေသနာတော်အနန္တရ သတ္တိအနေအားဖြင့် ပစ္စယောဉပကာရကော • ပဌာန်းပစ္စည်းကြောင်းကျိုးဆက်နည်းအားလျော်စွာ အကုသိုလ်အကျိုးပေးတော့သည်သာလျှင် ဟောတိ = အမှန်ပင်ဖြစ်ပါပေ၏။

ဘယ်မလဲဘုရား . . . ?။ အားလုံး သူတော်ကောင်းတို့၊ သိဖူး၊ ကြားဖူး၊ နာဖူးနေကြပါတယ်။

## ညီအစ်ကိုတော်လည်း ကယ်နိုင်ပဲ

မြတ်စွာဘုရား၏ ဆွေတော်မျိုးတော်အရင်းဖြစ်တဲ့ ညီအစ်ကို တစ်ဝမ်းကွဲတော်တဲ့ အရှင်ဒေဝဒတ်ကို ကြည့်ပါ။ မြတ်စွာဘုရားရဲ့ သာသနာတော်မှာ တန်ခိုးအရာမှာ တုဘက်ပြိုင်ကင်း ရှင်မောဂ္ဂလာန် ကိုယ်တော်မြတ်ကြီးကို ကြည့်ပါ။

ပုရိမာပုရိမာ= ရှေးရှေးတုန်းက အကုသလာ= အကုသိုလ်ဟု ဆိုအပ်ကုန်သော ဓမ္မာ= ဒေဝဒတ်ကျတော့. . ဟို. . ရွဲကုန်သည်ဘဝ ကတည်းက အတူတူကုန်ရောင်း ကုန်ဝယ်လုပ်ကြတယ် သူတော်ကောင်းတို့။

ကြည့်စမ်း. . . သူလည်းပဲ သူ့ပစ္စည်း၊ သူ့မိသားစု စားဝတ်နေရေး မပင်ပန်းရအောင် ရှာဖွေတာပဲ၊ ကိုယ်လည်းပဲ ကိုယ့်ပစ္စည်း၊ ကိုယ့်မိသားစု စားဝတ်နေရေး မပင်ပန်းရအောင် ရှာဖွေတာပဲ၊ သူလည်းပဲ သူ့လုပ်ငန်း သူလုပ်၊ ကိုယ်လည်းပဲကိုယ့်လုပ်။ အရပ်စကားနဲ့ပြောရင်ရှင်းလို့၊ ဘာမှဝင်ရှုပ်စရာမလိုဘူး။ အခုတော့ အဲဒီလိုမဟုတ်ဘူးလေ။ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ရဲ့ အလောင်းတော် ရွဲကုန်သည်နှင့် ဒေဝဒတ်ရွဲကုန်သည်တို့ အတူတကွ တစ်ရွာဝင် တစ်ရွာထွက်ပြီးတော့ ရွဲရောင်းကြတယ်။

## အလိုကြီးတော့ အရနည်း

အိမ်တစ်အိမ်မှာ စီးပွားပျက်ခိုက်နဲ့ကြုံတဲ့ မြေးအဘွားနှစ်ယောက် ရှိကြတယ်။ မြေးက ပူဆာတဲ့အခါ ဒေဝဒတ်အလောင်း ရွဲကုန်သည်ကိုခေါ်၊ အမောင်. . . သင်တူမလေး၊ သင်သနားသမျှ ရွဲတစ်လုံးဖြစ်စေ ပေးခဲ့ပါ။ အဘွား အခြားပေးစရာ ခနဲ၊ ကြေးငွေ၊ ပိုက်ဆံတော့မရှိ။ ဟဲဒီလင်ပန်း တစ်ချပ်သာ ရှိတယ်။ ဒီလင်ပန်းကို အမောင်ယူပါ။ ဒေဝဒတ်အလောင်းက

သူ့လက်သည်းနဲ့ခြစ်ကြည့်တော့ နှစ်ပေါင်းများစွာ သိုမှီးသိမ်းဆည်းထားတာ ဖြစ်တော့ ကြေးညှိလေးတွေတက်နေတဲ့ ရွှေလင်ပန်းဖြစ်နေတယ်။

သို့သော်. . . ရွှဲတစ်လုံးတောင် ပေးချင်တဲ့စေတနာကမရှိ၊ သဒ္ဓါ တရား အသိဉာဏ်ကလည်းမရှိ။ ဒီတော့. . ခင်ဗျားလင်ပန်းကြီးက နှစ်ပြား တောင် မတန်ဘူး။ ကျုပ်ရွှဲက အလွန်တရာမှ အဖိုးတန်တယ်။ ဒါကြောင့် အဘွားကြီး ကျုပ်ကတော့ မရောင်းနိုင်ဘူး၊ မလဲနိုင်ဘူး။ သွားပြီ. . .၊ သူစိတ် ကူးက နောက်ပိုင်းကျမှ အလကားယူမလို့လေ။

ဗုဒ္ဓရဲ့ အလောင်းလျာရောက်လာတဲ့အခါကျတော့ အဘွားက အဲဒီ အတိုင်း ပြောတဲ့အခါ၊ ကြည့်စမ်း. . . ကျုပ်မှာပါတဲ့ ရွှဲမှန်သမျှ အကုန်ပေး တောင်မှ အဘွားရဲ့ လင်ပန်းတန်ဖိုးမရှိပါ။ အဲဒီလင်ပန်းဟာ ရွှေလင်ပန်းကြီး။ ဒါကြောင့် ကျွန်ုပ်ရဲ့ရွှဲနဲ့ လဲပြီးမယူပါနှင့်။ အို. . . အမောင်နဲ့ထိုက်လို့ အမောင် ရတာပဲ ယူသွားပါ။ ငါ့မြေးလေး အငိုသက်သာ၊ အမှောင့်သက်သာအောင်၊ မင်းသဒ္ဓါသမျှ ရွှဲသာပေးခဲ့ပါ။ ယူသွားပါအမောင် ရောင်းသူဝယ်သူ စေတနာ တူရင်ပြီးစတမ်းကိုဗျ။

အဲဒီမယ် ကြည့်စမ်းပါ။ အရှင်ဒေဝဒတ်အလောင်း ရွှဲကုန်သည်က နောက်တစ်ခါပြန်လာပြီး အဘွားကြီး၊ အဲဒီလင်ပန်းပေး အမောင်တစ်ဦး သော ရွှဲကုန်သည်ယူသွားပြီ။ အဲဒီတော့မှ. . . ငါတော့ဆုံးပြီ။ အဲဒါကို ပြန် စဉ်းစားကြည့်လိုက်တဲ့အခါ "အလိုကြီးရင် အရနည်းတတ်တယ်" သိပ်အရေး ကြီးတာပဲ။ ဘုန်းကြီးဖြစ်ဖြစ်၊ လူဖြစ်ဖြစ်၊ နတ်ဖြစ်ဖြစ်၊ ဘုန်ကြီးရော၊ လူရော၊ နတ်ရော၊ ဘွားသီလရော၊ ဘိုးသူတော်ရော အို. . . ကုန်ကုန်ပြောလိုက်မယ်။ တိရစ္ဆာန်တောင်မှ လောဘကြီးပြီး လူတွေစွန့်ပစ်ထားတဲ့ အသားတုံးကို လု ပေမယ်လို့ လောဘကြီးတဲ့ကျီးဟာ လုရင်းလုရင်းနဲ့ အခြားကျီးရဲ့ ပါးစပ်ထဲ ပါသွားတာပဲ။ သူ့မှာ ဒီအတိုင်းကျန်ရစ်တယ်။ အဲဒါဘာလို့လဲ အလိုကြီးလို့။

ဒါကြောင့်မို့လို့. . . ကိုယ်က ကိုယ်နဲ့ထိုက်တာ၊ ထိုက်တာဆိုတာ ဘာပါလိမ့်။ ကိုယ်ပြုတဲ့ကံက ဘယ်လောက်ကောင်းသလဲ။ အဲဒီတော့ ကိုယ့်ကံ ကိုယ့်အကြောင်းကို၊ လုပ်တဲ့လုပ်ငန်းကို ကိုယ်သိရတယ်။ ငါ့ရင်မှာ သဒ္ဓါတရား ရှိသလား၊ ငါ့ရင်မှာ စေတနာရှိသလား၊ ငါ့ရင်မှာ သီလရှိသလား၊ ငါ့ရင်မှာ ရဟန်း သူတော်ကောင်းတို့ရဲ့ အဆုံးအမ အကြားအမြင် ဗဟုသုတ ရှိသလား၊ ငါ့မှာ တွေးခေါ် မြော်မြင်တတ်တဲ့ ဒါကအမှား၊ ဒါကအမှန် ဆင်ခြင် ဉာဏ်ရှိရဲ့လားလို့ ကိုယ့်ကိုယ်ကိုယ် စဉ်းစားရတယ်။

မရဘူး လိုက်မယ်ဆိုတော့၊ ဘုန်းကြီးတို့ အရှေ့ဘက်ကမြစ်လို၊ ဂင်္ဂါမြစ်ကို လှေငှားပြီး ကူးပါရော၊ ကြည့်စမ်း. . . ဒါကြောင့်မို့လို့ အာယာတ ဝတ္ထုဆိုတာ - သူတော်ကောင်းတို့ အလွန်တရာမှ ကြောက်စရာကောင်းပါတယ်။ အဲဒီအာယာတ၊ ရွဲကုန်သည်ဘဝက ထားလိုက်တဲ့ ပုရိမာပုရိမာ= ရှေးရှေးရွဲကုန်သည်ဘဝက ထားခဲ့ဖူးကုန်သော အကုသလာ= အကုသိုလ်ဟု ဆိုအပ်သော၊ ဓမ္မာ = သင်းတော့ ငါမကျေဘူးဟဲ့လို့ ဒေဝဒတ်အလောင်း ရွဲကုန်သည်သန္တာန်မှာဖြစ်တဲ့ အကုသိုလ်တရားတို့သည် ဘာမှဆိုင်တာ မဟုတ်ဘူးနော်. . .။ ကိုယ့်မိသားစုအတွက် ကိုယ်ကျေနပ်လို့ ရောင်းကြ၊ ကိုယ်ကျေနပ်လို့ဝယ်ကြ၊ နှစ်ဦးနှစ်ဝ ကျေနပ်ရင်ပြီးစတမ်း၊ သူက ကြားထဲက အာယာတထားတယ်။ အဲဒီလို အာယာတထားတဲ့အခါကျတော့ ပစ္ဆိမာနံ ပစ္ဆိမာနံ=လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်း ကာလပတ်လုံး အလောင်းတော်ရဲ့ နောက်က လိုက်ပြီး အဖျက်သမားဘဝနဲ့ အကုသလာနံ= အကုသိုလ်ဟု ဆိုအပ်သော၊ ခန္ဓာနံ= ခန္ဓာတရားတို့အား အကျိုးပေးလိုက်တာ ဒေဝဒတ်ဘဝ ရောက်တယ်။ မြတ်စွာဘုရားကို လူမိုက်တွေနဲ့ပေါင်းပြီး မြားနဲ့ပစ်ခိုင်းတယ်။ မြတ်စွာဘုရားကို နာဠာဂီရိဆင်ကြီးကို အရက်မူးအောင်တိုက်ပြီး နင်းခိုင်းတယ်။ မြတ်စွာဘုရားအား ဂိဇ္ဈကုဋ်တောင်ပေါ်ကနေ ကျောက်မောင်းဆင် ကျောက်တုံးတွေနဲ့ ထုလိမ့်ချတယ်။ အဲဒီတော့သူ့မှာ ဘယ်သွားအကျိုးပေး

တုန်း အကုသလာနံ=အကုသိုလ်ဖြစ်ကုန်သော၊ ခန္ဓာနံ=မဟာ အဝီစိငရဲလို့ ခေါ်တဲ့ အပါယ်လေးဝ ဒုဂ္ဂတိဘဝအား အနန္တရပစ္စယေန=ပဋ္ဌာန်းဒေသနာ တော်ကြားထဲက ကုသိုလ်ဆိုတာ မဝင်စေမူ၍ အနန္တရသတ္တိအနေအားဖြင့် ပစ္စယောဥပကာရ ကော=ကျေးဇူးပြုတတ်သည် ဟောတိစင်စစ်ကေန် အမှန် ပင် ဖြစ်ပါပေ၏။

အားလုံးသော ပဋ္ဌာန်းဒေသနာတော်ကို သဒ္ဓါနားဖြင့် ထောင်နား စိုက်ကာ နာယူကြကုန်သော သူတော်ကောင်းတို့၊ အရှင်ဒေဝဒတ်ရဲ့ သဘာဝ ကိုဉာဏ်၌သက်ဝင်ဆင်ခြင်ပြီး သံဝေဂပွားကာ တို့သန္တာန်မှာတော့ အဆက် ဆက်သောအကုသိုလ်က အဆက်ဆက်သော အကုသိုလ်အား ကျေးဇူးပြု အောင် ဘယ်လိုနည်းနဲ့မှ မဆောင်ယူ၍ သူ့အကုသိုလ်ကို သူယူလိမ့်မယ်။ ကိုယ်တို့ကမူ မယူမူ၍ ဒါတွေသိတော့ ဘုရားသခင်ကိုယ်တော်မြတ် ဟောကြား တော်မူတဲ့ အဆုံးအမအားလျော်စွာ ဉာဏ်မှာထင်လာတယ်။ ဒီနေ့. . . ဘုန်း ကြီး တော်တော်စိတ်လေးတယ်။ အမှန်အတိုင်းပြောရရင် ဒကာ၊ ဒကာမတွေ နားလည်အောင် အခြေခံထားရမယ့် ပစ္စည်းတရားကလည်းပဲ သံသရာအစ ကနေပြီး နိဗ္ဗာန်ရောက်သည့် ဘဝတိုင်အောင်၊ သူတို့နားလည်အောင် ငါ ဘယ်လိုပြောရမလဲလို့၊ အနားလာပြီး စကားလာပြောမှာကို တော်တော် ကြောက်တယ်။ စဉ်းစားတယ်လေ. . . စိတ်ကူးတယ်ပေါ့။ ယခုဟောပြန် တယ်ဆိုတော့လည်းပဲ ဗုဒ္ဓရဲ့အဆုံးအမတွေက ဘုန်းကြီးရဲ့ စိတ်အာရုံ ဉာဏ် ထဲမှာ ထင်လာတယ်။

## မာဂဏ္ဍီ မိဿာဒိဋ္ဌိအမျိုးသမီးကိုကြည့်ပါ

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကို အမျိုးမျိုးဒုက္ခပေး၊ အဲဒီလို အမျိုးမျိုးဒုက္ခပေးတဲ့ အကုသိုလ်ကံကို အရှင်အာနန္ဒာက ဘာလျှောက်

တုံး. . . မြတ်စွာဘုရား. . မာဂဏ္ဍီအမျိုးသမီးဟာ ဘုရားကိုဆဲမလို့တဲ့။ ဘုရား ကနေ့ ရာဇဂြိုဟ်မြို့ထဲကို ဆွမ်းခံမသွားပါနဲ့ဘုရား။ အကြံညာက ဘုန်းကြီးပြောသလိုပဲ့။ ဘုန်းကြီးကြွတဲ့အခါ၊ အဲသလိုကြွနော်။ ဒီတော့ ဘုန်းကြီးက ဘုရားဟောထားတဲ့ တရားနာထား၊ သိထားတယ်။ သိတော့ ဘာဖြစ်သလဲ ဘုရား. . .

ဘုရား ဘာအမိန့်ရှိသလဲ။ ချစ်သားအာနန္ဒာ၊ အဲဒီရာဇဂြိုဟ်မြို့ကို ငါဘုရား ဆွမ်းခံမသွားရင် ငါဘုရားသခင်ကိုယ်တော်မြတ် ဘယ်အရပ်မှာ သွား ဆွမ်းခံရမလဲ။ သွားတော့သွားပါဘုရားတဲ့။ မာဂဏ္ဍီရှိတဲ့အရပ်ကို မသွားနဲ့ပေါ့ ဘုရား။ သူက ဟိုဘက်လမ်းကိုလိုက်ဆဲရင် ငါဘုရား ဘယ်သွား ရပ့်။ သူမလိုက်တဲ့ ဟိုဘက်လမ်းသွားတာပေါ့ဘုရား သူက ဟိုဘက်လမ်း လိုက်ခဲ့ပြန်တော့လည်း မင်းဘယ်သွားမလဲ။ သူမလိုက်တဲ့လမ်း သွားမှာပေါ့ ဘုရား။ ရာဇဂြိုဟ်မြို့လမ်းသာ ကုန်သွားတယ်။ မာဂဏ္ဍီနဲ့လွတ်တဲ့လမ်း မရှိဘူး။ ဒီတော့. . . ဘုရား ဘာပြောသလဲ၊ ချစ်သား. . . စစ်ဗိုလ်ချုပ်ဆိုတဲ့ ရာထူးဟာ စစ်မြေပြင်မှာသာ ရကောင်းတယ်။ မြို့ရွာမှာ အချောင်ထိုင်ပြီး ဗိုလ်ချုပ်ရယ်လို့ မဖြစ်နိုင်ပါ။

ဘုရားသခင် ကိုယ်တော်မြတ်ကြီးလည်း လောကုတ္တရာ စစ်ဗိုလ်ချုပ် ကြီး ဖြစ်သည့်အားလျော်စွာ စစ်မြေပြင်မှာပင်လျှင် လောကုတ္တရာ စစ်သည် တို့နှင့် အောင်ပွဲခံမယ်။ ဘာလုပ်ပါလိမ့်။ မြတ်စွာဘုရား. . .

ကရဏီယ မတ္ထကုသလေန၊

ယန္တ သန္တံ ပဒံ အဘိသမစ္စ။

အစရှိတဲ့. . . မေတ္တာသုတ္တန် ပရိတ်တရားတော်ကို အာရုံပြုပြီးလို့ ပြောကြပါစို့။ စိုက်စိုက်စူးစူး၊ အဲဒီမာဂဏ္ဍီနှင့်တကွ သူ့ရဲ့အစေအပါးတွေကို ကြည့်ပြီးတော့ သင်တို့တစ်တွေ ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ ဒေါသ

ကင်းကွာ စိတ်ချမ်းသာကြပါစေ၊ ဆင်းရဲကင်းကွာ ကိုယ်ချမ်းသာကြပါစေ၊ နှလုံးစိတ်ဝမ်း ငြိမ်းအေးကြပါစေ၊ မေတ္တာပြဟ္မစိုရ်ကုသိုလ်ဗျ။ ဘုရားဆိုတော့ . . . ဗုဒ္ဓမြတ်စွာက မေတ္တာပြဟ္မစိုရ်တရားရေနဲ့ လောင်းလိုက်တဲ့အခါ တဟုန်းဟုန်းတောက်နေတဲ့ မာဂဏ္ဍီရဲ့ ဒေါသမီးကြီးဟာ သူ့ကိုသာ ပြန်လောင်တော့တာပေါ့။ ဒါကြောင့် အားလုံးသောသူတော်ကောင်းတို့ ဗုဒ္ဓမြတ်စွာ၏ အဆုံးအမအားလျော်စွာ မိမိတို့သန္တာန်မှာ အကုသိုလ်ကျေးဇူးပြုမှု အဖြစ်မခံမူ၍ သူ့ဟာသူကိုထားခဲ့၊ ကိုယ့်ထံမပါစေနဲ့။

ပုရိမာပုရိမာ=ရှေးရှေးကဖြစ်တဲ့ ကုသိုလ်က ပစ္ဆိမာနံပစ္ဆိမာနံ=နောက်နောက်ဖြစ်တဲ့ ကုသိုလ်အား၊ အနန္တရပစ္စယေန=ပဌာန်းဒေသနာတော် အနန္တရပစ္စယ သတ္တိအနေအားဖြင့် နိဗ္ဗာန်တိုင်ထိ သမ္ပတ္တိချမ်းသာရမည့်ဘဝတိုင်အောင် ရမည့်ကာလ၊ ရမည့်အချိန်တိုင်အောင် ပစ္စယောဥပကာရကော=ပဌာန်းပစ္စည်း ကြောင်းကျိုးဆက်နည်းအားလျော်စွာ ကျေးဇူးပြုနိုင်သည် ဟောတိ=အမှန်ပင် ဖြစ်ပါပေ၏လို့ အဲသည်လိုပဲ သံဝေဂယူကြပါ သူတော်ကောင်းတို့။

ဒီတော့ ရှေ့ကိုတစ်မျိုးသွားကြည့်. . .

အကုသလော ဓမ္မော အကုသလဿ ဓမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော။ ရာဂံ ဥပနိဿာယ ပါဏံ ဟနတိ၊ အဒိန္နံ အာဒိယတိ၊ မုသာ ဘဏတိ၊ ပိသုဏံ ဘဏတိ၊ ဖရုသံ ဘဏတိ၊ သမ္ဖံ ပလပတိ၊ သန္ဓိံ ဆိန္ဒတိ၊ နိလ္လောပံ ဟရတိ၊ ဧကာဂါရိကံ ကရောတိ၊ ပရိပန္ထေ တိဋ္ဌတိ၊ ပရဒါရံ ဂစ္ဆတိ၊ ဂါမဃာတံ ကရောတိ၊ နိဂမဃာတံ ကရောတိ၊ မာတရံ ဇီဝိတာ ဝေါရောပေတိ၊ ပိတရံ ဇီဝိတာ ဝေါရောပေတိ၊ အရဟန္တံ ဇီဝိတာ ဝေါရောပေတိ၊ ဒုဋ္ဌေန စိတ္တေန တထာဂတဿ လောဟိတံ ဥပ္ပါဒေတိ၊ သံဃံ ဘိန္ဒတိ၊

အားလုံးသော သူတော်ကောင်းတို့၊ ပဋ္ဌာနဘာဏက သံဃာတော် အရှင်မြတ်တို့ ရွတ်တဲ့အခါ အာရုံစိုက်ပြီးတော့ နာယူဖို့ကောင်းတယ်။ အဲဒီ နေရာလေးတွေများ ဘာတွေ လဲဘုရားဆိုတော့ ကိုယ်သန္တာန်မှာရှိတဲ့ ရာဂ လို့ခေါ်တဲ့ မတရားလောဘကိုမှီပြီး ဒုစရိုက်ဆယ်ပါးနှင့် ပဋ္ဌာနန္တရိယကံ ငါးပါး နိယတမိစ္ဆာဒိဋ္ဌိကြီးတိုင်အောင် ပကတူပနိဿယသတ္တိ အနေအားဖြင့် အကုသိုလ်က အကုသိုလ်အား ကျေးဇူးပြုတယ်။

ဒါကြောင့် ပုထုဇဉ်မှန်က သူငါကစ အားလုံးသောပုဂ္ဂိုလ်တို့မှာ လိုချင်တယ်ဆိုတဲ့ လောဘမရှိဘူးလို့ပြောရင် လိမ်တာပါ။ ရှိပါတယ်။ ဒကာ၊ ဒကာမတွေလည်းပဲ မိသားစုစားဝတ်နေရေး၊ ကြီးပွားရေးနှင့်မင်းရေးတစ်ဖြာ လှူရေးပါထည့်ပြီး ဥစ္စာရတနာလိုချင်တဲ့ လောဘနဲ့ရှာရတယ်။ ဒါပေမဲ့ တရားသဖြင့်ရှာဖွေ(လိုချင်)တဲ့ လောဘကျတော့၊ လောဘအမည် ဆန္ဒလို့ပဲ ပြောကြပါစို့။ ဒီနေရာမှာ ဒုစရိုက်(၁၀)ပါး ပုဂ္ဂိုလ်သတ္တဝါသန္တာန်မှာ ဖြစ်ပေါ် လာပလား ဆိုမှုဖြင့်။

**"ကာမေဘိဇ္ဈာဒိဋ္ဌိမှာဖြစ်လာလောဘကြောင့်"**ဆိုတဲ့အတိုင်း ကာမ ဂုဏ်၌ မတရားမှု၊ သူတစ်ပါးရဲ့လှမှု၊ ဥစ္စာဓနေ၊ ရာထူးဂုဏ်သိန်၊ စည်းစိမ်ခွဲရုံ ပြည့်စုံမှု၊ (ပုထုဇဉ်နယ်မှာ ထည့်လိုက်ဦး၊ သူတစ်ပါးဘုန်းကံကြီးတာ မနာလိုမှု) များသောအယူဝါဒ လက်ခံမှုကြောင့် လောဘဖြစ်၊ လောဘမှုဖြစ်ရင်. . . မောဟကလည်း ဖြစ်ပြန်ပြီ။ ဒီတော့. . . လောဘကြောင့် ပြိတ္တာ၊ မောဟ ကြောင့် တိရစ္ဆာန် သတိပြုပါ။

**"ပါဏာ၊ ဗျာပါ၊ ဖရုသာ၊ မှတ်ပါဒေါသကြောင့်"**သူတစ်ပါးရဲ့အသက် သေစေလိုသော ဝဓကစေတနာနှင့် သတ်တယ်။ ပြောကြပါစို့. . . သူ့ကို ငါမမြင်လို၊ သူ့အသံ ငါမကြားလို၊ ပျက်စီးစေလိုမှုဗျာပါဒ၊ ရိုင်းစိုင်းကြမ်းတမ်း သောစကား (လွှသွားပမာလို့ ပြောကြပါစို့)ကြောင့် ဒေါသဖြစ်၊ ဒေါသဖြစ်ရင်

မောဟကလည်း ဖြစ်ပြန်ပြီ။ ဒီတော့ ဒေါသကြောင့်ငရဲ၊ မောဟကြောင့် တိရစ္ဆာန်။

"ပိသု၊မုသာ၊သမ္ဖပ္ပါ၊ဒိန္နာ၊နှစ်ပါးကြောင့်" ဆိုတဲ့အတိုင်း သူနှစ်ဦးတို့ရဲ့ ချစ်ခင်မှုကို၊ သူ့အကျိုးကိုယ့်အကျိုး သယ်ပိုးနေမှုကို မဟည့်အောင် ချောပစ်ကုန်းတိုက်တယ်။ သူတစ်ဖက်သား ပျက်စီးစေလိုသော စေတနာနှင့်တကွ လိမ်လည်လှည့်ပတ် ပြောကြားတယ်။ မိမိသူတစ်ပါး နှစ်ဦးသားလုံး အကျိုးမရှိတဲ့ စကားပြောကာ အချိန်ကိုဖြုန်းတီးတယ်။ သူတစ်ပါးပစ္စည်း ခိုးလိုယူမှု စိတ်အစုနှင့်ခိုးတယ်ဆိုရင် လောဘလည်းဖြစ်တယ်။ ဒေါသဖြစ်တယ်။ လောဘ၊ ဒေါသဖြစ်က မောဟကလည်းပါပြန်ပြီ။ ဒီတော့. . . ဒုစရိုက်(၁၀)ပါးစလုံးပြောကြပါစို့။ အပါယ်လေးပါး ဒုဂ္ဂတိဘဝအား အကုသိုလ်က အကုသိုလ်အား အကျိုးပေးပုံ ဉာဏ်ဖြင့်ထုံကာ သံဝေဂယူကြပါ သူတော်ကောင်းတို့။

အားလုံးသော သူတော်ကောင်းတို့မှာ. . . ဗုဒ္ဓရဲ့ အဆုံးအမအတိုင်း တကယ်လိုက်နာနိုင်သလောက် လိုက်နာတော့မယ်ဆိုရင် အဘိဓမ္မာဒေသနာတော်ဆိုတာက ခင်ဗျားတို့၊ ကျုပ်တို့ရဲ့ရင်ထဲ ပုထုဇဉ်တို့သဘာဝအတိုင်း အဲသည်လိုဖြစ်ရင် ဒီလိုအကျိုးတရားတွေ ဖြစ်တတ်တယ်ကွယ်တို့။ မဖြစ်စေနဲ့လို့ ဒါဘုရားက တားတာပဲ။ဒကာကြီးတို့ရေ. . . ဒီတော့ ဘုန်းကြီးတို့ စဉ်းစားရအောင် ပိသု၊ မုသာ၊ သမ္ဖပ္ပါဒိန္နာနှစ်ပါးကြောင့်လို့ဆိုတော့ လောဘကြောင့် ဒေါသဖြစ်မယ်။ လောဘကြောင့် မောဟဖြစ်မယ်။ ဒီတော့ . . . လောဘကြောင့်ဖြစ်တဲ့ အကျိုးတရားက ပြိတ္တာဘုံ ဆွဲချတော့မယ်။ ငရဲဘုံလည်း ဆွဲချတော့မယ်။ တိရစ္ဆာန်ဘုံလည်း ဆွဲချတော့မယ်။ ကောင်းကွက်တစ်ချက်မှ မရှိပါ။ ဒါ့ကြောင့်. . . အကုသိုလ်အကြောင်းတရားကိုမှီပြီး အကုသိုလ်အကျိုးတရားမဖြစ်အောင် သူ့အကုသိုလ်သူပဲ ယူပါစေ။ ငါမပါအောင်၊

ဟော. . . သူ့အကုသိုလ် သူပဲပြောပါစေ ငါမပါ၊ သူ့အကုသိုလ် သူပဲလုပ်ပါစေ။ ငါမပါ၊ အဲဒီလိုနေနိုင်မှသာလျှင် ဒုစရိုက်တရားဆယ်ပါးက ဝေးပါလိမ့်မည်။ သုစရိတ-ကောင်းသောစရိုက် ကိုယ့်သန္တာန်မှာ ကိန်းပါလိမ့်မည်။ လောဘကိုမှီပြီး အမေသတ်တယ်၊ အဖေသတ်တယ်၊ လောဘကိုမှီပြီး ရဟန္တာကို သတ်တယ်။ လောဘကိုမှီပြီး အင်မတန်မှ ထင်ရှားပါတယ်။ ရှေးကတော့ မြတ်စွာဘုရားကို ရွှေခွာရုံပဲ။ အခုကျတော့ ရွှေခွါရုံ အားမရတော့ဘူး။ ခေါင်းတော်တိုင်အောင် ဖြတ်ကြပြီ။ ဒါကျ ခင်ဗျားတို့၊ ကျုပ်တို့ နေ့စဉ်လောက်ကြားသိနေရတယ်။ အဲဒါ ဘာကြောင့်လဲဆိုတော့ ယခုလို သာသနာအသိတွေ ဝေးဝေးလာကြလို့။ ကြည့်စမ်း. . . မြတ်စွာဘုရားကို သွေးစိမ်းတည်အောင် လုပ်မယ်။ သံဃာကို မတည့်အောင် အသင်းခွဲမယ်။ အဲဒီ အကုသိုလ်ကံတွေကို ပြုမယ်ဆိုရင် ရာဂကိုမှီပြီး လောဘကြောင့် ပြိတ္တာဖြစ်၊ ဒေါသကြောင့် ငရဲဘုံရောက်၊ မောဟကြောင့် တိရစ္ဆာန်ဘုံရောက် ပြီးတော့ ကိုယ်စိတ် နှစ်ပါးလုံး ဆင်းရဲခြင်းနဲ့တွေ့ ကြုံရတတ်ပါသည်။ ဒါ့ကြောင့်. . .

ယနေ့ အနန္တရပစ္စည်းကို အခြေခံထားလျက် ပကတူပနိဿယပစ္စည်း၊ အာရမ္မဏာပုရေဇာတပစ္စည်း၊ နာနက္ခဏိကကမ္မပစ္စည်း ဆိုင်ရာဆိုင်ရာ သုတ္တန်ဒေသနာတော်နှင့်ယှဉ်ကာ ဘုန်းကြီးဉာဏ်မှီသလောက် ဘုန်းကြီးတို့အားလုံး ပဌာန်းဒေသနာတော်ကို နာယူနေကြတဲ့ သူတော်ကောင်းတို့ ဉာဏ်၌ သက်ဝင်ဆင်ခြင်ကာ သံဝေဂပွား ဒုစရိုက်တရားကို ပယ်ရှားနိုင်လျက် မိမိတို့ ပဌာန်းဒေသနာတော် (၁၄)ကြိမ်မြောက် စွမ်းနိုင်သည့်ဘက်က ပူဇော်ကြတဲ့အခါ အကြောင်းအကျိုးကိုမှီပြီးတော့ ရနိုင်တဲ့အကျိုးတရား ဘုန်းကြီး ပြောပြဟောပြလို့ ပြီးခဲ့ပါပြီ။

ဤတရားတော်ကိုမှီပြီး. . .

ဥပ္ပန္နာနံ ပါပကာနံ ပဟာနာယ ဝါယာမော,

အနုပ္ပန္နာနံ ပါပကာနံ အနုပ္ပါဒါယ ဝါယာမော,

အနုပ္ပန္နာနံ ကုသလာနံ ဥပ္ပါဒါယ ဝါယာမော,

ဥပ္ပန္နာနံ ကုသလာနံ ဘိယျောဘာဝါယ ဝါယာမော။

ဟု. . . ဘုရားဒေသနာ သေချာစွာသိရှိလိုက်နာ ပယ်သင့်တာကို နည်းနည်းမှ စတင်ကာ ပယ်နိုင်ကြလျက် ဖြစ်သင့်ဖြစ်ထိုက်သော ကုသိုလ်တရားများကိုလည်း တစ်စတစ်စ များသထက်များအောင် ဆောင်ရွက်အားထုတ်နိုင်ကြပြီး အသင်္ခတ အမတနန်း စံမြန်းနိုင်ကြပါစေသား။

(သာဓု သာဓု သာဓု)

## နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# ၄။ ဥပနိဿယပစ္စည်းဒေသနာတော်

## ဥပနိဿယပစ္စည်းဟောကြားနည်း

ဗုဒ္ဓမြတ်စွာ၏ အနန္တနယသမန္တ ပဋ္ဌာန်းကျမ်းမြတ်ကို ဆိက္ခဝရှာ ရှာဦးကျောင်းတိုက်ပေါ်၌ တစ်ဆယ့်လေးကြိမ်မြောက် ဘာဏက သံယာ တော်နှစ်ကျိပ်ကျော်တို့ သဒ္ဓါစေတနာပြဋ္ဌာန်းလျက် ဝမ်းမြောက်ဝမ်းသာ သရဘညဝတ်ဖြင့် ရွတ်ပွားပူဇော်ကြဆဲ ဖြစ်သည့်အားလျော်စွာ အရှင်မြတ် များလည်း တစ်နာရီခန့်နားခွင့်ရ၊ ပဋ္ဌာန်းဒေသနာတော်ကို သဒ္ဓါနားဖြင့် ထောင်နားစိုက်ကာ နာယူကြကုန်သော ပါရမီရှင်ကုသိုလ်ရှင်တို့အားလည်း၊ မာဂဓဘာသာဖြင့်သာမက မြန်မာဝေါဟာရဖြင့်လည်း နာယူနိုင်ရန် ရည်သန် ကာ ဘုန်းကြီးရွတ်ပွား ဟောကြားလာခဲ့တာ သုံးညမြောက်ရှိခဲ့ပြီပေါ့။

### သုံးရက်စခန်း မြတ်ပဋ္ဌာန်း

ယနေ့ည၊ ယမန်နေ့ညက ဟောကြားဆဲဖြစ်သော ဥပနိဿယ ပစ္စည်းကို ဆိုင်ရာဆိုင်ရာ အကြောင်းအကျိုးအားလျော်စွာ ဟောကြားပေးပါ မည်။ မာဂဓဘာသာနှင့်တစ်မျိုး မြန်မာလိုကတစ်ဖုံ အားလုံးသော သူတော် ကောင်းတို့ နားလည်စေရန် နည်းလမ်းညွှန်ပြ သုတ္တာန်ဒေသနာတော် ကလာသော တရားတော်များကိုလည်း ဖြည့်စွက်ဟောကြားပါမည်။

## ဘဝ၏သဘောတရား နားလည်ထားရမယ်

မြတ်ဗုဒ္ဓ၏ အဘိဓမ္မာတရားတော်ဆိုတာက ဘဝရဲ့သဘောတရား။ ဘယ်ဘဝရဲ့ သဘောတရားလဲဆိုတော့ လူဘဝဆိုရင်လည်း လူဘဝရဲ့ သဘောတရား၊ နတ်ဘဝဆိုရင်လည်း နတ်ဘဝရဲ့သဘောတရား၊ ဗြဟ္မာဘဝဆိုရင်လည်း ဗြဟ္မာဘဝရဲ့သဘောတရား၊ အပါယ်လေးဘုံသား သတ္တဝါဆိုရင်လည်း အပါယ်လေးဘုံသား သတ္တဝါတို့ရဲ့ သဘောတရားကို အဘိဓမ္မာလို့ ခေါ်ဆိုရပါသည်။

## ကြည်ညိုလေးစားရွှတ်ပွားကြသည့် ဥပနိဿယပစ္စည်းများ

ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဥပနိဿယ ပစ္စယေန ပစ္စယော။ အာရမ္မဏူပနိဿယော အနန္တရူပနိဿယော ပကတူပ နိဿယော။

စသည်ဖြင့် ဘာဏကသံယာတော်များထံမှ ရွှတ်ပွားပူဇော်ကြသည့် အသံ နာယူခဲ့ကြရပါလိမ့်မည်။

**ဥပနိဿယပစ္စည်းဆိုတာ. . .**

**၁။ အာရမ္မဏူပနိဿယပစ္စည်း၊**

**၂။ အနန္တရူပနိဿယပစ္စည်း၊**

**၃။ ပကတူပနိဿယပစ္စည်းလို့. . . .၊**

သုံးမျိုးသုံးစား ဟောကြားတော်မူတာကို နားလည်ကြပါ။ မြတ်ဗုဒ္ဓသည် အာရမ္မဏူပနိဿယပစ္စည်းကို အာရုံအာရမ္မဏိက အနေအားဖြင့် အားကြီးသော မှီရာဖြစ်၍ ကျေးဇူးပြုပုံကို ပြလိုသည့်အတွက်ကြောင့် ဟောကြားခြင်း ဖြစ်ပါသည်။

အမှာ= နယုန်လဆန်း(၂)ရက်နေ့ညက ဘုန်းကြီးများ ဟောပြခဲ့တဲ့ အာရမ္မဏ ဓိပတိပစ္စည်းနှင့် ထပ်တူထပ်မျှ ဖြစ်ပါသည်။ ပစ္စည်းနှင့် ပစ္စယုပ္ပန် အကြား အခြားနာမ်တရားတစ်ပါး အခြားမရှိစေဘဲ အားကြီးသော မှီရာ၏ အဖြစ်ဖြင့် ကျေးဇူးပြုပုံကို သိစေလိုသောကြောင့် အနန္တရူပနိဿယပစ္စည်းကို ဟောခြင်း ဖြစ်ပါသည်။

အမှာ= ယမန်နေ့ညက ဟောကြားပြသော အနန္တရပစ္စည်းနှင့် ထပ်တူထပ်မျှ ဖြစ်ပါသည်။

အေး. . . ဒါ့ကြောင့် ပကတူပနိဿယ အခြေခံကအစ ဟောကြား နာယူကြရအောင်။

ကုသလေ ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဥပနိဿယ

ပစ္စယေန ပစ္စယော။ ပကတူပနိဿယော သဒ္ဓံ ဥပနိဿာယ ဒါနံ ဒေတိ၊

သီလံ သမာဒိယတိ ဥပေါသထကမ္မံ ကရောတိ ဈာနံ ဥပ္ပါဒေတိ။

ဝိပဿနံ ဥပ္ပါဒေတိ၊ မဂ္ဂံ ဥပ္ပါ ဒေတိ၊ အဘိညံ ဥပ္ပါဒေတိ၊ သမာ

ပတ္တိံ ဥပ္ပါဒေတိ စသည်ဖြင့် အကြောင်း ကုသိုလ်ပစ္စည်းတရားက အကျိုးကုသိုလ်ပစ္စယုပ္ပန်တရားတို့အား ပကတူပနိဿယ သတ္တိဖြင့် ကျေးဇူး ပြုပုံကို မြတ်ဗုဒ္ဓဟောကြားခြင်း ဖြစ်ပါသည်။

## ပကတူပနိဿယသတ္တိဆိုတာ
## အမေ့ရင်ခွင်ပမာ

သားသူငယ်သည် အပေါင်းအဖော်များနှင့် ဘာသာဘာဝ ဆော့ ကစားပြီး အဝေးမှ မိခင်ထံသို့ အပြေးအလွှားပြေးလာကာ အမေ့ဟု မိခင် ရင်ခွင်ဘုံးဘုံးလဲ့ကာ ပြေးဝင်မှီခိုလာသကဲ့သို့ ပကတူပနိဿယပစ္စည်း

ကျေးဇူးပြုပုံကလည်း အကျိုးပစ္စယုပ္ပန်တရားတို့အား အားကြီးအားမဲ့ အနေအားဖြင့် အမှီခံတရားဖြစ်ကာ ကျေးဇူးပြုပါသည်။

အေး. . . ဒါ့ကြောင့် ကုသိုလ်အရာမှာ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ သူတော်ကောင်းဥစ္စာငါးဖြာ အကြောင်းကုသိုလ်ကိုမှီပြီး ဒါန၊ သီလ၊ ဥပေါသထကမ္မ၊ ဈာန၊ ဝိပဿနာ၊ မဂ်၊ အဘိညာဉ်၊ သမာပတ်၊ ရှစ်ရပ်သော ကုသိုလ်အကျိုးတရားတို့အား ပကတူနိဿယသတ္တိအားဖြင့် ကျေးဇူးပြုပုံကို မြတ်ဗုဒ္ဓ ဟောကြားတော်မူခြင်း ဖြစ်ပါသည်။

အမှာ = ယမန်နေ့ညက သုတ္တန်ဒေသနာတော်နှင့်ဆက်စပ်ကာ ဘုန်းကြီး ဟောကြားခဲ့ပါပြီ။ ယနေ့ ရှေ့ကိုတိုး၍တစ်မျိုး နာယူကုသိုလ်ပွားကြရအောင် သူတော်ကောင်းအပေါင်းတို့။

သေက္ခာ မဂ္ဂံ ဥပနိဿာယ အနုပ္ပန္နံ သမာပတ္တိံ ဥပ္ပါဒေတိ ဥပ္ပန္နံ သမာပဇ္ဇန္တိ သင်္ခါရေ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ၊ မဂ္ဂေါ သေက္ခာနံ အတ္ထပ္ပဋိသမ္ဘိဒါယ၊ ဓမ္မပ္ပဋိသမ္ဘိဒါယ၊ နိရုတ္တိပ္ပဋိသမ္ဘိဒါယ၊ ပဋိဘာနပ္ပဋိသမ္ဘိဒါယ၊ ဌာနာဌာနကောသလ္လဿ၊ ဥပနိဿယပစ္စယေန ပစ္စယော။

## နက်နဲလှစွာ ပဋ္ဌာန်းဒေသနာ
## မိခင်ဘာသာဖြင့် ဆင်ခြင်ပါ

အို သူတော်ကောင်းတို့ ထို မာဂဓဘာသာကို မိခင်ဘာသာ မြန်မာလို ပြန်ဆို စဉ်းစားကြည့်လိုက်တဲ့အခါ သေက္ခာ= သေက္ခဟုဆိုအပ်ကုန်သော သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ပုဂ္ဂိုလ်တို့သည် မဂ္ဂံ=မိမိတို့ရပြီးသော သောတာပတ္တိမဂ်၊ သကဒါဂါမိမဂ်၊ အနာဂါမိမဂ်ဟု ဆိုအပ်ကုန်သော လောကုတ္တရာ အရိယာမဂ်ကုသိုလ်ကို ဥပနိဿာယ = အမှီပြု၍ အနုပ္ပန္နံ= မိမိသန္တာန် မဖြစ်ပေါ်ဖူးသေးသော သမာပတ္တိံ = သမာပတ်ရှစ်ပါး အမြတ်

တရားကို ဥပ္ပါဒေတိ = ဖြစ်စေကုန်၏၊ ဥပ္ပန္နံ = မိမိသန္တာန်ဖြစ်ကုန်ပြီးသော သမာပတ္တိံ= သမာပတ်တရားတို့ကိုလည်း သမာပဇ္ဇန္တိ= ဝင်စားကြကုန်၏။ ပြောကြပါစို့. . . ပထမဈာန်ရတဲ့ ပုဂ္ဂိုလ်က ငါသည် ပထမဈာန်ကို ဝင်စားဦးမယ်ဆိုရင် အဲဒါ. . . ဈာနသမာပတ္တိဝီထိလို့ ခေါ်ဆိုရတယ်။ ယောဂီပုဂ္ဂိုလ်က တစ်နာရီဝင်စားရင် ပထမဈာန်ခေါ်တဲ့ နာမ်ဈာန်စိတ်ပေါင်း တစ်နာရီစာ၊ တစ်ရက်ဝင်စားရင် တစ်ရက်လုံးလုံး ထိုပထမဈာန်စိတ်တို့သာ ယောဂီသူတော်ကောင်းရဲ့သန္တာန်မှာ ဖြစ်ပျက်နေကြပါသည်။

အမှန်အားဖြင့်ပြောရရင် လူသာမန်တို့အနေနှင့် နားမလည်နိုင်ဘူးပေါ့။ ဒါပေမဲ့ ဗုဒ္ဓဟောကြား မြတ်တရားအားလျော်စွာ ဒီဈာန်စိတ်တစ်ပါးကနေပြီး ပထမဈာန်၊ ပထမဈာန်၊ ပထမဈာန်နဲ့ ထိုဈာနလာဘီပုဂ္ဂိုလ်သန္တာန်မှာ အခြားစိတ်တွေ မဝင်ဆံ့ဘဲ ဈာန်တရားချည်းသာ ကိန်းအောင်းနေတယ်။ အဲဒါ ဈာန်သမာပတ်ဝင်စားတယ်လို့ လောကကပြောကြတဲ့ အခေါ်အဝေါ်ပဲ။

## သင်္ခါရဆိုသောအမည် သိကြရမည်

ရှေ့ကိုဆက်ကာ ကြည်ညိုကြရအောင်၊ သင်္ခါရေ အနိစ္စတော ဒုက္ခအနတ္တတော ဝိပဿန္တိဟု. . . ဘာဏကသံဃာတော်များ ရွတ်ပွားပူဇော်သံ ကြားလိုက်ကြပါလိမ့်မည်။ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ပုဂ္ဂိုလ်တို့က ရုပ်၊ နာမ်ဓမ္မသင်္ခါရလို့ခေါ်တဲ့ သဘောတရားတို့ကို သင်္ခါရလို့ ပြောကြတဲ့ သဘာဝအသိဉာဏ်နဲ့ စဉ်းစားကြည့်လိုက်တဲ့အခါ ဘုန်းကြီးတို့အားလုံးသော ဒကာ၊ ဒကာမအပေါင်း သူတော်ကောင်းတို့ သူ၊ ငါ၊ ပုဂ္ဂိုလ်၊ သတ္တဝါရဲ့သန္တာန်မှာ ဖြစ်ပျက်နေကြတဲ့ ပထဝီ၊ အပေါ၊ တေဇော၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ၊ အဋ္ဌကလပ်ရုပ်တို့ဖြင့် ဖွဲ့စည်းအပ်သော သမုတိနယ်မှာ ခေါ်ဆိုနေကြတဲ့ ငါ၊ သူတစ်ပါး၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ အတ္တလိပ်ပြာ ဒီရုပ်တရား

များကို မိမိတို့ ပြုပြင်ပေးနေရတယ်။ စိတ် အသ်နာမ်တရားကိုလည်း ပြုပြင်ပေးနေရတယ်။ အေး. . . ဒါ့ကြောင့် ဤရုပ်နာမ် သဘာဝတရားတွေကို ပြုပြင်ပေးနေတဲ့အတွက်ကြောင့် သင်္ခါရတရားလို့ မြတ်စွာဘုရား ဟောကြားတော်မူခြင်း ဖြစ်ပါသည်။

## သေက္ခအရိယာပုဂ္ဂိုလ်တို့လည်း ဝိပဿနာပညာဖြင့် နေတော်မူကြသည်

အဲဒီပြုပြင်ပေးနေရတဲ့ သင်္ခါရ ရုပ်နာမ်သဘာဝတရားများကို ယောဂီ၊ သူတော်စင်၊ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးများဟာ သင်္ခါရေ= ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့ကို အနိစ္စတော အနိစ္စက္ကတိ = မမြဲတဲ့ တရားဟူ၍လည်းကောင်း၊ ဒုက္ခတော ဒုက္ခက္ကတိ= ဆင်းရဲတဲ့ တရားဟူ၍ လည်းကောင်း၊ အနတ္တတောအနတ္တက္ကတိ = အစိုးမရကိုယ်မပိုင် မသိမ်းပိုက်နိုင်တဲ့တရားဟူ၍လည်းကောင်း ဝိပဿန္တိ = တည့်တည့်ထင်ထင် ဉာဏ်၌ မြင်အောင် ဆင်ခြင်ကြရပါကုန်၏။

သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ အရိယာပုဂ္ဂိုလ်တို့လည်း ဤသင်္ခါရ သဘာဝတရားများကို မမြဲ၊ ဆင်းရဲ၊ အစိုးမရတဲ့ တရားတွေပါကလားဟု ဉာဏ်နှင့် ကြည့်ရှုကြရပါသည်။

ဒါကြောင့်. . . မြတ်ဗုဒ္ဓက သေက္ခာ မဂ္ဂံ ဥပနိဿာယ အနုပ္ပန္နံ သမာ ပတ္တိံ ဥပ္ပါဒေန္တိ ဥပ္ပန္နံ သမာပဇ္ဇန္တိ၊ သင်္ခါရေ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိဟု ပဋ္ဌာန်းဒေသနာတော် ပကတူပနိဿယ ပစ္စည်းမှာ လမ်းကောင်းညွှန်ပြ ဆုံးမတော်မူခြင်း ဖြစ်ပါသည်။

## ခုဋ္ဋုတ္တရာသူတော်ကောင်းမလေး၏ ဘဝသံသရာ

အားလုံးသော ပဋ္ဌာန်းဒေသနာတော်ကို ကြည်ညိုလေးစား သူတော်ကောင်းအများတို့ ရှေးကိုတိုးကာ တစ်မျိုးကြည့်ကြရအောင်ဗျာ။

မဂ္ဂေါ သေက္ခာနံ အတ္ထပ္ပဋိသမ္ဘိဒါယ၊ ဓမ္မပ္ပဋိသမ္ဘိဒါယ၊ နိရုတ္တိပ္ပဋိသမ္ဘိဒါယ၊ ပဋိဘာနပ္ပဋိသမ္ဘိဒါယ၊ ဌာနာဌာနကောသလ္လဿ ဥပနိဿယ ပစ္စယေန ပစ္စယောလို့. . . . ဘာဏကသံယာတော်များ ရွတ်ပွားပူဇော်သံကို နားခံမှတ်သားခဲ့ကြရမှာပါ။ သေက္ခာနံ= သေက္ခခေါ်ဆို အရိယာပုဂ္ဂိုလ်တို့၏ မဂ္ဂေါ = သောတာပတ္တိမဂ်၊ သကဒါဂါမိမဂ်၊ အနာဂါမိမဂ်၊ အရိယာမဂ်သုံးပါးအမြတ်တရားသည် ဒီနေရာမှာ (ပဋိသမ္ဘိဒါဉာဏ်လေးပါးနှင့်ပတ်သတ်၍သတိပြုကြည့်ရအောင်) သာမာဝတီမိဖုရား၊ အားလုံးကြားဖူးကြမှာပါ။ ထိုသာမာဝတီမိဖုရားရဲ့ ရံရွေတော်(အခိုင်းအစေ)က ခုဋ္ဋုတ္တရာ။ ခုဋ္ဋ=အနည်းငယ် ခါးလေးကညွတ်နေတယ်။ ဥတ္တရာ=မိန်းမမြတ်၊ သာမာဝတီမိဖုရားရဲ့အပါးမှာ ခစားနေရပေမဲ့ ယုတ်ညံ့တဲ့အမျိုးသမီးမဟုတ်။ အထက်တန်းစားအမျိုးသမီး၊ မြင့်မြတ်တဲ့အမျိုးသမီး။ အေး. . . . အဲဒီခုဋ္ဋုတ္တရာ ခါးလေးက နည်းနည်းကုန်းနေတယ်။ ဒီအကြောင်းကံကို ဗုဒ္ဓဟောကြားတရားတော်အားလျော်စွာ ဆင်ခြင်ကြည့်လိုက်တဲ့အခါ တစ်ခုသောဘဝတုန်းက နန်းတွင်းသူအဖြစ်ရှိနေရာ ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့က နန်းတော်တွင်း ဆွမ်းခံကြွတော်မူတဲ့အခိုက်မှာ ခုဋ္ဋုတ္တရအလောင်း အမျိုးသမီးသည် ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကလေးတစ်ပါး ခါးညွတ်တော်မူတာကို မြင်သည့်အတွက် နေ့ခင်းနေ့လယ်ကျတော့ နန်းတွင်းသူ အမျိုးသမီးများ တစ်စုတစ်ဝေးတည်း ရောက်ရာပေါက်ရာ စကားပြောကြသည့်အခါ ခုဋ္ဋုတ္တရာအလောင်း အမျိုးသမီးက ရှင်မတို့ရေ၊ နံနက်စောစော နန်းတော်ထဲ ဆွမ်းခံကြွတဲ့ သံဃာ

တော်တွေထဲမှာ ကိုယ်တော်လေးတစ်ပါးက ဟောဒီလို၊ ဟောဒီလိုပဲလို့ ခါး လေးကုန်းကုန်းပြီး လှောင်ပြောင်သည့်သဘော ပြောကြားခြင်း ဝစီဘေဒ အကုသိုလ်ကံ ဖြစ်ခဲ့ပါသည်။

## ဝင်္ငှမှာအမြဲ ငရဲမှာအပ

ဒါ့ကြောင့်. . . . . ရှေး မိဘဆရာသမားတွေကတော့ "ဝင်္ငှမှာအမြဲ ငရဲမှာအပ" "ဝစီဘေဒ ထိတိုင်းရှ"လို့ ဘုရားဟောနှင့်အညီ သားသမီးမြေး သားတို့ကို ဆုံးမခဲ့တာပါဟဲ့. . .။ အဲဒီလို မလုပ်ကောင်းဘူး။ ဝင်္ငှလိုက်တတ် တယ်ဟဲ့. . . . အဲဒီလို မပြောကောင်းဘူး။ ဝင်္ငှလိုက်တတ်တယ်။ ရှေးမိဘ ဘိုးဘွားတွေက ဘုရားဟော တရားတော်နှင့်အညီ ဆုံးမတတ်တယ်။ အဲဒီလို ဆုံးမတတ်လို့ သူတို့လက်ထက်တုန်းက သားသမီးတွေဟာ လိမ္မာယဉ်ကျေး သူတော်စဉ် အမျိုးသား၊ အမျိုးသမီးတွေ အများစုဖြစ်ခဲ့ကြတယ်။ အမျိုးသား၊ အမျိုးသမီး သူတော်ကောင်းတွေဖြစ်လို့ သူတို့ခေတ်၊ သူတို့အခါ၊ သူတို့ လက်ထက်မှာ မိုးလေကမှန်၊ ကောက်ပဲသီးနှံဖွံ့ဖြိုး၊ တစ်ဦးတည်း ဘုရား၊ ကျောင်း၊ ကန်၊ စေတီပုထိုး၊ ရေတွင်း၊ ရေကန်၊ တန်ဆောင်း စသော သာသနိကအဆောက်အအုံများကို ပြုလုပ်လှူဒါန်းခဲ့ကြပုံဟာ သမိုင်းက သက် သေခံလျက်ရှိပါသည်။

အခုခေတ်၊ အခုခါမှာတော့ တစ်ယောက်အားနှင့် ယူသော်မရ တစ်သိန်းအားနှင့် ယူသော်ရ၏ဆိုသည့် ဘာသာရေး၊ လူမှုရေး၊ ဘယ်အလုပ် လုပ်လုပ် အရပ်ကူပါ၊ လူဝိုင်းပါဗျာ့နှင့်။ အော်ရတာကများတယ်။ အဲဒါဟာ ဘဝရဲ့သဘောတရားခေါ်တဲ့ အဘိဓမ္မာဒေသနာက ညွှန်ပြနေပါတယ် သူ တော်ကောင်းတို့။

ထားကြပါစို့. . . အတ္ထပဋိသမ္ဘိဒါယ၊ ဓမ္မပဋိသမ္ဘိဒါယ၊ နိရုတ္တိပဋိသမ္ဘိဒါ၊ ပဋိဘာနပဋိသမ္ဘိဒါယ, ပဋိသမ္ဘိဒါဉာဏ်လေးပါး အမြတ်တရားနှင့် တကွ ဌာနာဌာနကောသလ္လသ = အကြောင်းဟုတ်သည်၊ မဟုတ်သည်၌ သိစွမ်းနိုင်သောဌာနာဌာန ကောသလ္လဉာဏ်အား၊ ဥပနိဿယပစ္စယေန ပစ္စယော = ပဌာန်းဒေသနာတော် ပကတူပနိဿယသတ္တိဖြင့် ပစ္စယောဥပကာရကော = ပဌာန်းပစ္စည်း ကြောင်းကျိုးဆက်နည်းအားလျော်စွာ ကျေးဇူးပြုတတ်သည်။ ဟောတိ = စင်စစ်မသွေဖြစ်ပါပေ၏။

အဲဒီမှာသတိပြုကြစမ်းပါ. . . ခုဇ္ဇုတ္တရာအမျိုးသမီးဟာ အသိအလိမ္မာ ဉာဏ်ပညာနှင့်ပြည့်စုံပြီး ဘယ်ဘာသာနှင့်တွေ့တွေ့ ထိုဘာသာရှိ ဝေါဟာရကိုအနက်အဓိပ္ပာယ် သိတတ်ခြင်း အတ္ထပဋိသမ္ဘိဒါဉာဏ်၊ ဘယ်ဘာသာနှင့် ဘာသာပြန်ထားတာပဲဖြစ်ဖြစ် သူ့ဘာသာကို နားလည်သိစွမ်းသိနိုင်သော ဓမ္မပဋိသမ္ဘိဒါဉာဏ် သဒ္ဒါရေးအားလျော်စွာ အမှားအမှန်ကို ဝေဖန်ပိုင်ခြားနိုင်သော နိရုတ္တိပဋိသမ္ဘိဒါဉာဏ်၊ အထက်ပါ ဉာဏ်သုံးပါးကို ခွဲခြမ်းစိတ်ဖြာ သိစွမ်းနိုင်သော ပဋိဘာနပဋိသမ္ဘိဒါဉာဏ်ဆိုတဲ့ ပဋိသမ္ဘိဒါဉာဏ်လေးပါးရရှိပေသည်။ ပဋိသမ္ဘိဒါဉာဏ်လေးပါးရရှိလို့ အမျိုးသမီးဖြစ်လင့်ကစား ပိဋကတ်သုံးပုံကို မကျက်ဘဲနှင့် အာဂုံဆောင်ထားပြီးသားဖြစ်တယ်။

ခုဇ္ဇုတ္တရာဟာ ပိဋကတ်သုံးပုံကို အာဂုံရနေတယ်လို့ဆိုတော့ အဲဒီအကြောင်းတရားကို သတိပြုကြည့်ရအောင်. . .

ခုဇ္ဇုတ္တရာအလောင်း အမျိုးသမီးဟာ တစ်ခုသော ဘဝတုန်းကလည်းပဲ နန်းတွင်းသူ အမျိုးသမီးဖြစ်တဲ့အခါ သံဃာတော် အရှင် မြတ်တွေ နန်းတော်တွင်းဆွမ်းခံကြွလာတော်မူကြရာ သံဃာနွှေဟု ဆိုအပ်သော ကိုယ်တော်ငယ်လေးတစ်ပါးက (သူတို့ မရှိမတိုက်မှာက ဆွမ်းဆိုသော်လည်း

ဘုန်းကြီးတို့ မြန်မာအသိနဲ့ မြန်မာဆွမ်းလို့ မကြည့်ရဘူး။) အမှန်က ဆွမ်း မဟုတ်ဘူး။ နံ့သာလေးဆန်၊ နွားနို့၊ သကြားရောကျိုထားတဲ့ နို့ဃနာဆွမ်း (ဘုန်းကြီးတို့ မြန်မာအခေါ်နဲ့ဆိုရင် နွားနို့ပွမ်းဆွမ်းလို့ ခေါ်မယ်ထင်တယ်)။

အေး. . . အဲဒီနို့ဃနာဆွမ်းကို သူတို့မဇ္ဈိမတိုက်က လောင်းလှူကြတာ ကိုင်ရတဲ့သပိတ်ကလည်း (ဘုန်းကြီးတို့ မြန်မာနိုင်ငံမှာလို တိုက်သပိတ်လုံး ဟုတ်ပုံမရကြဘူး။) အဲဒီခေတ်အခါက မြေသပိတ်ပဲ ဖြစ်ပါလိမ့်မယ်။

မြေသပိတ်ထဲ နို့ဃနာဆွမ်း လောင်းလှူလိုက်တဲ့အခါ ဒီဘက်လက်ကပူ ဟိုဘက်လက်ပြောင်းလိုက်၊ ဟိုဘက်လက်ကပူ ဒီဘက်လက်ပြောင်းလိုက်နှင့် အပူဒဏ်မှသက်သာစေရန် ပြောင်းလဲ အလှူခံနေတာကို ခုဇ္ဇုတ္တရာရဲ့အလောင်းအမျိုးသမီးက မြင်တဲ့အခါ ခုဇ္ဇုတ္တရာရဲ့အလောင်းအမျိုးသမီးက ကိုယ်တော်မြတ်ကလေးသည် လက်တော်ပူလွန်းလို့ ဟိုဘက်ဒီဘက် သပိတ်ကို ပြောင်းပြောင်းပြီး ကိုင်တော်မူရှာတယ်။

ငါသည်. . . . လက်မှာဝတ်ထားသော ဤလက်ကောက်ရှစ်ကွင်းကို ချွတ်ပြီး သပိတ်ခြေအမှတ်နှင့် လှူရရင်ကောင်းမှာပဲ (ဘုန်းကြီးတို့ မြန်မာအမျိုးသမီးတွေဝတ်တဲ့ လက်ကောက်ကို သွားမမြင်နဲ့ ဟိုက ကြဲဆစ်လက်ကောက်ဆိုတာ တကယ့်ကြဲဆစ်ကြီးတွေလို ခွေးသွားစိပ်ကြီးတွေနဲ့။) (ဘုန်းကြီးတို့ မြန်မာအမျိုးသမီးများရဲ့ ကြဲဆစ်လက်ကောက်ဆိုတာက အားလုံးသိတဲ့အတိုင်းပဲ ကိုင်းပင်၏ အရိုးလောက် ရှိမယ်ထင်တယ်)။

အဲဒီတော့. . . ခုဇ္ဇုတ္တရာရဲ့ အလောင်းအမျိုးသမီးဟာလေ ညာဘက်၊ ဘယ်ဘက်မှာရှိတဲ့ လက်ကောက်ရှစ်ကွင်းလုံးကို ချွတ်ပြီး ထပ်ကာ သပိတ်ခြေအမှတ်ဖြင့် လှူလိုက်ပါသည်။

အဲဒါကို ဘုန်းကြီးတို့အဘိဓမ္မာက လှူဆဲကာလညာဏ်ရှင်၊ အလှူရဲ့ ရှေ့အဖို့၊ နောက်အဖို့မှာ ကုသိုလ်ခြံရံရင် သောမနဿသဟဂုတ် ဉာဏသမ္ပ

ယုတ် အသ၌ရိက တိဟိတ်ဥက္ကဋ္ဌ ကုသိုလ်စိတ်နှင့် လှူဒါန်းခြင်းဖြစ်တယ်ဟု မိန့်ဆိုပါသည်။

တိဟိတ်ဆိုတာက အလောဘ၊ အဒေါသ၊ အမောဟ ကောင်းမြတ်သော ဟိတ်သုံးပါး ဥက္ကဋ္ဌဆိုတာက အားလုံးသိကြတဲ့အတိုင်း အကြီးအမှူးဦးစီးပဓာန အမြတ်ကိုပြောတာ။ ထိုတိဟိတ်ဥက္ကဋ္ဌကုသိုလ်က အပြစ်မရှိကောင်းသောအကျိုးကိုပေးခြင်း သဘောလက္ခဏာ။ ခုဇ္ဇုတ္တရာရဲ့အလောင်းအမျိုးသမီးဟာ ထိုတိဟိတ်ဥက္ကဋ္ဌကုသိုလ်နှင့် ဝမ်းမြောက်ဝမ်းသာ အသိဉာဏ်ကလည်း ဒါလှူရင် ကိုယ်တော်လေး အပူသက်သာမှာပဲ။ အဲဒီလိုတွေးတာ။ အားလုံးသော သူတော်ကောင်းတို့ ကိုယ်နှင့်မဆိုင်ရာ မတွေးရပါ။

ဒီအသိဉာဏ်နဲ့ လှူဒါန်းတာဖြစ်တယ်။ အဲဒီလို လှူဒါန်းတဲ့အတွက်ကြောင့် သာမာဝတီမိဖုရား၏ အခြွေအရံဖြစ်ပေမဲ့ မြတ်စွာဘုရားနှင့် တစ်ကြိမ်သာ တွေ့ရှိဖူးမြော် တရားတော်ကို နာရသည့်အတွက် ပဋိသမ္ဘိဒါဉာဏ်လေးပါးနှင့်တကွ သောတာပန်အရိယာဘဝသို့ ဆိုက်ရောက်ခဲ့ပါသည်။

ထိုခုဇ္ဇုတ္တရာသည် ပထမဘဝတစ်ခုတုန်းက "ဝစီဘေဒ ထိတိုင်းရှ" ဆိုသည့်အတိုင်း ပစ္စေကဗုဒ္ဓါကို လှောင်ပြောင်ခဲ့သည့် အကုသိုလ်ကံကြောင့် ခါးကုန်းမလေး လာပြီးဖြစ်နေရပါသည်။ ဒုတိယဘဝတစ်ခု ရောက်တဲ့အခါ ဉာဏ်နှင့်ယှဉ်ပြီး လက်ကောက်ဝတ်ရစ်ကွင်း သပိတ်ခြေအမှတ်ထပ်၍ လှူဒါန်းခဲ့သော ကုသိုလ်ကံကြောင့် ပဋိသမ္ဘိဒါဉာဏ်လေးပါးနှင့် ပြည့်စုံရခြင်းဖြစ်ရပါသည်။

ဒါကြောင့်. . . "အကျိုးနှင့်ကံ သိသူမှန် ဖြစ်ရန်ဉာဏသမ္ပယုတ်"ဟု ဆရာမြတ်တို့ မိန့်ဆိုသည့်အတိုင်း အကြောင်းနှင့်အကျိုးသိပြီး လှူတော့ တိဟိတ်ဥက္ကဋ္ဌ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ်စဉ် ဖြစ်ပါသည်။

ကျွန်မ ဘဝဖြစ်ရခြင်းမှာ ထိုခုဠုတ္တရာ၏အလောင်းဟာ လယ်သမားဘဝ လယ်ထွန်နေသည့်အခိုက် ခရီးသွားရဟန်းနှစ်ပါး မျက်စိလည် လမ်းမှား၊ ဘယ်လမ်းကသွား၍ ဘယ်လမ်းကလာရမည်ဟု မသိကြသည့်အတွက် ထိုခုဠုတ္တရာရဲ့အလောင်း လယ်သမားကြီးအား ဒကာကြီး. . . ဟိုမြို့၊ ဒီရွာသွားချင်တာ မည်သည့်လမ်းက သွားရမည်နည်းဟု မေးကြရာ အလိုလိုမှ ပင်ပန်းရသည့်အထဲ ဂေါတမဗုဒ္ဓသားတော်တွေဟာ ကျွန်တွေလိုပဲ စကားများ ဘယ်ဟု ပြောခဲ့မှုဝစီကံအပြစ်ကြောင့် "ရဟန္တာထေရီမတစ်ပါးအား 'ရှင်မ သနပ်ခါးဗန်း လှမ်းလိုက်စမ်းပါ' ခိုင်းဖူးတဲ့ အကုသိုလ်ကံကြောင့်" (ဝါဒကွဲရှိသည်) သာမာဝတီမိဖုရား၏ ကျွန်မ ဖြစ်ရရှာပါသည်။ ဒါပေမဲ့လို့ ခုဠုတ္တရာသည် မိန်းမမြတ်သောတာပန် ဘုရားသမီးတော်အစစ် ကေန်ဖြစ်သည်ကို သတိမူကြပါ သူတော်ကောင်းတို့။

## အရာရာ သင့်မသင့်တော်မတော်
## ပုဂ္ဂိုလ်တိုင်းမသိနိုင်

အားလုံးသောသူတော်ကောင်းတို့ ဗုဒ္ဓ၏ သွန်သင်ဆုံးမချက် ပဋ္ဌာန်းဒေသနာတော်မှာ ဌာနာဌာနာကောသလ္လဿ ဥပနိဿယ ပစ္စယေန ပစ္စယောဟု ဟောကြားတော်မူရာ အရာ ဟုတ်သည်မဟုတ်သည်၌ ပိုင်ခြားသိနိုင်သော ဌာနာဌာန ကောသလ္လဉာဏ်ကလည်း အလွန်အရာ ကျယ်ပါသည်။ အမျက်ဒေါသ မထားသင့်သောနေရာ၊ အမျက်ဒေါသပွား အကုသိုလ်မများသင့်ဘဲနဲ့လည်း ဌာနာဌာနကောသလ္လဉာဏ်မရှိတော့ အကုသိုလ်တရားတွေ များစွာ ဖြစ်တတ်တယ်။ ရှေးမြန်မာဘိုးဘွားတွေကတော့ မြန်မာနည်း မြန်မာဟန်နဲ့ ဌာနာဌာနကောသလ္လဉာဏ် ကြီးမားကြတယ်။ မိုးတွင်းကာလ မိုးနဲ့ သက်ဆိုင်ရာမှာ တောင်သူလယ်သမားများပိုပို "တိ်ုတေ၊ လေဇက်၊

လျှပ်စစ်ပဋ္ဌာ၊ သံဒွေးကောဟု” မြန်မာဟန်ပါပါ သိရှိကြပါသည်။

**စပါးကြီးမြွေနှင့်တူသော မာန**

အားလုံးသော သူတော်ကောင်းတို့. . . ဘာဏက သံယာအရှင်မြတ်တို့ ရွတ်ပွားမှုကို အာရုံပြုကြည့်ရအောင်။

ကုသလော ဓမ္မော အကုသလဿ ဓမ္မဿ ဥပနိဿယ ပစ္စယေန ပစ္စယော။ ပကတူပနိဿယော သဒ္ဓံဥပနိဿာယ မာနံ ဇပ္ပေတိ၊ ဒိဋ္ဌိံဂဏှာတိဟု ရွတ်ပွားသောအသံ နာခံမှတ်သား ကြားခဲ့ကြမှာပါ။

အဲဒါ သိပ်အရေးကြီးတာ။ သတိပြုကြည့်စမ်းပါ။ သဒ္ဓံ = ကိုယ်တို့ကိုယ်တို့ရဲ့ သန္တာန်မှာရှိတဲ့ သဒ္ဓါတရားကို ဥပနိဿာယ =အမှီပြု၍ မာနံ = ငါတကားဟု ထောင်လွှားတဲ့ မာနတရားကို ဇပ္ပေတိ = ဖြစ်စေတယ်။ ငါမို့လို့ သဒ္ဓါတရားရှိတယ်။ သူတို့က သဒ္ဓါတရားမရှိဘူး။ အဲဒီမှာ. . . သဒ္ဓါတရား ကုသိုလ်က ငါတကားဟု ထောင်လွှားတဲ့မာန၊ အကုသိုလ်တရားအား ပကတူပနိဿယသတ္တိဖြင့် အားကြီးအားမဲ့ ပဋ္ဌာန်းပစ္စည်း ကျေးဇူးပြုနည်း အားလျော်စွာ ကျေးဇူးပြုပုံကို သတိမူကာ ရှေးလူကြီးများက ဘာပြောသလဲဟဲ့. . .။ ကုသိုလ်ထူးမရချင် နေပါစေ။ ကုသိုလ်ပြုပြီး အကုသိုလ်မဖြစ်စေနဲ့ဟု ဆုံးမခဲ့ကြပါသည်။ “ဘုန်းကြီးတို့ကျေးဇူးရှင် စစ်ကိုင်းတောင်ရိုးမ ဟာသိဝချောင် ကျေးဇူးရှင် ပဋ္ဌာန်းသိပ္ပံဆရာတော်ကြီးက ငါ့ရှင်တို့ မာနကြီးတဲ့ပုဂ္ဂိုလ်တွေဟာ ထွန်တုံးကြီးမျိုထားတဲ့ စပါးကြီးမြွေကြီး မထွေးနိုင်၊ မအန်နိုင်သလိုတဲ့” အဲဒီလို ဆုံးမတော်မူတယ်။

ဘုန်းကြီးတို့ သူတော်ကောင်းတို့၏ သက်တမ်းက သာသနာတော်နှစ်အနှစ်တစ်ရာကို လူတို့၏ သက်တမ်းအနေနှင့် တစ်နှစ်တစ်နှစ် လျှော့လျှော့တွက်စစ်ရတော့ ယနေ့ ၇၅ နှစ်သက်တမ်းသာ သေချာပေါက်မှန်ရင်

ကြောက်ကြောက်နှင့်ပြောရက ယနေ့. . . ဒကာ၊ ဒကာမတို့၏ သက်တမ်းဟာ ညနေဘက်စောင်းလာပြီ။ ဘုန်းကြီးတို့ကတော့ ဒီအတိုင်းပဲတွေးတာ၊ ဒီအတိုင်းပဲစဉ်းစားတာ။ ဒါကြောင့်. . . ပဌာနပူဇဝုဿဝ ကုသိုလ်ရှင် ဒကာ၊ ဒကာမတို့ သဒ္ဓါတရားကိုမှီပြီး ကုသိုလ်တိုးမရချင်နေ အကုသိုလ်ဗရပွေ ဘယ်တော့မှ မဖြစ်စေနဲ့။

## ကိုယ့်သီလမှီပြီး မာနမကြီးကြနဲ့

ပုထုဇဉ် သူငါပုဂ္ဂိုလ်ဆိုသည်မှာ မိမိက ကိုယ်ကျင့်တရား အနည်းငယ်ရှိတာကိုမှီပြီး မိမိလောက်မျှ ကိုယ်ကျင့်သီလမပြည့်ဝတဲ့ ပုဂ္ဂိုလ်ကို မြင်လျှင် ဒီကောင်. . . ဥပုသ်သီလလေးတောင်မှ မစောင့်နိုင်ဘူး၊ တို့ကတော့. . . ဥပုသ်သီလစောင့်ထိန်းတယ်ဟု မာနကြီးတတ်တယ်။ ဒါကိုပင် . . . ဘုရားသခင်က "သီလံ ဥပနိဿာယ မာနံ ဇပ္ပေတိ၊ ဒိဋ္ဌိံ ဂဏှာတိဟု ဟောတော်မူခြင်း ဖြစ်ပါသည်။

အေး. . . အဲဒီလိုပါပဲ။ သုတ၊ အကြားအမြင်ဗဟုသုတကို စာဂ၊ စွန့်ကြဲပေးကမ်း လှူဒါန်းမှုကို ပညာ၊ ကိုယ်တတ်သိနားလည်တဲ့ အသိအလိမ္မာ ဉာဏ်ပညာကို အမှီပြုပြီး အလွယ်လေး ပြောတက်ကြတယ်။ ငါတို့လို သုတ၊ စာဂ၊ ပညာ သူတို့မှာ ဘာမျှမရှိ၊ ဘာမျှမသိဟု အကုသိုလ် တစ်ပွေ့တစ်ပိုက်ကြီးကို ပါးစပ်ကထွက်လိုက်တဲ့ အသံနဲ့ပဲ ယူတတ်ကြပါသည်။

ဒါ့ကြောင့် ကျေးဇူးရှင် ပဌာန်းသိပ္ပံဆရာတော်ကြီးက "ပညာရှိလျှင် ကိုယ့်တွင်မာန ချိုးနှိမ်ရ၏" "ပညာရှိမှာ မာနဟာ လွန်စွာကောင်းကျိုး ဖျက်"လို့ ဆုံးမတော်မူတယ်။ ဒါကြောင့် မြတ်ဗုဒ္ဓက သုတံ၊ စာဂံ၊ ပညံ၊ ဥပနိဿာယမာနံဇပ္ပေတိ ဒိဋ္ဌိံ ဂဏှာတိ သဒ္ဓါ၊ သီလံ၊ သုတံ၊ စာဂေါ၊ ပညာ၊ ရာဂဿ၊ ဒေါသဿ၊ မောဟဿ၊ မာနဿ၊ ဒိဋ္ဌိယာ၊ ပတ္ထနာယ

ဥပနိဿယပစ္စယေန ပစ္စယော။ မိန့်တော်မူခြင်း ထိုတရားကို ဉာဏ်နှင့်ရှုကာ သူတော်ကောင်း ဥစ္စာကုသိုလ်ကိုမှီပြီး အကုသိုလ်တရားတို့ ပုဂ္ဂိုလ်သတ္တဝါ သဏ္ဍာန်ဖြစ်ပွား လာပြန်သောအခါ လောဘကြောင့်ပြိတ္တာ၊ ဒေါသကြောင့်ငရဲ၊ မောဟကြောင့် တိရစ္ဆာန် အကျိုးပေးဟန်ကို သံဝေဂဉာဏ်ဖြင့် ဆင်ခြင်ကြပါ သူတော်ကောင်းတို့။

## ဆုတောင်းမမှားစေချင်

အထက်ပါ ဒေသနာတော်တွင် ပတ္ထနံ=တောင့်တလင့်ကြို အလိုရှိသော ဆုတောင်းမှုကို ဥပနိဿာယ=အမှီပြု၍ မာနံဇပ္ပေတိဒိဋ္ဌိံ ဂဏှာတိ စသည်ဖြင့် မြတ်ဗုဒ္ဓ ဟောကြားတာကို ဆင်ခြင်ကြည့်ရအောင်။

ဓမ္မပဒအဋ္ဌကထာ ယမကဝဂ် ကာဠယက္ခိနီဝတ္ထုမှာ ကြောင်နှင့်ကြက်၊ ကျားနှင့်သမင် လူသားနှင့်ဘီလူးမ ကမ္ဘာမကြေ ဆုတောင်းမှားကြလေသည့်အတွက် သူ့ကိုကိုယ်စား၊ ကိုယ့်ကိုသူစား အမှားကြီးမှားခဲ့ပြီး မြတ်ဗုဒ္ဓထံပါး ခစားရောက်ရှိမှသာ ဆုတောင်းမှန်ကာ ပတ္ထနံ ဥပနိဿာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ၊ ဈာနံ ဥပ္ပါဒေတိ၊ ဝိပဿနံ ဥပ္ပါဒေတိ၊ မဂ္ဂံ ဥပ္ပါဒေတိ၊ အဘိညံ ဥပ္ပါဒေတိ သမာပတ္တိံ ဥပ္ပါဒေတိ။ ဒါနသီလဘာဝနာ နိဗ္ဗာန်ချမ်းသာတိုင်အောင် ပကတူပနိဿယ သတ္တိဖြင့် ပဋ္ဌာန်းပစ္စည်း ကြောင်းကျိုးဆက်နည်းအားလျော်စွာ ကျေးဇူးပြုပုံကို စိတ်မှာထုံကြပါ သူတော်ကောင်းတို့။

ကုသိုလ်အကြောင်းတရားမှ အဗျာကတအကျိုးတရားအား ကျေးဇူးပြုပုံကို ဆက်နွှယ်သမျှ ဆင်ခြင်ကြည့်ရအောင်. . . ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ဥပနိ ဿယပစ္စယေန ပစ္စယော စသည်ဖြင့် ဘာဏက သံယာတော်များရွတ်ပွားသံကို အာရုံယူ၍ ဆင်ခြင်ကြည့်တဲ့အခါ

သဒ္ဓံ = မိမိသဏ္ဍာန်မှာရှိသော ရတနာသုံးတန်၊ ကံ၊ ကံ၏အကျိုးကို ယုံကြည်မှုသဒ္ဓါတရားကို ဥပနိဿာယ = အမှီပြု၍ အတ္တာနံအာတာ ပေတိ = မိမိကိုယ်ကို ပူလောင်စေတယ်။ ပရိတာပေတိ= ထက်ဝန်းကျင်မှ ပူလောင်စေတယ်။ ပရိယိဋ္ဌိမူလကံ = ရှာမှီးခြင်းလျှင် အရင်းရှိသော ဒုက္ခံ= ကိုယ်စိတ်နှစ်ပါးဆင်းရဲရာ ဒုက္ခဝေဒနာကို ပစ္စနုဘောတိ= အစဉ်ခံစားရ၏။

အဲဒီဒေသနာတော်ကို ရွတ်တိုင်းရွတ်တိုင်း ဘုန်းကြီးတော့ စဉ်းစားတယ်။ ယနေ့. . . မြန်မာ့လူဘောင်မှာ အထူးသဖြင့်(ဘာသာရေးလမ်းစဉ်မှန်ကန်စွာ မမြင်သူတို့မှာ) ရှင်ပြုမင်္ဂလာပြုလုပ်ကြရာ၌ ဆိုင်းကြီးကတစ်မျိုး၊ ဘိသိက်ကတစ်ဖြာ၊ မင်းသမီးလည်းပါမှ၊ ဝက်သားကျွေးတာက ဆီကုန်သက်သာ၊ ရှင်ပြုပွဲကြီးခြိမ့်ခြိမ့်သဲမှ ကျင်းပကြပြီး သူများထံမှ ကူငွေမျှော် မတော်တာအကုန်လုပ်၊ မဟုတ်တဲ့ သားရှင်ပြုပွဲ န္တတာကများနေပြီ။ ဒါကြောင့်. . . မှန်းချက်နှမ်းထွက်မကိုက်က အတ္တာနံအာတာပေတိ= မိမိကိုယ်ကို ပူလောင်စေတယ်။ ကူငွေမရသောကဖြစ်ကာ မိသားစုနှင့် နီးစပ်ရာကိုပါ ပူလောင်စေပါသည်။

ဤကဲ့သို့ ပူလောင်စေရုံမျှမက အလှူကြွေး ထိပ်ကွက်ကလေးကိုသာ ပေးလိုက်ပါတော့ဟု ရှာဖွေရခြင်း အကြောင်းအရင်းရှိသော ဒုက္ခဝေဒနာခံစားရရှာတာ ဘာသာရေးအသိနှင့်ကြည့်က ဝမ်းနည်းစရာ၊ ဒါကြောင့် တစ်ဆယ့်လေးကြိမ်မြောက် ပဋ္ဌာန်းပူဇော်ပွဲသို့ ကြွရောက်လာကြသော ဘာဇာက သံဃာတော်များနှင့် နာယကဆရာတော်များပါ သုံးဆယ်မျှလောက်သော သံဃာတော်တို့အား ဘောဇနသပ္ပါယ-အရုဏ်ဆွမ်း၊ နေ့ဆွမ်း မပင်ပန်းရအောင် လှူဒါန်းနေသလို၊ အာဝါသသပ္ပာယ ပုဂ္ဂလသပ္ပာယတို့မှာလည်း ချို့ယွင်းမှုမရှိ ပြည့်စုံအောင် လှူဒါန်းနေကြပါသည်။

အေး. . . အဲဒီလိုဆောင်ရွက်ရာမှာ မိမိကိုယ်ကို ပူလောင်စေခြင်း စသော အကုသိုလ်အကျိုးတရား မဖြစ်ပွားအောင် သတိထားကြရပါမည် သူတော်ကောင်းတို့။

ဘုန်းကြီးအား ပဋ္ဌာန်းရွတ်ပွဲ အမြဲဆင်နွှဲနေတဲ့ ကိုယ်တော်တစ်ပါးက လျှောက်ဖူးတယ်။ ဆရာတော်တဲ့၊ ဟို. . . ရွာပဋ္ဌာန်းပွဲ တပည့်တော်တို့ သွားရွတ်တာ ပဋ္ဌာန်းပွဲလည်းပြီးရော ရွာလည်း ကြက်တွန်သံ တိတ်သွားတာပဲ ဘုရားတဲ့။ ဒါဘာလဲ စဉ်းစားကြပါ။ ဒါကြောင့် မြတ်ဗုဒ္ဓက. . .

**ဒါနေန ပရိဘောဂေန ၊ ဗျသနေန တယောခယာ။**

**တေသံ ပထမခယော၀၊ ပသတ္ထော ဓမ္မဒဿိနာ။**

ဒါနေန = လှူဒါန်းပေးကမ်း စွန့်ကြဲလိုက်သဖြင့် ကုန်ခန်းခြင်းလည်းကောင်း၊ ပရိဘောဂေနစ = ကိုယ့်မိသားစု စားလို့ဝတ်လို့သုံးလို့ ကုန်ခန်းခြင်းလည်းကောင်း၊ ဗျသနေနစ =ရန်သူမျိုးငါးပါး နှိပ်စက်၍ ကုန်ခန်းခြင်းလည်းကောင်း ဣတိ=ဤသို့၊ ခယာ=ပစ္စည်း ဥစ္စာ ကုန်ခန်းခြင်းတို့ဟာ တယော = သုံးမျိုးသုံးစား သုံးပါးတို့တည်း။

မိမိတို့ ချွေးဒီးဒီးကျ ရှာဖွေထားတဲ့ စီးပွားဥစ္စာရတနာ ကုန်ခန်းခြင်းဟာ မြတ်ဗုဒ္ဓက သုံးမျိုးရှိတယ်တဲ့။

၁။ လှူလို့ကုန်တာ ရှိတယ်။

၂။ မိသားစုစားသုံးလို့ ကုန်တာရှိတယ်။

၃။ ရန်သူမျိုးငါးပါးနှိပ်စက်လို့ ကုန်တာရှိတယ်။

ဒါလောကမှာ ဒီအတိုင်းပဲ။ ဒါကြောင့်. . . မြတ်ဗုဒ္ဓက တေသံ= ထိုလောကမှာရှိတဲ့ ကုန်ခြင်းသုံးမျိုးတို့တွင် ပထမခယော၀ = လှူဒါန်းပေးကမ်းစွန့်ကြဲလို့ ကုန်ခြင်းကိုသာလျှင် ပသတ္ထော = ချီးမွမ်းအပ်၏၊ ဣတိ=

ဤသို့၊ ဓမ္မဒေသိနာ= တရားသိမြင် ဘုရားရှင်သည်၊ ဝုတ္တာ= ဟောကြား မိန့်မှာတော်မူခဲ့ပါပေ၏။

ဒီဒေသနာကို ဘုန်းကြီးတို့က သိနေကြတယ်။ ဒါကြောင့် မြတ်စွာဘုရားက လူဝတ်ကြောင်လောကီနယ်ဆိုတာက "ယရာဝါသော ကိစ္စရှုပ်ထွေး အိမ်ထောင်ရေးနယ်ပယ်မှာ နေကြရတာဆိုတော့ စီးပွားဥစ္စာကို လေးပုံပုံ နှစ်ပုံကို အရင်းအနှီးပြု၊ တစ်ပုံကိုစား၊ တစ်ပုံကို စုသိမ်းထား၊ မိသားစုစားသည့် အပုံထဲကမှ မင်းရေးစိုးရေး လူမှုရေးနှင့် လှူဒါန်းပေးကမ်း စွန့်ကြဲရေးကို ဖဲ့ပြီးတော့ သုံးပါတဲ့။ အဲဒီပုဂ္ဂိုလ်များ ဘယ်တော့မှ မွဲမသွားဘူးဟု မြတ်ဗုဒ္ဓက ကြီးပွားရေးတရားကိုလည်း ဟောကြားခဲ့ပါသည်။

ထိုကဲ့သို့မဟုတ်ဘဲ ရရစားစား ဝါးဝါးမျိုမျို လွယ်လွယ်သုံး လွယ်လွယ်လှူ ထိုသူမျိုးကတော့ အတ္တာနံအာတာပေတိ = ကိုယ့်ကိုယ်ကိုယ် ပူလောင်အောင် လုပ်တာပါပဲ။ မိမိသာမက ကိုယ်နှင့်ဆိုင်ရာ မိသားစုတွေပါ။ ပရိတာပေတိ = ကိုယ့်ပတ်ဝန်းကျင်ကိုလည်း ပူလောင်စေပါတော့သည်။ ပူလောင်စေရုံနဲ့ ပြီးရော့လားဆိုတော့ ဒါမရရင် မဖြစ်ဘူးဆိုကာ ပရိယိဋ္ဌိ မူလကံ=ရှာမှီးခြင်းလျှင် အရင်းရှိသော ရှာဖွေရပြီလေ။ ဒုက္ခံ = ကိုယ်လည်း ဆင်းရဲ၊ စိတ်လည်းရင်းရဲ ဒုက္ခဝေဒနာကို ပစ္စာနုဘောတိ = အစဉ်ခံစားရ၏။

အေး ဒါကြောင့်. . . လှူရေးတန်းရေး ပေးကမ်းရေးမှာ သူများ မြှောက်ပေးတိုင်းလည်း မလုပ်ရဘူး။ မလှူမဒါန်း မပေးမကမ်းဘဲလည်း မနေရဘူး။ ပြုလုပ်သမျှ ဉာဏ်ယှဉ်ကြပါ။ သူတော်ကောင်းတို့၊ မိမိတို့ သဒ္ဓါတရားကိုမှီပြီး မပင်ပန်းရအောင် ဝန်နှင့်အား၊ လေးနှင့်မြား အချိန်အဆမှန်ကန်ကြလျက် ဘုရားညွှန်ပြ မိမိတို့၏ သဒ္ဓါတရားကို ကုသိုလ်အကျိုးတရားပွားများအောင်သာ ဆောင်ရွက်တတ်ကြပါစေ။

## သီလသုတစသည် အပူရည်မလောင်စေနဲ့

သီလံ=သီလကို ဥပနိဿာယ= အမှီပြု၍ မိမိက သူ့ထက် ကိုယ်ကျင့်တရား ကောင်းတယ်ဆိုရင် နှုတ်ခမ်းလေး ပိမ့်နေတတ်တယ်။ အဲဒီလိုဆိုရင် အတ္တာနံအာတာပေတိ= မိမိကိုယ်ကို ပူလောင်စေတာပဲ။ ပရိတာပေတိ= ပတ်ဝန်းကျင်ကိုလည်း ပူလောင်စေတာပဲ။ ပရိယိဋ္ဌိမူလကံ = ရှာမှီးခြင်းလျှင် အရင်းရှိသော ဒုက္ခံပစ္စနုဘောတိ=ဆင်းရဲစေတတ်တယ်။သုတ=အကြား၊ အမြင်၊ ဗဟုသုတရှိမှု၊ စာဂ=စွန့်ကြဲပေးကမ်းမှု၊ ပညာ= အသိအလိမ္မာရှိမှုတို့ကို မှီပြီးတော့လည်း မိမိကိုယ်ကို ပူလောင်စေခြင်းစသော အပူရည် လောင်တတ်ပါသည်။ (ဝါ) အကုသိုလ်အား အကျိုးပေးတတ်ပါသည်။

ဒါကြောင့်. . . ဘုန်းကြီးများ စကားပြောရင် မိမိဉာဏ်မီသမျှ လောက်ပဲဟုသာ ပြောပါသည်။ ဘုရားဟော ကိုယ်ဉာဏ်မမီတာတွေက အသင်္ချေအနန္တ။

## ရာဂစသည်ရင်မှာများ
## ဒုစရိုက်တရားက တဖွားဖွား

အာရုံပြုကြည့်ရအောင်၊ အကုသလော ဓမ္မော အကုသလဿ ဓမ္မဿ ဥပနိဿယ ပစ္စယေနပစ္စယော။ ရာဂံ ဥပနိဿာယ ပါဏံ ဟနတိ၊ အဒိန္နံ အာဒိယတိ၊ မုသာ ဘဏတိ၊ ပိသုဏံ ဘဏတိ၊ ဖရုသံ ဘဏတိ၊သမ္ဖံ ပလပတိ၊ သန္ဓိံ ဆိန္ဒတိ၊ နိလ္လောပံ ဟရတိ စသည်ဖြင့် အကုသိုလ်အကြောင်းတရားက အကုသိုလ်အကျိုးတရားအား ပကတူ ပနိဿယသတ္တိဖြင့် ကျေးဇူး ပြုပုံကို ဆင်ခြင်ကြည့်ရအောင်ဗျာ. . . ။ သိပ်ကောင်းတာ။ ဒီဒေသနာတော်တွေ တစ်လုံးချင်း၊ တစ်ဝါကျချင်း အဓိပ္ပာယ်နားလည်အောင် ရှင်းပြနေရင် ခြောက်ရက်နဲ့တော့မပြီး၊ ခြောက်လနဲ့လည်းမကုန်၊ ခြောက်နှစ်နဲ့လည်း ကုန်

နိုင်ဖွယ်မမြင် ကြည့်စမ်းပါ။

ဧကေါဂါရိက ကရောတိ၊ ပရိပန္ထေ တိဋ္ဌတိ၊ ပရဒါရံ ဂစ္ဆတိ၊ ဂါမဃာတံ ကရောတိ၊ နိဂမဃာတံ ကရောတိ၊ မာတရံ ဇီဝိတာ ဝေါရောပေတိ၊ ပိ

တရံ ဇီဝိတာ ဝေါရောပေတိ၊ အရဟန္တံ ဇီဝိတာ ဝေါရောပေတိ၊ ဒုဋ္ဌေန

စိတ္တေန တထာဂတဿ လောဟိတံ ဥပ္ပါဒေတိ၊ သံဃံ ဘိန္ဒတိ လို့. . . အကုသိုလ်(၁၈)ပါး အကျိုးတရားများ သို့မဟုတ် ဒုစရိုက်(၁၀)ပါး နှင့်တကွ ပဉ္စာနန္တရိယကံကြီးငါးပါး၊ နိယတမိစ္ဆာဒိဋ္ဌိ အကုသိုလ်အကျိုးတရားတွေ ပုဂ္ဂိုလ်သတ္တဝါသန္တာန်မှာ ပကတူပနိဿယသတ္တိ အနေအားဖြင့် ကျေးဇူးပြုကာ အပါယ်လေးဝဒုဂ္ဂတိဘဝသို့ ဆွဲချပါတော့သည်။

## ဒေါသစသော အမိုက်တရားကြောင့်လည်း သူ့အသက်သတ်ခြင်းစသည် ပြုကြသည်

ဒေါသံ မောဟံ မာနံ ဒိဋ္ဌိံ ပတ္ထနံ ဥပနိဿာယ ဒေါသကိုမှီလို့၊ မောဟကိုမှီလို့၊ မာနကိုမှီလို့၊ အယူလွဲမှုကိုမှီလို့၊ တောင့်တမှုကိုမှီလို့ သူ့အသက်သတ်ခြင်းစသော တစ်ဆယ့်ရှစ်ပါးသော အကျိုးတရားများ ပကတူပနိဿယသတ္တိဖြင့် ပုဂ္ဂိုလ်သတ္တဝါသန္တာန်မှာ အကျိုးပေးတတ်၊ ဖြစ်တတ်ပါသည်။

ဒုစရိုက်ဆယ်ပါး အကုသိုလ်ဟိတ်အားဖြင့် ကြည့်ပါ
ပါဏာ, ဗျာပါ, ဖရုသာ,မုတ်ပါ ဒေါသကြောင့်၊
ကာမေ, ဘိဇ္ဈာ, ဒိဋ္ဌိ, မှာ ဖြစ်လာလောဘကြောင့်၊
ပိသု, မုသာ, သမ္ဖပ္ပါ, ဒိန္နာ၃နှစ်ပါးကြောင့် ဆိုလိုသည်မှာ. . .

ဒေါသဖြစ်က ဒေါသ၊ မောဟ၊ လောဘဖြစ်က လောဘ၊ မောဟ၊ လောဘ၊ ဒေါသဖြစ်က လောဘ၊ ဒေါသ၊ မောဟ၊ အကုသိုလ်ဟိတ်တရားများက ရေသောက်မြစ်ပမာ ဟေတုသတ္တိဖြင့် ကျေးဇူးပြုပုံကိုလည်း သိကြပါ သူတော်ကောင်းတို့။ ပဌာန်းတရား နာကြားကြကုန်သော လူရော၊ နတ်ပါ သူတော်ကောင်းတို့၊ ဘုန်းကြီးတို့ မြတ်ဗုဒ္ဓလေ. . . ဘုရားမိုလို့ မဟာကရုဏာရှင်၊ မေတ္တာရှင်လို့ ပြောရမှာမို့ ပြောတဲ့အဖြစ် မရောက်စေချင်။ မြတ်ဗုဒ္ဓသခင်သည် ဆင်းရဲချမ်းသာ၊ မုန်းသူချစ်သူ၊ ဘယ်လူဘယ်နတ်၊ ဘယ်သတ္တဝါအပေါ်ဖြစ်စေ သနားညှာတာ မဟာကရုဏာနှင့် ရာဟုလာသား ထူးမခြားဘဲ မေတ္တာထားကာ သုဂတိဘဝနှင့် နိဗ္ဗာန်ချမ်းသာ အကြောင်းကံအားလျော်စွာ ရကြပါစေဟု အာရုံပြုလျက် ပလလဲဆင်၊ မက္ကဋနတ်သား၊ ကျေးတမာ အစ ထားလျက် အဟိတ်တိရစ္ဆာန်များကိုပါ ကယ်မတော်မူပုံ အလုံးစုံကို အာရုံညွှတ်ကာ။

ကြည့်စမ်းပါဗျာ. . .

တစ်ကြိမ်တစ်ခါ မလိမ္မာ၍ အကုသိုလ်မှု ပြုမိမှားသော်လည်း ပဋ္ဌာနန္တရိယ ကံကြီးငါးပါးနှင့် နိယတမိစ္ဆာဒိဋ္ဌိမှလွဲ၍ အခြားအကုသိုလ်အမှု ပြုမိငြားသော်လည်း ဒါန၊ သီလ၊ ဥပေါသထကမ္မစသည် ဆက်ကာ အရိယာမဂ်လေးချက်စုံညီ အဘိညာဉ်သမာပတ် စျာန်အရပ်ရပ်ကိုပင် ရရှိစံစားနိုင်ကြောင်း အာရုံယူကာ ကြည်ညိုကြပါစို့။

အကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဥပနိဿယ ပစ္စယေန
ပစ္စယော။ ပကတူပနိဿယော ပါဏံ ဟန္တွာ တဿ ပဋိဃာတ
တ္တာယ ဒါနံ ဒေတိ သီလံ သမာဒိယတိ သမာပတ္တိံ ဥပ္ပါဒေတိ။

စသည်ဖြင့် ဘာဏကသံယာတော်များ ရွတ်ပွားပူဇော်ကြသည့် ဒေသနာဆင်ခြင်ကြည့်ကြရအောင်။

## မဟာပထဝီမြေကြီးမျှ
## ကျန်ရစ်ကြတဲ့ သတ္တဝါတွေ

သံယုတ်ပါဠိတော် "နခသိခ" သုတ္တန်မှာ မြတ်ဗုဒ္ဓဟောကြားသလို၊ မြတ်ဗုဒ္ဓနောက်ပါးက ကျွတ်တမ်းဝင်ကာ ပါသွားသူ သတ္တဝါတို့ကား လက်သည်းပေါ် မှာရှိသော သဲမျှလောက်သာရှိ၍ ကျန်ရစ်သူ ပုဂ္ဂိုလ်တို့ကား မဟာပထဝီမြေကြီးနှင့်အမျှ ကျန်ခဲ့ကြပါသည်။

အကြောင်းအကုသိုလ်ကြောင့် အကျိုးအရိယာမဂ်ကုသိုလ်နှင့်တကွ အဘိညာဉ်သမာပတ် တရားများကိုပါ ရစေနိုင်ပုံ အာရုံယူကြည့်ရအောင်. . .

မြတ်ဗုဒ္ဓလေ. . . တစ်ကြိမ်တစ်ခါ မလိမ္မာပြုမှားတဲ့ အကုသိုလ် အငယ်စားများကြောင့် သောကပွားနေတဲ့ တပည့်မိုက်များ တရားရေအေးဖြင့် ချွေးသိပ်ပေးတော်မူလိုက်တာလေ ကြည့်စမ်းပါ. . . ကြားလိုက်တဲ့ခဏ ဖြစ်နိုင်မယ်တောင် ထင်စရာမရှိဘူး။ ဒါပေမဲ့. . . မြတ်ဗုဒ္ဓရဲ့ မဟာကရုဏာ မေတ္တာတော်ဟာ အံ့မခန်းစရာဖြစ်သလို၊ ဉာဏ်တော်ဟာလည်း အတုမဲ့ ပုဂ္ဂိုလ် ဖြစ်ပါပေစွတကားဟု အကြိမ်ကြိမ် ဦးညွတ် ပူဇော်ကြရပါသည် သူတော်ကောင်းတို့။

## မိသားစု ၁၅ ဦး တရားထူး

ဘုန်းကြီးတို့ အစိန္တေယျသုံးလောကထွတ်ထား ရှင်တော်မြတ်ဘုရား ပွင့်ထွန်းတော်မူတဲ့အခါ "ကုက္ကုဋမိတ္တ"လို့ခေါ်တဲ့ သားသတ်သမား တစ်ယောက်ရှိတယ်။ မနက်လင်းတယ်ဆိုရင်ပဲ တောကိုသွား၊ပိုက်ကွင်းပေါင်း တစ်ထောင်နှင့် တောထဲမှာ တစ်တန်းကြီး ပိုက်ကွင်းတွေချ၊ မိလာတဲ့

သားကောင်တွေ လှည်းပေါ်တင်ပြီး နေ့စဉ်နေ့စဉ် သာဝတ္ထိမြို့ထဲဝင် ဈေးရုံမှာရောင်းတယ်။ ရောင်းချပြီး တောကိုအပြန် တစ်နေ့ကိစ္စမဟုတ်ဘူး၊ နေ့တိုင်းကိစ္စနော်။

## တဏှာမှာ မျက်စိမရှိဘူး

တစ်နေ့မှာတော့ သာဝတ္ထိမြို့ထဲက အိမ်အပေါ်ထပ်ကနေ လေသာပြတင်းလှပ်၊ မြို့လမ်းမဘက်ကို မျှော်ကြည့်နေတဲ့ (ဘဝရဲ့ သဘောတရားတွေ ဒီနေရာမှာ တဏှာရဲ့မျက်စိမရှိပုံ) သူဌေးသမီးက တစ်နေ့ကိစ္စမဟုတ်ဘူး။ ထိုမုဆိုး လမ်းမကနေ လှည်းနှင့်မောင်းသွားတာမြင်တော့ မိမိရဲ့အစေခံဖြစ်တဲ့ အမျိုးသမီးကို ဟဲ့ကလေးမ. . . လာစမ်း အဲဒီမုဆိုးကြီး ဒီနေ့ဘယ်လမ်းက ပြန်မှာလဲလို့ သွားမေးစမ်းခိုင်းလိုက်တယ်။ မုဆိုးကြီးက မိမိလာခဲ့ရာ ဒီလမ်းမကပင် ပြန်မည်ဟု ပြောလိုက်တဲ့အခါ သူဌေးသမီးဟာ အမိအဖက ဆင်ထားတဲ့ လက်ဝတ်ရတနာများ ယူလျက် ပြောကြပါစို့. . . ထဘီထုပ်နှင့် ခိုးရာလိုက်လာတယ်။ ကုက္ကုဋမိတ္တမုဆိုးကြီး လှည်းနဲ့မောင်းသွားပြီး သူက မုဆိုးသားသတ်သမားဗျာ။ သူဌေးသမီးက သူနှင့် ဘာမျှပတ်သက်တာမဟုတ်တာ စိတ်ကူးမျှပင် ထည့်ဝံ့မည်မထင်။

ဒါပေမဲ့. . . သူဌေးသမီးက သူ့ရဲ့ထဘီထုပ်လေး လှည်းနောက်ကနေလိုက်၊ လှည်းပေါ်မတက်သေးဘူး။ မြို့ပြင်ရောက်တော့ မုဆိုးကြီးက ဟဲ့ ကလေးမ. . . ဘယ်သွားမှာလဲ။ ဘာလို့ ငါ့လှည်းနောက်က တကောက်ကောက် လိုက်နေသလဲ မေးတဲ့အခါ အို. . . ရှင်လည်း ရှင့်လမ်းသွားတာပဲ၊ ကျွန်ုပ်လည်း ကျွန်ုပ်လမ်းသွားနေတာပါ။ ဒီတော့ မုဆိုးကြီးလည်း သူ့လှည်းသူမောင်းသွားတာပေါ့လေ။ တောစပ်ရောက်သည့်အထိ တကောက်ကောက် လှည်းနောက်က ကပ်လိုက်နေတော့မှ ဟဲ့ကလေးမ. . . နင်ဆင်းချင်တဲ့

နေရာကျမှဆင်း၊ လှည်းပေါ်တက်လိုက်ခဲ့လေ ဆိုတော့မှ သူဌေးသမီးရဲ့ ရည်ရွယ်ချက်က မုဆိုးကြီးနဲ့အတူနေမလို့ လိုက်လာတာဆိုတော့ ဘယ်ဆင်းလိမ့်မတုန်းဗျာ့။ အဲဒီလိုအကြောင်းပါ၊ သားခုနစ်ယောက်ဖွား၊ ကုက္ကုဋမိတ္တမုဆိုးကြီး တစ်နေ့ တောထဲကိုသွား ပိုက်ကွန်တစ်ထောင်နှင့် ထောင်ထားခဲ့ပြီး နံနက်လင်းအားကြီးအချိန်မှာ သူ့ပိုက်ကွန်ထဲ သားကောင်မိမမိ အစဉ်အတိုင်း လိုက်ကြည့်တဲ့အခါ အားလုံးသောသူတော်ကောင်းတို့၊ ခင်ဗျားတို့အိမ်တိုင်း၊ အိမ်တိုင်းမှာ ကြည့်စရာကြေးမုံခေါ်တဲ့ မှန်ရှိကြတယ်။ နတ်ပြည်မှာလည်း ရှိတယ်၊ လူပြည်မှာလည်း ရှိတယ်။ ဒီမှာ အဲဒီနေ့နံနက် အရုဏ်ကာလမှာ မြတ်ဗုဒ္ဓ ဂန္ဓကုဋိတိုက်တော်မှနေ၍ သဗ္ဗညုတရွှေဉာဏ်တော်ဖြင့် ကြည့်လိုက်တဲ့အခါ. . . ။

သဗ္ဗညုတဉာဏ်တော်တည်းဟူသော မှန်ထဲမှာ ကုက္ကုဋမိတ္တမုဆိုးကြီးရယ်၊ သားခုနစ်ယောက်၊ ချွေးမခုနစ်ယောက် ပေါ်လာကြတယ်။

ဩော်. . . ဒီသတ္တဝါတွေ ယနေ့ ငါဘုရား ကယ်ချွတ်ရတော့မှာပါလားလို့ ကုက္ကုဋမိတ္တမုဆိုးကြီး ထောင်ထားရာပိုက်ကွန်မှာ မိနေတဲ့ သားကောင်တိရစ္ဆာန်များကို တန်ခိုးတော်ဖြင့် မြတ်ဗုဒ္ဓက လွှတ်လိုက်တယ်။ သားကောင်အား လုံးပိုက်ကွန်မှ လွတ်ပြီးတဲ့အခါ မုဆိုးကြီးမြင်သာအောင် မြတ်ဗုဒ္ဓခြေတော်ရာ ချခဲ့တယ်။ ခြေတော်ရာချပြီး ချုံကြီးတစ်ခုအောက်မှာ မြတ်ဗုဒ္ဓ ဖလသမာပတ်ဝင်စားပြီး နေတော်မူတဲ့အခါ မုဆိုးကြီးဟာ ပိုက်ကွန်ကိုကြည့် ခြေရာတွေသာတွေ့၊ သားကောင်ကိုမမြင်၊ ခြေရာရှင်ဟာ ငါ့သားကောင်တွေကို ပိုက်ကွန်ကလွှတ်တဲ့ ပုဂ္ဂိုလ်ပဲဖြစ်ရမယ်။

ဒင်းတော့. . . တွေ့ရင် အသက်ကိုသေအောင် ငါသတ်မယ်။ ကြည့်နေဉ်. . . ပါဏဟန္တာ တဿပဋိယာတတ္တာယဒေါသကိုမှီပြီး သတ်မယ်ဟဲ့လို့ လိုက်လာရာ ဖြုန်းဆို ချုံအောက်မှာ မြတ်စွာဘုရားတွေ့သွားကာယ်။ လေးကိုဆွဲ၊

မြားကိုထည့်၊ လေးညို့ကိုတင်၊ ခလုတ်ကိုနှိပ်တဲ့အခါကျတော့ တန်ခိုးတော်နှင့် မြတ်ဗုဒ္ဓက ခလုတ်အဖြုတ်မခံတော့ပြီ။ မုဆိုးကြီးခမျာ တစ်နေကုန်ဒူးထောက်၊ ပါးစပ်မှာလည်း အမြှုပ်တွေကျ၊ ကိုယ်ကလည်း ချွေးဒီးဒီးကျ၊ လေးကြီးကိုင် လျက်ဖြစ်နေရာ နေဝင်ခါနီးအခါကျမှ သူဌေးသမီး မုဆိုးကတော်က သားတို့ မင်းတို့အဖေ တောကပြန်မလာဘူး။ ဒုက္ခများ တွေ့နေသလားမသိ။ သားကြီး မောင်မင်းလိုက်သွားပါကွယ်။ တောထဲရောက် လေးကြီးကိုင်၊ ဒူးထောက်လျက် ဖခင်ကိုကြည့်လိုက်တဲ့အခါ ဘုရားမြတ်စွာကိုလည်း မြင်လိုက်တယ်။

အားလုံးသော သူတော်ကောင်းတို့ ဘယ်လောက်များ အကုသိုလ် အမှောင်ဖုံးသလဲဆိုရင် ဘုရားပွင့်တော်မူနေဟာကိုပင် ဘုရားမှန်းမသိ၊ တရားမှန်းမသိ၊ သံဃာမှန်းမသိဖြစ်တဲ့ဘဝ စဉ်းစား၍သာ ကြည့်ကြပါတော့။

ဟာ. . . ငါ့အဖေရဲ့ ရန်သူပဲဆိုပြီး သူကလည်း လေးကြီးကိုတင်၊ ဘုရားရှင်က တန်ခိုးတော်နှင့် မဖြုတ်နိုင်အောင်တား၊ အေး. . . ပြောကြပါစို့ သားကြီးကလည်းပြန်မလာ၊ ချစ်သားတို့ မင်းတို့အဖေနှင့် အစ်ကိုကြီး ဘေး ဒုက္ခတွေ့ပေါ့ထင်ရဲ့ တို့အားလုံးလိုက်ကြစို့။ ဘာပြောကောင်းမလဲ။ တောထဲကို ရောက် ဒူးထောက်ပြီး လေးတင်လျက်ကြီး တွေ့ကြတဲ့အခါ အမေ. . . ဟိုမှာ အဖေနှင့်အစ်ကိုကြီးတော့ ရန်သူတွေ့နေပေါ့ထင်ရဲ့ဆိုပြီး လေးတွေဆွဲ၊ သူတို့ လည်းတင်တာပဲ။ တင်ရုံသာတင်ရ ချလို့မရတဲ့အခါ သူဌေးသမီးက လှမ်း ကြည့်လိုက်တော့ အလို. . . လူလေးတို့ အဲဒီပုဂ္ဂိုလ်ဟာ ငါ့အမေရဲ့ဖခင်ပဲ တဲ့ဗျာ။ ဒကာကမုဆိုး၊ သူက သူဌေးသမီး ဘုရားကိုမြင်တော့ ငါ့ဖခင်ငါ့ဖခင် တဲ့ တော်တော်စဉ်းစားစရာ ကောင်းနေပြီ။

ဘုန်းကြီးတို့ကတော့ ဗုဒ္ဓအဆုံးအမအားလျော်စွာ သိနေတာပေါ့။ အဲဒီသူဌေးသမီးဟာ ပုထုဇဉ်မထင်လိုက်ပါနဲ့။ ခုနစ်နှစ်သမီးကတည်းက သောတာပန်အရိယာဗျာ့။ ဘုန်းကြီးက ပဌာန်းဒေသနာပြောရာမှာ ဒီပစ္စည်း

ရောက်ပြီဆိုရင် စဉ်းစားတယ်။ သောတာပန် အရိယာတောင်မှ ရာဂမီး လောင်က မျက်စိမပါ၊ မုဆိုးကြီးနောက် လိုက်ရရှာတာပါလားလို့။ ဘုန်းကြီး စဉ်းစားတယ်။ ကိလေသာရှိနေသမျှ ဒီကိလေသာမီးက သောတာပန်လည်း ချမ်းသာမပေးဘူး၊ သကဒါဂါမ်လည်း ချမ်းသာမပေးဘူး။ ကိလေသာ မီးပူ လောင်ပုံတွေးပြီး သံဝေဂရဖို့ ကောင်းလှပါသည်။

သောတာပန် အရိယာဆိုတော့ မြတ်ဗုဒ္ဓကိုမှီ၍ သောတာပန်ဖြစ်ရတာ။ ဘုရားဟာ လောကုတ္တရာ သူ့ရဲ့ဖခင်ပေါ့ဗျာ့။ သားတို့ရေ အဲဒါ မင်းတို့ရဲ့ အဘိုးပဲဟဲ့လို့ ပြောလိုက်တော့မှ ကျွန်တော်တို့မှားပြီဆိုကာ လေးတွေကို အသာချ၊ ကုက္ကုဋမိတ္တမုဆိုးကြီးကလည်း ဒီလိုဆိုရင်. . . ရှင်မရေ ဒါဟာ ငါ့ရဲ့ ယောက္ခမကြီးပေါ့ဆိုပြီး ဒူးလေးကြီးကိုအသာချ၊ မြတ်ဗုဒ္ဓထံပါး ရောက်တဲ့ အခါ မြတ်ဗုဒ္ဓက. . . ပါဏံ=သူတစ်ပါး၏အသက်ကို၊ ဟာ= တစ်ကြိမ်တစ်ခါ မလိမ္မာ၍ သတ်မိသည်ရှိသော် တဿပဋိယာတတ္တာယ= ထိုပါဏာတိပါတဝကကံ ပျောက်ပါစေရန် အကျိုးငှာ ဒါနံဒေတိ သီလံ သမာဒိယတိ = မြတ်ဗုဒ္ဓ ထံတော်မှာလေ ရှိခိုးကြ၊ သီလဆောက်တည်ကြ အဲဒီအခါ ဘုရားရှင် ကိုယ်တော်မြတ်က တရားဟောတော်မူလိုက်တဲ့အခါ တရားတော်ကိုနာယူရင်းနှင့် ပင်လျှင် ဝိပဿနံဉပ္ပါဒေတိ= ရုပ်နာမ်ဓမ္မ သင်္ခါရကို ဆင်ခြင်တယ်။ အဲဒီလို ဆင်ခြင်တော့ မဂ္ဂဉပ္ပါဒေတိ= မုဆိုးကြီးနှင့်တကွ သား၊ ချွေးမ တစ်ကျိပ် ငါးယောက်တို့ ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာ အကြွင်းမဲ့ပယ်ခွာ သောတာပန်အရိယာ အဖြစ်သို့ ဆိုက်ရောက်ကြပါပြီ သူတော်ကောင်းတို့။

## မုဆိုး၏မယား သောတာပန်ဖြစ်နိုင်မလား

ဒီနေရာမှာ အသိအလိမ္မာ အဝါးမဝက စိတ်ထွေပြားတတ်ပါသည်။ သောတာပန် အရိယာအမျိုးသမီးဆိုက သူများအသက်ကို သတ်နေတဲ့

မုဆိုးကြီးနောက်လိုက်ပြီး သားသတ်အမျိုးသမီး လုပ်နေသလားဘုရားလို့ မေးစရာ။ လောကဥပမာအားဖြင့် မြတ်စွာဘုရားက ဟောတယ်။ ချစ်သားတို့ အဆိပ်ဆိုတဲ့ပစ္စည်းဟာ လက်မှာအနာရှိတဲ့ ပုဂ္ဂိုလ်ကိုင်မိက အဲဒီအနာက ထွက်တဲ့သွေးနဲ့ အဆိပ်နဲ့ရောပြီး ခန္ဓာတစ်ကိုယ်လုံး အဆိပ်တက်ကာ သေတာပဲ။ ဘာကြောင့်သေသလဲဆိုတော့ အနာအဆိပ်နဲ့ထိလို့သေတာ။ အနာမရှိတဲ့ပုဂ္ဂိုလ်ကျတော့ အဆိပ်ကို ဘယ်လိုကိုင်သော်လည်း မသေနိုင်သလို၊ ငါ့သမီးတော်ဟာ အရိယာဇာတ် မြင့်မြတ်တဲ့ပုဂ္ဂိုလ်ဖြစ်ပေမဲ့လို့ အိမ်ရှင် လင်ယောကျ်ားရဲ့ အစေအပါး နံပါတ်(၅)ပျင်းရိမမှု ဝတ်တရားနှင့်အညီ၊ မုဆိုးကြီးတောလိုက်သွားရင် ယူရအောင် ဓားသွေး၊ လှံသွေး၊ မြားဖြောင့် လုပ်ပေးပေမဲ့လို့ ငါ့သမီးမှာ ဝဓကစေတနာမရှိဘူး။ ဒါကြောင့်. . . ငါ့သမီးမှာ အပြစ်မဖြစ်ဘူးတဲ့။ အဲဒါ. . . ဖြတ်ထုံး ဆုံးဖြတ်ချက်ပါပဲဗျာ။

ဒါကြောင့်. . . ပကတူပနိဿယပစ္စည်းဆိုတာက သံသရာအစကနေ နိဗ္ဗာန်ရမည့်ဘဝတိုင်အောင် ကောင်းကျိုးဆိုးကျိုး ထိုနှစ်မျိုးကို မိမိတို့ပြုသော အကြောင်းအားလျော်စွာ အကျိုးပေးတဲ့ ပစ္စည်းပါတကားဟု ကိုယ်စီကိုယ်င သိမြင်ကြလျက် နိစ္စဒူဝ မိမိတို့ပြုကြတဲ့၊ ဒါနဆောက်တည်တဲ့၊ သီလပွားများတဲ့ ဘာဝနာကုသိုလ်ကို အမှီရ၍ ပုထုဇဉ်သဘာဝ တစ်ကြိမ်တစ်ခါ မလိမ္မာလို့ အကုသိုလ်ဒုစရိုက်အမှု ပြုခဲ့မိရင် တန်ပေါ့တော်ပေါ့ဆိုပြီး ဒါန၊ သီလ၊ ဘာဝနာ ကိုယ်စီကိုယ်င ဆင်ခြင်ပွားများကြပါ သူတော်ကောင်းတို့။

အေး. . . ဒါကြောင့်

သာဓဝေါ = ပဋ္ဌာန်းဒေသနာကို ကြည်ညိုလေးစား သူတော်ကောင်းအများတို့၊ တုမှေ = သင်သူတော်ကောင်းတို့သည် ဣမံဒေသနံ= အနန္တနယသမန္တ မဟာပကရဏခေါ် မှန်း ဤမဟာပဋ္ဌာန်းကျမ်းမြတ်ကြီးကို သုဏိတွာ= သဒ္ဓါနားဖြင့် ကိုယ်စီကိုယ်င ဝေးနီးမကွာ ကြားနာကြကုန်သည်ဖြစ်၍

သန္တသုခံ = အရိယာသူတော်ကောင်းတို့၏ ပျော်စံရာ မြတ်နိဗ္ဗာန်ချမ်းသာကို
လဘန္တု = ရကြပါစေကုန်သတည်း။

(သာဓု သာဓု သာဓု)

ရှင်မတောင်စာပေ

## နမောတဿ ဘဂဝတော အရဟတော
## သမ္မာသမ္ဗုဒ္ဓဿ
## ၅။ ပုရေဇာတပစ္စည်းဒေသနာတော်
## "ဓမ္မသဘင်စတင်ပြီ"

တရားလိုလား အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့ အမြဲထာဝရ ဆင်ခြင်ပွားများနိုင်ရန် ရည်သန်ပြီးလျှင် မိမိတို့ဉာဏ်နှင့် လိုက်လျောညီထွေ ဖြစ်စေရန် ရည်သန်လျက် ပုရေဇာတပစ္စည်းကို အခြေခံထားကာ ဘုန်းကြီးတို့ ရွတ်ပွားသရဇ္ဈာယ် နာယူကြပါကုန်စို့။ သူတော်ကောင်းတို့။

### ပုရေဇာတပစ္စည်း(၂)မျိုး

အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ ပုရေဇာတ ပစ္စယေန ပစ္စယော။ အာရမ္မဏပုရေဇာတံ, ဝတ္ထုပုရေဇာတံ။

**အာရမ္မဏပုရေဇာတံ**-အရဟာစက္ခုံ အနိစ္စတော, ဒုက္ခတော,အနတ္တတော ဝိပဿတိ၊ သောတံ၊ ဃာနံ၊ ဇိဝှံ၊ ကာယံ၊ ရူပေ၊ သဒ္ဒေ၊ ဂန္ဓေ၊ ရသေ၊ ဖောဋ္ဌဗ္ဗေ၊ ဝတ္ထုံ အနိစ္စတော ဒုက္ခတောအနတ္တတော ဝိပဿတိ။ ဒိဗ္ဗေန စက္ခုနာ ရူပံ ပဿတိ ဒိဗ္ဗာယ သောတဓာတုယာသဒ္ဒံ သုဏာတိ။ ရူပါယတနံ စက္ခုဝိညာဏဿ။ သဒ္ဒါယတနံ သောတဝိညာဏဿ။ ဂန္ဓာယတနံ ဃာနဝိညာဏဿ။ ရသာ ယတနံ ဇိဝှါဝိညာဏဿ။ ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဿ။ ပုရေဇာတ ပစ္စယေန ပစ္စယော။

**ဝတ္ထုပုရေဇာတံ**-စက္ခာယတနံ စက္ခုဝိညာဏဿ ပုရေဇာတပစ္စယေန ပစ္စယော။ သောတာယတနံ သောတဝိညာဏဿ။ ဃာနာယတနံ ဃာနဝိညာဏဿ။ ဇိဝှာယတနံ ဇိဝှာဝိညာဏဿ။ကာယာယတနံ ကာယဝိညာဏ

ဿ ပုရေဇာတပစ္စယေနပစ္စယော။ ဝတ္ထု ဝိပါကာဗျာကတာနံ ကိရိယာဗျာကတာနံ ခန္ဓာနံ ပုရေဇာတပစ္စယေနပစ္စယော။ လို့. . . မြတ်စွာဘုရားသခင် ကိုယ်တော်မြတ် ဟောကြားတော်မူအပ်သော ပုရေဇာတပစ္စည်းသည်။

၁။ အာရမ္မဏပုရေဇာတပစ္စည်း ကျေးဇူးပြုပုံကတစ်မျိုး၊

၂။ ဝတ္ထုပုရေဇာတပစ္စည်း ကျေးဇူးပြုပုံကတစ်မျိုး၊

ဤကဲ့သို့ နှစ်မျိုးအားဖြင့် ဟောကြားတော်မူခဲ့ပါသည်။

အာရမ္မဏပုရေဇာတပစ္စည်း ကျေးဇူးပြုပုံကို မျှော်ခေါ်ကြည့်လိုက်တဲ့အခါ အကြောင်း အဗျာကတတရားက အကျိုး အဗျာကတတရားအား အာရုံအာရမ္မဏိက အနေအားဖြင့် ရှေ့ကဖြစ်ပြီး၍ ကျေးဇူးပြုတဲ့ သဘောတရားသည် အခိုက်အတန့်ကတော့ ဘုန်းကြီးတို့ ပုထုဇဉ်သူ ငါပုဂ္ဂိုလ်တို့နှင့် မဆိုင်မူ၍ ဘုရားရဟန္တာအရှင်မြတ်တို့နှင့်သာ ဆိုင်တဲ့အပိုင်းပေါ့။

## ရဟန္တာတို့သော်မှ ကြောင့်ကြမဲ့နေတော်မမူ

အရဟာ=ရဟန္တာအရှင်မြတ်ကြီးသည် စက္ခုံ = မိမိသန္တာန်မှာရှိတဲ့ စက္ခုပသာဒ၊ သူ့သန္တာန်မှာရှိတဲ့ စက္ခုပသာဒလို့ခေါ်တဲ့ ရုပ်အကြည်ကို အနိစ္စတောအနိစ္စက္ကတိ = မမြဲတဲ့ တရားဟူ၍လည်းကောင်း၊ ဒုက္ခတော-ဒုက္ခက္ကတိ= ဆင်းရဲတဲ့ တရားဟူ၍လည်းကောင်း၊ အနတ္တတော-အနတ္တက္ကတိ အစိုးမရ ကိုယ်မပိုင် မသိမ်းပိုက်နိုင်တဲ့ တရားဟူ၍လည်းကောင်း = ဝိပဿတိ= ဝိပဿနာဉာဏ်ဖြင့် ကြည့်တော်မူ၏။

တချို့. . . ဗုဒ္ဓရဲ့သွန်သင်ချက် ဆရာသမားများထံက မှန်ကန်သော အဆုံးအမ ရကြပါသော်လည်း တလွဲအမှိုက်ယူကြတဲ့ ပုဂ္ဂိုလ်များက တရားသိပြီးတာပဲ အားထုတ်နေစရာ မလိုပါဘူးလို့ "ကုသိတ"ပုဂ္ဂိုလ်၊ "ဟီနဝီရိယ"ပုဂ္ဂိုလ်တို့က ပြောတတ်ကြတယ်။ အဲဒီမှာကြည့် ရဟန္တာအရှင်မြတ်

တို့သော်မှ ကြောင့်ကြမှုမနေ၊ သင်္ခါရဓမ္မတွေကို ဆင်ခြင်နေကြတယ်ဗျာ။ ဒါ. . . ဒကာကြီးများအနေဖြင့် သတိထားဖို့ပေါ့။ ရဟန္တာဖြစ်သွားပေါ့ပဲ၊ ရဟန်းကိစ္စပြီးပြီ။ သူ့မှာ ဘာမှအားထုတ်စရာ မလိုဘူးလို့မထင်နဲ့။ အေး. . . စက္ခုပသာဒဟု ဆိုအပ်သော ရုပ်တရားသည် မမြဲတဲ့သဘော၊ ဆင်းရဲတဲ့သဘော၊ အစိုးမရတဲ့သဘောဟု ဝိပဿနာဉာဏ်ဖြင့် ကြည့်တော်မူကြပါသည်။ ထို့အတူ သောတပသာဒ၊ ဃာနပသာဒ၊ ဇိဝှါပသာဒ၊ ကာယပသာဒ ရုပ်အကြည်၊ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့သဘော၊ အဲဒီ အာရုံတရားများကိုလည်းပဲ မမြဲတဲ့သဘော၊ ဆင်းရဲတဲ့သဘော၊ အစိုးမရတဲ့သဘောဟူ၍ ရဟန္တာအရှင်မြတ်ကြီးတို့ ဆင်ခြင်တော်မူကြပါသည်။

အဗျာ ကတော ဓမ္မော ကုသလဿ ဓမ္မဿ ပုရေဇာတပစ္စယေန ပစ္စယော။ အာရမ္မဏ ပုရေဇာတံ ဝတ္ထုပုရေဇာတံ။

အာရမ္မဏပုရေဇာတံ။ သေက္ခာဝါ ပုထုဇ္ဇနာဝါ စက္ခုံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ။ သောတံ။ ဃာနံ ဇိဝှံ ကာယံ ရူပေ သဒ္ဒေ ဂန္ဓေ ရသေ ဖောဋ္ဌဗ္ဗေ ဝတ္ထုံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ။ ဒိဗ္ဗေန စက္ခုနာ ရူပံပဿန္တိ။ ဒိဗ္ဗာယ သောတဓာတုယာ သဒ္ဒံ သုဏန္တိ။

အဲသည် အဗျာကတ အကြောင်းတရားအား ပုရေဇာတသတ္တိဖြင့် ကျေးဇူးပြုနေပါသည်။

သေက္ခာဝါ=သေက္ခဟုဆိုအပ်သော သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ပုဂ္ဂိုလ်တို့သည်လည်းကောင်း၊ ပုထုဇ္ဇနာဝါ = သူငါကစ ပုထုဇဉ် ပုဂ္ဂိုလ်တို့သည်လည်းကောင်း၊ စက္ခုံ= သူ့သန္တာန်မှာရှိတဲ့၊ ကိုယ်သန္တာန်မှာရှိတဲ့ စက္ခုပသာဒလို့ခေါ်တဲ့ အကြည်မျက်စိကို အနိစ္စတောအနိစ္စက္ကတိ= မမြဲတဲ့

တရားဟူ၍လည်းကောင်း၊ ဒုက္ခတောဒုက္ခက္ကတိ=ဆင်းရဲတဲ့ တရားဟူ၍ လည်းကောင်း၊ အနတ္တတောအနတ္တက္ကတိ= အစိုးမရ ကိုယ်မပိုင် မသိမ်းပိုက် နိုင်တဲ့ တရားဟူ၍လည်းကောင်း၊ ဝိပဿန္တိ = ဝိပဿနာဉာဏ်ဖြင့် ကိုယ်စီ ကိုယ်င ကြည့်ရှုကြပါကုန်၏။

## ပုထုဇဉ်က အဘိဓမ္မာသဘော ငြီးငွေ့တတ်တယ်

အဘိဓမ္မာဆိုတာ ဘုန်းကြီးပြောခဲ့ပြီ "ဘဝရဲ့သဘောတရား" အဲသည်ဘဝရဲ့ သဘောတရားဆိုတာကို မြတ်စွာဘုရားက"အဘိဓမ္မာနာမ၊ ပကတိယာယေဝ လူခကာယာ" တဲ့. . .။

ဘိက္ခဝေ=ချစ်သားတို့ အဘိဓမ္မာနာမ= ငါဘုရားဟောကြားတဲ့ ဘဝရဲ့ သဘောတရားခေါ်တဲ့ အဲသည်. . အဘိဓမ္မာသဘောတရားမည်သည် ပကတိယာယေဝ=သူ့ပင်ကိုသဘောကိုက လူခကာယာ= ခြောက်သွေ့ခြင်း သဘောရှိတယ်။ ပုထုဇဉ်တွေရဲ့သဘောမှာ ပျင်းမုန်းငြီးငွေ့သွားတတ်တယ်။ ခြောက်သွေ့သွားတတ်တယ်။

ဒါကြောင့်. . . အားလုံးသော သူတော်ကောင်းအပေါင်းတို့ အဘိ ဓမ္မာဒေသနာတော်တွေကို ဉာဏ်နဲ့သက်ဝင်နိုင်အောင်၊ သုတ္တန် ဒေသနာ တော်ဆိုတာက နတ်လမ်းညွှန်ပြတာ။ ဒါ့ကြောင့်. . . အဘိဓမ္မာ ဒေသနာ တွေကို အခြေခံ၍ သုတ္တန်ဒေသနာတော်ကို နည်းလမ်းနှင့်ယှဉ်ကြည့် ရအောင်. . . မြတ်စွာဘုရားသခင် ကိုယ်တော်မြတ် ပွင့်ထွန်းတော်မူစ မကြာ လှသေးသော ကာလမှာပင် အမျိုးသားတစ်ယောက် သင်္ဘောနှင့် ကုန်ရောင်း သွားတဲ့အခါ မိမိနှင့်အတူ များလှစွာသော ကုန်သည်တွေလည်း ပါလာခဲ့ တယ်။ သမုဒ္ဒရာကိုရွက်လွှင့်ပြီး သွားတဲ့အခါကျတော့ ရေလယ်ကောင် လည်းရောက်ရော သင်္ဘောကပျက်၊ လှိုင်း၊ မုန်တိုင်းက ပြင်းထန်စွာ တိုက်

ခတ်တဲ့အခါ တချို့လည်းပဲ ကံထောက်မလို့ အသက်ဘေးက လွတ်ကြတယ်။

အဲသည်လို အသက်ဘေးလွတ်သလိုပဲ သင်္ဘောကနေပြီးတော့ သစ်သားပြား မျောပါလာတဲ့အခါ "ဗာဟိယဒါရုစီရိယ"တဲ့။ ဒါရုဆိုတာက သစ်သား သစ်သားပြားကိုပြောတာ။ စီရိယဆိုတာက ဝတ်တာ။ ကပ်တာ ဗာဟိယဆိုတာ မိမိကိုယ်ကို သစ်သားပြားကို ကပ်ထားတဲ့အတွက်ကြောင့် သူ့ကို ဗာဟိယဒါရုစီရိယလို့ ကျမ်းဂန်က ဒီလိုခေါ်တယ်။

အဲသည်လို သစ်သားပြားကိုဖက်ပြီး ပင်လယ်သမုဒ္ဒရာအတွင်းမှာ ခုနစ်ရက်လောက် ကူးလိုက်တဲ့အခါ လှိုင်း၊ မုန်တိုင်းတွေရိုက်ခတ်တော့ မိမိမှာ အဝတ်မပါ၊ ဗလာကိုယ်ထီး၊ ပျဉ်ပြားကိုပဲ အသက်ရှင်ရေး အားကိုးရာဆိုပြီး မှီတွယ်ကာ ကူးလာလိုက်တာ သုပ္ပါဒကသင်္ဘောဆိပ်ကိုရောက်၊ လှေကြီး တစ်စင်းကိုကွယ်ပြီးတော့ အနားမှာတွေ့တဲ့ ကိုင်းပင်မြက်ပင်၊ သစ်သားစလေး တွေစုပြီးတော့ နွယ်လေးတွေနဲ့ကပ်ကာချည်ကာ မိမိရဲ့ခန္ဓာကိုယ်ကို ဝတ်ဆင် ထားတယ်။ ဟီရိဩတ္တပ္ပလုံရုံမှုပေါ့။ ဒီလိုနေတဲ့အခါ "သုပ္ပါဒက" သင်္ဘော ဆိပ်မှာနေကြတဲ့ အမျိုးသား၊ အမျိုးသမီးတွေကမြင်တော့ ဩော်. . . ဒီပုဂ္ဂိုလ် ဟာဖြင့် ခေါင်းပါးဖို့ ကျင့်တာပဲ။ တကယ့်ဘုရားအစစ် ဘုရားမှန်၊ တရား အစစ် တရားအမှန်၊ သံဃာအစစ် သံဃာမှန်ကလည်း ပေါ်ထွန်းစဆိုတော့ သူကလည်းဘုရား၊ ငါကလည်းဘုရားနှင့် ဘုရားတွေကလည်း ပေါလိုက်တာ။ ဟိုမှာတစ်ယောက်၊ သည်မှာတစ်ယောက်နှင့် အဲသည်လောက်ကိုများနေတော့ သင်္ဘောဆိပ်မှာနေကြတဲ့ ပုဂ္ဂိုလ်တွေက ဘုရားဆိုတာ ဒါမှ ဘုရားနေမှာ၊ ကြည့်စမ်း. . . အဝတ်သွားပေးလည်း အဝတ်မဝတ်၊ နေစရာပေးလည်းမနေ၊ အလွန်တရာ ခေါင်းပါးစွာကျင့်တော်မူတယ်။ ဧကန္တ ဒါဟာ ဘုရားအစစ် ဖြစ်မှာပဲ။ နေ့စဉ်နေ့စဉ် ဘုရားတဲ့ဆိုပြီး သူ့ကိုကြည်ညိုတဲ့ပုဂ္ဂိုလ်တွေက လာ လာပြီး ကျွေးကြ၊ ဆည်းကပ်ကြတယ်။ ဒီတော့. . . ဗာဟိယဒါရုစီရိယကြီး

လည်း ဘုရားအမည်ခံနေတော့တာပဲ။

ကဿပမြတ်စွာဘုရားသည် အနှစ်နှစ်သောင်းတမ်းမှာ ပွင့်တော်မူပါတယ်။ ဘုန်းကြီးတို့ မြတ်စွာဘုရားက အနှစ်တစ်ရာတမ်းမှာပွင့်၊ သက်တော်ရှစ်ဆယ်မှာ ပရိနိဗ္ဗာန်စံတော်မူပါတယ်။ သည်တော့. . . . ကိုယ်တော်ကိုမှီပြီးတော့ သံသရာအတွင်းမှ ကျွတ်ထိုက်တဲ့သတ္တဝါတွေက မြောက်မြားစွာကျန်ရစ်လေတော့ နေ့မအားညမနား တရားဟောပြီးတော့ သတ္တဝါတွေကိုချွတ်ပါရဲ့။ ဒါပေမဲ့လို့ ကိုယ်တော်က သက်တမ်းတိုသည့်၊ ဘုရားဖြစ်သည့်အားလျော်စွာ ကုန်အောင်က ခေါ်မသွားနိုင်ဘူး။ ဒါကြောင့်. . . ကြည့်ကြစမ်း။ သာသနာတော်မှာ သံဃာဆိုတာ တကယ်ကြည်ညိုထိုက်ပါလား။ ဂေါတမဗုဒ္ဓ မြတ်စွာဘုရား ထားတော်မူခဲ့တဲ့ သုတ်၊ ဝိနည်း၊ အဘိဓမ္မာလို့ခေါ်တဲ့ ပိဋကတ်သုံးပုံ၊ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်၊ အင်္ဂါအားဖြင့် ကိုးတန် ဗုဒ္ဓရဲ့ အဆုံးအမတရားတော်တွေ မကွယ်မပျောက်ရအောင် သံဃာတော် အရှင်သူမြတ်တွေက ချပို့ကြည့်၊ ရှုကျက်၊ အံ၊ ကြံ၊ ကြည့်၊ သာသနာတော်ကြီး မကွယ်မပျောက်ရအောင်၊ ကိုယ်တော်မြတ်တွေက စောင့်ရှောက်ထားတယ်။

သံဃာ့ကျေးဇူးနော်. . . ယခုဆို သံဃာတော်အရှင်မြတ်တွေ စောင့်ရှောက် ထိန်းသိမ်းလာခဲ့တာ သာသနာတော်(၂၅၄၂)နှစ်ရှိပေါ့၊ သံဃာ့ကျေးဇူး ဒါသိအောင်လို့။

## ကပ်ကြီးသုံးပါး ကျော်လွှားနိုင်စေ

ကဿပမြတ်စွာဘုရားသခင် သာသနာတော်နောက်ပိုင်းမှာ ရဟန်း၊ ရှင်၊ လူများ သီလစောင့်ထိမ်းမှု အားနည်းလာကြတယ်။ ဒါသံဝေဂယူကြပြီး အဲသည်အဖြစ်ထဲ တို့မပါမူ၍ သတ္တန္တရကပ်လို့ခေါ်တဲ့ လက်နက်ဘေးကလည်း

ရှင်မတောင် စာပေ

ကင်းလွတ်ကြပါရစေ။ ရောဂန္တရကပ်ဆိုတဲ့ အနာရောဂါဘေးကလည်း ကင်းပါရစေ။ ဒုဗ္ဘိက္ခန္တရကပ်လို့ခေါ်တဲ့ ငတ်မွတ်ခေါင်းပါး အစာရှားတဲ့ ဘေး ဥပါဒ်ကြီးကလည်း ကင်းဝေးပါရစေလို့ အားလုံးသော ဒကာ၊ ဒကာမအပေါင်း သူတော်ကောင်းတို့ မိမိတို့ပူဇော်လာခဲ့တဲ့ ၁၄ ကြိမ်မြောက် ဤပဌာန်း ဒေသနာတော် ပူဇော်ပွဲမှာ ကိုယ်ပြုတဲ့ဒါန၊ သီလ၊ ဘာဝနာကိုမှီပြီး အဲသည် ကပ်ကြီးသုံးပါးမှလွတ်၍ သာသနာတော်ကို စောင့်ရှောက်နိုင်ကြပြီး သံသရာ ဝဋ်ဒုက္ခမှ လွတ်မြောက်ရာဖြစ်သော မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် နိဗ္ဗာန်ကိုရနိုင်တဲ့ အကြောင်းကုသိုလ် ဖြစ်ပါရစေဘုရား။ ဒီလိုဆုတောင်းရမှာ စိတ်ဓာတ်ကို လည်းပဲ အဲသည်လို ကြီးကြီးထားရမှာ။ ဆန္ဒာဓိပတိ တကယ်လိုလားတဲ့စိတ်၊ ဆန္ဒနဲ့ ဝီရိယာဓိပတိ, တကယ်ကိုအားထုတ်တဲ့ လုံလဝီရိယနဲ့၊ စိတ္တာဓိပတိ, စိတ်ဓာတ်ကလည်းပဲ ခိုင်မြဲစွာနှင့် ဝီမံသာဓိပတိ, အသိအလိမ္မာ ဉာဏ်ပညာ နှင့် အဲသည်လို ဆုတောင်းကြရမှာ။

## အသက်ကိုမခင် တောရပ်ကိုဝင်

ဒကာကြီးတို့ သတိပြုပါ။ ကဿပမြတ်စွာဘုရား သာသနာတော် နောက်ပိုင်းမှာ ရဟန်းတော်ခုနစ်ပါး တိုင်ပင်ကြတယ်။ ငါ့ရှင့်တို့ တောင်ပေါ် သွားကြမယ်။ မြင်သာအောင်ပြောရရင် ပုပ္ပားတောင်ကလပ်ကြီးလို အသက် ကိုစွန့်ပြီးတော့ တရားအားထုတ်နိုင်တဲ့ အရှင်မြတ်တွေ တို့နောက်လိုက်ခဲ့ကြ၊ ကိုယ့်အသက်ကိုမစွန့်နိုင်တဲ့ ပုဂ္ဂိုလ်နေရစ်ကြ၊ ရဟန်းတော်ခုနစ်ပါး သည်မှာ နေရင်လည်း အသက်ကိုစွန့်ရမှာ။ ဟိုတောင်ပေါ်နေရင်လည်းပဲ အသက် ကိုစွန့်ရမှာ။ ဘာကြောင့်ပါလိမ့်။ အသေဘာဝရထားလို့။

သေမှာအတူတူ ငါ့ရှင်တို့ အသက်ကိုစွန့်ပြီးတော့ တောင်ကလပ် ပေါ်ကိုတက်ကာ တရားအားထုတ်ကြပါစို့။ ကိုယ်တော်မြတ် ခုနှစ်ပါးလုံး

ရှင်မတောင်စာပေ

တောင်ထိပ်ပေါ်ရောက်ရော လှေကားကို ဖြုတ်ချလိုက်ကြတယ်။ ဘယ်လိုမှ ဆင်းလို့မရတော့ဘူး။ ငါ့ရှင်တို့ သေဖို့ရလာတဲ့ဘဝကို အသေခံပြီးတော့ ဗုဒ္ဓရဲ့ အဆုံးအမတရားတော်ကို ဆင်ခြင်ကြပါစို့။

စက္ခုံ ဖနိစ္စတောဒုက္ခတော အနတ္တတော ဝိပဿတိ။ သောတံ

ဃာနံ ဇိဝှံ ကာယံ ရူပေ သဒ္ဒေ ဂန္ဓေ ရသေ ဖောဋ္ဌဗ္ဗေ ဝတ္ထုံ။

ရုပ်တရားနာမ်တရား ဤသဘာဝတရားတို့သည် မမြဲတဲ့တရား၊ ဆင်းရဲတဲ့တရား၊ အစိုးမရတဲ့တရားသာဖြစ်တယ်။ ဒါကြောင့် ငါနဲ့ငါသာ နှိုင်းစရာမရှိဘူးဆိုပြီး မာနတရားတွေ မထားကြမူ၍ မိမိတို့သန္တာန်မှာ မိစ္ဆာဒိဋ္ဌိဉာဏ်ကိုပယ်ပြီးတော့ သမ္မာဒိဋ္ဌိအသိဉာဏ်နဲ့ တပည့်တော်တို့ အား ထုတ်ကြပါစို့ဘုရား။

## ဘဝနဲ့ရင်းပြီး ဓမ္မကိုရှာဖွေပါ

ကဿပမြတ်စွာဘုရား သာသနာနောက်ပိုင်းမှာ ဒီလို အားထုတ် လိုက်တဲ့အခါကျတော့ သုံးရက်မြောက်နေ့မှာ အရှင်မြတ်တစ်ပါး အာသဝေါ ကုန်ခန်းရဟန္တာဖြစ်၊ အဘိညာဉ်ခြောက်ပါးလည်းရရော တောင်ပေါ်ကနေ မြောက်ကျွန်းဆွမ်းခံကြွ ဒန်ပူ၊ ရေချမ်းတို့ကို ကျန်သံဃာတော်ခြောက်ပါး တို့အား ဆက်ကပ်လှူဒါန်းတော့ အရှင်မြတ်များကလေ. . . အရှင်ဘုရား ဆွမ်းစသည် အလှူခံလာတာ ကောင်းပါသည်ဘုရား။ တပည့်တော်တို့ကို လှူဒါန်းတာလည်း ကောင်းပါသည်ဘုရား။ ဒါပေမဲ့လို့ တောင်ပေါ်တက်စက စည်းဝေးညီမူတဲ့ အခါတစ်ပါး အလှူခံလာတဲ့ဆွမ်းကို ဝေမျှဘုဉ်းပေးရမယ် လို့ ကတိကဝတ်မပါ။ အသေခံမယ် ကိုယ်တော်တဲ့။ တပည့်တော်တို့ ဆွမ်း စသည် သုံးဆောင်မှုမပြုတော့ဘူး ဘုရားလို့ ကျန်တဲ့အရှင်မြတ်ခြောက်ပါးက လျှောက်တယ်။ "ရူပေ အနိစ္စတောဒုက္ခတောအနတ္တတောဝိပဿတိ" ရူပေ=

သူ့သန္တာန်ကိုယ့်သန္တာန်မှာရှိတဲ့ ဖောက်ပြန်တတ်တဲ့ ရုပ်လို့ခေါ်တဲ့ သဘာဝကို အနိစ္စတောဒုက္ခတောအနတ္တတော = မမြဲတဲ့တရား၊ ဆင်းရဲတဲ့တရား၊ အစိုးမရတဲ့တရားဟူ၍ ဝိပဿတိ=ကိုယ်တော်မြတ်ခြောက်ပါး ဉာဏ်နဲ့ ကြည့်တော်မူကြပါကုန်၏။ ဘုန်းကြီးတို့ ဒကာ၊ ဒကာမအပေါင်း သူတော်ကောင်းတို့လည်း သည်အတိုင်း ဉာဏ်နဲ့မြင်အောင်သိအောင် ကြိုးစားအားထုတ်ကြရမှာ။ အရှင်မြတ်များ တရားအားထုတ်တာ ခုနစ်ရက်မြောက်မှာ အရှင်မြတ်တစ်ပါး အနာဂါမ်ဖြစ်တယ်။ ပထမအရှင်မြတ်ကဲ့သို့ မြောက်ကျွန်းဆွမ်းစသည် အလှူခံကြွပြီး ကျန်အရှင်မြတ်ငါးပါးအား ဆက်ကပ်လှူဒါန်းတော့ တပည့်တော်တို့ တရားမရဘဲနဲ့ ဆွမ်းစသည်ကို ဘုဉ်းပေးသုံးဆောင်မှု မပြုပါဘုရားတဲ့။ တကယ့်အာဇာနည်သူရဲကောင်းတွေပါ။ ဒကာ၊ ဒကာမတို့ ကျန်တဲ့အရှင်မြတ်ငါးပါး အရိယာအဖြစ်သို့လည်း မဆိုက်ရောက်ဘူး။ဆွမ်းလည်းပဲ ဘုဉ်းပေးမသွားရဘူး။ ခန္ဓာကိုယ်အရိုးနဲ့ အကြောကပ်ပြီးတော့ ကိုယ်တော်မြတ်တို့ ပျံလွန်တော်မူကြရှာတယ်။

ဘယ်ရောက်သွားတုံးဆိုတော့ ကိုယ်တော်မြတ်ငါးပါးလုံး သူတို့ပြုနေတဲ့ ကုသိုလ်ကံက သတိပြုစမ်းပါ။ နာနက္ခဏိကာ၊ ကုသလာ စေတနာဝိပါကာနံ၊ ခန္ဓာနံ၊ ကဋတ္တာစရူပါနံ ကမ္မပစ္စယေနပစ္စယော။ နာနက္ခဏိက ကမ္မသတ္တိဖြင့် တာဝတိံသာနတ်ပြည်မှာ နတ်သားများ သွားဖြစ်တယ်။

ဒါကြောင့် . . . တရားအားထုတ်တဲ့အခါ သေလိမ့်မယ်ဆိုရင် မကြောက်ကြပါနှင့်။ သေချင်သေပါစေ။ အပါယ်မလားမှာကတော့ သေချာပါတယ်။ အိမ်မှာနေပြီး အမှတ်တမဲ့သေတာနဲ့ တရားအားထုတ်ပြီးသေသွားတာ ဘယ်ဟာက မြတ်မလဲဆိုတာ အားလုံး ဒကာ၊ ဒကာမတို့စဉ်းစားပါ။ ဘုရားသားတော်၊ သမီးတော်မှန်က ဘုန်းကြီးဖြစ်စေ၊ လူဖြစ်စေ၊ သီလရှင်ဖြစ်စေ ဘုရားတရားတော်က သည်အတိုင်းပါဘဲ။ မျက်နှာလိုက်တယ်လို့ မရှိဘူး။

ဘုန်းကြီးတို့ မြတ်ဗုဒ္ဓပွင့်ထွန်းတော့ တာဝတိံသာနတ်ပြည်မှ နတ်သားများသည် -

၁။ ဇာဟိယဒါရုစိရိယ

၂။ ပက္ကုသာတိဘုရင်

၃။ ဒဗ္ဗမထေရ်

၄။ ကုမာရကဿပမထေရ်

၅။ သုပ္ပိယပရိဗိုဇ် စသည်ဖြစ်လာကြတယ်။

ရဟန္တာအရှင်မြတ်ကတော့ ပရိနိဗ္ဗာန်စံတော်မူပါတယ်။ အနာဂါမ် အရှင်မြတ်ကတော့ သုဒ္ဓါဝါသဘုံမှာ ဗြဟ္မာကြီးဖြစ်နေတယ်။ ဗြဟ္မာကြီးက မိမိရဲ့ တန်ခိုးဣဒ္ဓိပါဒ်နဲ့ ငါနဲ့ တရားအားထုတ်ဖက် သူငယ်ချင်းများ ဘယ်ဘုံ ဘယ်ဘဝရောက်လို့ ဘယ်လိုများ ဖြစ်နေကြပါလိမ့်။ ကြည့်လိုက်တဲ့အခါ တစ်ပါးက ပရိနိဗ္ဗာန်စံ၊ ကျန်ငါးပါးက နတ်ပြည်မှာ၊ လူပြည်မှာ အသီးသီး ဖြစ်တယ်။

စဉ်းစားကြည့်ရအောင်။ သူငယ်ချင်းတစ်ယောက် အယူလွဲပြီး သူ့ကိုယ်သူ ဘုရားလို့ အမည်ခံနေပါလား။ သူငယ်ချင်းကောင်းတို့မည်သည်မှာ မှန်ရာကိုပြောဖို့ ငါ လူ့ပြည်သွားမှဖြစ်မယ်။ ဒါကြောင့် မိတ်ဆွေကောင်းဆိုတာ လောကီမှာလည်းလိုတယ်၊ လောကုတ္တရာမှာလည်းပဲ လိုတယ်။

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်က ညီတော်အာနန္ဒာကို မေးတော်မူတယ်။ ချစ်သားအာနန္ဒာ၊ မိတ်ဆွေကောင်းနှင့်ပေါင်းတာ ဘယ်လောက်များ အကျိုးကြီးသလဲ။ ရှင်အာနန္ဒာက မြတ်စွာဘုရား. . . မိတ်ဆွေကောင်းနှင့်ပေါင်းရတာ မိမိကောင်းကျိုးတစ်ဝက် ပြီးပါတယ်ဘုရား။ ချစ်သားအာနန္ဒာ. . . မိတ်ဆွေကောင်းနှင့်ပေါင်းရတာ မိမိရဲ့ လောကီစီးပွားရေး၊ ကြီးပွားရေးအကျိုးတရားတွေလည်း အကုန်ပေးနိုင်တယ်။ နိဗ္ဗာန်ရမည့်

ဘဝတိုင်အောင် လောကုတ္တရာအကျိုးတရားတွေလည်း ပြီးနိုင်တယ်။ ဒါကြောင့် . . . ချစ်သား မိတ်ဆွေကောင်းနှင့်ပေါင်းသင်းရခြင်းဟာ မိမိရဲ့ လောကီ လောကုတ္တရာ အကျိုးအားလုံးပြီးတယ်လို့ မှတ်ကွယ်။ ဟုတ်တာပေါ့။ အခု ကြည့်စမ်းပါ့၊ သုဒ္ဓါဝါသပြဟ္မာကြီးက သုပ္ပါရက သဘော်ဆိပ် ဗာဟိယဒါရုစီရိ ယထံလာပြီး "သူငယ်ချင်း မင်း ငါ့မှတ်မိလား" ဟာ. . . ခင်ဗျား ဘယ်သူလဲ။

ဟို. . . တောင်တစ်ခုပေါ်မှာ ကဿပမြတ်စွာဘုရား သာသနာတော် နောက်ပိုင်း တောင်ပေါ်မှာ တရားအားထုတ်ကြတယ် သူငယ်ချင်း။ ယခု တော့. . . ငါ အနာဂါမ်အရိယာဘဝနဲ့ သုဒ္ဓါဝါသပြဟ္မာ့ဘုံမှာ ဖြစ်နေတယ်။ သူငယ်ချင်းအယူမှားပြီး ဘုရားမဟုတ်ဘဲနဲ့ ဘုရားလို့ဝန်ခံပြီး နေတဲ့အတွက် ကြောင့် ငါလာတာပါ သူငယ်ချင်း။ ဘုရားအစစ်ဘုရားအမှန် လောကမှာ ပေါ်ထွန်းနေပါတယ်။ ဒီကနေပြီးတော့ ယူဇနာ ၁၂၀ ဝေးတဲ့အရပ်မှာ သာဝတ္ထိမြို့ဆိုတာ ရှိတယ်။ သာဝတ္ထိမြို့၊ ဇေတဝန်ရွှေကျောင်းတော်မှာ မြတ်စွာဘုရား သီတင်းသုံးနေပါတယ်။ သူငယ်ချင်း သွားရောက် ဖူးမြော်ပါလို့ တိုက်တွန်းပါတယ်။ အဲသည်တော့ ဘုန်းကြီးတို့ စဉ်းစားကြည့်ရအောင်။ ဗာဟိယဒါရုစီရိယကြီးဟာ ဘုရားမဟုတ်ပါဘဲနဲ့ ဘုရားလို့ဝန်ခံပြီးတော့ သူ့ကိုကြည်ညိုတဲ့ ဒကာ၊ ဒကာမတွေလှူတဲ့ ဆွမ်းကျွတော့စားတယ်၊ သင်္ကန်း အစရှိတဲ့ ပစ္စည်းကျတော့ ခေါင်းပါးအောင်ကျင့်တဲ့ ကိုယ်တော်ထင်အောင်လို့ အလှူမခံ။ သုဒ္ဓါဝါသပြဟ္မာကြီးနှင့်တွေ့ပြီး မိမိကိုယ်ကို မှားမှန်းသိတယ်။ သဘော်ဆိပ်ကနေခွာပြီးတော့ ယူဇနာ ၁၂၀ ဝေးတဲ့ မြတ်စွာဘုရားရှိတဲ့ နေရာ တရားနာရအောင် ဘယ်လောက်များ လိုချင်တယ်ဆိုတာကြည့်။ ဒီလို. . . လိုချင်တာကလည်း ဘာကြောင့်လဲဆိုတော့။

"ပကတူပနိဿယသတ္တိ" ဘဝအဆက်ဆက် သူအားထုတ်ခဲ့တဲ့ တရားတွေ၊ ဒါန၊ သီလ၊ ပါရမီတွေ၊ အဲသည်ပါရမီတွေက နှိုးဆော်တဲ့အခါကျ

တော့ ဆင်းရဲလို့ဆင်းရဲမှန်း မသိဘူးနော်။ ယူဇနာ ၁၂၀ ဝေးတဲ့ခရီးကို ခြေလျင်နဲ့ မနားမနေသွားလိုက်တာ နောက်တစ်နေ့ နံနက် ဇေတဝန်ကျောင်း ရောက်တယ်။ အရှင်ဘုရားတို့ ဂေါတမဗုဒ္ဓ ဘယ်မှာလဲဘုရား။ ဘယ်မှာ သီတင်းသုံးလဲဘုရားလို့ မေးလျှောက်တယ်။ အရှင်မြတ်တွေက သာဝတ္ထိမြို့ထဲ ဆွမ်းခံကြွသည့်အကြောင်း ပြောပြတယ်။ မြို့ထဲအတင်းပြေး၊ ဘုရားနှင့်တွေ့ ရှိခိုးပြီး မြတ်စွာဘုရား. . . တပည့်မိုက် "ဒါရုစီရိယ"ကြီးပါဘုရား။ အရှင် ဘုရားကို ဖူးမျှော်ရအောင်လို့ တပည့်တော် ယူဇနာ ၁၂၀ ဝေးတဲ့ခရီးက လာခဲ့ရတယ်ဘုရား။ တပည့်တော်ကို တရားဟောပေးပါဘုရား။

ဘုရားသိသားပဲ။ အခုနေဟောလိုက်ရင် ခရီးပန်းလာတာပဲ သူ့မှာ သမာဓိမရှိဘူး။ သမာဓိမရှိရင် ဘယ်လိုနည်းနဲ့မှ နှစ်သက်မှုပီတိမဖြစ်နိုင်။ ပီတိမဖြစ်ရင် ပဿဒ္ဓိလို့ခေါ်တဲ့ စိတ်ရောကိုယ်ရော မငြိမ်းချမ်းနိုင်။ စိတ်ရော ကိုယ်ရောမငြိမ်းချမ်းရင် စိတ်လည်း ချမ်းသာမှာမဟုတ်ဘူး၊ ကိုယ်လည်း ကျန်းမာမှာ မဟုတ်ဘူး။ သုခမဖြစ်နိုင်။ သုခမဖြစ်ရင် ဘယ်လိုနည်းနဲ့မှ သမာဓိစိတ် မငြိမ်သက်နိုင်။ စိတ်မငြိမ်သက်ရင် ပညာမဖြစ်နိုင်. ရုပ်ဓမ္မ၊ နာမ်ဓမ္မကို သူမမြင်နိုင်။ ဒါကြောင့် ဘုရားက ချစ်သား ဒါရုစီရိယ ငါဘုရား ဆွမ်းခံကြွနေတုန်းပါကွာတဲ့။ ဒီတော့. . . ဒါရုစီရိယကြီးက တရားဟောဖို့ သုံးကြိမ်လောက်လျှောက်ထားတော့ မြတ်စွာဘုရားက။

## မမြင်ရရာကိလေသာ သူ့အလိုလိုငြိမ်း

ချစ်သား ဒါရုစီရိယ၊ မြင်ရင်မြင်တဲ့နေရာမှာရပ်၊ ကြားရင်ကြားတဲ့ နေရာမှာရပ်၊ နံရင်နံတဲ့နေရာမှာရပ်၊ စားရင်စားတဲ့နေရာမှာရပ်၊ ထိရင်ထိ တဲ့နေရာမှာရပ်၊ ကြံတွေးပြီးသိရင် သိတဲ့နေရာမှာရပ် အဲဒါ တရားပဲ။ မြင်ရင် မြင်တဲ့နေရာ ရပ်ထားလိုက်တော့ လောဘကိလေသာ၊ ဒေါသကိလေသာ၊

မောဟကိလေသာ မလာတော့ဘူး။ လောဘ၊ ဒေါသ မလာရင် ကိလေသာ ငြိမ်းတာပဲ။ ဒါကြောင့် မြတ်စွာဘုရားက တဏှာနိရောဓောနိဗ္ဗာန်လို့ ဟော ကြားခဲ့တာပေါ့။ မြင်သိ၊ ကြားသိ၊ နံသိ၊ စားသိ၊ ထိသိ၊ ကြံတွေးသိ အဲဒီ သိတဲ့ နေရာမှာရပ်ပါ။ ဒီလိုသိပြီး တရားရသွားတာ ဘုန်းကြီးတို့ဘုရား သာသနာတော်မှာ“မာလုကျပုတ္တ”လုလင်ရယ်၊ “ဗာဟိယဒါရုစီရိယ” ရယ် နှစ်ဦးပဲရှိတယ်။ ဘုန်းကြီးတို့ ဒကာကြီးတို့ကျတော့ မြင်ရင်မြင်တာနဲ့ မရပ်မှု၍ ဘာလုပ်ရတုန်း။

ရူပေ အနိစ္စတောဒုက္ခတော အနတ္တတော ဝိပဿတိ။

ရူပေ=တပည့်တော်မြင်တဲ့အဆင်းကို၊ အနိစ္စတောဒုက္ခတော အနတ္တ တော=မမြဲတဲ့တရား၊ ဆင်းရဲတဲ့တရား၊ အစိုးမရတဲ့တရားဟူ၍ ဝိပဿတိ ခင်ဗျားတို့၊ ကျုပ်တို့ကျတော့ လက္ခဏာရေးသုံးပါးနဲ့ တင်ရတယ်။မြတ်စွာ ဘုရားသခင် ကိုယ်တော်မြတ်က ဒိဋ္ဌေဒိဋ္ဌမတ္တံ= မြင်ရင်လည်း မြင်တဲ့နေ ရာမှာရပ်၊ သုတေသုတမတ္တံ= ကြားရင်လည်း ကြားတဲ့နေရာမှာရပ် သည်လို ဟောကြားတော်မူလိုက်တဲ့အခါ “ဗာဟိယဒါရုစီရိယ”သည် အာသဝေါကုန် ခန်း၍ ရဟန္တာဖြစ်သွားပါသည်။

မြတ်စွာဘုရား. . . တပည့်တော် ရဟန်းပြုပါရစေဘုရား။ ဘိက္ခု= ချစ်သား ဧဟိ=လာလော့၊ ဒုက္ခဿ=ဝဋ်ဆင်းရဲ၏၊ အန္တကိရိယာယ=အဆုံးကို ပြုခြင်းငှာ ဗြဟ္မစရိယံ=မြတ်သောအကျင့်ကို စရ-စရာဟိ= ချစ်သား ငါ့ထံ လာပြီးကျင့်ပါလော့ဟု ခေါ်လိုပါသော်လည်း ပရိက္ခရာလှူခဲ့တဲ့ကံက သူမှာ မရှိရှာ။

## ဆုတောင်းမမှားပါစေနှင့်

ဒကာ၊ ဒကာမများ ပရိက္ခရာရှစ်ပါး သံဃာတော်များကို

စာရေးတံမဲ ချပြီးတော့ လှူဒါန်းကြမယ်။ လှူတဲ့နေရာတင် ရပ်မနေကြပါနှင့်။ တပည့်တော်တို့ သံသရာဝဋ်ဆင်းရဲက မလွတ်ကင်းနိုင်သေးရင်လည်း တစ်ဆူဆူသော ဘုရားရှင်လက်ထက်မှာ ဗဟိဘိက္ခုအခေါ် ခံပြီး အာသဝေါကုန်ခန်းတဲ့ ရဟန္တာ အမျိုးကောင်းသား ဖြစ်ပါရစေဘုရားလို့. . . ဆုတောင်းပြီး လှူကြပါ သူတော်ကောင်းတို့. . .။

ပရိက္ခရာရှစ်ပါး မလှူဖူးတဲ့ပုဂ္ဂိုလ် ဗဟိဘိက္ခုခေါ်လို့ မရဘူး။ ဒါသတိပြုစရာ၊ သတိထားစရာ ဗာဟိယဒါရုစီရိယကြီးက ရဟန်းပြုပါရစေလို့ လျှောက်ထားတော့ ချစ်သား. . . ပရိက္ခရာရှစ်ပါး ရှာခဲ့လော့။ သာဝတ္ထိ တစ်မြို့လုံးလည်ပြီး အလှူခံတာမရဘူး။ ရမလားလို့ မြို့ပြင်ထွက်သွားတယ်။

## ရဟန္တာတို့သော်မှ ဝဋ်ကြွေးမလွတ်နိုင်

ဟို. . . တစ်ခုသော ဘဝတုန်းက "ဒကာ၊ ဒကာမတို့ တစ်ဦးနှင့်တစ်ဦး မေတ္တာမပွား အငြိုးထားတဲ့ အာဃာတတရားဆိုတာ အလွန်ကြောက်စရာ ကောင်းပါတယ်။ ဘယ်သူမပယ်နိုင်၊ မပယ်နိုင် ကိုယ်ထိန်းနိုင်အောင်၊ ကိုယ်ပယ်နိုင်အောင် ဗုဒ္ဓဆုံးမတော်မူတဲ့အတိုင်း တရားမပျက်စေမူ၍ နေထိုင်ကြပါ သူတော်ကောင်းတို့။"

ကြည့်ကြစမ်းပါ. . . . ဒါရုစီရိယနဲ့ တစ်ခုသောဘဝတုန်းက ရန်သူဖြစ်ခဲ့ဖူးတဲ့ ပုဂ္ဂိုလ်က မြို့ပြင်သစ်ပင်ကြီးမှာ ဘီလူးလာဖြစ်နေတယ်။ ငါ့ရန်ဘက်ပါလားဆိုပြီးတော့ အဲသည် အာဃာတရန်ငြိုးနဲ့ နွားမယောင်ဆောင်ပြီး ဝှေ့လိုက်တယ်ဆိုရင်ပဲ အသက်ဇီဝိန် ကြွေလောက်တဲ့ ဒုက္ခဒေနာ ခံစားရရှာတယ်။ မကြာခင်မှာပင် အမှိုက်ပုံနားမှာ ဗာဟိယ ဒါရု စီရိယ ပျံလွန်တော်မူပါတယ်။ ရဟန်း မဝတ်ရသေးဘူး။ ရဟန်းတော်တွေ ဆွမ်းခံပြန်ကြွလာတော့ စောစောက ဘုရားထံ တရားတောင်းတဲ့ပုဂ္ဂိုလ်ကြီး အမှိုက်

ပုံနားမှာ သေဆုံးနေတာတွေ့တော့-

ကျောင်းတော်ရောက် ဘုရားလျှောက်တယ်။ မြတ်စွာဘုရားက ချစ်သားတို့ အဲသည်ပုဂ္ဂိုလ်သည် ပုထုဇဉ်မဟုတ်၊ ရဟန္တာသူတော်ကောင်း ကြီးကွယ်တို့. . . ဥတုဇရုပ်ကလပ်ကို မီးသင်္ဂြိုဟ်၊ ဓာတ်တော်များကို သာဝတ္ထိ မြို့ အပြင်ဘက် စေတီတည်ကြ ချစ်သားတို့။ မြတ်စွာဘုရား၊ ဒါရုစီရိယ၊ ဘယ်လိုတရားအားထုတ်လို့ ဘယ်လိုရဟန္တာဖြစ်တာလည်း ဘုရား။ ငါဘုရား ဆွမ်းအလှူခံကြွတုန်းမှာ တရားဟောတယ်။ အဲသည်အချိန်မှာ ရဟန္တာဖြစ် တော်မူတယ်။ မီးသင်္ဂြိုဟ် ဓာတ်တော်တွေကောက်ပြီး သာဝတ္ထိ မြို့ပြင်ဘက် မှာပင်လျှင်“ဗာဟိယဒါရုစီရိယ”စေတီတည်ထားခဲ့ပါသည်။

## အကြောင်းကောင်းမှအကျိုးရ
## ဆုတောင်းကြစေချင်

ဘုန်းကြီးပြောချင်တာက ၁၄ နှစ် ၁၄ ကြိမ်မြောက် ပဌာန်းပူဇော်ပွဲ ကြီးမှာ မိမိသက်န်းအလှူကိုမှီပြီး ဧဟိ ဘိက္ခုရဟန်း ဖြစ်ပါရစေဘုရားလို့ ဆုတောင်းစေချင်တာ။ ဒါနကောင်းမှု မိမိတို့ဆောက်တည်တဲ့ သီလကောင်းမှု၊ ပွားများအားထုတ်ကြတဲ့ ဘာဝနာကိုမှီပြီး မေ့မေ့လျော့လျော့၊ ပေါ့ပေါ့တန် တန် မဖြစ်ကြမူ၍ သတိပြုစမ်းပါ. . . ထို သဘာဝတရားတို့အပေါ်မှာ ဆန္ဒာ ဓိပတိ၊ စိတ္တာဓိပတိ၊ ဝီရိယာဓိပတိ၊ ဝီမံသာဓိပတိ စသည်အားကြီးစွာနဲ့ ပြုလုပ်ဆောင်ရွက် လှူဒါန်းပူဇော်ကြပါ သူတော်ကောင်းတို့။

အရှင်မြတ်တွေဟာ သေလျှင်သေပါစေ၊ မလျှော့ဘူးဆိုတဲ့ အဓိပတိ အားတွေနဲ့ တရားအားထုတ်လိုက်တာ အပါယ်တံခါးလည်းပိတ်တယ်။ အသီး အသီး ရဟန္တာလည်း ဖြစ်ကုန်ကြတယ်။ဒါ့ကြောင့် အားလုံးသော သူတော် ကောင်းတို့လည်းပဲ သံသရာဝဋ်ဒုက္ခမှ လွတ်ကင်းရာဖြစ်တဲ့ မြတ်နိဗ္ဗာန်

ချမ်းသာကိုရအောင်။

ဆန္ဒာဓိပတိ ဆန္ဒသမ္ပယုတ္တကာနံ ဓမ္မာနံ အဓိပတိပစ္စယေနပစ္စယော လို့ မြတ်စွာဘုရားဟောကြားတော်မူသည့် ပဌာန်းဒေသနာတော် အားလျော်စွာ ကိုယ်စီကိုယ်င အသိဉာဏ်ယှဉ်ကြလျက် ပွားများအားထုတ် သံဝေဂယူကြနိုင်ရန်၊ မြင်ရင်မြင်တဲ့ အဆင်းကို

ရူပေအနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ။

အဲသည်မြင်တဲ့အဆင်းကို အနိစ္စ ဒုက္ခ အနတ္တလို့ ရှုမြင်ရမယ်။

သဒ္ဒေ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ။

ဂန္ဓေ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ။ အသံ၊ အနံ့ စသည်တွေကိုလည်းပဲ မမြဲဘူး ဆင်းရဲတယ်။ အစိုးမရဘူးလို့ အဲဒီလို ရှုမြင်ရမယ်။

## သေဘေးမကြောက်သူမရှိ

ဒါကြောင့် . . . မြတ်ဗုဒ္ဓက "မရဏဘယံ အဘာယာနက သတ္တော နာမနတ္ထိ"လို့ ဟောတော်မူခဲ့တာပေါ့။ အားလုံးသောသူတော်ကောင်းတို့ ဘုရားရဟန္တာများမှတစ်ပါး သေဘေးမကြောက်သူ ဘယ်မှာ ရှာရနိုင်ပါ့မလဲ သတိပြုစမ်းပါ။ အသောကမင်းကြီးလက်ထက်က အသောကမင်းကြီးမှာ ညီတော် တိဿဆိုတဲ့ ညီတော်တစ်ယောက်ရှိတယ်။ အသောကမင်းကြီးက တစ်နေ့လျှင် ဆွမ်းအုပ်ခြောက်သောင်း ၆၀၀၀၀ လှူတာ မဟာဝိဟာရ ကျောင်းတိုက်မှာ သီတင်းသုံးနေတဲ့ သံဃာတော်အရှင်မြတ်တွေ ဆွမ်းတွေ သိပ်ပြည့်စုံတာ။

ညီတော် တိဿဟာ တစ်နေ့ တောလည်သွားရင်းနဲ့ ကျောင်းနားက ဖြတ်သွားတာ ကျောင်းထဲမှာ ဘာသံမှမကြားဘူး။ သူက ဘာစဉ်းစားမိတုန်း

ဆိုတော့ နောင်တော်လှူတဲ့ဆွမ်းတွေကို ဘုဉ်းပေးပြီး ကိုယ်တော်တွေ သင်္ကန်းခြုံ အိပ်နေတာပဲရှိမယ်။ ဘာသံမှမကြားရဘူး။ ဒါ အသွားတုန်းက စဉ်းစားတာ။ တောထဲမှာ သမင်လေးတွေဟာ မြေဇာမြက်နုလေးတွေ စားပြီး တော့ ပျော်ကာ၊ မြူးကာပျော်မြူးကာနဲ့ ခုန်ပေါက်ပြေးလွှားနေတာကို မြင်ပြန် တော့ နောင်တော်ကိုးကွယ်တဲ့ ရဟန်းတွေလည်း ကောင်းတာတွေဘုဉ်းပေးပြီး ကျောင်းတိုက်ထဲမှာ ပြေးလွှားခုန်ပေါက် ကစားနေမှာပဲလို့ ညီတော်တိဿ စဉ်းစားနေတာ။ နန်းတော်ရောက်တော့ နောင်တော်ကြီးကို အဲသည် အကြောင်း လျှောက်တင်တယ်။ ဟိုက. . . သာသနာတော်ကို ကြည်ညိုတဲ့ ဒကာဆိုတော့ဟဲ့. . . ညီတော်တိဿ မင်းကို ဒီနေ့ကစပြီး ခုနစ်ရက် ဘုရင့် စည်းစိမ် ငါပေးမယ်။ 'နောင်တော်ကြီး ရာဇပလ္လင်ပေါ်က ဆင်းပေးမယ်။ မင်း ဘုရင်လုပ်တော့ ခုနစ်ရက်စေ့လျှင် မင်းကို သေဒဏ်ပေးမယ်။ ညီတော် တိဿ ပလ္လင်ပေါ်ထိုင်နေရသော်လည်း တစ်နေ့မှ စိတ်မအေးဘူး။ မင်းစည်း စိမ် မခံစားနိုင်ဘူး။ ခုနစ်ရက်စေ့တော့ နောင်တော် အသောကမင်းကြား ကြီးက ဘယ့်နှယ့်လဲညီတော် ဘုရင်စည်းစိမ် ကောင်းရဲ့လားဆိုတော့ အမှန် အတိုင်းလျှောက်ရရင်ဘုရား ခုနစ်ရက်စေ့လျှင် သေရမည့် ဘေးကိုသိနေတဲ့ အတွက်ကြောင့် တစ်ရက်မှ မပျော်ပါဘုရား။ နောင်တော်ပေးတဲ့ ဘုရင် စည်းစိမ် မခံစားနိုင်ပါဘုရား။

အေး. . . ငါကိုးကွယ်ဆည်းကပ်တဲ့ သံဃာတော် အရှင်သူမြတ် တွေလည်း အဲသည်လိုပဲကွယ့်။ နောင်တော်လှူတဲ့ ဆွမ်းအုပ်ခြောက်သောင်း ၆၀၀၀၀ ကို ဘုဉ်းပေးပြီး။

တစ်နေ့နေ့မှာ ငါတို့ဟာ မုန်စွာ အိုရမှာ။
တစ်နေ့နေ့မှာ ငါတို့ဟာ မုန်စွာ နာရမှာ။
တစ်နေ့နေ့မှာ ငါတို့ဟာ မုန်စွာ သေရမှာ။

မအိုမှီက၊ မနာမီက၊ မသေမီက မြတ်ဗုဒ္ဓအဆုံးအမ လိုက်နာပွားများ ဆင်ခြင်လို့ အဲသည်လို မရဏာနုဿတိကမ္မဋ္ဌာန်း စီးဖြန်းပြီး တရားတော်နဲ့ နေထိုင် သီတင်းသုံးနေကြပါတယ်။ ညီတော် သည်လိုနောင်တော်ရှင်းပြတော့ "နောင်တော်ဘုရား ညီတော် သာသနာ့ဘောင်ဝင်ပြီး ရဟန်းပြုပါရစေဘုရား။

ဒကာ၊ ဒကာမအပေါင်း သူတော်ကောင်းတို့. . . ဤ အာရမ္မဏပုရေဇာတပစ္စည်းကိုမှီပြီး သုတ္တန်ဒေသနာတော်နည်းအားဖြင့် "ဗာဟိယဒါရုစီရိယ" ဇာတ်လမ်းကို ကိုယ့်ရဲ့ဉာဏ်ထဲမှာ မှတ်တမ်းတင်နိုင်အောင် ဘုန်းကြီး ဟောပြောခဲ့ပါပြီ။ ၁၄ ကြိမ်မြောက် ဤပဋ္ဌာန်းဒေသနာတော် ပူဇော်ပွဲကိုမှီပြီး တပည့်တော်တို့လည်း ဆွမ်းသက်န်းတိုဖြင့် လှူဒါန်းကာ သံသရာဝဋ်ဒုက္ခမှ လွတ်ကင်းရာအမှန် မြတ်နိဗ္ဗာန်ကို ကိုယ်စီကိုယ်ငဆိုက်ရောက်နိုင်ပါရစေဘုရားလို့ အဓိပတိအားကြီးစွာနဲ့ ဆုတောင်းကြပါကုန် သူတော်ကောင်းတို့။

သာဓဝေါ = ဗုဒ္ဓမြတ်စွာ၏ ပဋ္ဌာန်းဒေသနာတော်ကို ပူဇော်ကြကုန်သော ရပ်ဝေးရပ်နီးအသီးသီးမှ လူရောနတ်ပါ အားလုံးသောသူတော်ကောင်းတို့ တုမှေ = သင်သူတော်ကောင်းတို့သည် ဒါရုစီရိယထေရောဝိယ = အရှင်ဒါရုစီရိယ မထေရ်မြတ်ကဲ့သို့ ဒိဋ္ဌေဒိဋ္ဌမတ္တံသုတေန သုတမတ္တံမုတေ မုတမတ္တံရုပ်၊ နာမ်ဓမ္မသင်္ခါရတရားတို့အပေါ်၌ မြင်ကာမျှ မတ္တဥပင်လျှင် အနာသဝ = အပါယ်လားကြောင်း အာသဝေါတရားလေးပါးအပေါင်းတို့ ကုန်ခမ်းကြကုန်သည်ဖြစ်၍ စတုသစ္စံ=သစ္စာလေးပါးအမှန်တရားကို ဇာနိတွာ=ကိုယ်စီကိုယ်င သိနိုင်ကြလျက် သန္တိသုခံ=အေးငြိမ်းရာ မှန်မြတ်နိဗ္ဗာန်သို့ ပါပုဏန္တု= ဆရာဒကာ ညီညာဖြိုဖြို ဆိုက်ရောက်နိုင်ကြပါစေကုန်သတည်း။

(သာဓု သာဓု သာဓု)

14-2-2009.

ရှင်မတောင်စာပေ

ရှင်မတောင်စာပေတိုက်မှထုတ်ဝေဖြန့်ချိပြီး

# ရှင်မတောင်စာပေတိုက်တွင် မှာကြားနိုင်သည့် စာအုပ်စာရင်း

ဒေါက်တာလှဲလှဲဝင်း (M.B.,B.S (Ygn) D(Obst), RCOG (Lond.)

၁။ မိန်းမမီးနေနှင့် ဆေးလောကအတွေ့အကြုံများ
၂။ မူမမှန်သွေးဆင်းလျှင်နှင့် ဆေးလောကအတွေ့အကြုံများ
၃။ သိပ္ပံနည်းကျ အဖြေရှာနှင့် ဆေးလောကအတွေ့အကြုံများ
၄။ ထူးထူးခြားခြား မွေးလူနာများနှင့် ဆေးလောကအတွေ့အကြုံများ
၅။ အမျိုးသမီးနှင့် HIV နှင့် ဆေးလောကအတွေ့အကြုံများ
၆။ အရိုးကျိုးသည်အထိ မစောင့်ပါနှင့်
၇။ နားကြပ်သည်သာ လည်ဆွဲတန်ဆာ
၈။ ကိုယ်ဝန်ဆောင်မှ အထူးပြု ဘေးကင်းစေမှု တို့ရှေးရှု

ဒေါက်တာအေးကျော် (ဇီဝကမ္မဗေဒ)

၉။ ခန္ဓာကိုယ်နှင့် ကျန်းမာရေး
၁၀။ အာဟာရနှင့်ဆိုင်သော ကျန်းမာရေး
၁၁။ သန္ဓေတည်ခြင်း၊ သန္ဓေတားခြင်း၊ သန္ဓေရစေခြင်းနှင့် ကိုယ်ဝန်ဆောင်မိ
၁၂။ သားဦး၊ သမီးဦးတို့ အသက်ရှည်ကြ
၁၃။ မီးမီးနဲ့သားသား အရပ်ရှည်ချင်သ
၁၄။ ဝေဒနာမှ အဖြေရှာခြင်း
၁၅။ ကျန်းမာရေး ဗဟုသုတဒိုင်ယာရီ
၁၆။ ဆေးပညာ ဗဟုသုတဒိုင်ယာရီ
၁၇။ A Dictionary of Medical Terms
၁၈။ ဖေဖေ မေမေ မာပါစေ။
၁၉။ နှစ်သိမ့်ဆွေးနွေးပညာပေးခြင်း
၂၀။ အမျိုးသားတို့သိသင့်သော အမျိုးသားတို့အကြောင်း
အမျိုးသားတို့သိသင့်သော အမျိုးသမီးတို့အကြောင်း

အမှတ်
ရက်စွဲ

ဒေါက်တာမြင့်သန်း (ညောင်လေးပင်)
၂၁။ ကူးစက်ရောဂါ သတိပြုပါ
၂၂။ လူငယ်နှင့်ကျန်းမာရေး
၂၃။ မျောက်အရှုံးပေးရသော ကလေးများ
၂၄။ ပုရိသတို့ ကျန်းမာရေး
၂၅။ ၆၀ အသက် ကျော်ကာတက်(လူကြီးကျန်းမာရေးဆိုင်ရာ ဆောင်းပါးများ)
၂၆။ ယောက်ျားချင်းမို့ ပြောချင်တယ် (အမျိုးသားကျန်းမာရေးဆိုင်ရာ ဆောင်းပါးများ)
၂၇။ ခွေး၊ ခွေးရူးနှင့်ခွေးရူးရောဂါ
၂၈။ ခုနစ်ခါလဲရင် ရှစ်ခါထပါနှင့် ကိုယ်စိတ်အတွေးအမြင် စာစုများ
၂၉။ စိတ်အိုလျှင် ကိုယ်အိုမည်
၃၀။ ၂၀ ကျော် အစိတ်ပိုင်း

ဒေါက်တာလှပေ

၃၁။ စိတ်ဝင်စားစရာ သင့်ခန္ဓာ အမှတ် (၁)
၃၂။ စိတ်ဝင်စားစရာ သင့်ခန္ဓာ အမှတ် (၂)
၃၃။ စိတ်ဝင်စားစရာ သင့်ခန္ဓာ အမှတ် (၃)
၃၄။ နုနုငယ်ငယ် ကလေးငယ်များအတွက် သိမှတ်ဖွယ်ရာ ဆေးပညာ

မောင်ကြည်သန့်
၃၅။ ကလေးများအတွက် ရဲဆေးလက်ဆောင်
၃၆။ စုံထောက်ကလေး မောင်စံခွား

ကျော်လှိုင် ဝိဇ္ဇာ(ဂုဏ်ထူး) မဟာဝိဇ္ဇာ (သက္ကတ)
၃၇။ မင်းကွန်းဆရာတော်ကြီး၏ ပုတီးစိပ်နည်း
၃၈။ မြတ်ဓမ္မ ပန်းဝတ်ရည်များ
၃၉။ သေမင်းကျောကွင်းမှ လွတ်မြောက်ခြင်း

မောင်လှိုင်မွေး

၄၀။ တို့ရပ်တို့ရွာ ဟာသများ အမှတ် (၁)

၄၁။ တို့ရပ်တို့ရွာ ဟာသများ အမှတ် (၂)

၄၂။ ဖေသက်ထွန်း မြန်မာအမျိုးသမီးရေးရာ

၄၃။ ကြူရတနှာမောင်မြကြိုင် စာပေ၊ ယဉ်ကျေးမှု

၄၄။ ဇာနည် ဗီဇအလင်းငှက် ကဗျာများ

၄၅။ မောင်ရဲလူ ဓမ္မသတ်ဖြတ်ထုံး ပုံပြင်များ

၄၆။ မောင်ရဲလူ တစ်နေ့တစ်နာရီနှင့် ဘဝရဲ့အကောင်းဆုံးလက်ဆောင်များ

၄၇။ ပဒုက္ကာ့အရှင်ကေသရ ဝရဒါနှာဒီဒီပကကျမ်း

၄၈။ အသည်းရောဂါအထူးကုဆရာဝန်ကြီး ဒေါက်တာဦးဝင်းနိုင်
အသည်းရောဂါအကြောင်း ပြောပြမယ်

၄၉။ ပါမောက္ခဒေါက်တာဦးအေးသောင်း
ဘေဘီလေးတို့ကျန်းမာရေး ဆွေးနွေးကြမယ်

၅၀။ ဆန္ဒအောင်
လွယ်ကူသော JAVA သင်ခန်းစာများ

၅၁။ ဒေါက်တာခင်မောင်လွင် (လမ်းမတော်)
ဆီးနှင့်ကျောက်ကပ်ရောဂါများနှင့် ကာကွယ်ကုသနည်း

၅၂။ အောင်(ဆေး-၁)
မိသားစုကျန်းမာရေး

၅၃။ ပါမောက္ခ ဒေါက်တာအောင်ကြီး
စိတ်ကျန်းမာရေး

ပခုက္ကူမြို့

မဟာဝိဇယာရာမ ပါဠိတက္ကသိုလ် (အရှေ့တိုက်သစ်)

မဟာဝိဇယာရာမ ဂဏဝါစကတိုက်အုပ်စာချ

ဓမ္မကထိက ဗဟုဇနဟိတဓရ

ပခုက္ကူ ပဋ္ဌာန်းဆရာတော်

# ဘဒ္ဒန္တပဏ္ဍိတ

ဟောကြားတော်မူသော

# ပဋ္ဌာန်းဥယျာဉ်မှ

# ဓမ္မအဆီအနှစ်များ